ပထမမောင်းထောင်ဆရာတော်

ဉာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု

၏

# သာသနဝံသစာတမ်း



၉

ဦးသန်းထိုက် (သုတေသန)

# Sāsanavaṃsa Cātam´”

by

Ñāṇābhivaṃsadhammasenāpatimahādhammarājādhirājaguru

ဖြန့်ချိရေး

ရွှေ့ရပ်စာပေ
၁/၃၅၊ ရန်နိုင်လမ်းသွယ် ၁၃၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၅၆၂၁၄၆

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်ရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက် အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရည်ညွှန်းနှင့်သုတေသနစာစဉ်(၄)

ပထမမောင်းထောင်သာသနာပိုင်ဆရာတော်
ဉာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု

၏

# သာသနဝံသစာတမ်း

ပေမူမှ ပုံနှိပ်စာအဖြစ် ကူးယူ၊ စီစစ်၊ တည်းဖြတ်ခြင်း။

ဦးသန်းထိုက်(သုတေသန)

ရန်ကုန်၊ရွှေ့ရပ်စာပေ၊ ၂၀၁၀

၂၇၃၄၃
၂၅.၁၁.၁၈

**ပထမမောင်းထောင်သာသနာပိုင်**

## ပုံနှိပ်မှတ်တမ်း

၁။ စာမူခွင့်ပြုချက်အမှတ် - ၆၀၀ ၄၁၅ ၀၈ ၁၀
၂။ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀ ၄၉၄ ၀၉ ၁၀
၃။ ပုံနှိပ်ထုတ်ဝေခြင်းအကြိမ် - ပထမအကြိမ်
၄။ ထုတ်ဝေသောခုနှစ် - ၂၀၁၀ ခုနှစ်၊ အောက်တိုဘာ၊ ၂၇ ရက်
၅။ အုပ်ရေ - ၅၀၀
၆။ အတွင်းစာသားမျက်နှာဖုံးပုံနှိပ်သူ - ဦးတင်အောင်ကျော်
စွယ်တော်ပုံနှိပ်တိုက်(၀၇၀၅၃)
အမှတ်(၁၄၇)၊ ၅၁လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၇။ ထုတ်ဝေသူ - ဒေါ်ဝင်းမာတင်၊
ဇွန်ပွင့်စာပေ(၀၃၇၃၇)
အမှတ်(၇၇/ဒီ)၊မွေ့ပါလလမ်း
ဆရာစံမြောက်အနောက်ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၈။ ဖြန့်ချိရေး - ရွှေရုပ်စာပေ
၁/၃၅၊ရန်နိုင်လမ်းသွယ် ၁၃၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၆၂၁၄၆
၉။ ကွန်ပျူတာစာစီ - စိမ့်စိမ့်စိုး
၁၀။ အရှေ့မျက်နှာဖုံးပန်းချီ - ရွှေထွန်း(ဦးထွန်းလင်းကျော်-မြန်မာစာ)
၁၁။ အနောက်မျက်နှာဖုံး - အမျိုးသားစာကြည့်တိုက်ရှိ သာသနဝံသ
ပေမူ(ဘား ၈၄)ခေတ်ပုံ
၁၂။ မျက်နှာဖုံးစီစဉ်မှု - နေပြည့်စန်းနှင့်စိမ့်စိမ့်စိုး
၁၂။ ဖလင် - ကိုဦးနှင့်ညီများ
၁၃။ ကာလတန်ဖိုး - ၂၅၀၀ ကျပ်

သန်းထိုက်၊ ဦး (သုတေသန) ၂၉၄.၉
သာသနဝံသစာတမ်း/ဦးသန်းထိုက် (သုတေသန)။ - ရန်ကုန်၊
ဇွန်ပွင့်စာပေ၊ ၂၀၁၀။
၂၃၀ စာ၊ ၉.၅ × ၈.၂၅ စင်တီ။
(၁) သာသနဝံသစာတမ်း

ရည်ညွှန်းနှင့်သုတေသနစာစဉ်(၄)

ပထမမောင်းထောင်သာသနာပိုင်ဆရာတော်
ဉာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု

၏

# သာသနဝံသစာတမ်း

ပေမူမှ ပုံနှိပ်စာအဖြစ် ကူးယူ၊ စိစစ်၊ တည်းဖြတ်ခြင်း။

ဦးသန်းထိုက်(သုတေသန)

ရန်ကုန်၊ ရွှေ့ရပ်စာပေ၊ ၂၀၁၀

ရွှေ့ရပ်စာပေ
၁/၃၅၊ ရန်နိုင်လမ်းသွယ် ၁၃၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၅၆၂၁၄၆

၁၉.၁၂.၂၀၀၉ နေ့ရက်တွင် ကွယ်လွန်သွား
ကျေးဇူးရှင်ဖခင်ကြီး ဦးလှရွှေ
နှင့်
ဗြိတ္တာရာသီဖွား အင်္ဂါသမီး ကလေး
သို့

# ဒေါက်တာတိုးလှ၏ အမှာ (အကြိုစကား)

ဦးသန်းထိုက်(သုတေသန)က ပထမမောင်းထောင်ဆရာတော် ဉာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရုမထေရ်ပြုစုသော သာသနဝံသစာတမ်းကို တည်းဖြတ်ထားသည်။ ထိုစာမူများဖြင့် ကျွန်တော့်ထံ ရောက်ရှိလာပြီး အမှာစာကဲ့သို့တစ်မျိုးမျိုးကို ရေးသားပေးပါရန်လည်း ဆိုလာသည်။ မိမိကိုယ်ကိုမိမိ မယုံကြည်သလိုဖြစ်မိသဖြင့် ရေးသားပေးရန်လည်း ဝန်လေးမိသော်လည်း သူတည်းဖြတ်ထားသော စာတမ်းကိုမူ အလွန်လေ့လာကြည့်ချင်နေမိသည်။ တည်းဖြတ်ပုံကိုလည်း လေ့လာကြည့်လိုစိတ် ဖြစ်မိပြန်သည်။ ထိုစိတ်နှစ်ခုဖြင့် ဝန်လေးနေသည့်ကြားမှ လက်ခံမိလျက်သား ဖြစ်သွားခဲ့ရသည်။

စာပေကောင်းတစ်အုပ် ထွက်လာခြင်းသည် လေ့လာလိုသူတို့အတွက် အသက်တစ်နှစ်မက ပိုရှည်သည်ဟု ထင်မိသည်။ မြန်မာစာပေသမိုင်းတွင် ခေတ်အဆက်ဆက် စာပေပညာရှင်အများအပြားထွက်ပေါ်ခဲ့သည်။ ယင်းတို့က ကျမ်းစာပေမျိုးစုံတို့ကို နောင်လာနောက်သားတို့အတွက် ရေးသားပြုစုသွားခဲ့ကြသည်။ ထိုကျမ်းစာပေမျိုးစုံတို့ကို ရှေးအခါက ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်လို၊ ပိဋကတ်တော်ပြန့်ပွားရေးပုံနှိပ်တိုက်လို၊ ဇမ္ဗူမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်လို၊ သုဓမ္မဝတီပုံနှိပ်တိုက်လိုတိုက်ကြီးများက ရှေးဟောင်းစာပေများ မပျောက်ပျက်စေရန် စေတနာထား ထုတ်ဝေခဲ့ကြသဖြင့် ပြည်သူတို့လက်ထဲ ရှေးဟောင်းစာပေရာဇဝင်ကျမ်းများ ရောက်ရှိလာခဲ့ကြသည်။ နှောင်းခေတ်လူငယ်တို့ လေ့လာခွင့်ရရှိခဲ့ကြသည်။ သို့သော် အချို့စာပေကျမ်းဂန်များက ခေတ်ပညာရှင်တို့လက်ထဲ မရောက်နိုင်သေးဘဲရှိနေသည်။ မထိန်းသိမ်းနိုင်ကြသဖြင့် ပျောက်ပျက်သွားခဲ့ကြသည့် စာပေများလည်း မည်မျှရှိမည်ကို မပြောပြနိုင်အောင် ရှိပေသည်။

ထိုသို့သော ထေရဝါဒဗုဒ္ဓသာသနာတော်ကို ရရှိကိုးကွယ်လာခဲ့ကြကတည်းက ဗုဒ္ဓဝင်များ၊ ဒီပဝင်များ၊ သာသနာဝင်များနှင့် ကျွမ်းဝင်လာခဲ့ကြသည်။ မြန်မာနိုင်ငံသို့ သာသနာတော်ရောက်ရှိလာခဲ့ကြပုံနှင့် ထေရဝါဒသာသနာဝင်ကျမ်းများကို ပညာရှင်တို့ ပြုစုလာခဲ့ကြသည်။ ဗုဒ္ဓဝင်၊ မဟာဝင်၊

ဒီပဝင်၊ ထူပဝင်၊ ဗောဓိဝင် စသည့်ကျမ်းများသည် ပါဠိစာပေတတ်မြန်မာတို့အတွက် သမိုင်းရေးနည်းပညာကို သင်ကြားပေးနေသကဲ့သို့ ရှိပေသည်။ ထို့ကြောင့်လည်း အဝခေတ်က ရှင်မဟာသီလဝံသသည် မြန်မာနိုင်ငံသို့ သာသနာတော်ရောက်ရှိလာပုံကို "ရာဇဝင်ကျော်"အမည်ဖြင့် ပြုစုခဲ့သည်။ ရာဇဝင်အမည်ပါသော်လည်း မင်းဆက်စာရင်းကိုသာ ဖော်ပြထားသည်။ သာသနာအမည်မပါသော်လည်း ထိုသာသနာ မြန်မာနိုင်ငံသို့ ပြန့်ပွားလာပုံကို ပဓာနပြုတင်ပြထားခြင်း ဖြစ်သည်။ အစောဆုံးသာသနာဝင်စာတမ်းဟု ဆိုသော် ရနိုင်ကောင်းပါသည်။

ကုန်းဘောင်ခေတ်တွင် သာသနဝံသစာတမ်းအနည်းဆုံး သုံးလေးစောင်မျှ ထွက်ရှိခဲ့ဖူးသည်။ မောင်းထောင်ဆရာတော်လူထွက် မဟာဓမ္မသင်္ကြံအမတ်ကြီးက သာသနာလင်္ကာရစာတမ်းအမည်ဖြင့် ရေးသားခဲ့သည်။ မဲထီးဆရာတော်ကလည်း ဝံသဒီပနီကျမ်းကို ပြုစုခဲ့သည်။ တတိယမောင်းထောင်ဆရာတော် ရှင်ပညာသာမိကလည်း ပါဠိဘာသာဖြင့် သာသနဝံသပ္ပဒီပိကာကျမ်းကို ပြုစုခဲ့ပါသေးသည်။ ထိုရေးသားခဲ့သမျှ ကျမ်းဆရာတို့သည် အတင်အရုံအဓိကရုဏ်း ဖြစ်ပွားခဲ့စဉ်က အရုံဂိုဏ်းဝင်တို့ဘက်က ပုဂ္ဂိုလ်များချည်းဖြစ်သည်။ ထိုအဓိကရုဏ်းကြီး ပြီးသည့်နောက်ပိုင်းတွင်မှ ရေးသားခဲ့ကြခြင်းလည်း ဖြစ်ပေသည်။

သာသနာတော် အစဉ်အလာပျက်ယွင်းမည်ကို အထူးစိုးရိမ်မိရာမှ ပေါ်ပေါက်လာခဲ့သောကျမ်းများဟု ယုံကြည်ရသည်။ အတင်ဂိုဏ်းတို့ဘက်မှလည်း သာသနာဝင်ကျမ်းများ ရေးခဲ့ကြမည်ထင်ပါသည်။ ယှဉ်ပြိုင်ပြောရစဉ်က ယင်းတို့ တင်သွင်းခဲ့ကြသော အချေကျမ်းများလည်း ရှိခဲ့သည်။ သို့သော် ပုံနှိပ်ပြီး မတွေ့ရဘူးသေးချေ။ မြန်မာမင်းများလက်ထက်က ယင်းတို့ကို အလဇ္ဇီရဟန်းတော်များအဖြစ် အနှိပ်အနှိမ်ခံခဲ့ကြရသဖြင့် လူမရောက်သူမရောက် တောကြိုအုံကြား ရပ်ဝေးဒေသများတွင် ရှောင်ခွာနေကြရသောကြောင့် ဖြစ်နိုင်ပါမည်။ ဗြိတိသျှမင်းကနောက်ပိုင်းတွင် အဝတ်(သင်္ကန်း)သည် တရားမဟုတ် အကျင့်သည်သာ တရားဖြစ်သောကြောင့် ရုံလိုရုံ၊ တင်လိုတင် ကျင့်လိုရာကျင့်နိုင်ကြောင်း အမိန့်တော် ထုတ်ပြန်၍ အတင်အရုံ နှစ်မျိုးလုံးကို ခွင့်ပြုခဲ့သည်။

ယခုစာတမ်းကို ကျမ်းပြုပုဂ္ဂိုလ်ကိုယ်တိုင်က သာသနဝံသစာတမ်းဟု ဖော်ပြထားသော်လည်း အတင်အရုံအဓိကရုဏ်းကိုသာ အလေးပေးတင်ပြထားသည်။ ဆရာတော်သည် ထိုကျမ်းကို သာသနာပိုင်ဘဝတွင် ယင်းကိုယ်တိုင် ဦးစီးပါဝင် ဖြေရှင်းခဲ့ရသော ပုဂ္ဂိုလ်ဖြစ်သောကြောင့် ထိုကျမ်းသည် အခြား

သောအရှင်မြတ်တို့ ရေးသားသည်များထက် ပိုမို သမိုင်းဝင်ဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ အချိန်ကာလအရ၊ ဆရာတော်၏အနေအထားအရ အလွန်လည်း အရေးပါသော သမိုင်းမှတ်တမ်းအဖြစ် ယူဆပါသည်။ အမတ်ကြီး ဘဝတွင် ရေးသားခဲ့သော မှတ်တမ်းထက် အဖက်ဖက်က ပိုမိုအရေးပါသည်ဟု ဆိုနိုင်ပေသည်။

တည်းဖြတ်သူက မြန်မာ့သာသနာဝင်သမိုင်းတွင် အရေးပါသော ခေတ်ပြိုင်မှတ်တမ်းကို ဖော်ထုတ်ပေးခဲ့သဖြင့် ကျေးဇူးတင်ရပါသည်။ ယင်း၏ စေတနာနှင့် ကြိုးပမ်းမှုတို့ကို နိဒါန်းနှင့်မှတ်စုကိုကြည့်သဖြင့် အကဲခတ်မိနိုင်သည်။ တစ်ဘက်ကလည်း တည်းဖြတ်သူသည် ကျမ်းကိုလေ့လာကြမည့်သူတို့၏ ပညာသဘောနှင့်အညီ နှိုင်းယှဉ်တည်းဖြတ်ရပါသည်။ ဆိုချင်သည်က (အတိုင်းအတာတစ်ရပ်ထိ) အဆင့်ရှိသူတို့သာ လေ့လာရသောကျမ်းဖြစ်ကြောင်း သတိထားမိ၍ ဖြစ်ပါသည်။

ယခု တည်းဖြတ်သူ၏ စေတနာကြွယ်ဝမှုနှင့် ဝီရိယအားကောင်းမှုတို့ကို တွေ့မြင်ရသောအခါ ဂျီအီးဟာဗေး၏ သမိုင်းကျမ်း(G.E.Harvey, History of Burma)နောက်ဆက်မှတ်စုများကို သတိရမိသည်။ နှိုင်းယှဉ်၍လည်း ကြည့်မိသည်။ ထိုအခါ တည်းဖြတ်ခြင်းသည် ကျမ်းရေးသူထက် အချိန်အခါ ပိုယူရသည်။ ဝီရိယစိုက်ထုတ်ရသည်။ တာဝန်ပိုယူရသည်။ ကျမ်းပြုသူနှင့်လည်း ပိုမိုသိကျွမ်းထားရပြီး အာဘော်ကိုလည်း ထပ်တူမျှ သိထားရန် လိုပေသည်။ ကျမ်းပြုသူ မဖော်ပြခဲ့သည်များကို လိုအပ်လျှင် ဖော်ပြရသဖြင့်လည်း တည်းဖြတ်သူတွင် ဝန် ပိုပိတတ်သည်။ တစ်ဘက်ကလည်း ထိုကျမ်းကို လေ့လာသူများအတွက် လွယ်ကူစေမှု၊ အသိပညာ ပိုမိုရရှိစေမှုတို့အတွက် ထည့်သွင်းစဉ်းစား ဖြည့်ဆည်းပေးရသည်။ ထိုတာဝန်များကိုမူ ယခုကျမ်းတည်းဖြတ်သူက အလွန်ကျေပွန်သည်ကို တွေ့နိုင်သည်။ မြန်မာသမိုင်းကို လေ့လာနေကြသူများအတွက်၊ မြန်မာနိုင်ငံရောက် ဗုဒ္ဓသာသနာဝင်ကို လေ့လာနေကြသူများအတွက် ယခုကျမ်းက အလွန်အရေးပါသော သမိုင်းအထောက်အထားသစ်တစ်ရပ်ကို ဖော်ထုတ်ပေးလိုက်ခြင်းဖြစ်သောကြောင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်ရပါသည်။

တိုးလှ
၁၂ ဇူလိုင် ၂၀၁၀
နေ့လည် ၁၂း၃၅ နာရီ

# မောင်မောင်ညွှန့်(မန်းတက္ကသိုလ်)၏ အမှာ

ကျွန်ုပ်တို့သည် ဘိုးတော်ဘုရားလက်ထက် သာသနာပိုင် မောင်းထောင်ဆရာတော် ဉာဏာဘိဝံသဓမ္မသေနာပတိထေရ် ပြုစုသော သာသနဝံသမည်သော သာသနာသမိုင်းကျမ်းစာရှိသည်ဆိုသည်ကို ဆရာ သမားတို့ထံမှ ကြားဖူးရုံမျှသာ ရှိပါသည်။ ယခင်က ကျမ်းမတွေ့ခဲ့ဖူးပါ။ စာရင်း တွေ့အနေဖြင့် ပြောရလျှင် - မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံ စီရင် သော "သာသနာလင်္ကာရကျမ်း"၌လည်းကောင်း၊ ပိဋကတ်တော်မင်းကြီးဦးယံ ပြုစုသော "ပိဋကတ်တော်သမိုင်း"၌လည်းကောင်း၊ ဘုရားဖြူဆရာတော်ပြုစု သော "သာသနဗဟုသုတပကာသနီကျမ်း"၌လည်းကောင်း၊ လှသမိန်ပြုစုသော "ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များအတ္တုပ္ပတ္တိ"၌လည်းကောင်း၊ ဟင်္သာတမြို့ စတုတ္ထ မြစ်ကွေးဆရာတော်စီရင်သော "ပိဋကတ်တော်သမိုင်းသစ်"၌လည်းကောင်း မည်သည့်ကျမ်း၌မျှ တပ်အပ်သေချာမတွေ့ရပါ။ မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံဘဝမှ ပြုစုသော သာသနာလင်္ကာရကျမ်းကိုသာ တွေ့ဖူးပါ သည်။ "သာသနဝံသကျမ်း"ဟူသော အမည်တူအနေဖြင့်ဆိုလျှင် ရတနာပူရ တတိယမြို့တည် နိဗ္ဗာန်ဆိပ်ဦးစေတီတော် ဒါယကာမင်းတရားလက်ထက် ချောင်းဦးဆယ်ရွာစား ပိဋကတ်တိုက်စိုး ရမ္မသီရိကျော်ထင် စီရင်သော "သာသနဝံသကျမ်း"တစ်ဆူကိုသာ အမည်တွေ့ရပါသည်။

ကျမ်းတွေ့အနေဖြင့်မူ သာသနာဝင်ဆရာစဉ်ဆက်ကိုပြသော ပေမူ ကျမ်းအမျိုးပေါင်း (Title ပေါင်း) ၂၀ မျှ တွေ့ရပါသည်။ ထိုကျမ်းများကို ဦးသန်းထိုက်၏ကျမ်းစာ၌ စာရင်းပြုလုပ်ဖော်ပြပြီးဖြစ်သဖြင့် ဤမျှ မဖော်ပြ လိုက်တော့ပါ။ ထိုပေမူကျမ်းများတွင်လည်း မောင်းထောင်ဆရာတော် ပြုစု သော သာသနဝံသကျမ်းကို မတွေ့ရပါ။ မတွေ့ရဟုဆိုခြင်းမှာ ကျမ်းမရှိ၍ မဟုတ်၊ ကျမ်းရှိပါလျက် မတွေ့ခြင်းသာ ဖြစ်ပါသည်။ ကျမ်းရှိလျက်မတွေ့ဟု ဆိုခြင်းမှာ သာသနာလင်္ကာရနှင့် သာသနဝံသနှစ်ကျမ်း ရောထွေးနေသော ကြောင့် ဖြစ်ပါသည်။

ရောထွေးပုံကို ရှင်းပြပါမည်။ ယင်းနှစ်ကျမ်း ရောထွေးရခြင်း၏ ပထမအကြောင်းမှာ သာသနာလင်္ကာရစာတမ်းနိဒါန်းနှင့် နိဂုံးစကားများကြောင့်ဟု ဆိုရပါမည်။ သာသနာလင်္ကာရကျမ်းနိဒါန်း၌ "ဤသို့လျှင် အာသီသပုဗ္ဗင်္ဂဏ္ဌာရမ္ဘ သာသနဝံသစာတမ်းကျမ်းဦးထားလို၍ ဖွဲ့ဆိုသော" အစချီ စကားအရ သာသနာလင်္ကာရကျမ်းကိုပင် သာသနဝံသစာတမ်းဟု ဆိုထားခြင်းနှင့် ကျမ်းအဆုံးနိဂုံး၌လည်း "သာသနဝံသစာတမ်း သာသနာလင်္ကာရကျမ်းကို"ဟု ဆိုထားခြင်း၊ ဤအဆိုနှစ်ချက်ကြောင့် ဖတ်ရှုရသူတို့မှာ သာသနဝံသနှင့် သာသနာလင်္ကာရတို့မှာ တစ်ကျမ်းတည်းဖြစ်သယောင် ရောထွေးသွားစေခဲ့ပါသည်။

ဒုတိယအကြောင်းမှာ ယင်းနှစ်ကျမ်း၏ ကျမ်းစ စကားများကို ကြည့်လျှင် "ယောနေကဝါရမ္ဘိ မရမ္ဘမဏ္ဍလံ"အစချီသော ဂါထာဖြင့် ချည်းကျမ်းစထားပါသည်။ ဤသို့ ကျမ်းစ စကားချင်း တူညီနေခြင်းကြောင့်လည်း ယင်းနှစ်ကျမ်းကို တစ်ကျမ်းတည်းကဲ့သို့ ထင်မှတ်ရောထွေးစေပါသည်။

တတိယအကြောင်းမှာ ယင်းနှစ်ကျမ်း၏ ပြဆိုသောအကြောင်းအရာနှင့် ပြဆိုပုံအခြင်းအရာများမှာလည်း ထပ်တူနီးပါးမျှ တူညီနေခြင်းကြောင့် ယင်းနှစ်ကျမ်းကို ရောထွေးစေခဲ့ပါသည်။

စတုတ္ထအကြောင်းမှာ သာသနဝံသကျမ်းပေမူ နိဂုံးကို ကျွန်ုပ်တို့ မကြည့်ခဲ့မိခြင်း ဖြစ်ပါသည်။ နိဂုံးကို မကြည့်ဖြစ်တော့ခြင်းမှာလည်း အထက်၌ ပြခဲ့သော အကြောင်းသုံးချက်အရ သာသနဝံသကျမ်းသည် သာသနာလင်္ကာရစာတမ်းပင် ဖြစ်မည်ဟု ယုံကြည်ထားမိသဖြင့် နိဂုံးကို သေချာစွာ မကြည့်မိတော့ပါ။ အကယ်၍ ဤသို့မပေါ့လျော့ဘဲ နိဂုံးကို သေချာစွာ ဖတ်ကြည့်လျှင် ဉာဏာဘိဝံသဓမ္မသေနာပတိဟူသော ကျမ်းပြုဆရာ၏ဘွဲ့အမည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

ဤအကြောင်းလေးချက်အရ ကျွန်ုပ်တို့၏ စိတ်၌ သာသနာလင်္ကာရနှင့် သာသနဝံသနှစ်ကျမ်းတို့ ရောထွေးမှတ်ထင်သွားသောကြောင့် ပေမူရှိပါလျက် မတွေ့ဟု ဆိုခဲ့မိခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သာ မဟုတ်၊ အခြားသော ပုဂ္ဂိုလ်များလည်း ဤနှစ်ကျမ်းကို အတူတူဟု ထင်မှတ်မှုများ ရှိနိုင်သည်ဟု ယူဆပါသည်။

သာသနာလင်္ကာရစာတမ်းသည်သာ ပုံနှိပ်မူရှိ၍ ဤသာသနဝံသကိုမူ မည်သည့် ပုံနှိပ်တိုက်ကမျှ ပုံနှိပ်ထုတ်ဝေဖူးခြင်း မရှိသေးပါ။ ဤသို့လျှင် ပညာရှင်တို့အကြားတွင် မဟာဓမ္မသင်္ကြံ၏ သာသနာလင်္ကာရစာတမ်းနှင့် ထွေး

ရောယှက်တင်ဖြစ်နေသော ဉာဏာဘိဝံသဓမ္မသေနာပတိထေရ်၏ သာသနဝံသကျမ်းကို သုတေသနသမား ဦးသန်းထိုက်က ကွဲပြားအောင် ရှင်းလင်းဖော်ထုတ်ကာ ပုံနှိပ်ထုတ်ဝေလိုက်သဖြင့် သုတေသီတို့ကိုယ်စား ဦးသန်းထိုက်အား ကျေးဇူးတင်ရပါသည်။

ရင်းပြင် ဤသာသနဝံသကျမ်းကို တည်းဖြတ်ဖွင့်ဆိုခြင်းမှာလည်း သုတေသနထုံး နှလုံးမူကာ အဆင့်မြင့်မြင့် တည်းဖြတ်ထားသဖြင့်လည်း သုတေသီပညာရှင်တို့ ကျေနပ်အားရရှိလိမ့်မည်ဟုလည်း ယူဆမိပါသည်။

စာပေလောက၌ မည်မျှတော်သော တတ်သော ပညာရှိကြီးပြုစုထားသည်ဖြစ်စေ အမှားအယွင်း လုံးဝကင်းစင်သော ကျမ်းဟူ၍ အလွန်ရှားမည် ထင်ပါသည်။ အချို့က ပမာဒလေခအဖြစ် မှားနိုင်ပါသည်။ ပမာဒလေခမရှိသည့်တိုင် သူထက်တော်သော တတ်သော ပညာရှိက ဖတ်ကြည့်လျှင် ထောက်ပြစရာ အမှားတွေ့လာမည် ဖြစ်ပါသည်။

ထိုကြောင့် ဤသုတေသနကျမ်း၌လည်း အမှားအယွင်း အတိမ်းအစောင်းများ ပါကောင်းပါနိုင်ပါသည်။ ထိုသို့ အမှားအယွင်း အချွတ်အချော် တွေ့ရှိခဲ့သော် ကွယ်ရာ၌ အပြစ်ပြောမနေဘဲ အမှားကို ထောက်ပြ ပြင်ဆင်ခြင်းဖြင့် ပညာရှင်တို့၏ ထုံးကို ကျင့်သုံးလိုက်နာနိုင်ကြပါစေကြောင်း တိုက်တွန်းလိုက်ရပါသည်။

မောင်မောင်ညွန့်(မန်းတက္ကသိုလ်)
၂၄-၇-၂၀၁၀

# စာရေးသူ၏အမှာ

သာသနဝံသစာတမ်း အမည်ရှိသော ဤကျမ်းငယ်ကို ပထမ မောင်းထောင်သာသနာပိုင် ဉာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇ ဂုရုဆရာတော်(အေဒီ ၁၇၄၃-၁၈၃၂)က ပဒုံမင်း ခေါ် ဘိုးတော်ဘုရား လက်ထက် (အေဒီ ၁၇၈၁-၁၈၁၉)တွင် ပြုစုခဲ့ခြင်း ဖြစ်ပေ၏။ ဤကျမ်းငယ်ကို ဆရာတော်သည် လူဝတ်မလဲမီကာလ (အေဒီ ၁၈၁၁)မတိုင်မီက ပြုစုခဲ့သော်လည်း အကြောင်းကြောင်းတို့ကြောင့် လူသိနည်းပါးလွန်း၍ တိမ်မြုပ် နေခဲ့သော်လည်း ယခုအခါ ပေစာမှ ပုံနှိပ်စာအဖြစ်သို့ ကံကောင်း ထောက်မစွာဖြင့် ဖော်ထုတ်နိုင် ခဲ့ပါသည်။ ဤကျမ်းငယ်ကို စာရေးသူသည် လွန်ခဲ့သော နှစ်နှစ်ခန့်က တွေ့ရှိခဲ့သော်လည်း သာသနာလင်္ကာရစာတမ်းအဖြစ် ဦးစွာ ထင်မှတ်ခဲ့လေသည်။ သို့သော် သာသနာလင်္ကာရစာတမ်းနှင့် နှိုင်းယှဉ်လျှင် ပေအင်္ဂါမှာ အလွန်နည်းပါးလှသဖြင့် မည်သို့မည်ပုံ ခြားနား ကြောင်းအား အသေအချာ ဖတ်ရှုမိသောအခါ စာတမ်းမှာ လိုရင်း တိုရှင်းပုံစံဖြင့် သာသနာဝင်အကြောင်းများကို စနစ်တကျ ရေးသားထားခြင်းကို တွေ့ရပါ သည်။ ထိုအပြင် ကျမ်းစာရင်းများ (Bibliography and Catalouge)များ၌လည်း မောင်းထောင်သာသနာပိုင် ရှင်ဉာဏာဘိဝံသ၏ လက်ရာဖြစ်ကြောင်း ကွဲကွဲပြားပြား ဖော်ပြမထားခဲ့ကြသဖြင့် ဤကျမ်းငယ်သည် တိမ်မြုပ်နေသော ရှားပါးလက်ရေးစာ ဖြစ်မှန်း သိရှိနိုင်လေသည်။ စာရေးသူသည် သာသနာ လင်္ကာရစာတမ်းကို ပေမူများဖြင့် သုတေသနပြုရန် ကြံစည်လုပ်ကိုင်နေသော အစီအစဉ်ကို ခေတ္တရပ်နားကာ သာသနဝံသစာတမ်းကို ဦးစားပေး၍ အသေးစိတ် လေ့လာမိပါသည်။

ထိုစဉ် ဝံသဒီပနီဖြင့် သုတေသနပြု၍ ပါရဂူဘွဲ့ရယူခဲ့သော အမေရိကန်ပြည်ထောင်စု၊ လူးဝစ်ဗီးလ်တက္ကသိုလ်(University of Louisville)မှ ပါမောက္ခ ဒေါက်တာ ပက်ထရစ် အာသာ ပရန်ကီကို ဆရာ ဦးသော်ကောင်း၏ မိတ်ဆက်ပေးမှုအရ သိရှိခဲ့ရပါ၏။ ဗုဒ္ဓဝါဒပညာရပ်အကြောင်းများ၊

လုပ်နည်းကိုင်နည်းများ၊ သတင်းအချက်အလက်များကို ၎င်းနှင့် အကြိမ်ကြိမ် တိုင်ပင်ပြောဆိုပြီးနောက် ဤသာသနဝံသစာတမ်းကို စာရေးသူသည် မြန်မာဘာသာဖြင့် စာအုပ်အဖြစ် တည်းဖြတ်ထုတ်ဝေရန်နှင့် ၎င်းက အင်္ဂလိပ်ဘာသာပြန်ရန် ပြောဆိုဆွေးနွေးကြပါသည်။ ၎င်းပြန်သွားသောအခါ ပေစာမှကူးယူထားသော မူကြမ်းကိုသာ ပေးလိုက်နိုင်ပါသည်။ ထိုကျမ်းငယ်ရှိကြောင်းကို မြန်မာပညာရှင်တို့အကြား ထင်ထင်ရှားရှား မပျံ့နှံ့လှသော်လည်း ဗုဒ္ဓဘာသာကို ပညာရပ်အဖြစ် လိုက်စား၍ ဖော်ထုတ်နေသော နိုင်ငံတကာမှ ပညာရှင်အချို့က သိရှိနေခြင်းသည် အတန်ငယ် ထူးခြားနေလေသည်။

ယခင်က သာသနဝံသ အမည်ဖြင့် ပညာရပ်လောက၌ ထင်ရှားကျော်ကြားခဲ့သော ကျမ်းမှာ တတိယမောင်းထောင်သာသနာပိုင် အရှင်ပညာသာမိ၏ သာသနဝံသပ္ပဒီပိကာ ဖြစ်လေသည်။ ဤကျမ်းငယ်ကိုမူ ယခင်က အနောက်နိုင်ငံမှ ပညာရှင်တို့ မတွေ့ရှိခဲ့ကြချေ။ ဤကျမ်းငယ်သည် လူသိများသည့်မဟာစမွသကြီး၏သာသနာလင်္ကာရထက် အနှစ် (၂၀)ကျော်စောသကဲ့သို့ အရှင်ပညာသာမိ၏ သာသနဝံသပ္ပဒီပိကာထက် နှစ်ပေါင်း (၅၀)ကျော် ရှေးကျလှပေသည်။ သမိုင်းတန်ဖိုးရှိသော သာသနာဝင်မှတ်တမ်းတစ်ဆူအဖြစ် မှတ်ယူသော် သင့်မြတ်လှပါ၏။

ဤကျမ်းငယ်ကို စာရေးသူသည် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ရှိ ပေမူ (၁)စောင်နှင့် အမျိုးသားစာကြည့်တိုက်ရှိ ပေမူ (၂)စောင်တို့ဖြင့် အကြိမ်ကြိမ်စိစစ်၍ ကူးယူထားပါသည်။ ထိုနောက် သိသင့်သိအပ်သော အကြောင်းအချက်များကို သတ်မှတ်ထားသောကာလအတွင်း အပြီးသတ်ရသဖြင့် လက်လှမ်းမှီသမျှအား ရွေးချယ်စိစစ်ကာ အကိုးအကားများဖြင့် ဖော်ပြပါသည်။ အထူးသဖြင့် နိုင်ငံတကာ၌ မြန်မာဗုဒ္ဓဘာသာကို အားကြိုးမာန်တက်၍ ကောင်းမွန်သော ပညာရပ်များဖြင့် ဖော်ထုတ်နေချိန်တွင် မိမိတို့နိုင်ငံနှင့် လူမျိုးတို့သည်လည်း နောက်ကျမကျန်ခဲ့ရန်အတွက် တစ်ပိုင်တစ်နိုင် အစွမ်းရှိသမျှ ကြိုးစားခဲ့ပါသည်။ ဤတွင် အကြောင်းတစ်စုံတစ်ရာကြောင့် မှားယွင်းချွတ်ချော်ခဲ့သည်များ တွေ့ရှိခဲ့ပါလျှင် စာရေးသူ၏ ချို့ယွင်းချက်အဖြစ် မှတ်ယူ၍ ထောက်မတ်ပြင်ဆင်ဖတ်ရှုကြပါရန် ဦးစွာ တောင်းပန်ဝန်ချထားခဲ့ပါ၏။

ဤစာတမ်းဖြစ်မြောက်အောင်မြင်စေရန် ကူညီအားပေးကြသော ကျေးဇူးရှင်မိဘနှစ်ပါးနှင့်တကွ ဆရာဦးသော်ကောင်း၊ အမှာစာရေးသားချီးမြှင့်ပေးသော မြန်မာသမိုင်းအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ (ဂုဏ်ထူးဆောင်ပါမောက္ခ၊ သမိုင်းဌာန-ရန်ကုန်တက္ကသိုလ်နှင့်မန္တလေးတက္ကသိုလ်)နှင့်

ဦးညွှန့်မောင် ခေါ် မောင်မောင်ညွှန့်-မန်းတက္ကသိုလ် (အကြံပေးပညာရှင်)တို့ကို အထူးကျေးဇူးတင်ကြောင်းဖော်ပြအပ်ပါသည်။ထိုအပြင် စာအုပ်ထုတ်ဝေနိုင်ရန် အကူအညီပေးသောမအေးမိစံ၊စာသားများကိုဂရုတစိုက် အမှားအယွင်းကင်းစေရန် အကြိမ်ကြိမ် ကွန်ပျူတာစီပေးသော မစိမ့်စိမ့်စိုး၊ မျက်နှာဖုံးပန်းချီဆွဲပေးသော သူငယ်ချင်း ရွှေထွန်း(ဦးထွန်းလင်းကျော်) နှင့်တကွ သာသနာရေးဦးစီးဌာနသုတေသနစာကြည့်တိုက်၊တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ပေပုရပိုက်လက်ရေးစာဌာန၊ အမျိုးသားစာကြည့်တိုက် ပေပုရပိုက်နှင့်လက်ရေးစာဌာနစိတ်ရှိ မိတ်ဆွေသင်္ဂဟများ၊ အခြားသော အပေါင်းအသင်း ရောင်းရင်းများအားလည်း မမေ့မလျော့ ကျေးဇူးများစွာ တင်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးသန်းထိုက်(သုတေသန)
၂၀ ဇူလိုင် ၂၀၁၀
၉း၃၀ နံနက်

# အတိုမှတ်

| | |
|---|---|
| ကုန်းဆက် | - ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး (၂၀၀၄) |
| ကင်း | - ကင်းဝန်မင်းကြီးစာစုအမျိုးသားစာကြည့်တိုက် |
| ခေတ်ဟောင်း | - ခေတ်ဟောင်းမြန်မာရာဇဝင် (၂၀၀၂) |
| ခေတ်ဟောင်းဘိ | - ခေတ်ဟောင်းမြန်မာ့သမိုင်းအဘိဓာန် (၂၀၀၂) |
| ဂန္ထဝင် | - ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ္တိပေါင်းချုပ် (၁၉၆၁) |
| စမ္ဗူဒီပ | - စမ္ဗူဒီပဥဆောင်းကျမ်း (၂၀၀၅) |
| စာဆိုတော် | - စာဆိုတော်များအတ္ထုပ္ပတ္တိ(၂၀၀၂) |
| စစ်တမ်း | - မြန်မာစာပေလေ့လာမှုစစ်တမ်း (၂၀၀၈) |
| စိစစ်ခဏ်း | - သံဂါယနာစိစစ်ခဏ်း (၃)တွဲ |
| စွယ်ကျော် | - စွယ်စုံကျော်ထင်ကျမ်း (၂၀၀၂) |
| ဇိနတ္ထ | - ဇိနတ္ထပကာသနီကျမ်း (၁၉၉၇) |
| တ | - တတိယ၊ တတိယအတွဲ၊ ပိုင်း |
| တဗစ | - တက္ကသိုလ်များဗဟိုစာကြည့်တိုက်(နှင့်ပေပုရပိုက်စာရင်း) |
| တက်မြန်ဘိ | - တက္ကသိုလ်မြန်မာအဘိဓာန် ၅ တွဲ(၁၉၅၂-၆၄) |
| တက်ဘိချုပ် | - တက္ကသိုလ်အဘိဓမ္မာ အတွဲ ၁၊ ၂၊ ၃ ပေါင်းချုပ်(၂၀၀၅) |
| တက်ညာ | - တက္ကသိုလ်ပညာပဒေသာစာစောင် |
| တွင်းသင်း | - တွင်းသင်းမြန်မာရာဇဝင်သစ် [ပထမတွဲ] (၁၉၆၈) |
| တွဲ | - အတွဲ |
| ဒီပဝင် | - ဒီပဝင်ဝတ္ထုနှင့် ကေသဓာတုဝင် (၁၉၅၈) |
| ဒု | - ဒုတိယ |
| ဒွါရဝင် | - မဟာဒွါရနိကာယသာသနဝံသဒီပနီ (၁၉၅၅) |
| နယ်လှည့် | - နယ်လှည့်ရာဇဝင် (၂၀၀၃) |
| ပ | - ပထမ (ပထမတွဲ) |
| ပဌဝိ | - ဗုဒ္ဓသာသနိကပဌဝီဝင်ကျမ်းကြီး (၁၉၅၈) |
| ပါမြန်ဘိ | - ပဒတ္ထမဥ္ဇူသာ ခေါ် ပါဠိမြန်မာအဘိဓာန် (၁၉၅၅) |
| ပါဠိပဒ | - ပါဠိပဒပိဋကကျမ်းညွှန်း(၁၉၇၂-၈၅) |
| ပါဠိသက် | - ပါဠိသက်ဝေါဟာရအဘိဓာန် (၁၉၆၈) |
| ပိမိုင်း | - ပိဋကတ်တော်သမိုင်း (၁၉၅၉) |
| ပိမိုင်းသစ် | - ပိဋကတ်တော်သမိုင်းသစ် [လက်နှိပ်စက်မူ] |
| ပုဂံမိုင်း | - ပုဂံခေတ်နိုင်ငံရေးသမိုင်း (၂၀၀၅) |
| ဗုဒ္ဓဝင် | - နိုင်ငံတော်ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင် (၈)အုပ် |

| | |
|---|---|
| မဏ္ဍိမပုံ | - မဏ္ဍိမဒေသမြို့ရွာများမှ သမိုင်းရုပ်ကြွင်း ပုံရိပ်လွှာများ(၂၀၀၃) |
| မဟာရာဇဝင်ကြီး | - မဟာရာဇဝင်ကြီး (၂၀၀၆) |
| မဟာဝင် | - မဟာဝင်ဝတ္ထုဇမ္ဗူဒီပစာတမ်း (၁၉၆၆) |
| မန္တလေးရာဇဝင် | - မန္တလေးရတနာပုံမဟာရာဇဝင်တော်ကြီး(၁၉၆၉) |
| မေးဖြေ | - အမေးတော်ဖြေ (၂၀၀၇) |
| မြန်ဘိ | - မြန်မာအဘိဓာန် |
| မွန်ချုပ် | - မွန်ကျောက်စာပေါင်းချုပ် |
| မွန်ဇာ | - ကလျာဏီမွန်ကျောက်စာ (၁၉၅၈) |
| မှတ်စု | - သုခမှတ်စု (၁၉၇၇) |
| မှန်နန်း | - မှန်နန်းမဟာရာဇဝင်တော်ကြီး ၃ တွဲ (၁၉၉၃) |
| မှတ် | - အမှတ် |
| မုံရွေးရာဇဝင် | - ရာဇိန္ဒရာဇာမဏ္ဍိ(၁၉၇၆) |
| ရတနာသိခ | - ရတနာသိခကုန်းဘောင်မဟာရာဇဝင်အကျဉ်း (၁၉၆၇) |
| ရာဇဝင်ကျော် | - ရာဇဝင်ကျော် (၁၉၆၅) |
| ရာဇဝင်သစ် | - မဟာရာဇဝင်သစ် [ညောင်ရမ်းဆက်]တတိယတွဲ (၁၉၉၇) |
| ရှေးကျောက် | - ရှေးဟောင်းမြန်မာကျောက်စာများ (၅)တွဲ |
| ရွှေဘုံ | - ရွှေဘုံနိဒါန်း (၁၉၆၀) |
| လွှတ်မှတ် | - လွှတ်တော်မှတ်တမ်း (၁၉၇၇) |
| ဝံသ | - ဝံသဒီပနီ (၁၉၆၆) |
| ဝိနည်း | - ဝိနည်းဥပဒေတော်ကြီး(၁၉၈၃) |
| ပိလမ်းညွှန် | - ပိဋကလမ်းညွှန် (၁၉၉၃) |
| သမိုင်း | - မြန်မာသမိုင်းအထောက်အထားများ ၁၁၄၃-၈၁ ပမာဏ လေ့လာချက်(၁၉၇၇) |
| သရုပ်ပြ | - သုတေသနသရုပ်ပြအဘိဓာန် (၁၉၇၅) |
| သာလင် | - သာသနာလင်္ကာရစာတမ်း (၁၉၅၆) |
| သာသုဒီ | - သာသနသုဒ္ဓိဒီပကပါဠိ (၁၉၈၀) |
| သာသုဒီနိ | - သာသနသုဒ္ဓိဒီပကနိဿယ (၁၉၈၀) |
| သီလဝိ | - သီလဝိသောဓနီကျမ်း (၁၉၉၂) |
| သုတေသန | - သုတေသနအဘိဓာန်များမှတ်စု |
| အလောင်းမိန့် | - အလောင်းမင်းတရားအမိန့်တော်များ (၁၉၆၄) |
| အမသ | - အမျိုးသားစာကြည့်တိုက်(နှင့်ပေပုရပိုက်စာရင်း) |
| အဘိနိသစ် | - အဘိဓာန်နိဿယသစ် (၁၉၉၂) |
| အင်ရုံ | - လောကဗျူဟာကျမ်း [အင်ရုံစာတမ်း] (၂၀၀၂) |
| ဥပဒေ | - ဘုရားဥပဒေတော်ကြီး(၂၀၀၂) |

အုပ်ချုပ်ပုံ - မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရား၏ ရာဇသတ် ခေါ်သော အမိန့်တော်တမ်းကြီး (၅ တွဲ)

AIU. The Age of Imperial Unity (1960)

BG. Burma Gazetteer

BHB. A Burmese Historian of Buddhism (1898)

BI. Buddhist India (1950)

BSI. Buddhist Sects in India (1998)

Buddhism. T.W. Rhys Davids, Buddhism

Ceylon. Ceylon, 2 vols.(1859)

Cv. Cūlavaṃsa, 2 vols. (1929-30)

DPPN. Dictionary of Pāli Proper Names (2002)

Dpv. Dipavaṃsa (1958)

DPL. Dictionary of Pāli Language (1974)

EB 2009. Encyclopediea Britinica (CD-Rom)

GPC. The Glass Palace Chronicle (1922)

History. History of Burma (1967)

HPL. A Handbook of Pāli Literature (1996)

HB. History of Burma (1998)

HBR. History of the Buddha's Religion: Sāsanavaṃsa (1952)

JBRS. Journal of Burma Research Society

KI. Kalyāni Inscriptions (1892)

no. Number

Mhv. Mahāvaṃsa (1912)

MHHEB. Myth & History in the Historiography of Early Burma (1998)

PED. Pali English Dictionary (1957)

PL. Pāli Literature of Burma (1965)

pt. Part or Parts

ROB. Royal Order of Burma (1985-6)

Sās. Sāsanavaṃsa (1897)

Symes. Michael Symes: Journal of his Second Embassy...(1955)

Vol. Volume

Years. 2500 Years of Buddhism (1971)

# မာတိကာ


| | |
|---|---|
| ရည်ညွှန်းချက် | ၆ |
| အမှာများ | |
| ဒေါက်တာတိုးလှ၏အမှာ | ၇-၉ |
| မောင်မောင်ညွန့်(မန်းတက္ကသိုလ်)၏အမှာ | ၁၀-၁၂ |
| စာရေးသူ၏အမှာ | ၁၃-၁၅ |
| အတိုမှတ် | ၁၆-၁၈ |
| သရုပ်ဖော်ပုံစာရင်း | ၂၀ |
| ဇယားစာရင်း | ၂၁ |
| အပိုင်း (၁) | |
| နိဒါန်း | ၃၆-၇၆ |
| နိဒါန်းမှတ်စု | ၇၇-၉၁ |
| အပိုင်း (၂) | |
| သာသနဝံသစာတမ်း | ၉၂-၁၃၇ |
| ကျမ်းဆုံးမှတ်စု | ၁၃၈-၂၀၁ |
| အပိုင်း (၃) | |
| နောက်ဆက်တွဲ | ၂၀၂-၂၀၃ |
| ဇယားများ | ၂၀၄-၂၁၁ |
| အပိုင်း (၄) | |
| စာရင်းများ | ၂၁၂-၂၁၃ |
| ကျမ်းညွှန်းစာရင်း | ၂၁၄-၂၁၈ |
| သာသနာ၀င်စာရင်း | ၂၁၉-၂၂၁ |
| အပိုင်း(၅) | |
| အညွှန်းများ | ၂၂၂-၂၂၃ |
| ကျမ်းစာအညွှန်း | ၂၂၄ |
| ပုဂ္ဂလအညွှန်း | ၂၂၅-၂၂၆ |
| နေရာအညွှန်း | ၂၂၇-၂၂၈ |

# သရုပ်ဖော်ပုံစာရင်း



(၁) တက္ကသိုလ်များဗဟိုစာကြည့်တိုက်ရှိ သာသနဝံသစာတမ်းပေ ၂၂
(၂) တက္ကသိုလ်များဗဟိုစာကြည့်တိုက်ရှိ သာသနဝံသစာတမ်းပေ ၂၃
(၃) အမျိုးသားစာကြည့်တိုက်ရှိ သာသနဝံသစာတမ်းပေ ၂၄
(၄) အမျိုးသားစာကြည့်တိုက်ရှိ သာသနဝံသစာတမ်းပေ ၂၅
(၅) အမျိုးသားစာကြည့်တိုက်ရှိ သာသနဝံသစာတမ်းပေ ၂၆
(၆) အမျိုးသားစာကြည့်တိုက်ရှိ သာသနဝံသစာတမ်းပေ ၂၇
(၇) ပထမမောင်းထောင်သာသနာပိုင် ၂၈
(၈) မဟာဓမ္မသင်္ကြံအမတ် ၂၉
(၉) မဟာဓမ္မသင်္ကြံအမတ် နေမိတ္တကဝိလ္လာကျမ်းကို ဘကြီးတော်မင်းနှင့် မိဖုရားမယ်နုထံ ဖတ်ကြားနေစဉ် ၃၀
(၁၀) ပထမမောင်းထောင်သာသနာပိုင် ဥပဇ္ဈာယ်ပြုပေးလိုက်သော သီဟိုဠ်ရဟန်း ရှင်ဂုဏရတနတိဿ ၃၁
(၁၁) သင်္ဂါယနာတင်ခြင်းနှင့် သာသနာပြုစေလွှတ်ခြင်းပြမြေပုံ ၃၂
(၁၂) သီဟိုဠ်ကျွန်းမြေပုံ ၃၃
(၁၃) ဝဖြာဝုဓအမြောက်ကြီး ၃၄
(၁၄) နိဗ္ဗာနပစ္စယနာဂရာဇာဆဒ္ဒန်ဆင်မင်း ၃၄
(၁၅) အမရပူရမြို့ မြင်ကွင်း ၃၅

## ဇယားစာရင်း



| | |
|---|---|
| သာသနဝံသစာတမ်းပေများ နှိုင်းယှဉ်ဖော်ပြချက် | ၂၀၄ |
| သာသနဝံသစာတမ်းရှိ သက္ကရာဇ်စဉ် | ၂၀၅-၇ |
| သာသနာပြုမထေရ်များနှင့် ဒေသများ | ၂၀၈ |
| သင်္ဂါယနာလေးတန်အကျဉ်းချုပ် | ၂၀၈ |
| မဟာသိင်္ဂီတိဂိုဏ်းကွဲများ | ၂၀၉ |
| ထေရဝါဒဂိုဏ်းကွဲများ | ၂၀၉ |
| မဟာဝိဟာရဝါသီဂိုဏ်းကွဲများ | ၂၀၉ |
| သာသနာပြုပြည်ထောင်ဆက်နှင့်မင်းဆက် | ၂၁၀ |
| ထေရဝါဒသံဃာစဉ်နှင့် အရှုံဂိုဏ်းဆရာဆက် | ၂၁၀ |
| သာသနဝံသစာတမ်း၏ အကြောင်းအရာပြဇယား | ၂၁၁ |





၂၇၇၄၇




ပုံ-(၁) တက္ကသိုလ်များဗဟိုစာကြည့်တိုက်ရှိ သာသနဝံသစာတမ်းပေ(က-ဝမ်း)




ပုံ-(၂) တက္ကသိုလ်များဗဟိုစာကြည့်တိုက် သာသနဝံသစာတမ်းပေ(ခေါ်-ဝမ်း)




ပုံ-(၃) အမျိုးသားစာကြည့်တိုက်ရှိ သာသနဝံသစာတမ်းပေမူ



ပုံ-(၄) အမျိုးသားစာကြည့်တိုက်ရှိ သာသနဝံသစာတမ်းပေမူ




ပုံ-(၅) အမျိုးသားစာကြည့်တိုက်ရှိ သာသနဝံသစာတမ်းပေမူ



ပုံ-(၆) အမျိုးသားစာကြည့်တိုက်ရှိ သာသနဝံသစာတမ်းပေမူ



ပုံ-(၇) ပထမမောင်းထောင်သာသနာပိုင်

[မှတ်ချက်။ ။မုံရွာစန်းမောင်၏ မောင်းထောင်ဝန်းကျင်ကြေးမုံပြင်(ရန်ကုန်၊ ကမ္ဘာလုံး၊ ၁၉၈၉)စာအုပ်မှ ဖြစ်၏။ စိတ်ကူးဖြင့် ရေးဆွဲထားသောပုံဖြစ်ပြီး ခေတ်ပြိုင်မဟုတ်၍ စိတ်ချလက်ချ အသုံးပြုသင့်သော ခေတ်ပြိုင်မှတ်တမ်းဝင်ဓာတ်ပုံ မဟုတ်ချေ။ ဗဟုသုတအဖြစ် ဖော်ပြထားခြင်း ဖြစ်၏။]




ပုံ-(၈) မဟာဓမ္မသင်္ကြံအမတ်

[လန်ဒန်မြို့ရှိ စာကြည့်တိုက်မှ ဒေါက်တာသန်းထွန်းကူးယူလာသောပုံဖြစ်ပြီး ဦးထွန်းရီ(ရှေးဟောင်းစာပေသုတေသီတစ်ဦး)၏ ရွှေနန်းလက်သုံးပုရပိုက်မှ ကူးယူဖော်ပြ၏။]




ပုံ-(၉) မဟာဓမ္မသင်္ကြံအမတ် နေမိတ္တကဝိဇ္ဇာကျမ်းကို ဘကြီးတော်မင်းနှင့် မိဖုရား မယ်နုထံ ဖတ်ကြားနေစဉ်

[မှတ်ချက်။ ။ အရှင်ကေလာသ၏ မန္တလေးသာသနာဝင်(ရန်ကုန်၊သာသနာရေးဦးစီးဌာန၊၁၉၈၂)နှင့် ညိုမြ၏ ကုန်းဘောင်ရှာပုံတော်(ရန်ကုန်၊ရာပြည့်၊၂၀၀၃)စာအုပ်များမှ ကူးယူဖော်ပြ၏။ ပုံ(၇)ကဲ့သို့ စိတ်မှန်းပုံမျှသာ ဖြစ်၏။]




ပုံ-(၁၀) ပထမမောင်းထောင်သာသနာပိုင် ဥပဇ္ဈာယ်ပြုပေးလိုက်သော
သီဟိုဠ်ရဟန်း ရှင်ဂုဏာရတနတိဿ

[အရှင်ကေလာသ၏ မန္တလေးသာသနာဝင်(ရန်ကုန်၊သာသနာရေးဦးစီးဌာန၊၁၉၈၂)မှ]



ပုံ-(၁၁) သင်္ဂါယနာတင်ခြင်းနှင့် သာသနာပြုစေလွှတ်ခြင်းပြမြေပုံ

[တောင်ပေါက်ဆရာတော် အရှင်စက္ကပါလ၏ ဗုဒ္ဓသာသနိကပဋ္ဌဝိဝင်ကျမ်းကြီး(ရန်ကုန်၊ စက္ကပါလ ပိဋကာလယဂေါပကအဖွဲ့၊၁၉၅၈)မှ]




ပုံ-(၁၂) သီဟိုဠ်ကျွန်းမြေပုံ

[တောင်ပေါက်ဆရာတော် အရှင်စက္ကပါလ၏ ဗုဒ္ဓသာသနိကပဋ္ဌဝိဝင်ကျမ်းကြီး(ရန်ကုန်၊ စက္ကပါလ ပိဋကာလယဂေါပကအဖွဲ့၊၁၉၅၈)မှ]





ပုံ-(၁၃) ဝဖြာဝုဓအမြောက်ကြီး

[ဦးမောင်မောင်တင်(၁)၏ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး(ရန်ကုန်၊ရာပြည့်၊၂၀၀၄)မှ]



ပုံ-(၁၄) နိဗ္ဗာနပစ္စယနာဂရာဇာဆဒ္ဒန်ဆင်မင်း





ပုံ-(၁၅) အမရပူရမြို့ မြင်ကွင်း(၁၈၅၅)

[ဦးမောင်မောင်တင်(၁)၏ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး(ရန်ကုန်၊ရာပြည့်၊၂၀၀၄)မှ]

# အပိုင်း (၁)

# သာသနဝံသနိဒါန်း


| | | |
|---|---|---|
| ၁၊ | နိဒါန်း | ၃၉ |
| ၁၊ ၁ | သာသနဝံသအမျိုးအစားများ | ၄၁ |
| ၁၊ ၁၊ ၁ | နိုင်ငံအလိုက်ခွဲခြားခြင်း | ၄၁ |
| ၁၊ ၁၊ ၂ | ဒေသအလိုက်ခွဲခြားခြင်း | ၄၂ |
| ၁၊ ၁၊ ၃ | ဂိုဏ်းဂဏအလိုက်ခွဲခြားခြင်း | ၄၂–၃ |
| ၁၊ ၁၊ ၄ | အရေးအသားအလိုက်ခွဲခြားခြင်း | ၄၃–၆ |
| ၁၊ ၁၊ ၅ | အမည်လိုက်ခွဲခြားခြင်း | ၄၆ |
| ၁၊ ၁၊ ၆ | ခေတ်ကာလအလိုက်ခွဲခြားခြင်း | ၄၆–၇ |
| ၁၊ ၁၊ ၇ | အထောက်အထားတွေ့ရှိမှုအလိုက်ခွဲခြားခြင်း | ၄၇ |
| ၁၊ ၂ | သဘောတရားနှင့်အယူအဆများ | ၄၇–၈ |
| ၁၊ ၃ | သာသနဝံသခေါင်းစဉ် | ၄၉ |
| ၁၊ ၄ | သာသနာပိုင်၊ မင်းတိုင်ပင်အမတ်နှင့်ကျမ်းပြုစု | ၅၀–၅ |
| ၁၊ ၅ | သင်္ဂါယနာနှင့် သာသနာပြုခြင်း | ၅၅–၆ |
| ၁၊ ၆ | ဝိသဘာဂဂိုဏ်းကွဲများ | ၅၆ |
| ၁၊ ၇ | သာသနဝံသစာတမ်းရှိ ပြည်ထောင်ဆက်နှင့်မင်းဆက် | ၅၇ |
| ၁၊ ၈ | သာသနဝံသစာတမ်းရှိ ဆရာစဉ် | ၅၈ |
| ၁၊ ၉ | ဘဝဖြစ်စဉ်အကျဉ်း | ၅၈–၆၅ |
| ၁၊ ၁၀ | ဝံသစာပေနှင့် သာသနာဝင်စာပေ | ၆၅–၈ |
| ၁၊ ၁၁ | သာသနဝံသနှင့်သာသနာလင်္ကာရ | ၆၉–၇၁ |
| ၁၊ ၁၂ | သာသနဝံသစာတမ်း တည်းဖြတ်ခြင်း | ၇၁–၃ |
| ၁၊ ၁၃ | သာသနဝံသစာတမ်း သုံးသပ်ချက် | ၇၃–၆ |
| | | ၇၇–၉၁ |

# သာသနဝံသနိဒါန်း

# သာသနဝံသနိဒါန်း

## ၁။ နိဒါန်း

ဤ သာသနဝံသစာတမ်း[၁]အမည်ရှိသော ကျမ်းငယ်ကို ပထမ မောင်းထောင်းဆရာတော် ဉာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မ ရာဇာဓိရာဇဂုရု[၂] ဘွဲ့တံဆိပ်တော်ရ သာသနာပိုင်ဆရာတော်က ရေး သားပြုစုခဲ့ခြင်း ဖြစ်လေသည်။ ထိုကျမ်းငယ်သည် သာသနာဝင် အရေး အသားများ၏အစ မဟုတ်သော်လည်း သာသနဝံသ ခေါင်းစဉ်ဖြင့် ပထမဆုံးစတင်ရေးသားခဲ့သော မြန်မာစကားပြေသာသနာဝင် စာတမ်း ဖြစ်သည်။ သာသနဝံသဟူသော ဝေါဟာရကို ထိုစာတမ်းဖြင့် လက်ဦး၍ ဖန်တီးရေးသားခဲ့ကြောင်း တွေ့ရလေသည်။ ၁၊၃ ကိုလည်း ကြည့်။

သာသနဝံသ သို့မဟုတ် သာသနာဝံသဟူသည် ဗုဒ္ဓမြတ်ဘုရား၏ တရားဒေသနာ အဆုံးအမများကို ကျင့်ကြံနေသော အဆက်အနွယ် ဟူသော အဓိပ္ပာယ်ရှိသည်။ သာသနာဟူသော ဝေါဟာရမှာ ဗုဒ္ဓ၏ အဆုံးအမတရားတော်ဖြစ်ပြီး ဝံသဟူသော အဓိပ္ပာယ်မှာ အဆက် အနွယ်၊ အစဉ်အတန်းဟု အနက်ရှိလေသည်။ ၁၊၁၀ ကိုလည်းကြည့်။ သာသနာဝံသ သို့မဟုတ် သာသနဝံသဟူသော ပါဠိဝေါဟာရကို မြန်မာတို့က သာသနာဝင်ဟု မြန်မာမှုပြုကြသည်။ အကျဉ်းချုပ် ဆိုပါက သာသနာဝံသ ခေါ် သာသနာဝင်ဟူသည် မြတ်စွာဘုရား၏ တရား ဒေသနာတော် အဆုံးအမများကို အစဉ်အဆက်မပြတ်အောင်

လိုက်နာကျင့်သုံးနေသော ရဟန်းသံဃာအဆက်အနွယ် ဖြစ်လေသည်။ သာသနဝံသ၌ ဗုဒ္ဓ၏တရားဓမ္မအဆုံးအမများ၊ ရဟန်းသံဃာများ၊ သင်္ဂါယနာများ၊ ဂိုဏ်းဂဏများ၊ သာသနာပြုကြသော မင်းများ၊ နိုင်ငံများ၊ ဆရာတော်သံဃာတော်များ၏ အကြောင်းအချက်များ၊ သာသနာတော်အတွင်း ဖြစ်ပေါ်နေသော ပဋိပက္ခများနှင့် အကျိုးရလဒ်များ၊ ခေတ်ပြိုင်ထင်ရှားသော သမိုင်းဖြစ်ရပ်များ . . . စသဖြင့် ရာဇဝင်နှင့်သာသနာဝင်ဆိုင်ရာ အထောက်အထား အချက်အလက်များ ပါဝင်ကြောင်း တွေ့ရလေသည်။

သာသနာဝင်များကို ယထာဘူတကျကျ မလေ့လာခဲ့ပါက အပေါ်ယံအားဖြင့် ရဟန်းသံဃာဆရာစဉ်ဆက်အမည်စာရင်း(List of Ecclesiastic)၊ စာစုစာရင်း (Bibliography)မျှသာဖြစ်ကြောင်း သုံးသပ်ကောင်းသုံးသပ်နိုင်၏။ ရာဇဝင်မျှ စိတ်ဝင်စားဖွယ် မကောင်းဟု ထင်မိထင်ရာလည်း ထင်နိုင်ရာ၏။ အခြားဝံသစာပေများလောက် မခိုင်မာဟု ယူဆကောင်းယူဆနိုင်ပေ၏။ ဤကား လေ့လာရှုမြင်သူတို့၏ သဘောထားနှင့်ပညာရပ်ရှုထောင့်များမှ အမြင်မျှသာ ဖြစ်လေကြောင်း သတိပြုနိုင်ရာ၏။ မည်သို့ပင်ဆိုစေကာမူ သာသနာဝင်ကို ဗုဒ္ဓဝါဒပညာ (Buddhist Studies)မှ သမိုင်းသုတေသနနည်း (Historical Research)ဖြင့် ချဉ်းကပ်လေ့လာပါလျှင် အလွန်လေးနက်ပြီး စိတ်ဝင်စားစရာ ကောင်းလေ၏။ သာသနာဝင်တို့၌ လေ့လာအပ်သော စကားအသုံးအနှုန်းများ၊ တိမ်မြုပ်နေသောအကြောင်းအရာများ၊ ဗုဒ္ဓဘာသာဆိုင်ရာဓလေ့ထုံးတမ်းများ၊ ခေတ်ပြိုင်ဖြစ်ရပ်များနှင့် အကြောင်းအကျိုးဆက်နွယ်၍ဖြစ်ပေါ်လာသော သာသနာရေးပဋိပက္ခနှင့် အကျိုးရလဒ်များသည် အလွန်များပြားလှကြောင်း တွေ့ရပေ၏။ ထိုထက်မကလည်း ပို၍များနိုင်ရာ၏။

မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာသက်ဆင်းလာပုံကို သာသနာဝင်များ၌ ခြေရာခံ၍ အစဉ်အလာအတိုင်းဖြစ်စေ၊ ကျမ်းဂန်အထောက်အထားများနှင့်ဖြစ်စေ တတ်နိုင်သမျှ ဖော်ပြထားကြောင်းကို တွေ့နိုင်သကဲ့သို့ ထိုသာသနာတော်ကို ဆက်လက်ထိန်းသိမ်းခဲ့ကြသော ရဟန်းသံဃာများ၏အကြောင်း၊ ထေရုပ္ပတ္တိနှင့် စိတ်ဝင်စားဖွယ်ဖြစ်ရပ်များကိုလည်း

သာသနာဝင်စာပေများတွင် တခမ်းတနား မြင်နိုင်ရာ၏။ သာသနာဝင်တို့သည် ဝံသစာပေ(Vaṃsa-literature)ပုံစံတစ်မျိုးဖြစ်သကဲ့သို့ မှတ်တမ်းများ(Records)လည်း ဖြစ်၏။

ရာဇဝင်၌ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူများအကြောင်းကို တခမ်းတနားဖွဲ့ဆိုသော်လည်း သာသနာတော်အရေးကိစ္စနှင့် ရဟန်းသံဃာများ၏ အကြောင်းခြင်းရာတို့ကို အစိတ်အပိုင်းမျှသာ ဖတ်ရှုလေ့လာကြရပါလိမ့်မည်။ သာသနာဝင်တို့၌မူ သာသနာနှင့် စပ်လျဉ်းသော သဘောတရား၊ အယူအဆများနှင့် ဖြစ်ရပ်များကို အသေးစိတ်ရေးသားဖွဲ့ဆိုထားပုံကို တွေ့ရနိုင်သည်။ ၁၊၂ ကိုလည်း ကြည့်။

ထို့ကြောင့် သာသနာဝင်များကို လေ့လာခြင်းအားဖြင့် ဗုဒ္ဓ၏ တရားဓမ္မ အဆုံးအမများကို ခေတ်အဆက်ဆက်၌ ရဟန်းသံဃာတို့က မည်သို့ထိန်းသိမ်း လာရကြောင်း၊ မည်ကဲ့သို့သော အဖြစ်အပျက်များနှင့် မည်ကဲ့သို့သော အရင်းခံအကြောင်းအရာများကို တွေ့ကြုံနေရကြောင်း၊ မည်သို့မည်ပုံရှုမြင်ကြောင်း၊ မည်သည့်အချက်များအား ထုတ်ဖော်လိုကြောင်းကို သာသနာဝင်များအား လေ့လာပါက သိရှိနိုင်လေ၏။

## ၁၊၁ သာသနဝံသအမျိုးအစားများ

သာသနဝံသများကို အမျိုးအစားခွဲခြားရာ၌ စနစ်တကျပိုင်းစိတ်၍ ခွဲခြားခြင်းပြုရာ၏။[၃] သာသနာဝင်များကို နိုင်ငံအလိုက်ခွဲခြားခြင်း[၄]၊ ဒေသအလိုက်ခွဲခြားခြင်း[၅]၊ ဂိုဏ်းဂဏအလိုက်ခွဲခြားခြင်း[၆]၊ အရေးအသားအလိုက်ခွဲခြားခြင်း[၇]၊ အမည်အလိုက်ခွဲခြားခြင်း[၈]၊ ခေတ်ကာလအလိုက်ခွဲခြားခြင်း[၉]၊ အထောက်အထားတွေ့ရှိမှုအလိုက် ခွဲခြားခြင်း[၁၀]တို့ကို ပြုအပ်လေသည်။ သို့မှသာလျှင် သာသနာဝင်အကြောင်း လေ့လာရာ၌ ပို၍ တိကျမှု ရှိနိုင်လေသည်။

### ၁၊၁၊၁ နိုင်ငံအလိုက်ခွဲခြားခြင်း

သာသနာဝင်သည် ဗုဒ္ဓသာသနာတော်အစဉ်အဆက်ကို ရေးသားအပ်သော မှတ်တမ်းမှတ်ရာများ ဖြစ်သကဲ့သို့ ဗုဒ္ဓ၏တရားဒေသနာတော် အဆုံးအမများကို လိုက်နာကျင့်ကြံနေသော ဆရာစဉ်ဆက်

စာတမ်းများလည်းဖြစ်လေရာ ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်သော နိုင်ငံ၊ တိုင်းပြည်များ အသီးသီး၌ ပုံစံအမျိုးမျိုးဖြင့် ရေးသားပြုစုကြလေသည်။

သီဟိုဠ်(ရှေးအခေါ် သိန်ခို၊ ယခုအခေါ် သီရိလင်္ကာ)၌ ရေးသားသော ဒီပဝံသ၊ သမန္တပါသာဒိကာ၊ ဝံသတ္ထပ္ပကာသိနီ၊ သီဟဠထကထာ မဟာဝံသ၊ မဟာဝံသ[၁၁]တို့သည် သီဟိုဠ်ဖြစ် သာသနာဝင်ကျမ်းများ အသွင် အစပျိုးရာရေခံမြေခံဖြစ်သကဲ့သို့ ဂါထာပေါင်း(၅၇၉၁)ဂါထာ ရှိသော ကမ္ဗောဇမဟာဝံသ (Extended Mahāvaṃsa)ကျမ်း[၁၂]၊ ထိုင်း နိုင်ငံဖြစ် ဇိနကာလမာလီကျမ်း[၁၃]တို့သည်လည်း သက်ဆိုင်ရာနိုင်ငံ များ၏ သာသနာဝင်များဖြစ်လေ၏။ ထို့အတူ သီဟိုဠ်မှ ဓမ္မကိတ္တိ မထေရ်၏ သဒ္ဓမ္မသင်္ဂဟကျမ်း[၁၄]သည်လည်း သီဟိုဠ်ဖြစ်ကျမ်း ဖြစ်သည်။ အရှင်ကေလာသ၏ သီဟိုဠ်သာသနာဝင်[၁၅]စာအုပ်သည် မြန်မာပြည်ဖြစ် သီဟိုဠ်သာသနာဝင်ကျမ်း ဖြစ်၏။ ထိုအပြင် တိဗက်၊ နီပေါ၊ လော၊ ဂျပန်၊ မြန်မာ၊ ကိုရီးယား သာသနာဝင်ကျမ်းမျိုးလည်း ရှိ၏။

## ၁၊၁၊၂ ဒေသအလိုက်ခွဲခြားခြင်း

သာသနာဝင်များကို နိုင်ငံအလိုက်ခွဲခြားပြီးနောက် နိုင်ငံတစ်နိုင်ငံရှိ နေရာ ဒေသအလိုက် ပို၍ တိကျစေရန် ခွဲခြားနိုင်ရာ၏။ နမူနာ ရှင်ကေလာသ၏ အင်းဝသာသနာဝင်[၁၆]နှင့် ပုဂံသာသနာဝင်[၁၇]၊ ပင်းယသာသနာဝင်[၁၈]နှင့် စစ်ကိုင်းသာသနာဝင်[၁၉]၊ မန္တလေးသာသနာ ဝင်[၂၀]၊ ညောင်ကန်သမိုင်းဖြစ်စဉ်သာသနာဝင်[၂၁]၊ . . . စသည်ဖြင့်လည်း ရှိလေသည်။

## ၁၊၁၊၃ ဂိုဏ်းဂဏအလိုက်ခွဲခြားခြင်း

သာသနာဝင်များကို ရေးသားပြုစုသော ပုဂ္ဂိုလ်သည် ဂိုဏ်းဂဏ တစ်ခုခု၌ ပါဝင်သော ပုဂ္ဂိုလ်များဖြစ်လေရာ အဆိုပါပုဂ္ဂိုလ်၏ ဂိုဏ်းနှင့် ကျောင်းတိုက်တစ်ခုခု၏ ဆရာဆက်များအကြောင်းကို ယင်းသာသနာ ဝင်များ၌ ပို၍ တွေ့ရတတ်၏။ နမူနာအားဖြင့် ဆရာတော် သီရိ သောဘန၏ မဟာဒွါရနိကာယသာသနဝံသဒီပနီ[၂၂]၊ ရွှေကျင် ဆရာတော်ဘုရားကြီး၏ ရွှေကျင်နိကာယသာသနာဝင်[၂၃]၊ ရှင်ဇနကာ

ဘိဝံသ၏ ဒက္ခိဏာရာမဘုရားကြီးတိုက်သာသနာဝင်[၂၄]၊ အရှင်ကေလာသ၏ မဟာဝိသုတာရာမနိကာယသာသနာဝင်သစ်[၂၅]၊ စာရိန္ဒာသဘ၏ မုံတိုင်ပင်သာသနာဝင်အကျဉ်းချုပ်[၂၆]တို့ ဖြစ်လေသည်။

**၁၊ ၁၊ ၄ အရေးအသားအလိုက်ခွဲခြားခြင်း**

သာသနာဝင်များကို နိုင်ငံအလိုက်ရေးသားပြုစုရာ၌ ယင်းနိုင်ငံသုံးသို့မဟုတ် တိုင်းရင်းသားဘာသာစကားများဖြင့် ရေးသားပြုစုကြလေသည်။ သာသနာဝင်ကို ရေးသားသောအခါ အသုံးပြုသော ဘာသာစကားသည် ကွဲပြားမှုရှိနိုင်သကဲ့သို့ သာသနာဝင်များကို ရှေးအခါက ပါဠိဘာသာဖြင့်လည်း အများဆုံး ရေးဖွဲ့ကြသည်။

ဤနေရာ၌ ပါဠိဘာသာဂါထာဖြင့် စီရင်ခြင်း၊ ပါဠိစကားပြေဖြင့် ရေးသားခြင်း၊ ဂါထာစကားပြေနှစ်ထွေရောဖြင့် ပြုစုခြင်းမျိုးလည်း ရှိပါသည်။ မြန်မာ၊ ပါဠိ နှစ်ဘာသာဖြင့် စီရင်ခြင်းလည်း အများအပြားတွေ့ရ၏။ ဘာသာစကားအရေးအသားဖြင့် ခွဲခြားခြင်းအဖြစ် မှတ်ယူသော် ရကောင်း၏။

နမူနာအားဖြင့် ပါဠိဂါထာပေါင်း(၁၆၆၀)ဖြင့် သီဟိုဠ်ကျွန်းရှိ အမရပူရဂိုဏ်းအကြောင်းရေးဖွဲ့သော အရှင်အရိယဝံသာလင်္ကာရ ဝိမလတိဿ၏ သာသနဝံသဒီပကျမ်း[၂၇]၊ ပါဠိဂါထာပေါင်း(၉၇၁) ဂါထာဖြင့် အရှင်ယဂိရလ ပညာနန္ဒ၏ မဟာဝံသပစ္စိမ[၂၈]၊ ဆုံထားသာသနာပိုင်ဆရာတော်ရှင်နန္ဒမာလာ ရေးဖွဲ့သော သာသနာသုဒ္ဓိဒီပကပါဠ်[၂၉]၊ တတိယမောင်းထောင်ဆရာတော် ရှင်ပညာသာမိ၏ သာသနဝံသပ္ပဒီပိကာ[၃၀] တို့သည် ပါဠိဘာသာဖြင့် ရေးသားပြုစုသော မြန်မာပြည်နှင့်သက်ဆိုင်သော သာသနာဝင်ကျမ်းများ ဖြစ်လေသည်။

မြန်မာစကားပြေဖြင့် ရေးဖွဲ့သော သာသနာဝင်ကျမ်းများမှာ ပထမမောင်းထောင်သာသနာပိုင်ဆရာတော်ရှင်ဉာဏာဘိဝံသ[၃၁]၏ သာသနဝံသစာတမ်း[၃၂]၊ ၎င်းလူထွက်ချိန်၌ ရေးသားသော သာသနာလင်္ကာရစာတမ်း[၃၃]၊ (ပထမမဲထီးဆရာတော်ရှင်ပရမ ရေးသားကြောင်းဟု မှားယွင်းစွာ ယူဆထားကြသော) ရှင်ဇိနာလင်္ကာရဓဇ၏ ဝံသဒီပနီ[၃၄] တို့သည် ကုန်းဘောင်ခေတ်ရေးသာသနာဝင် မြန်မာစကားပြေကျမ်းများ

ဖြစ်လေ၏။ နှောင်းခေတ်၌ ဘုရားဖြူဆရာတော်ရှင်ရာဇိန္ဒ၏ သာသနဗဟုဿုတပ္ပကာသနီ[၃၅]၊ ရှင်ကေလာသ၏ ကလျာဏီသာသနာဝင်[၃၆] ဦးအာလောက၏ သာသနာဝင်ကျမ်း[၃၇]၊ ဦးမိုးမြင့်၏ ကျိုက်လတ်မြို့ ပစ္ဆိမာရုံသာသနာဝင်[၃၈] ၊မသောင်း(စစ်ကိုင်း)၏ ဟံသာဂီရိသာသနာ[၃၉] . . . တို့သည်လည်း မြန်မာစကားပြေသက်သက်ဖြင့် ရေးဖွဲ့ထားသော သာသနာဝင်ကျမ်းများ ဖြစ်လေသည်။

သာသနာပိုင်ဒုတိယဗားကရာဆရာတော်ရှင်ပညာဇောတ၏ သာသနသုဒ္ဓိဒီပကနိဿယ[၄၀]သည် သာသနသုဒ္ဓိဒီပကပါဠ်ကို အနက်ပြန်သော နိဿယသည် ပါဠိစကားပြေနှစ်ထွေရောသော ပုံစံဖြစ်လေ၏။

အချို့သော သာသနာဝင်များမှာ ရှေးကျမ်းဂန်များကို ရောမအက္ခရာဖြင့် ဖလှယ်ခြင်း[၄၁] ၊ ဘာသာပြန်ခြင်း[၄၂]နှင့် အသစ်ထပ်မံ၍ ရေးသားပြုစုခြင်းများ[၄၃] လည်းရှိကြောင်း တွေ့ရ၏။ ထိုအပြင် အချို့သော သာသနာဝင်များသည် သီးခြားသာသနာဝင်သက်သက်မဟုတ်ဘဲ ကျမ်း၊ စာတမ်း၊ အမေးအဖြေ. . . တစ်ခုခု၌ တစ်စိတ်တစ်ပိုင်း ပါဝင်နေခြင်းမျိုးလည်း ရှိ၏။

နမူနာ-အရှင်ကေလာသ၏ မန္တလေးသာသနာဝင်(ပထမတွဲ) စာအုပ်၌ ပဋ္ဌမဆင်တဲသာသနာဝင်[၄၄]၊ အသောကာရာမသာသနာဝင်[၄၅]၊ ရွှေရေးဆောင်သာသနာဝင်[၄၆]၊ ---စသည့် သာသနာဝင်များ ပါရှိနေခြင်းမျိုးသည် သာသနာဝင်တစ်ပိုင်းတစ်စစီ ပါရှိနေခြင်းပင် ဖြစ်၏။ ရွှေကျင်နိကာယသမိုင်းစာတမ်း(လက်နှိပ်စက်မူ)[၄၇]၊ ဒေါက်တာသန်းထွန်း၏ ရွှေကျင်နိကာယသာသနာဝင်(လက်နှိပ်စက်မူ)[၄၈]၊ ---စသည့် စာတမ်းတို့သည် ပုံမနှိပ်ရသေးဘဲ ရှိသကဲ့သို့ ဝဏ္ဏကျော်ထင် ဦးဘသန်း၏ ရွှေကျင်သာသနာနှစ်တစ်ရာ[၄၉]စာအုပ်တွင်လည်း သာသနာဝင်အကြောင်းအရာများ ပါဝင်လေ၏။

တဖန် သာသနာဝင်ကို သမိုင်းပညာရပ်မှ အထူးပြုလေ့လာခဲ့သော ဒေါက်တာသန်းထွန်း၏ အင်္ဂလိပ်ဘာသာဖြင့် ပြုစုခဲ့သော မြန်မာဗုဒ္ဓသာသနာဝင် History of Buddhism in Burma A.D.1000-1300 သည် ပါရဂူဘွဲ့ယူစာတမ်းဖြစ်ပြီး မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ် JBRS. Vol. LXI, pt. I & II (December 1978)၊ pp. 1-262. တွင်လည်း

၄၄

ပြန်လည်ဖော်ပြခဲ့ခြင်းသည် စာတမ်းအဖြစ်လည်းကောင်း၊ စာနယ်ဇင်း တစ်ခုခု၌ အစိတ်အပိုင်းတစ်ရပ်အဖြစ်လည်းကောင်း တွေ့ရသဖြင့် စာပေပစ္စည်းအမျိုးအစားသဖွယ် ထပ်မံ၍ ခွဲခြားပါကလည်း ရနိုင်ပါ၏။ ထိုအပြင် ၎င်း၏ ရွှေကျင်သာသနာဝင်ကို အင်္ဂလိပ်ဘာသာဖြင့် History of Shwegyin Nikaya (Shwegyin Sect in the Order of Buddhist Monks) in Burma. 3 Vols. (1982) စာအုပ်သုံးတွဲ[၃၀]၊ "The Shwegyin Sect" Essays on the History and Buddhism of Burma. (1988)[၃၁] နှင့် အခြား သာသနာဝင်စာတမ်းများကိုလည်း ပြုစုခဲ့ခြင်းမျိုးလည်း ရှိပါ၏[၃၂]။ အလားတူ သာသနာဝင်ကျမ်းကို မမိုမိုသန့်က History of Shwegyin Nikaya အမည်ဖြင့် ၂၀၀၂ ခုနှစ်တွင် သမိုင်းပါရဂူစာတမ်းကို ထပ်မံ ရေးသားခဲ့ဖူးပါ၏[၃၄]။ ထိုသာသနာဝင်များသည် သမိုင်းသုတေသနနည်း ဖြင့် ဂိုဏ်းဂဏအလိုက် ပြုစုသော သာသနာဝင်သစ်များ ဖြစ်ချေ၏။ ထိုသာသနာဝင်များကို သမိုင်းသုတေသနနည်းဖြင့် အသစ်တဖန် ပြုစု ကြသောကြောင့် သမိုင်းပညာရပ်မှ အထူးပြုသော သမိုင်းစာတမ်း ပုံစံ ဖြစ်သွား၍ ရှေးသာသနာဝင်စာပေတို့၏ အနှစ်သာရ၊ သဘောတရား နှင့် ရည်ရွယ်ချက်များသည် အသွင်တစ်မျိုးဖြစ်သွားလေ၏။ ၁၊ ၂ ကို လည်း ကြည့်။

သာသနာဝင်အမည်တပ်၍ သမိုင်းစာတမ်းများကို သာသနာဝင်ဟု တစ်နည်းတစ်ဖုံ ခေါ်ဝေါ်လာသကဲ့သို့ သာသနာဝင်ကိုလည်း သမိုင်းဟု ထင်လာနိုင်စရာရှိပြန်၏။ သာသနာဝင်သည် သာသနဝံသမှ အစပျိုး ခဲ့ခြင်းဖြစ်၏။ သာသနာဝင်သည် သမိုင်း မဟုတ်ခဲ့သော်လည်း သမိုင်း အကြောင်းအရ စစ်ဆေးဝေဖန်နိုင်ရာ၏။ သာသနာဝင်ကို သမိုင်းပညာ ရပ်သာမက အခြားပညာရပ်များ (ဗုဒ္ဓဘာသာ၊ အတွေးအခေါ်၊ လူမှုရေး၊ နိုင်ငံရေး၊ ဆက်ဆံရေး၊ ယဉ်ကျေးမှု ---)မှ စုံလင်စွာ လေ့လာ နိုင်ရာ၏။ သာသနာဝင်နှင့် သမိုင်းသည် မတူချေ။ သို့သော် သာသနာဝင် ခေါင်းစဉ်ဖြင့် သမိုင်းစာအုပ်၊ စာတမ်းများကို ရေးသားပြုစုကြသောအခါ သာသနာဝင်၏ အခန်းကဏ္ဍသည် ပို၍ ထင်ရှားလာနိုင်စရာ ရှိပါ၏။ သမိုင်းသုတေသနနည်းလမ်းများကို အသုံးပြုကာ ရှေးသာသနာဝင်များ ကို ပြန်လည်တည်းဖြတ်ခြင်း[၃၅]၊ သုတေသနပြုခြင်း[၃၆]နှင့်အတူ သာသနာ

ဝင်အသစ်များကို ရေးသားခြင်းတို့သည် သာသနာဝင်ပညာရပ်ကို အစပျိုးနိုင်စေရန် သို့မဟုတ် သာသနာဝင်စာပေကို စနစ်တကျ ဖြစ်ထွန်းလာစေရန် အခြေအနေများ ရှိပါ၏။ ထိုသို့ဆိုလျှင် ဗုဒ္ဓသာသနာဝင်စာပေသည် ပို၍ ထွန်းကားလာနိုင်ရာ၏။ ထိုအတူ များပြားစွာသော ပညာရပ်များ အခြားနယ်ပယ်သို့ ပျံ့နှံ့နိုင်ရာ၏။ ထိုအပြင် ပညာရပ်များ ကူးလူး ဆက်ဆံနိုင်ရာ၏။ ယခုလည်း ကမ္ဘာ့နိုင်ငံကြီးများမှ တက္ကသိုလ်အချို့တွင်လည်း ပညာရပ်သဖွယ် တစ်နည်းတစ်လမ်းဖြင့် အားပေးချီးမြှင့်နေကြောင်း သိရှိရပါသည်။

## ၁၊ ၁၊ ၅ အမည်လိုက်ခွဲခြားခြင်း

သာသနာဝင်ကျမ်းများသည် ယေဘုယျအားဖြင့် သာသနဝံသ[၅၇]၊ အာစရိယဝံသစာတမ်း[၅၈]၊ အရိယာဝံသစာတမ်း[၅၉]၊ သမဏဝံသစာတမ်း[၆၀]၊ ဥတ္တရဝိဟာရဝံသအဋ္ဌကထာကျမ်း[၆၁]၊ . . . စ၍ ဝံသခေါင်းစဉ်အမည်များ ပါဝင်တတ်သည်။ အချို့သာသနာဝင်ကျမ်းများကား သာသန သို့မဟုတ် ဝံသဟူသော ဝေါဟာရမျိုးကို မတွေ့ရချေ။ နမူနာအားဖြင့် ပါရာဇိကဏ်အဋ္ဌကထာဗာဟိရနိဒါနကထာ[၆၂]၊ သီဟိုဠ်ရောက်အတ္ထုပ္ပတ္တိ ခေါ် ဝံသာနိဒါန်း[၆၃]၊. . . စသဖြင့် ရှိ၏။ တစ်ခါတစ်ရံ၌မူ သာသနာဝင်ကျမ်းအချို့သည် သာသနာ သို့မဟုတ် ဝံသ စသည့် ဝေါဟာရများ တစ်ပိုင်းတစ်စ ပါဝင်ကြောင်း တွေ့ရသည်။ ဥပမာအားဖြင့် အတုလဆရာတော်၏ သာသနာဆက်နှင့် အမေးအဖြေ[၆၄]၊ ပထမကျော်ရှင်ဝဏ္ဏာဓဇ၏ သင်္ယာတိလင်္ကာသာသနာဝင်[၆၅]၊ မောင်းထောင်သာသနာပိုင်လူထွက် ချည်ပါရွာစားမဟာဓမ္မသင်္ကြံ၏ အရိယဝံသာလင်္ကာရကျမ်း[၆၆]၊ . . . တို့ဖြစ်သည်။

## ၁၊ ၁၊ ၆ ခေတ်ကာလအလိုက်ခွဲခြားခြင်း

မည်သည့်ခုနှစ်မှစ၍ မည်သည့်ကာလအထိ သာသနာဝင် ရေးသားခြင်းကို ထောက်ရှု၍ သာသနာဝင်တို့၏ အကျဉ်းအကျယ် အတိမ်အနက် စသောနယ်ပယ်ကို အကဲခတ်၍ သိနိုင်၏။ သို့မဟုတ် မည်သည့်ခေတ်ကာလအချိန် အတောအတွင်း စီရင်ခဲ့ကြောင်းကိုလည်း ခေတ်

အလိုက်ခွဲခြား၍ အကဲခတ်နိုင်ရာ၏။ နမူနာအားဖြင့် မောင်ဝင်းမောင်၏ မန္တလေးခေတ်ဗုဒ္ဓသာသနာဝင်[၆၇]နှင့် မောင်နီတွတ်၏ အမရပူရခေတ်ဗုဒ္ဓသာသနာဝင် (၁၇၈၂-၁၈၅၈)[၆၈]၊ မောင်ကိုကိုနိုင်၏ ရွှေကျင်နိကာယ(၁၉၂၀-၁၉၆၀)[၆၉] . . . တို့သည် ခေတ်ကာလဖြင့် ခွဲခြား၍ ရေးသားခဲ့သော သာသနာဝင်သမိုင်း(သမိုင်းမဟာဝိဇ္ဇာဘွဲ့ယူစာတမ်း)များ ဖြစ်သည်။

## ၁၊၁၊၇ အထောက်အထားတွေ့ရှိမှုအလိုက်ခွဲခြားခြင်း

အချို့သော သာသနာဝင်များကို တစ်ဆင့်ခံအထောက်အထားများမှ သိရှိရပြီး လက်တွေ့အားဖြင့် သိရှိရန် ခက်ခဲလှသည်။ ထို့ကြောင့် စာရင်းတွေ့ကျမ်း နှင့် လက်တွေ့ကျမ်း မျိုးဟူ၍ ခွဲခြားနိုင်ရာ၏။ စာရင်းတွေ့သာသနာဝင်အချို့မှာ ဒုတိယကြေးနီကျောင်းနေ ကျော်အောင်စံထားဆရာတော်၏ ဝံသဒီပနီ[၇၀]၊ မုံရွေးဆရာတော်၏ ဝံသဒီပနီကျမ်းခေါ် သာသနာ့ဝံသဒီပနီကျမ်း[၇၁]၊ ညောင်ကန်ဆရာတော် ကဝိန္ဒာဘိသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရု၏ ဝံသမာလာကျမ်း[၇၂]၊ ပိဋကတ်တိုက်စိုး ချောင်းဦးဆယ်ရွာစား ရမ္မသိရိကျော်ထင်၏ သာသနာဝံသကျမ်း[၇၃] မျိုး ဖြစ်၏။ လက်တွေ့ကျမ်းမျိုးကား စာရင်းတွေ့ကျမ်းကဲ့သို့ တစ်ဆင့်ခံအထောက်အထားမျိုး မဟုတ်ဘဲ လက်ရှိကာလ၌လည်း အလွယ်တကူတွေ့ရှိ၍ ဖတ်ရှုလေ့လာနိုင်သော ကျမ်းမျိုးဖြစ်လေသည်။

## ၁၊၂ သဘောတရားနှင့်အယူအဆများ

သာသနာဝင်များကို ဖတ်ရှုရာ၌ဖြစ်စေ၊ ရေးသားပြုစုရာ၌ဖြစ်စေ၊ လေ့လာရာ၌ဖြစ်စေ သာသနာဝင်များ၏ အမျိုးအစားခွဲခြား၍ အသုံးပြုပါက သင့်လျော်လေ၏။ ၁၊၁ ကိုလည်းကြည့်။ သာသနာဝင်များ (အထူးသဖြင့် မြန်မာသာသနာဝင်များ)၌ အဓိကတွေ့ရသော သဘောတရားအချို့ကို အောက်ပါအတိုင်း တွေ့ရတတ်သည်။

♦ ဘာသာရေးဂိုဏ်းဂဏ၊ အယူဝါဒပဋိပက္ခ အငြင်းပွားမှုများကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်၏။

♦ ထိုပြဿနာရပ်များ ပြီးစီးပါက ထိုဖြစ်ရပ်များအကြောင်းကို

ပါဝင်အောင် ထုတ်ဖော်၏။

ဤကား သာသနာဝင်တို့ဖြစ်ပေါ်ရခြင်း၏ အခြေခံအကြောင်းတရားများလည်း ဖြစ်သည်။ သာသနာဝင်များ ဖြစ်ပေါ်လာပြီးနောက်တွေ့ရှိရသော ပင်မအယူအဆနှင့် ရည်ရွယ်ချက်ကို အောက်ပါအတိုင်းသိရှိရလေသည်။

၁။ ဆရာတပည့်ဆက်ဆံရေးတွင် တပည့်၏သစ္စာရှိမှု

၂။ မှန်ကန်မွန်မြတ်သည့် ရဟန်းသံဃာဖြစ်မှု

၃။ အယူဝါဒမှန်ကန်သော ဂိုဏ်း(ဝါ) ဝိဘဇ္ဇဝါဒီဖြစ်မှု

၄။ ရဟန်းဘဝ၏ မြင့်မြတ်မှု

သာသနာဝင်များ၌ အရင်းခံသော အချက်အချို့မှာ မိမိတို့၏ သံဃာစဉ် ဆရာဆက်ကို တတ်နိုင်သမျှ ဖော်ပြခြင်းဖြစ်လေသည်။ သာသနာဝင်များသည် သာသနာ့ဝန်ထမ်းများဖြစ်ကြသော ရဟန်းသံဃာများ၏ အကြောင်းအရာ၊ အဖြစ်အပျက်တို့ဖြစ်သောကြောင့် သာသနာဝင်များကို ရဟန်းတော်များကသာ အဓိက ရေးသားကြလေသည်။ ထို့ကြောင့် ရှေးသာသနာဝင်များကို လေ့လာမှုပြုပါက ကျမ်းဂန်ပြုစုသည့် ရဟန်း၏ လောကအမြင်၊ စိတ်သဘောထား၊ အယူအဆနှင့် ရည်ရွယ်ချက်များကို တွေ့ရတတ်လေသည်။ သာသနာဝင်ပြုစုသော ပုဂ္ဂိုလ်၏ ထင်မြင်ယူဆချက်သည် မည်မျှအရေးပါကြောင်း သာသနာဝင်၌ ထုတ်ဖော်ကြည့်နိုင်၏။[၃၄]

သာသနာဝင်များ၌ ဗုဒ္ဓဝင်အကြောင်းအရာ၊ သင်္ဂါယနာ၊ ဂိုဏ်းဂဏအရေး၊ သာသနာပြုခြင်း၊ သာသနာတော်၏ အတက်အကျအခြေအနေ၊ မင်း ဘုရင်နှင့်ရဟန်းတော်များ၏ ဆက်ဆံရေး၊ ပြည်သူတို့နှင့် ရဟန်းသံဃာတို့ ပတ်သက်မှု၊ ရဟန်းသံဃာများ၏ အကျိုးပြုပုံ၊ ဝိနည်းသို့မဟုတ် အယူဝါဒကို စောင့်ထိန်းကျင့်ကြံပုံ၊ ဆရာစဉ်ဆရာဆက်၊ သမိုင်းဝင်ဖြစ်ရပ်များ၊ ဆရာတော်သံဃာတော်များ၏ ဘွဲ့အမည်နှင့် ၎င်းတို့၏ ပြုစုခဲ့သော ကျမ်းစာရင်းများ၊ ရဟန်းသံဃာတို့၏ လောကအမြင်တို့ကို အနည်းနှင့်အများဆိုသလို သာသနာဝင်ကျမ်းများ၌ တွေ့ရှိရတတ်လေသည်။

## ၁၊၃ သာသနဝံသခေါင်းစဉ်

တစ်ဆင့်ခံကျမ်းစာရင်း၌ တွေ့ရှိရသော ကျမ်းမျိုး မဟုတ်ဘဲ ကျမ်းတွေ့ အထောက်အထားများအရဆိုလျှင် မောင်းထောင် သာသနာပိုင်ရှင်ဉာဏ၏ သာသနဝံသစာတမ်းသည် အတော်အတန် ရှေးကျသည်ဟု မှတ်ယူနိုင်လေသည်။ ထိုသာသနဝံသစာတမ်းကို မြန်မာစကားပြေဖြင့် မပြုစုမီ တွေ့ရှိရသော သာသနဝံသပါဠိ၊ ၎င်း နိသျကျမ်းနှင့် သီဟဠသာသနဝံသကထာနိသျတို့သည် ရာပြတ် သိရိစန္ဒရတ်တို့ သဘော်ဖြင့် ပါလာသော သက္ကတကျမ်းပေါင်း(၁၇၀) ကျော်[၂၅]၌ မပါဝင်ခဲ့သော်လည်း ၁၇၈၉ခုနှစ်တွင် သီဟိုဠ်သံယာတို့အား ပြန်လည်ပေးလိုက်သည့် စာရင်း၌ ပါဝင်ကြောင်း တွေ့ရလေ၏[၂၆]။ ယင်းသာသနဝံသပါဠိကျမ်းများကို သီဟိုဠ်နိုင်ငံရှိ သာသနာတော်အရေး ကြောင့် မောင်းထောင်ဆရာတော်က ဂါထာပါဌ်ပဒစီ၍ ပြန်ပေးလိုက် သည့် စာရင်း၌ သာသနဝံသပါဠိကျမ်းသာမက အခြားသော သာသနဝံသကထာ နိဿရည်းကျမ်းများကိုလည်း ပေးလိုက်ကြောင်း တွေ့ရသေး၏။ ထိုသာသနဝံသပါဠိနှင့် နိဿယတို့ကား ယခု သာသနဝံသစာတမ်း၏ သန္ဓေအဖြစ် ယူဆနိုင်ပါလိမ့်မည်။ ယင်းသာသနာဝင်ကို ရှင်ဉာဏသည် မောင်းထောင်သာသနာပိုင်ဘဝ၌ ပြုစုခဲ့ကြောင်းကို ထောက်ရှုပါက ယင်းအမည် သာသနဝံသကို မြန်မာစကားပြေဖြင့် ပြန်လည် ကိုးထောက်၍ ဆရာတော်က စတင် တီထွင်ခဲ့ခြင်း ဖြစ်တန်ရာ၏။ ဆရာတော်ရှင်ဉာဏသည် ထိုသာသနဝံသစာပေကျမ်းဂန်များကို ပြုစုခဲ့ပြီးနောက် သာသနာပိုင် အဖြစ်မှ လူဝတ်အလဲ ခံရပြီးသော်လည်း သာသနဝံသစာတမ်းကို အခြေပြု၍ နာမည်ကျော် သာသနာလင်္ကာရစာတမ်းအား မင်းတိုင်ပင်အမတ်ဘဝ၌ ဆက်လက်စီရင်ခဲ့လေသည်။ သာသနဝံသ စာတမ်းကို သာသနာပိုင်ဘဝ၌ စီရင်သကဲ့သို့ အခြားသော ကျမ်းဂန်များ ကိုလည်း ပြုစုခဲ့သေးသည်။

## ၁။၄ သာသနာပိုင်၊ မင်းတိုင်ပင်အမတ်နှင့်ကျမ်းပြီးစု

မောင်းထောင်ဆရာတော်အား သက္ကရာဇ် ၁၁၅၀ ခု၌ ဉာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်ကို ကပ်လှူခံရ၍ သာသနာပြုသာသနာပိုင် ဖြစ်တော်မူသည်[၂၇]။ ပုံ(၇)ကိုကြည့်။ မောင်းထောင်ဆရာတော်ရှင်ဉာဏအား သာသနာပြုခန့်အပ်သော ၁၁၄၈ခုနှစ်၌ မင်းအို ဆရာတော်၊ မလည် (မာန်လည်)ဆရာတော်၊ ဆုံ ထားဆရာတော်၊ မင်းရွာဆရာတော်ကြီး(၄) ပါးရှိလျက် ပုထုဇဉ်ဂတိသို့လိုက်သဖြင့် လွတ်လွတ် မစီရင်ဝံ့၊ မစီရင်ချင်သကဲ့သို့ ထင်မှတ်တော်မူ၍ ဆရာတော်ကြီး(၄)ပါးအပြင် ဆရာတော်ငယ် (၈)ပါးတို့ဖြင့် စုစုပေါင်း သာသနာပြု(၁၂)ပါး ထပ်မံခန့်အပ်လေသည်[၂၈]။

သက္ကရာဇ် ၁၁၅၀ပြည့် ရတနာဘုံကျော်ကျောင်းတော်ကြီးကို မတင်လှူမီ တစ်နှစ်တွင် ဉာဏာဘိဝံသဓမ္မသေနာပတိဓမ္မရာဇာဓိရာဇဂုရုဆရာတော်ကို သာသနာပြုသာသနာပိုင် အပ်တော်မူပြန်၏[၂၉]။ ၁၁၅၀ ခုနှစ် မောင်းထောင်ဆရာတော်တစ်ပါးတည်း သာသနာပိုင် ဖြစ်တော်မူပြီးနောက်[၃၀] အသောကာရာမ၊ ရတနာဘုံကျော်ကျောင်းတော်ကြီးအားလည်းကောင်း၊ ၁၁၅၂ ခုနှစ် စံကျောင်းတော်အားလည်းကောင်း၊ အောင်မြေဘုံကျောင်းတော်အားလည်းကောင်း ရေစက်သွန်းချ၍ ကပ်လှူခံယူတော်မူပြီး ဉာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်ကြီးကို စုစုပေါင်း(၄)ကြိမ် ရရှိခဲ့သည်[၃၁]။ ၁။၉ ကိုလည်းကြည့်။

သက္ကရာဇ် ၁၁၄၇ ခုနှစ် သာသနာပိုင်ဆရာတော်က ဝဂ်တိုင်း၊ နဝဒီပ၊ သီယံဋ္ဌကျွန်း၊ သီဟဠဒီပများမှာ သာသနာရေး၊ လောကရေး စာပေကျမ်းဂန် အများရှိသည်ကို ဆောင်ယူစေသင့်ကြောင်း ပဒုံမင်းထံ စာသွင်း၏။ စာဆက်သွင်းသည့်အတိုင်း ရာပြတ်သီရိစန္ဒရတ်နှင့် ဇယနာရာမ၊ သီရိဇေယျဓမ္မဂုရု၊ သီရိဓမ္မိကဂုရု၊ ရွှေတောင်သာဂသူ၊ ရွှေတောင်သီရိစည်သူ၊ ဇေယျကျော်သူ၊ ဇေယျကျော်ထင်၊ ဇေယျကျော်စွာ၊ သီရိပျံချီ၊ သီရိနော်ရထာကျော်ထင်၊ နရာဇေယျကျော်၊ အိန္ဒရာဇသူ၊ ဝါသိဋ္ဌပြဟ္မာ၊ နေမျိုးမင်းလှကျော်၊ ပုသျှိရာမ စသော ပြဟ္မဏမျိုး ပုဏ္ဏားမျိုး၊ မင်းမှုထမ်းတို့ကို သင်္ဘောနှင့်စေ၍ အကြိမ်ကြိမ်

ဆောင်ယူဆက်သစေသည်။ ၁၁ ဒီဇင်ဘာ ၁၇၈၆ မှ ၄ စက်တင်ဘာ ၁၈၁၇ အထိ စုစုပေါင်း (၇)ကြိမ် သွားရောက်ရယူ၍ သဒ္ဒါကျမ်း၊ ဗျာကရိုဏ်းကျမ်း၊ တက်ကျမ်း၊ အလင်္ကာကျမ်း၊ ဆန်းကျမ်း၊ အဘိဓာန်ကျမ်း၊ ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ ဓမ္မသတ်ကျမ်း၊ နီတိကျမ်း၊ ဣတိဟာသကျမ်း စုစုပေါင်း (၁၄)မျိုး စောင်ရေ(၂၅၃)၊ ပါရင်းစကျူချပ်ရေ (၂၃၇၃၁)၊ မြန်မာရေးပေအင်္ဂါရေ(၁၁၁၅) အင်္ဂါ (၄)ချပ်ရှိသော အနက် မြန်မာပြန်သည့် ကျမ်းပြီးစုစာရင်းမှာ -

၁။ သာရသ္သတိဗျာကရိုဏ်းနိဿယ ၁၈ အင်္ဂါ ၂ ချပ်
၂။ တလပဗောဓနနိဿယ ၁ အင်္ဂါ ၃ ချပ်
၃။ (အမရကောသ) အဘိဓာန်နိဿယ* (တဗစ-၁၃၇၀၃၀) ၂၅ အင်္ဂါ ၁ ချပ်
၄။ ဧကက္ခရကောသနိဿယ*(ဧကက္ခရကောသစာကိုယ်နိဿယ) ၉ ချပ်
၅။ နာနတ္ထဓွနိနိဿယ ၁ အင်္ဂါ ၆ ချပ်
၆။ ရာဇမတ္တဏ်နိဿယ ၃၂ အင်္ဂါ ၄ ချပ်
၇။ ဗြိဟဇ်နိဿယ (တဗစ ၁၆၈၂) ၁၈ အင်္ဂါ ၁၀ ချပ်
၈။ သရဒ္ဓေနိဿယ ၁၉ အင်္ဂါ ၆ ချပ်
၉။ ဇာတိသုဇာတကနိဿယ ၁၀ ချပ်
၁၀။ လဃုသံဂြဟနိဿယ ၉ အင်္ဂါ ၉ ချပ်
၁၁။ သုပိနာဓယာယနိဿယ ၁ အင်္ဂါ ၁ ချပ်
၁၂။ လက္ခဏာကျမ်းနိဿယ ၃ အင်္ဂါ ၄ ချပ်
၁၃။ သူရိယသိဒ္ဓန္တနိဿယ ၁ အင်္ဂါ ၂ ချပ်
၁၄။ ဘာသုတိနိဿယ ၁ အင်္ဂါ ၂ ချပ်
၁၅။ ဘာသုတိစကားပြေ ၂ အင်္ဂါ ၈ ချပ်
၁၆။ ဘာသုတိကိန်းဆန် ၃ အင်္ဂါ ၃ ချပ်
၁၇။ ရာဇာဘိသေကကျမ်းနိဿယ ၂ အင်္ဂါ ၁ ချပ်
၁၈။ ဒြဗျဂုဏ်နိဿယ ခေါ် ဒြဗ္ဗဂုဏပြကာသဆေးကျမ်းစာကိုယ်နိဿ (တဗစ-၅၆၉၂၀) ၉ အင်္ဂါ ၁ ချပ်
၁၉။ သရကောမုဒိနိဿယ (တဗစ-၇၅၉၈) ၁၇ အင်္ဂါ ၃ ချပ်
၂၀။ ဩသဓရတနာကရနိဿယ (တဗစ-၁၀၅၆၄၅) ၃ အင်္ဂါ ၆ ချပ်
၂၁။ သရရတ္နကထနနိဿယ ၁ အင်္ဂါ ၁ ချပ်
၂၂။ ဓာတုပြသံသနိဿယ ပုရပိုက် ၁၆ ဆူ ၂၁ အင်္ဂါ
၂၃။ ကာမရတနနိဿယ ပုရပိုက် ၅ ဆူ ၇ အင်္ဂါ

ဤကျမ်းပေါင်း (၂၃)ကျမ်း အင်္ဂါပေါင်း(၁၉၉) အင်္ဂါ(၈)ချပ်ကို သာသနာပိုင်ဆရာတော် အနက်မြန်မာပြန်သည်။ စာရင်းအကျယ်မှာ သင်္ကရိုက်ကျမ်းစု မော်ကွန်းတင်ရှိလေပြီ။[၅၃] အထက်ဖော်ပြသော ကျမ်းများမှာ သာသနာလင်္ကာရကျမ်းတွင် မောင်းထောင်ဆရာတော် ကိုယ်တိုင် ရေးသားခဲ့သော ကျမ်းစုစာရင်း ဖြစ်လေ၏။ မောင်းထောင် ဆရာတော်ဘဝ၌ ပြုစုစီရင်သော ကျမ်းဂန်များမှာအောက်ပါအတိုင်း တွေ့ရှိရလေသည်။

သရကောမုဒိဆေးကျမ်းစာကိုယ် (တပစ-၇၅၉၈၊ ၁၂၃၂၉၆)
သရကောမုဒိဋီကာ (ပိမိုင်း ၁၄၄၁)
ပေဋကာလင်္ကာရ (နေတ္တိဋီကာသစ် ခေါ် မဟာဋီကာ)
အရိယဝံသာလင်္ကာရ
သာစုဇနဝိလာသိနီ (သုတ်သီလက္ခန်ဋီကာသစ် ခေါ် သီလက္ခန္ဓဝဂ္ဂ ဋီကာ)*
(တပစ-၃၈၂၃)
ပကိဏ္ဏကနိပါတ်ဇာတ်နိဿယ (ပကိဏ္ဏကဇာတ်အဋ္ဌကထာနိသျ)* (ပိမိုင်း ၆၂၃)
တေသကုဏဇာတ်နိဿယ (ပိမိုင်း ၁၀၄၄)
စတုသာမဏေရဝတ္ထု (သာမဏေလေးပါးဝတ္ထု)** (တပစ-၆၆၈၀)
ရာဇောဝါဒဝတ္ထု (ရာဇောဝါဒဝဏ္ဏနာ)*
တိဂ္ဂုတ္တထောမနာဂါထာ (တိဂ္ဂုမ္ဘစေတီယထောမနာဂါထာနိဿယ) (တပစ-၁၂၃၃၂၀)
ဆဒ္ဒန်ဆင်မင်းဘွဲ့ ခေါ် နိဗ္ဗာနပစ္စယနာဂရာဇကထာပါဠ်နိသျ (တပစ-၁၀၈၆၈)
ရာဇာဓိရာဇဝိလာသိနီကျမ်း (တပစ-၇၈၁၀)
အမေးတော်ဖြေ* (အမေးတော်ပုံ) (တပစ-၅၅၀၅၃၊ ၁၀၆၂၃၇၊ ၃၇၃၆)
မဟာသက္ကရာဇ်သီဟသမိုင်းပါဠ်
ဝုတ္တောဒယနိဿရည်း (ဝုတ္တောဒယဆန်းနိသျ၊ ဝုတ္တောဒယစာကိုယ် နိဿယ)*
(ပိမိုင်း ၁၀၁၅)
သာသနဝံသစာတမ်း (အမသ၊ ကင်း ၁၇)
လောကဒီပကသာရကျမ်း (အမသ၊ ကင်း ၁၇)
နက္ခတ်သဘင်ဆီမီးတန်ဆောင်သဘင်ကထိန်သင်္ကန်းသဘင်မြင်ခင်းသဘင်စာတမ်း
(အမသ၊ ကင်း ၁၇)
စလွယ်တင်စာတမ်း (အမသ၊ ကင်း ၁၇)
သင်္ကြိင်ရာဇဘိသေကစာတမ်း (အမသ၊ ကင်း ၁၇)
ဗျာဒိတ်တော်စာတမ်း (အမသ၊ ကင်း ၁၇)
သစ္စာပြုမြဲထုံးစံစာတမ်း (အမသ၊ ကင်း ၁၇)

ကထာပဗ္ဗစာတမ်း (အမသ၊ ကင်း ၁၇)
ဂြဟသန္တိစာတမ်း (အမသ၊ ကင်း ၁၇)
အဘြိုက်ဓာတ်ဆေးစာတမ်း (အမသ၊ ကင်း ၁၇)
ဂါထာမန္တန်စုစာတမ်း (အမသ၊ ကင်း ၁၇)
ဒက္ခိဏဝိဘင်္ဂသုတ်စာတမ်း (အမသ၊ ကင်း ၁၇)
အာဠာနာငြိယပရိတ်စာတမ်း (အမသ၊ ကင်း ၁၇)
ဓနုဘေဒစာတမ်း (အမသ၊ ကင်း ၁၇)
နိဗ္ဗာနကထာစာတမ်း (အမသ၊ ကင်း ၁၇)
ပါရမီအဆုံးအဖြတ်စာတမ်း (အမသ၊ ကင်း ၁၇)
ဩဝါဒပမာဏစာတမ်း (အမသ၊ ကင်း ၁၇)
အသက်ရှည်ကြောင်းပုဏ္ဏားမျိုးပြားကြောင်းစာတမ်း (အမသ၊ ကင်း ၁၇)
ဆင်ဖြူတို့လက္ခဏာစာတမ်း (အမသ၊ ကင်း ၁၇)
ပိဋကတ်ကျမ်းလာမြင်းကြန်စာတမ်း (အမသ၊ ကင်း ၁၇)
ပိဋကတ်ကျမ်းလာဆင်ကြန်စာတမ်း (အမသ၊ ကင်း ၁၇)
ယိုးဒယားဆင်ကြန်စာတမ်း (အမသ၊ ကင်း ၁၇)
လဝဆင်ကြန်စာတမ်း (အမသ၊ ကင်း ၁၇)
မောင်းထောင်နိဿယ
ရာဇိန္ဒရာဇသုဓမ္မာစာရဒီပနီ* (ပိမိုင်း ၃၅၅)
မာတိကာဂဏ္ဌိ* (တဗစ-၅၁၃၄)
ဓာတုကထာဂဏ္ဌိ* (ပိမိုင်း ၉၁၁)
မူလခန္ဓအာယတနဓာတုသစ္စသင်္ခါရယမိုက်ဂဏ္ဌိ (ပိမိုင်း ၉၁၂)
သရဏာဒိဝိနိစ္ဆယ (တဗစ-၁၂၁၀၀)
သာသနဝံသပါဠိ (တဗစ-၉၇၉၁)
သာသနဝံသကထာနိဿရည်း (တဗစ-၉၇၉၁)
သီဟဠသန္ဒေသကထာ (တဗစ-၉၇၉၁)
သိန်ခိုရဟန်းတို့ကမ္မဝါစာကို အနက်မြန်မာပြန်ဆိုချက် (တဗစ- ၉၇၉၁)
ဥပရိပဏ္ဏာသအဋ္ဌကထာနိဿယ (တဗစ-၉၅၇၂)
သီဟဠသာသနဝံသကထာနိသျ (တဗစ-၆၀၉၃)
သီဟိုဠ်ဂါထာစုပါဌ်အနက် (တဗစ-၁၂၃၂၉၄)
သီဟိုဠ်ဆရာတော်တို့လျှောက်စာနှင့် သိမ်အဆုံးအဖြတ် (တဗစ-၉၄၂၉)
တေသကုဏဇာတ်ဝတ္ထု* (ပိမိုင်း ၁၀၄၄)
မေတ္တာစာများ

စသောကျမ်းဂန် အထူးထူးကို ဆရာတော်သည် အားကြိုးမာန်ထုတ်၍ စီရင်ခဲ့ကြောင်း တွေ့ရလေသည်။[၅၄] မောင်းထောင်ဆရာတော်သည် သာသနာပိုင်ဘဝမှ လူဝတ်လဲရသော ၁၁၇၃ ခုနှစ်[၅၅] နောက်ပိုင်းလည်း လောက၊ ဓမ္မ၊ ရာဇအရေးဆိုင်ရာ စာပေကျမ်းဂန်များကို ဆက်လက်ပြုစုပါ၏။ သာသနာပိုင် မောင်းထောင်ဆရာတော်ကစ၍ ရဟန်းတော်များကို လူထွက်ခိုင်းပြီးသောအခါ သာသနာပိုင်လူထွက်ဦးမြတ်နေကို ထန်းပင်ဘုန်းကြီးဦးလာဘအား ရာဇသကြံဘွဲ့နှင့် အပါးတော်၌ ခစားစေသည့်အတိုင်း မဟာဓမ္မသင်္ကြံဘွဲ့နှင့် မင်းတိုင်ပင်အမတ် ဆက်လက်ခန့်ထားကြောင်းကို တွေ့ရသည်။[၅၆] ၁၉ ကိုလည်းကြည့်။ မင်းတိုင်ပင်အမတ် မဟာဓမ္မသင်္ကြံဘဝ၌လည်း ပြုစုခဲ့သော (သိရှိရသည့်) စာပေကျမ်းဂန်စာရင်းများမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ဆေးသစ်ပင် ၇၀၀ ကျော်စာတမ်း

ပရမတ္ထရတနာဝလီကျမ်း (တဗစ-၁၁၆၁၃၀၊ ၁၃၁၉၃၇)

အမေးပုစ္ဆာဝိသဇ္ဇနာကျမ်း (ပိမိုင်း ၁၀၄၃)

ဓမ္မောပဒေသဝတ္ထု* (တဗစ-၅၉၄၂ ၈၇၀၉)

ရာဇဘိသေကစာတမ်း

လောကသင်္ကေတဒီပနီ (နေမိတ္တကဝိဇ္ဇာ)*

သာသနာလင်္ကာရစာတမ်း*(တဗစ-၁၀၅၅၉၉၊ ၁၁၂၂၇၀၊--)

သရဏာဒိဝိနိစ္ဆယ

အဲမောင်းလုံ့ကစားရေး (၃၇)ချင်း

ရတု (အမည်မသိ)* (ပိမိုင်း ၂၀၀၁)

ထိုကဲ့သို့ ရဟန်းဘဝ၌လည်းကောင်း၊ မင်းတိုင်ပင်ဘဝ၌လည်းကောင်း ပြုစုခဲ့သော စာပေလက်ရာ အစုံအလင်ကို အကုန်အစင်ပုံနှိပ်ထုတ်ဝေနိုင်သေးခြင်း မရှိသောကြောင့် အများပြည်သူတို့ မလေ့လာနိုင်ကြသေးသော်လည်း သူ၏ဂုဏ်ကျေးဇူးများမှာ သိမှီလျှင် အတိုင်းအဆမျှစွာ ကြီးမားလှကြောင်း တွေးဆနိုင်လေသည်။ ရှင်ဉာဏ၏ကျမ်းဂန်များသည် ထိုမျှစုံလင်ပါလျက် မင်းကြီးမဟာသီရိဇေယသူ၏ ပိဋကတ်တော်သမိုင်း[၅၇] ၌ စုံစုံလင်လင် မတွေ့ရချေ။ ထို့ကြောင့် မောင်းထောင်ဆရာတော်၏ စာရင်းတွေ့ကျမ်းများသာမက လက်တွေ့ကျမ်းများကိုလည်း လက်လှမ်းမှီသမျှ ရှာဖွေ၍ ဖော်ထုတ်ပြခဲ့ပါသည်။

ခရေပွင့် (*) ပြထားသော ကျမ်းဂန်များမှာ ပုံနှိပ်ထုတ်ဝေပြီး စာအုပ်များ ဖြစ်လေသည်။ ကြက်ခြေခတ် (×)ဖြင့် သင်္ကေတပြုခြင်းမှာ မိုင်းခိုင်းမြို့စား မဟာသီရိဇေယသူ ဘွဲ့ခံဦးယံ၏ ပိဋကတ်သုံးပုံစာတမ်း၌ ပါရှိသော ကျမ်းစာရင်း ဖြစ်ပါသည်။ လက်သည်းကွင်း ( )ပြထားခြင်းမှာ ကျမ်းအမည်ကွဲ၊ ခေါင်းစဉ်ကွဲများ ဖြစ်ပါ၏။ ထိုအပြင် မည်သည့်ကျမ်းသည် မည်သည့်နေရာ (စာကြည့်တိုက်၊ ပိဋကတ်တိုက်၊ . . . )တို့၌ တိုက်ပိုင်စာရင်းအမှတ်တို့ဖြင့် အတိအကျရှိ၍ ညွှန်းဆိုခြင်း ဖြစ်ပါသည်။

## ၁၊၅ သင်္ဂါယနာနှင့် သာသနာပြုခြင်း

မောင်းထောင်ဆရာတော်ရှင်ဉာဏသည် သာသနဝံသစာတမ်းကို ရေးသားရာ၌ သင်္ဂါယနာတင်ခြင်းတို့ဖြင့် ဆက်စပ်၍ သူ၏လက်ထက်တိုင်အောင် စဉ်တန်းပြခဲ့ပါ၏။[၅၅] ဆရာတော် ရှင်ဉာဏသည် ထေရဝါဒနှင့် မဟာသံဃိကဂိုဏ်းကွဲများကို တတ်နိုင်သရွေ့ စုံလင်စွာ ထည့်သွင်းပြုစုခဲ့သည်။ အခြားသော ထေရဝါဒ (တောင်ပိုင်းဗုဒ္ဓဝါဒ)မဟုတ်သော မြောက်ပိုင်းဗုဒ္ဓဝါဒီတို့၏ ဂိုဏ်းကွဲများကို တစ်လုံးတစ်ပါဒမျှ အရေးတယူ မပြောဆိုခဲ့ခြင်းမှာ ထေရဝါဒဂိုဏ်း၏ 'သံဃာစဉ်' မမှောက်စေရန် သို့မဟုတ် မရောထွေးစေရန် ဖြစ်တန်ရာ၏။ ထိုသို့ ထေရဝါဒ သံဃာစဉ် ဆရာဆက်ကို သာသနဝံသစာတမ်း၌ တတ်နိုင်သမျှ အကျဉ်းရုံး၍ စီရင်ခဲ့ကြောင်း တွေ့ရလေသည်။ ထေရဝါဒီဖြစ်သည့်အလျောက် အခြားသော သင်္ဂါယနာတင်ပွဲများကို လျစ်လျူရှုခဲ့၏။[၅၆] ဆရာတော်၏ စာတမ်း၌ ပထမအကြိမ်မှစ၍ စတုတ္ထအကြိမ်ထိ သင်္ဂါယနာများကို ဖော်ပြထားသည်ကို တွေ့ရပါသည်။ သာသနဝံသစာတမ်းမှ သင်္ဂါယနာတင်ခြင်းများကို လွယ်လင့်တကူ သိရှိရန် ဇယားအင်းစောက်ဆွဲ၍ အကျဉ်းဖော်ပြထားပါသည်။ ဇယား (၄)ကိုကြည့်။

ဆရာတော်ရှင်ဉာဏသည် သီဟိုဠ်ရှိ မဟာဝိဟာရဝါသီကျောင်းတိုက်၌ နေထိုင်သီတင်းသုံးသော ဗုဒ္ဓဒါသမင်း၏သားတော်ဖြစ်သူ ရှင်သာရိပုတ္တာစီရင်သည့် တေရသကဏ္ဍဋီကာ အထောက်အထားဖြင့် ဖော်ပြခဲ့ကြောင်း သိရလေသည်။

သင်္ဂါယနာဟူသော ဝေါဟာရကို သံဃာယနာ၊ သယ်ာယနာ၊ သံဂါယနာ၊ ဓမ္မသင်္ဂီတိ၊ သင်္ဂီတိစသော စာလုံးပေါင်းများဖြင့်လည်း ရေးသားတတ်၏။ သင်္ဂါယနာသည် ရဟန်းသံဃာများက ဗုဒ္ဓ၏တရား ဓမ္မ အဆုံးအမများကို စုဝေးရွတ်ဆိုခြင်း ဖြစ်သည်။[၉၀] တရားတော် မြဲမြံစွာတည်တံ့အောင် သင်္ဂါယနာတင်သော သာသနာတော်မြတ် သည် မကွယ်မပ တည်ထွန်းနေဆဲ ဖြစ်ကြောင်း၊ သာသနာပြုသည်မည် ကြောင်း ရေးသားထားသကဲ့သို့ သာသနာပြုခြင်းဟူသည်လည်း သာသနာတော်မြတ်ကို အသစ်ပြုခြင်း မဟုတ်ဘဲ ဘုရားသခင်ဟော သော သာသနာတော်မြတ်ကို အဟောအတိုင်း တည်အောင်ပြုခြင်းသည် သာ သမ္မာဝါဒအမှန် ဖြစ်လေသည်။ သာသနာတော်မြတ်ကို အသစ်ပြု သည်ဟု ယူဆပါက မိစ္ဆာဝါဒဖြစ်ကြောင်း ကထာဝတ္ထုကျမ်း[၉၁]အား ကိုးကား၍ ဖော်ပြခဲ့သည်။

သင်္ဂါယနာတင်ခြင်းသာမက သာသနာပြုရန် ကိုးတိုင်းကိုးဌာနသို့ ဓမ္မဒူတ ခေါ် သာသနာ့တမန်တော်များ စေလွှတ်ခြင်းအကြောင်းကား မဟာဝံသနှင့် ဒီပဝံသကျမ်းများကိုသာမက ပါရာဇိကဏ်အဋ္ဌကထာ၊ ကလျာဏီကျောက်စာနှင့်အခြားကျမ်းကိုးများဖြင့် တင်ပြထား လေသည်။ ပုံ(၁၁)ကိုကြည့်။ တတိယသင်္ဂါယနာတင်ပြီးနောက် သာသနာပြုစေတော်မူသော သံဃာများနှင့် နေရာဒေသများကို ဇယားဖြင့် ဖော်ပြရပါက ဤသို့ ဖြစ်ပါလိမ့်မည်။ ဇယား (၃)ကို ကြည့်။

## ၁၊ ၆ ဝိသဘာဂဂိုဏ်းကွဲများ

သာသနဝံသစာတမ်းသည် စာဟောင်းစာတမ်းများဖြစ်သည့် ဒီပဝံသ၊ မဟာဝံသနှင့် သာရတ္ထဒီပနီကျမ်းဂန်များကို အမှီပြု၍ ရေးသား ခဲ့ကြောင်းနှင့် ထေရဝါဒဂိုဏ်းဂဏများအကြောင်း ဖော်ပြပုံကိုညှိနှိုင်း၍ လေ့လာပါက သိရှိနိုင်လေသည်။ ကျမ်းစာအညွှန်း (Index of Works) ကိုကြည့်ပါ။ ဤကား မောင်းထောင်ဆရာတော်၏ ကျမ်းဂန်နှံ့စပ်မှုကို ဖော်ပြခြင်းဖြစ်သကဲ့သို့ သာသနဝံသစာတမ်း၏ ဩဇာကို တစ်နည်း တစ်ဖုံ အထောက်အကူ ဖြစ်နေလေ၏။

ထိုသို့ သာသနဝံသစာတမ်း၌ မဇ္ဈိမဒေသရှိ ထေရဝါဒဂိုဏ်းနှင့် မဟာသံဃိကဂိုဏ်းကွဲများကို ရေးသားခြင်းနှင့်အတူ သီဟိုဠ်ရှိ မဟာဝိဟာရဂိုဏ်းနှင့် အဘယဂီရိဝါသီဂိုဏ်းတို့၏ ဂိုဏ်းကွဲများကို ဖော်ပြခြင်းသည် သင်္ဂါယနာ၊ ဂိုဏ်းဂဏများအကြောင်းနှင့် စပ်လျဉ်းပါက လွန်စွာ စိတ်ဝင်စားဖွယ် ရှိလေသည်။[၉၂] ဤတွင် သာသနဝံသစာတမ်း၌ တင်ပြခဲ့သော ထေရဝါဒနှင့် မဟာသံဃိကဂိုဏ်းကြီး (၂) ဂိုဏ်းအပါအဝင် စုစုပေါင်း ဂိုဏ်းဂဏ (၁၈)ဂိုဏ်းကို ဇယား အင်းစောက်ဆွဲ၍ ဖော်ပြပါမည်။ ဇယား (၅ နှင့် ၆)ကိုကြည့်။

ထိုသို့ ဂိုဏ်းကွဲများအကြောင်းကို မောင်းထောင်ဆရာတော် ရှင်ဉာဏသည် ကထာဝတ္ထုအဋ္ဌကထာ၊ မဟာဝင်၊ ဒီပဝင်၊ သာရတ္ထဒီပဏီများကို ကိုးကား၍ ထေရဝါဒဂိုဏ်းမှအပ အခြားဂိုဏ်း(၁၇)ဂိုဏ်းကို တရားတော်နှင့် မညီသောကြောင့် သာသနာတော်မြတ်ကို ဖျက်ဆီးသော အဓမ္မဝါဒီဂိုဏ်းများဟု သာသနဝံသစာတမ်း၌ ဖော်ပြခဲ့သည်[၉၃]။ ထို့အပြင် သီဟိုဠ်ကျွန်းရှိ မဟာဝိဟာရဂိုဏ်းနှင့် အခြားဂိုဏ်းကွဲများကို ဖော်ပြထားပုံကို တွေ့ရှိရပါ၏။ ဇယား (၇)ကိုကြည့်။

## ၁၊၇ သာသနဝံသစာတမ်းရှိ ပြည်ထောင်ဆက်နှင့်မင်းဆက်

မောင်းထောင်သာသနာပိုင်ဘဝ၌ စီရင်ခဲ့သောသာသနဝံသစာတမ်းသည် ဆရာစဉ်ဆက်သာမက သာသနာပြု ပြည်ထောင်ဆက်နှင့် သာသနာပြု မင်းဆက်ကိုလည်း ထည့်သွင်းပြုစုခဲ့ကြောင်း တွေ့ရသည်။ ပထမသင်္ဂါယနာမှစ၍ သာသနာဝင်မှတ်တမ်းများကို ထေရဝါဒကျမ်းဂန်စာတမ်းများဖြင့် ညီညွတ်စွာ စီရင်ထားသော သာသနဝံသစာတမ်းနှင့် သာသနာပိုင်လူထွက်မဟာဓမ္မသင်္ကြံဘဝတွင် ရေးသားပြုစုသော သာသနာလင်္ကာရစာတမ်း၌ တစ်စုတစ်စည်းတည်း မပါဝင်ခဲ့သော ပြည်ထောင်ဆက်နှင့် မင်းဆက်ကို မှတ်သားဖွယ်ဖြစ်စေရန် ထည့်သွင်းဖော်ပြထားပါသည်။ ဇယား (၈)ကိုကြည့်။

### ၁၊၈ သာသနဝံသစာတမ်းရှိ ဆရာစဉ်

မောင်းထောင်သာသနာပိုင်ဆရာတော်သည် ဆရာစဉ်ဆက်ကို သာသနာပြုပြည်ထောင်ဆက်နှင့် မင်းဆက်တို့ကဲ့သို့ သာသနဝံသ၌ မှတ်တမ်းတင်ထားပုံကို တွေ့ရပါသည်။ ဆရာစဉ်ဆက်ကို အထက်မှ အောက်သို့စဉ်ရာ၌ သူ၏ဆရာဖြစ်သူ ဆုံထားဆရာတော် ရှင်နန္ဒမာလာ၏ သာသနာသုဒ္ဓိဒီပကပါဠ်ကို မှီ၍ စီရင်ခဲ့သည်[၉၄] ။ တိပိဋကသဒ္ဓမ္မ သာမိမဟာဓမ္မရာဇာဂုရု ဘွဲ့တံဆိပ်တော်ရသော ဆုံထားဆရာတော် ရှင်နန္ဒမာလာ၏ ဆရာစဉ်ကဲ့သို့ ဖော်ပြထားသည်။ သို့သော် မောင်းထောင်သာသနာပိုင် ရှင်ဉာဏ၏ဆရာဆက်မှာ ဗုဒ္ဓမြတ်စွာဘုရားမှစ၍ ရေမိန်ဆရာတော်ရှင်ကလျာဏဓဇတိုင်အောင် ကြိုးစား၍ (၂)မျိုး စီစဉ်ပြထားလေသည် ။ မြား( ↓ ) ပြခြင်းသည် အထက်မှအောက်သို့ သက်ဆင်းခြင်းသဘောဖြစ်၏။ ဇယား (၉)ကိုကြည့်။

ရေမိန်ဆရာတော်ရှင်ကလျာဏဓဇနှင့် ရှင်ဓမ္မဓရတို့သည် ရေမိန်ရှင်ဂုဏသီရိ၏တပည့် ဖြစ်သည်။ ရှင်ကလျာဏဓဇသည် ဗဒုံမြို့ အနီးမှ ကျေးရွာများဖြစ်သော မောင်းထောင်၊ ညောင်ကန်ရွာများ၌ လည်းကောင်း၊ ရှင်ဓမ္မဓရသည် ဗဒုံမြို့နားရှိ ပန်းရင်းရွာ၌လည်းကောင်း စာပေပို့ချခဲ့သည်။ ရှင်ကလျာဏဓဇ၏ တပည့်များဖြစ်ကြသော ညောင်ကန် ရှင်ဂုဏသာရ၊ ဝန်းသို ရှင်ဝရဓေသီ၊ ရှင်စန္ဒမာလာစာရ၊ မင်းအို ရှင်ဂုဏသီရိတို့သည် ကျမ်းဂန်သိမြင်သော ပုဂ္ဂိုလ်ကျော်များ ဖြစ်ကြောင်း အရုံဝါဒဂိုဏ်း၏ ဆရာစဉ်ဆက်ကို ပြုစုတင်ပြခြင်းလည်း ဖြစ်လေသည်။[၉၅] ဤကဲ့သို့ အတုလဆရာတော် ရှင်ယသ၏ဆရာစဉ်[၉၆]ကို ဆန့်ကျင်ကန့်ကွက်၍ မောင်းထောင်ဆရာတော် ရှင်ဉာဏသည် ဓမ္မဝါဒီ ဂိုဏ်းသံဃာစဉ်နှင့် အရုံဂိုဏ်း၏ဆရာဆက်ကို စာပေကျမ်းဂန် အကိုးအထောက်များဖြင့် စီရင်ခဲ့လေသည်။

### ၁၊၉ ဘဝဖြစ်စဉ်အကျဉ်း

အလောင်းဘုရား ခေါ် ကုန်းဘောင်မင်းဆက်ကို စတင် ထူထောင်သော ဦးအောင်ဇေယျ(အေဒီ ၁၇၅၂-၁၇၆၀)လက်ထက်၌ စစ်မှုထမ်း တစ်ဦးဖြစ်သည့် နတ်ရှင်ယက္ခ ဦးစံဦးနှင့် ဒေါ်ခွေးတို့မှ ပထမ

မောင်းထောင်သာသနာပိုင် ဖြစ်လာမည့် မောင်မြတ်နေကို ကောဇာသက္ကရာဇ် ၁၁၁၅ (အေဒီ ၁၇၄၃) ခုနှစ်တွင် မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ အလုံမြို့ကျေး မောင်းထောင်ကြီးရွာ၌ မွေးဖွားခဲ့၏။ အရွယ်ရောက်သောအခါ စာပေကျမ်းဂန်တို့ကို သင်ယူလျက် အသက်စေ့လျှင် ရဟန်းခံ၏။ ၁၃ နှစ်၌ ရှင်သာမဏေ ပြုသောအခါ အင်္ဂါနေ့ဖွားဖြစ်၍ ကိုရင် 'ရှင်ဉာဏ'ဟုခေါ်တွင်ပြီး ရဟန်းဘွဲ့မှာ 'ရှင်ဉာဏာဘိဝံသ'ဟု အမည်ရလေသည်[၉၇]။ ပဓ္ဓင်းဘဝ၌ ဆရာတော်တို့ထံတွင် အမျိုးမျိုးသော စာပေပရိယတ်တို့ကို ဆည်းကပ် သင်ယူလေ၏။ ရဟန်း သံဃာတို့နှင့်သက်ဆိုင်သော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ. . . စသော လောကုတ္တရာစာပေတို့ကိုသာမက လောကီစာပေ ဖြစ်သော သက္ကတဘာသာ၊ အဘိဓာန်၊ သဒ္ဒါ၊ . . . စသဖြင့် ကျမ်းဂန်အဖုံဖုံကို လေ့ကျက်သင်ယူလျက် (၃)ဝါရောက်သောအခါ မောင်းထောင်ရွာအရှေ့ဘက်ရှိ မင်္ဂလာကျောင်းအရာမ်၌ စာသင်သားတို့ကို ပြန်လည် စာပို့ချခဲ့၏။

ရဟန်းဖြစ်၍ ၆ ဝါခန့်ကာလတွင် ပေဋကာလင်္ကာရ အမည်ရှိသော နေတ္တိဋီကာသစ်ကို ပြုစုခဲ့၏။ မူလနေတ္တိဋီကာဟောင်းမှာ (၅)အင်္ဂါလောက်သာရှိသော်လည်း နေတ္တိဋီကာသစ်မှာ ပို၍ ကျယ်ပြန့်လှသဖြင့် မဟာဋီကာဟု အမည်တွင်၏။[၉၈] အေဒီ ၁၇၈၀ ခုနှစ်တွင် ပဒုံမင်းသည် မောင်းထောင်ပဓ္ဓင်းငယ် ရှင်ဉာဏာဘိဝံသကို တောင်ဘက်တိုက်ဝန် မင်းကျော်ရွှေတောင်အား ပင့်ခေါ်စေ၏။ ထိုနောက် စာသင်သံဃာ(၈၅) ပါးနှင့်အတူ ရတနာပူရ အဝမြို့ရှိ မိုးထိကျောင်း အနောက်မြောက်ဘက် ယာယီစံကျောင်း၌ သီတင်းသုံး၏။ ယင်းနှစ်ဝါဆို လဆန်း ၈ ရက်တွင် အိမ်ရှေ့မင်းက မှူးမတ်များနှင့်အတူ ရှင်ဉာဏာဘိဝံသအား 'ဉာဏာဘိသာသနဓဇမဟာဓမ္မရာဇဂုရု' တံဆိပ်တော်ကို ဆပ်ကပ်၍ စာသင် ကျောင်းကိုလည်း ရေစက်ချပြီး လှူဒါန်းခဲ့၏[၉၉]။ ထို့နောက် တွင်းသင်းတိုက် လေးထပ်ကျောင်းမှတစ်ဆင့် အမရပူရမြို့တော် ဆင်ကြိုးရွှေဂူ သုဓမ္မာစရပ် ပိဋကတ်တိုက်အနီး၌ ယာယီကျောင်းနှင့် ကိုးကွယ်၏။ ပိဋကကို အပ်၍ စာရေး ၁၀၈၊ ပေလုပ်မျဉ်းကိုင် ၅၄၊ စာကြည့်စာတည်းဆရာတော် ၅၀၊

နောက်ပါသံဃာ ၅၀ နှင့်အတူ ပိဋကကို ရွှေရေး၊ မင်ရေး၊ ကညစ်ရေးဟူသော အက္ခရာရေး ၃ ပါးဖြင့် တည်းဖြတ်ရာ၌ ကြီးကြပ်ရလေ၏။ ရာဇာဘိသေကကျမ်းကိုလည်း ပုဏ္ဏားများနှင့် ဘာသာပြန်ရ၏[၁၀၀]။ ထိုကာလ၌ (မောင်းထောင်ပဋ္ဌင်းငယ်ဘဝမှ) မောင်းထောင်ဆရာတော် ရှင်ဉာဏာဘိဝံသသည် သက်တော် ၂၇ နှစ်ခန့်သာရှိသေးသော်လည်း ဝါငယ်ငယ်-တံဆိပ်ကြီးကြီး ဖြစ်နေလေပြီ။

သက္ကရာဇ် ၁၁၅၁၊ တပေါင်းလဆန်း ၁၄ ရက် စနေနေ့၌ ပဒုံမင်းခေါ် ဘိုးတော်ဘုရားသည် မဟာဝိဟာရကျောင်းတော်ကြီးကို ရတနာဘုံကျော်ကျောင်းတော်နှင့် တိုက်တော်ကို အသောကာရာမတိုက် အဖြစ် ကမ္ပည်းထိုး မော်ကွန်းနှစ်ထပ်ရေးထိုး၍ ခေါ်ဝေါ်ပြီး ကိုယ်တိုင် ရွှေကရားဖြင့် ရေစက်ချလှူ၏။ ဘုရင်ကိုယ်တိုင် သာသနာပိုင်ရာထူး ပေးလျက် ဆရာတော်ကို ထီးဖြူမိုး၍ ရတနာဘုံကျော်ကျောင်းတော်ကြီး နှင့်တကွ ဉာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ကို အပ်လှူ၏[၁၀၁]။ အရံစောင့်လူ ၅၀၀ ကျော်ကိုလည်း ကျောက်စာထိုး၍ လှူ၏။ ဝံသဒီပနီ၌ ၁၁၅၀ ပြည့်တွင် မင်းအိုရှင်ဂုဏမုနိန္ဒာဘိဓဇ မထေရ်၏တပည့်ဖြစ်သူ ရှင်ဇနိန္ဒထေရ်ကို ဉာဏာဘိဝံသဓမ္မသေနာပတိ မဟာဓမ္မရာဇဂုရုတံဆိပ်နှင့် သာသနာပြု အပ်နှင်းကြောင်း မောင်းထောင်ဆရာတော်၏ အခြားအမည်တစ်မျိုးကို ထူးခြားစွာ တွေ့ရ၏[၁၀၂]။

သက္ကရာဇ် ၁၁၅၀ (အေဒီ ၁၇၈၈)ခုနှစ် ရတနာဘုံကျော်ကျောင်းတော်ကြီးကို မတင်လှူမီ တစ်နှစ်တွင် ဉာဏာဘိဝံသဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်ကို သာသနာပိုင် စတင်အပ်တော်မူဖူး၏။ သက္ကရာဇ် ၁၁၅၂ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်၊ တနင်္ဂနွေနေ့၌ ဆင်ကြီးရွှေဂူ၊ သုဓမ္မာဇရပ်၊ ပိဋကတ်တိုက်အနီး တွင် မြောက်နန်းမတော် ခေါ် မြောက်ရွှေရေးဆောင်မိဖုရား၏ ကောင်းမှုဖြစ်သော စံကျောင်းတော်ကို ကမ္ပည်းစိုက်၍ မင်းဧကရာဇ် ကိုယ်တိုင် ယခင်သာသနာပိုင်ဘွဲ့တံဆိပ်နှင့်အတူ ထပ်မံလှူဒါန်းပြန်၏[၁၀၃]။

ရွှေမြို့တော်အဝ၏ မြောက်ဘက်၌ အမိုးဘုံလေးဆင့်

ကျောင်းတော်ကြီးဖြစ်သည့် ရတနာဘုံကျော်ကျောင်းတော်ကြီးကိုလည်းကောင်း၊ မြို့တွင်း၌ သုဓမ္မာ၊ ပဋ္ဌာန်း၊ သိမ်ဇရပ် (၃)ဆောင်၊ ပိဋကတ်တိုက်နှင့်တကွ ဘုံသုံးဆင့်ရှိသော စံကျောင်းတော်ကိုလည်းကောင်း သာသနာပိုင်ရာထူးနှင့် ဘွဲ့တံဆိပ်ရရှိခဲ့သော မောင်းထောင်အရှင်ဉာဏာဘိဝံသကို သက္ကရာဇ် ၁၁၅၃ (အေဒီ ၁၇၉၁) ခုနှစ်၌ အရံနှစ်ထပ်၊ ဘုံလေးဆင့်ရှိသော အောင်မြေဘုံကျော် ကျောင်းတော်ကြီးကိုယခင် ဘွဲ့တံဆိပ်ဖြင့် ဆင့်ခါ လှူဒါန်းခဲ့ပြန်၏[၁၀၅]။

ထိုသို့ မင်္ဂလာဝေယန်ကျောင်းတော်နှင့် အောင်ပင်လယ်တောရကျောင်းတော်ကိုလည်း တင်လှူခြင်း ခံရသော မောင်းထောင်ဆရာတော်ရှင်ဉာဏာဘိဝံသသည် ဉာဏာဘိသာသနဓဇမဟာဓမ္မရာဇဂုရုတံဆိပ်(၁)ကြိမ်၊ ဉာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရုသာသနာပိုင်တံဆိပ် (၄)ကြိမ် ရရှိခဲ့၏။ ရှင်ဉာဏာဘိဝံသ သာသနာပိုင်ဖြစ်ခဲ့သော အသက်အရွယ်မှာ (၃၄)နှစ်ခန့်သာ ရှိသေး၏။ ထို့ကြောင့်မောင်းထောင်ဆရာတော် ရှင်ဉာဏာဘိဝံသသည် သက္ကရာဇ် ၁၁၅၀ ခုနှစ်(အေဒီ၁၇၈၉)မှစတင်၍တစ်ပါးတည်းသော သာသနာပိုင်ဆရာတော်ဖြစ်ကြောင်း၊ သာသနာပိုင် တံဆိပ်ကို လေးကြိမ်ရကြောင်းထင်ရှား၏။

တစ်ပါးတည်းသော သာသနာပိုင်ဆရာတော် မဖြစ်မီ ကျမ်းဂန်ပြုစုခြင်း၊ ပါဠိ ပိဋက အဋ္ဌကထာ ဋီကာတို့ကို စာသင်ရဟန်းတို့အားပို့ချသင်ကြားခြင်း၊ ပိဋကများကို ရွှေရေး မင်ရေး ကညစ်ရေး အက္ခရာတို့ဖြင့် ရေးသားတည်းဖြတ်ရာ၌ စောင့်ရှောက်ကြပ်မတ်ခြင်း စသောတာဝန်များဖြင့် သာသနာ့ဝန်ကို ကောင်းစွာထမ်းဆောင်ခဲ့၏။ သာသနာပိုင်ဖြစ်လျှင် အဂတိလေးပါးရှောင်၍ တရားအတိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဘုရင်အမိန့်ပြန်သော်လည်း တရားမစွန့်ဘဲ အသက်သာစွန့်မည်ဖြစ်ကြောင်း၊ မှန်ရာကို လိုက်ပါပြီး တရားကိုစွန့်၍ မလိုက်နာကြောင်း၊ မနာခံလျှင် ပါးစပ်ပိတ်နေမည်ဖြစ်ကြောင်းအဓိဋ္ဌာန်ပြုလေ၏[၁၀၆]။

ထိုစဉ်က သာသနာတော်ရေးသည် ရှုပ်ထွေးလှသဖြင့် မင်းအိုဆရာတော်၊ မာန်လည်ဆရာတော်၊ ဆုံထားဆရာတော်၊ မင်းရွှာဆရာ

တော်ကြီး (၄)ပါး ရှိပါလျက် ပုထုဇဥ်ဂတိ လိုက်ပြီး လွတ်လပ်စွာ မစီရင်ဝံ့သည်ဟု ပဒုံမင်းကထင်၍ ရွှေတောင်ဆရာတော်၊ ဗားကရာ ဆရာတော်၊ ကတိုးဆရာတော်၊ မဲထီးဆရာတော်၊ မုံတောဆရာ တော်၊ စလင်းဆရာတော်၊ ဆင်တဲဆရာတော်၊ မောင်းထောင်ဆရာတော် ဟူသော ဆရာတော်ငယ်(၈)ပါးကို ထပ်မံခန့်အပ်၍ သာသနာပြု လေ၏[၁၀၇]။ ပဒုံမင်းသည် သက္ကရာဇ် ၁၁၅၀ ခုနှစ်တွင် သာသနာပြု သာသနာပိုင်အပ်သဖြင့် မောင်းထောင်သာသနာပိုင်သည် သာသနာရေးနှင့်သာမက မင်းဆရာတော်အဖြစ် လူရေးလူမှု မင်းရေး မင်းရာကိစ္စများကိုလည်း စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့လေ၏။

ထို့ကြောင့်လည်း ဘိုးတော်ဘုရားလက်ထက် သာသနာပိုင်များ ခန့်အပ်သော အရေအတွက် ပထမအကြိမ် (၄)ပါး[၁၀၈]၊ ဒုတိယအကြိမ် (၁၂)ပါး[၁၀၉]၊ တတိယအကြိမ် (၁)ပါး[၁၁၀]တွင် မောင်းထောင်ပုဂ္ဂိုလ် ကျော်သည် ဒုတိယအကြိမ် (၁၂)ပါးအနက်မှ (၁)ပါးသာ ဖြစ်ခဲ့သော် လည်း သက္ကရာဇ် ၁၁၅၀ ပြည့် (အေဒီ ၁၇၈၈)တွင် တစ်ပါးတည်းသော သာသနာပိုင် ဖြစ်ခဲ့ပြီးနောက် ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် ရာဇရေး၊ ဓမ္မရေး၊ လောကရေးဟူသော အရေး(၃)ပါးကို ဦးထိပ်ရွက်ဆောင်၍ သာသနာ တော်ကို သံဃဦးသျှောင်သဖွယ် ဆောင်ရွက်ခဲ့ချေ၏။ သက္ကတကျမ်းများ ကို မာဂဓီ (ပါဠိ)နှင့်မြန်မာဘာသာသို့ ပြန်ဆိုခြင်း၊ သက္ကတကျမ်းဂန်များ ကို မြန်မာပြန်ခြင်း၊ ပိဋကကို တည်းပြတ်သုတ်သင်ခြင်း၊ သီဟိုဠ်၌ သာသနာတော်ထွန်းကားရန် အားထုတ်ခြင်း၊ ပဒုံမင်းအမေးတော်များ ကို နှစ်ပစ်စွာ ဖြေဆိုခြင်း၊ အဘိဓာန်ဆန်းသဒ္ဒါ ကလာပ်စာစု ရာဇဝင် ဆုံးမစာဝတ္ထုတို့ကို ရေးသားပြုစုခြင်း၊ အတင် အရုံဝါဒအချေအတင်များ ၌ အရုံဂိုဏ်းဘက်မှ ထောက်ခံပါဝင်ခြင်း၊ . . . စသဖြင့် သာသနာ့ကိစ္စ ဝိစ္စ အရပ်ရပ်တို့ကို အားအန်ကြိုးထုတ်၍ ရွက်ဆောင်ခဲ့လေသည်။

ဆင်ဖြူများရှင် ပဒုံမင်း၏ သာသနာတော် ပြုပြင်ပြောင်းလဲရေး ကာလ၌ ရဟန်းခံရေး၊ ဥပုသ်ပြုရေးနှင့်စပ်လျဉ်းသော အမိန့်တော်များ ကြောင့် ရဟန်းသံဃာလောက မငြိမ်မသက်ဖြစ်စဉ် အရိုးအစဉ် သံဃာများ လူထွက်ကြရခြင်း၊ သရဏဂုံ ၃ ပါးဖြင့် ရဟန်းပြုခွင့်ပေးခြင်း၊ သုတ္တန်ရဟန်းပြုခြင်း၊ အချို့ရဟန်းများ တောထွက်၍ ရှောင်တိမ်းပြီး

အချို့မှာ ပုန်ကန်ခြင်း၊ ဂိုဏ်းဂဏများ ကွဲပြားခြင်းနှင့်အတူ သံဃာသင်းခွဲမှုဖြင့် သာသနာပိုင်ဆရာတော်သည်လည်း သက္ကရာဇ် ၁၁၇၅ တပို့တွဲလ၌ လူထွက်ရလေတော့၏[111]။

၁၁၇၅ ခုနှစ် တပို့တွဲလ၌ ပဒုံမင်းသည် ဆရာတော်များကို မင်းကွန်းနန်းတော်သို့ ပင့်ခေါ်၍ သံဃာသင်းကွဲမှုကိစ္စကို စစ်ဆေးကာ သံဃာတော်များကို လူထွက်ခိုင်းလေသောအခါ အမိန့်တော်ကို မနာခံဘဲ တင်းတင်းမာမာခုခံကြသော ဗားကရာဆရာတော်၊ ကတိုးဆရာတော်စသော သံဃာတော်တို့မှာ လူဝတ်လဲခံရကုန်၏။ ဤကဲ့သို့ မင်းဘေးအမှုရောက်သော အချိန်သမယ၌ ကြပ်တည်းစွာ နေထိုင်ရသော ဆရာတော်သံဃာတော်များနည်းတူ အခွင့်ရလျှင်ရသကဲ့သို့ သာသနာရေးကို အားအန်ထုတ်လျက် မောင်းထောင်ဆရာတော်သည် ကျမ်းဂန်ပြုစုခြင်းအရေးကိုလည်း မည်သည့်အခါမှ မမေ့လျော့ပါချေ။ အသက်(၆၀)အရွယ်ခန့်ရှိသော သာသနာပိုင်လူထွက်ဦးမြတ်နေသည် မဟာဓမ္မသင်္ကြိုဟ်ဘွဲ့နှင့် မင်းတိုင်ပင်အမတ်အဖြစ် ခန့်အပ်ခြင်း ခံရ၏။ ပဒုံမင်းလက်ထက်မှ ဘကြီးတော်လက်ထက်တိုင်အောင် မင်း(၂)ဆက်တိတိခန့်အပ်ခံရပြီး ညောင်ကန်၊ မောင်းထောင်၊ ချည်ပါရွာတို့ကို အပိုင်စားရ၏။[112] ပုံ (၈နှင့်၉)ကိုကြည့်။ ဦးမြတ်နေသည် မင်းတိုင်ပင်ဘဝ၌လည်း မင်းရေးမင်းရာ ကိစ္စများကို ဘုရင်သို့ အနီးကပ်၍ အကြံညာဏ်ပေးပြီး စာပေကျမ်းဂန်များကို ပြုစုခဲ့လေ၏။ ထိုအပြင် မှန်နန်းရာဇဝင်တော်ကြီး ပြုစုသူများ၌လည်း တစ်ဦးအပါအဝင် ဖြစ်လေသည်။

ဘကြီးတော် စစ်ကိုင်းမင်း(အေဒီ ၁၈၁၉-၁၈၃၇)လက်ထက် မှန်နန်းရာဇဝင်တော်ကြီးအဖြစ် လူသိများလှသော ပထမမဟာရာဇဝင် ခေါ် မဟာရာဇဝင်တော်ကြီး[113]ကို ရေးသားပြုစုခဲ့သော ရဟန်းရှင်လူ ပညာတတ်ပုဂ္ဂိုလ်များမှာ မုံရွေးဆရာတော်၊ သော်ကပင်ဆရာတော်၊ ပထမမောင်းထောင်သာသနာပိုင်လူထွက် မဟာဓမ္မသင်္ကြိုဟ်၊ မြင်းစုဝန်ကြီး ဦးရောက်၊ ဗြဲတိုက်သံတော်ဆင့် ဦးချိန်၊ စာရေးတော်ကြီး ဦးဖျော်၊ ပုဏ္ဏားပညာရှိ ရာဇဒေဝနှင့် ကုမုဒြာ၊ ဗြဲတိုက်သံတော်ဆင့် ဦးရွှဲ၊ စာရေးတော်ကြီး ဦးလူကြီးနှင့် ဦးအောင်သာ၊ ဆောမြို့စား သီရိမဟာနန္ဒသင်္ကြိုဟ်၊

အသည်ဝန် စဉ့်ကူးမြို့စားတို့ဖြစ်ပြီး ၁၈၂၁ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက်နေ့ အထိရှိသော မြန်မာရာဇဝင်အကြောင်းကို ဦးစီး၍ရေးသားခဲ့ခြင်း ဖြစ်၏။ စတင်ပြုစုသော အချိန်မှာ ၃ မေ ၁၈၂၉ ဖြစ်ပါသည်။

မောင်းထောင်သာသနာပိုင်ဘဝ၌ သာသနာတော်ရေးကို အားကုတ်အန်ခဲ၍ ကြိုးပမ်းအားထုတ်လျက်ရှိသော်လည်း သာသနာ ပြုပြင်ပြောင်းလဲရေးကာလ (ပဒုံမင်း အယူတော်ဖောက်ပြန်သောအချိန်၊ ဘိုးတော်မင်းတရား စိတ်ကောင်းကောင်း အစိုးမရသောကာလဟု ရေးသားဖော်ပြကြသောအချိန်[၁၁၄])၌ ရာဇဩရာယ် ခေါ် မင်းဘေးစိုးဘေး ကြောင့် မဲထီးဆရာတော်၊ မောင်းထောင်ဆရာတော်တို့မှစ၍ မြို့နေ သံဃာတော် ဆရာတော်တို့ ၁၁၇၁ ခုနှစ်၌ တစ်ပါးမကျန် တစ်လခန့် ဦးထုပ်ဆောင်း၍ နေကြရကြောင်း သီလဝိသောဓနီကျမ်း[၁၁၅]၌ ဖော်ပြ ထားလေသည်။[၁၁၆]

သက္ကရာဇ် ၁၁၄၂ ခုနှစ် (အေဒီ ၁၇၈၀)တွင် မောင်းထောင် ပဍ္ဍင်းငယ် ရှင်ဉာဏာဘိဝံသသည် ၂၇ နှစ်အရွယ်၌ ဉာဏာဘိ သာသနဓဇမဟာဓမ္မရာဇဂုရုဘွဲ့တံဆိပ်ဖြင့်လည်းကောင်း၊ ၃၅ နှစ် အရွယ် ၁၁၅၀ ခုနှစ် (အေဒီ ၁၇၈၈) တွင် သာသနာပိုင် ဘွဲ့တံဆိပ်ဖြစ် သည့် ဉာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ် ကိုလည်းကောင်း ရရှိပြီး အသက် ၆၀ အရွယ်၌ ၁၁၇၅ ခုနှစ် တပို့တွဲလ (အေဒီ ၁၈၁၃)တွင် လူထွက်ခဲ့ရသော်လည်း မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံဘွဲ့အမည်နှင့် ဘိုးတော်မင်းတရား ခေါ် ပဒုံမင်း လက်ထက်၌လည်းကောင်း၊ ယင်း၏မြေးတော် စစ်ကိုင်းမင်း ခေါ် ဘကြီးတော်မင်းတို့လက်ထက်၌လည်းကောင်း အမည်နေရာ၊ အဆောင် အရွက်၊ အစီးအနင်း၊ ဝန်စုအရာဌာန မနိမ့်ကျဘဲ ကတ္တီပါရွှေသားဝတ်လုံ ဘဲရန် ၁ မိုက် ၁ ဆင့်တပ် ရွှေစလွယ် ၁၂ သွယ် ချီးမြှင့်ခံရ၏။ မဟာ ဓမ္မသင်္ကြံအမတ်ကြီးဘဝ၌လည်း လောကီ၊ လောကုတ်စာပေများကို အားထုတ်၍ ပြုစုခဲ့ပါသည်။ ၁၈ ကိုလည်း ကြည့်။

ထိုသို့ သာသနာအမှုထမ်းဘဝနှင့် မင်းမှုထမ်းဘဝတွင် ကျရာ တာဝန်အမျိုးမျိုးကို တတ်နိုင်သရွေ့ အကောင်းမွန်ဆုံး ကြိုးစားထမ်း ဆောင်ခဲ့သော မဟာဓမ္မသင်္ကြံအမတ်ကြီးသည် သက္ကရာဇ် ၁၁၉၄

(အေဒီ ၁၈၃၂) ရောက်သောအချိန် အသက် ၇၉ အရွယ်တွင် ရတနာပူရအဝမြို့တော် သူဌေးတန်းအရပ်တွင် ကွယ်လွန်ခဲ့၏။ အမတ်ကြီးအနိစ္စရောက်လျှင် မှူးကြီးမတ်ကြီးတို့ကို သင်္ဂြိုဟ်သည့် ထုံးစံအတိုင်း ထီးဖြူ သံလျှဉ်းများနှင့် ခမ်းနားစွာ သင်္ဂြိုဟ်ခဲ့လေ၏။[၁၁]

## ၁၊၁၀ ဝံသစာပေနှင့် သာသနာဝင်စာပေ

သာသနဝံသစာတမ်းသည် အခြားသော ဝံသအနွယ်ဝင် သာသနာဝင်ကျမ်းများနှင့် မည်ကဲ့သို့ ပတ်သက်နေကြောင်း အရိပ်အမြွက် တင်ပြလိုပါသေးသည်။

မြန်မာနိုင်ငံသည် ခေတ်အဆက်ဆက်တွင် ဗုဒ္ဓဘာသာ ကောင်းမွန်စွာ ထွန်းကားခဲ့သော နိုင်ငံဖြစ်သည့်အတိုင်း ဗုဒ္ဓဘာသာယဉ်ကျေးမှုလက်ရာများတွင် ဘုရား၊ ကျောင်းကန်၊ စေတီ၊ ပုထိုး၊ ဂူ၊ သိမ် စသော ဗိသုကာပညာရပ်များသည်လည်းကောင်း၊ ပန်းချီ၊ ပန်းပု၊ ပန်းတမော့ စသော လက်မှုပညာရပ်များသည်လည်းကောင်း၊ ကဗျာ စာပေ ရာဇဝင် စသော အရေးအသားများသည်လည်းကောင်း၊ ထုံးတမ်းဓလေ့ စသော အမူအကျင့်များသည်လည်းကောင်း ပျူမြို့ပြနိုင်ငံငယ်များ ထူထောင်သောခေတ်ကာလမှစ၍ ယနေ့တိုင်အောင် အသွင်အမျိုးမျိုးဖြင့် တိုးတက်မှုသည် အနည်းနှင့်အများ ဆိုသလို ရှိနေပါသည်။

ထိုကဲ့သို့သော သမ္ဘာစဉ်တွင် သာသနာဝင်များသည်လည်း အတိတ်သမိုင်းစဉ်မှ ယခုတိုင် ပညာရပ်သဖွယ် တစ်ဖက်တစ်လမ်းမှ တည်ရှိနေနိုင်သော်လည်း ပညာရပ်ဘောင်ဖြင့် စနစ်တကျ မဖော်ထုတ်ကြသောကြောင့် ရှိသင့်ရှိထိုက်သော ရပ်တည်မှု မရသေးကြောင်း တွေ့ရလေ၏။ အထူးသဖြင့် ရာဇဝင်နှင့်အပြိုင် တိုးတက်ခဲ့သော သာသနာဝင်သည် ရာဇဝင်များကဲ့သို့ ရှေးကျလှသော အဖိုးတန်သမိုင်းဖြစ်ရပ်များနှင့် သမိုင်းတန်ဖိုးများ ပါရှိနေသော အကြောင်းရပ်များသည်လည်း ပါဝင်နေပါသည်။

သို့သော် ရာဇဝင်သည် ရှေးသာသနာဝင်ကျမ်းဂန်များရှိ ဖြစ်စဉ်များနှင့် နိုင်ငံရေးရာဖြစ်စဉ်များကို အသားပေး၍ တင်ပြခါ အရေးအသားပုံစံ အမျိုးမျိုးဖြင့် တိုးတက်အောင် ဖန်တီးနိုင်သောကြောင့်

ယနေ့ထိ သမိုင်းဝင်ဖြစ်စဉ်များကို လေ့လာရာတွင် ရှေးမြန်မာရာဇဝင်များသည် သမိုင်း၏ကျောရိုးသဖွယ် တစ်နည်းတစ်ဖုံအားဖြင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ အကျိုးပြုလျက် ရှိပါသည်။

နမူနာအားဖြင့်ဆိုသော် ရှင်မဟာသီလဝံသ၏ မဟာသမ္မတဝံသခေါ် ရာဇဝင်ကျော်[၁၁၉] (အေဒီ ၁၅၂၀ ခန့်)၊ ဦးကုလား၏ မဟာရာဇဝင်ကြီး[၁၂၀] (အေဒီ ၁၇၃၀)၊ ရာဇဝင်လတ်နှင့် ရာဇဝင်ချုပ်[၁၂၁] စသော ကုန်းဘောင်ခေတ်မတိုင်မီက ရာဇဝင်စကားပြေအရေးအသားများ၊ ဧချင်း၊ မော်ကွန်း၊ ရာဇဝင်သံပေါက် စသော ရှေးရာဇဝင်ကဗျာအရေးအသားများသည် ရာဇဝင်အရေးအသားများ၏ ပြယုဂ်များဖြစ်လေ၏။[၁၂၂]

သို့သော် သာသနာဝင်များသည် ရာဇဝင်များထက် ပို၍ ရှေးကျလှသော အရေးအသားများ ဖြစ်သော်လည်း ရာဇဝင်များနှင့် နှိုင်းယှဉ်လျှင် အရေးတယူပြုခြင်းကို မခံရချေ။ ဆန်းစစ်ကြည့်ပါကလည်း ရာဇဝင်များတွင် သာသနာဝင်ဖြစ်ရပ်များ အတော်အတန်ပါသကဲ့သို့ သာသနာဝင်များ၌လည်း ရာဇဝင်ဖြစ်စဉ်များသည် အစိတ်အပိုင်းတစ်ရပ်သဖွယ် ပါဝင်နေကြောင်း တွေ့ရပါသည်။ ရာဇဝင်များသည် တိုင်းပြည်၏ အုပ်ချုပ်ရေးပိုင်းမှ ဘုရင်တို့အကြောင်း ရေးသားသကဲ့သို့ သာသနာဝင်များသည်လည်း တိုင်းပြည်၏ သာသနာရေးပိုင်းမှ ဘုရင်၊ ရဟန်း၊ သံဃာတို့အကြောင်း မလွဲမသွေ ပါရှိပါ၏။

ဝံသစာပေ တည်းဟူသော အရေးအသားပုံစံ(Hagiographical literature)သည် ပါဠိစာပေ၌ တစ်သီးတစ်သန့် ရှိပါ၏။ ယင်းဝံသကျမ်းများကို သာဓကထုတ်၍ ဖော်ပြရလျှင် ဗုဒ္ဓဝံသ၊ ဒီပဝံသ၊ မဟာဝံသ၊ မဟာဝံသဋီကာ၊ စူဠဝံသ၊ ထူပဝံသ၊ မဟာဗောဓိဝံသ၊ ဓာတုဝံသ၊ နလာဋဓာတုဝံသ၊ ဆကေသဓာတုဝံသ၊ ဟတ္ထဝနဂလ္လဝိဟာရဝံသ၊ သင်္ဂီတိဝံသ၊ အနာဂတဝံသ၊ သမန္တကူဋဝဏ္ဏနာ၊ ဒသဗောဓိသတ္တုဒ္ဒေသ၊ ဒသဗောဓိသတ္တုပ္ပတ္တိကထာ၊ ဒသဗောဓိသတ္တဝိမိ၊ . . . စသဖြင့် ရှိပါ၏။[၁၂၃] ယင်းဝံသအမျိုးအစားသည် ပါဠိဘာသာဖြင့် ရေးဖွဲ့ထားသကဲ့သို့ ယင်းတို့၏ အနက်အဓိပ္ပာယ်များကို ပို၍ ရှင်းလင်းလွယ်ကူစေရန် ဖွင့်ဆိုထားသော အဋ္ဌကထာ၊ ဋီကာ၊ နိဿယ စသည့် အရေးအဖွဲ့များ

လည်း ရှိပါ၏။ (ထိုထက်မက ကျယ်ပြန့်ကြောင်းတွေ့ရသော်လည်း) သာဓကဆောင်ရသောကြောင့် အကျဉ်းမျှသာ ဖော်ပြလိုက်ပါသည်။[၁၂၄]

မြန်မာတို့က ဝံသကို 'ဝင်'ဟု ခေါ်ဝေါ်ကာ ဗုဒ္ဓဝင်၊ ဒီပဝင်၊ မဟာဝင်၊ အနာဂတဝင်၊ ဗောဓိဝင်၊ ဒါဌာဓာတုဝင်၊ နလာဋဓာတုဝင်၊ ထူပဝင်၊ ရွှေပြည်ဝင် အစရှိသော ဝံသကျမ်းများကို ဝင် (၉)ဝင်ဟု အလွယ် သတ်မှတ်ခဲ့ကြ၏။ ထိုမျှမက ရှေးကျမ်းဂန်များအကြောင်းကို ရေးသားသော ဂန္ထဝင် ခေါ် ဂန္ထဝံသ၊ မင်းတို့အကြောင်း ရေးသော ရာဇဝံသ ခေါ် ရာဇဝင်၊ ဗုဒ္ဓ၏ အနွယ်အဆက် သံဃာတော်၊ ဆရာစဉ်နှင့် အဆုံးအမများအကြောင်း ရေးသော သာသနဝံသ ခေါ် သာသနာဝင်တို့လည်း ပါရှိ၏။ အတိုချုပ်ဆိုလျှင် ဝံသဟူသည် အမျိုးအနွယ်၊ အဆက်အနွယ်၊ အစဉ်အတန်းဖြစ်သကဲ့သို့ အင်္ဂလိပ်ဘာသာဖြင့် 'Genealogy, Chronicle, History, Lineage, Line, Race, Tradition, Progeny, Series, Succession' ဟူ၍ အသီးသီး ယောဇနာကြလေ၏။ ပါဠိဝေါဟာရ၌ အနွယ၊ တန္တိ၊ ပရံပရ ဟု သုံးလေ့ရှိ၏။ ထို့ကြောင့် သာသနဝံသကို အာစရိယဝံသ၊ အာစရိယပရံပရာ၊ ထေရိယပရံပရာ၊ . . . ဟု တခါတရံ ရေးသားကြ၏။

ဝံသသည် ပုဂ္ဂိုလ်၊ ပစ္စည်း၊ အကြောင်းအရာ၊ ဖြစ်ရပ်တစ်ခုခု သို့မဟုတ် ထိုထက်မကရှိသော အရာများကို အစဉ်တန်း၍ဖြစ်စေ၊ ရှေးအစဉ်များကို ပြန်လည်ဆက်စပ်၍ဖြစ်စေ တင်ပြသော သဘောများကိုလည်း တွေ့ရှိရပါသည်။

သာသနာဝင် ခေါ် သာသနဝံသသည်လည်း ဗုဒ္ဓ၏ အဆုံးအမများကို ကျင့်ကြံနေသော ရဟန်းသံဃာအစဉ်အဆက်ကို ရေးသားထားသော စာပေ တစ်မျိုး ဖြစ်လေသည်။ သာသနာဝင်သည် ဝံသအနွယ်စာပေမျိုး ဖြစ်သောကြောင့် ပါဠိစာပေ၏ ဩဇာလွှမ်းမိုးမှုကို ခံယူရပြီးမှ နိုင်ငံနှင့် လူမျိုး၊ ဘာသာစကားနှင့် ယဉ်ကျေးမှုအလိုက် ဆင့်ကဲလက်ခံ၍ ကိုးကားသုံးစွဲခြင်း၊ မှီငြမ်းခြင်း၊ ဆန်းသစ်အောင် ဖန်တီးခြင်း၊ ဘာသာပြန်ခြင်း၊ အသစ်တည်ဆောက်ခြင်းတို့ ဖြင့် သာသနဝံသစာပေတစ်ရပ်ကို အခိုင်အမာဖြစ်စေရန် အဆင့်ဆင့် ကြိုးပမ်းအားထုတ်ခဲ့ရလေ၏။

ထိုသာသနာဝင်စာပေ၏ အခန်းကဏ္ဍ၌ ဤသာသနဝံသစာတမ်း၏ ပါဝင်သော အခန်းကဏ္ဍသည် ထိပ်တန်းတွင် တည်ရှိလေသည်။ သာသနာဝင်စာပေ အထူးသဖြင့် ကုန်းဘောင်ခေတ် သာသနာဝင် မြန်မာစကားပြေအရေးအသားသည် ပါဠိမြန်မာ ကျွမ်းကျင်သော ရဟန်းသံဃာတို့၏ စာပေလက်ရာမျိုးဖြစ်သကဲ့သို့ ခေတ်ကာလ၏ ရောင်ပြန်ဟပ်မှုများ၊ သမိုင်းဖြစ်စဉ် အကြောင်းအရာများ၊ မင်းနှင့် ရဟန်း သို့မဟုတ် ရဟန်းနှင့်ပြည်သူ သို့မဟုတ် မင်းနှင့်ပြည်သူတို့၏ ဆက်ဆံမှုကွင်းဆက်များအကြောင်းကို သဲလွန်စအဖြစ် ရှာဖွေကာ ရာဇဝင်နှင့်သမိုင်းတွင် လစ်ဟာနေသော ကွက်လပ်အချို့အား ကောင်းမွန်စွာ ဖြည့်စွက်နိုင်ပါ၏။ ထို့အပြင် သာသနာဝင် ကျမ်းပြုဆရာတို့၏ ကျမ်းဂန်ဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်သော ပညာရပ်ရှုထောင့်၊ ရှုမြင်ကျင့်ကြံတတ်သော လောကဆိုင်ရာ ခံယူချက်တို့နှင့်အတူ ရေးသားတင်ပြပုံတို့ကိုလည်း သက်ဆိုင်ရာပညာရပ်ဘောင်များမှ လေ့လာ၍ တိမ်ငုပ်နေသော အကြောင်းအရာများကို ဖော်ထုတ်နိုင်ပါ၏။

ဝံသစာပေအနွယ်ဝင် သာသနာဝင်များနှင့်စပ်လျဉ်း၍ အကျဉ်းချုပ်ဆိုပါက သာသနာဝင်အများစုသည် မြန်မာနိုင်ငံတွင် အထိုက်အလျောက်များစွာ ဖြစ်ထွန်းခဲ့ပါ၏။ ထိုသာသနာဝင်စာပေအချို့မှာ ကံမကောင်းအကြောင်းမလှစွာဖြင့်သာ ပေ၊ ပုရပိုက် စသော ရှေးမြန်မာစာပေလက်ရေးစာအဆင့်၌ မဖော်ထုတ်နိုင်သေးသဖြင့် ငုပ်လျှိုးနေရပြီး ပုံနှိပ်စာအဖြစ် စုံလင်စွာ မရောက်ရှိကြသေးချေ။

အကယ်၍ တိမ်မြုပ်နေသော ရှေးဟောင်းစာပေများကို တန်ဖိုးထား၍ ပြန်လည်ဖော်ထုတ်ပါက ရှေးမြန်မာလူမျိုး ရဟန်းရှင်လူတို့၏ အသိပညာလက်ရာများသည် မြန်မာတည်းဟူသော နိုင်ငံ၊ လူမျိုးတို့၏ ဂုဏ်သိက္ခာ၊ ယဉ်ကျေးမှုအမွေအနှစ်များကိုသာမက အခြားသောနိုင်ငံများနှင့် ကူးလူး ဆက်ဆံမှု၊ သမိုင်းရှုထောင့်များ၊ လောကအမြင်များကိုပါ အများသူငါ လူရှင်ရဟန်းတို့က အဖိုးတန်စာပေအဖြစ် အနာဂတ်တွင် မြတ်နိုးဂုဏ်ယူစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါလိမ့်မည်။

## ၁၊ ၁၁ သာသနဝံသနှင့်သာသနာလင်္ကာရ

တတိယမောင်းထောင်ဆရာတော်ရှင်ပညာသာမိ၏ ပါဠိဘာသာဖြင့် ပြုစုသော သာသနဝံသပ္ပဒီပိကာ[၁၂၅]သည် ပါဠိစာပေလိုက်စားကြသော မေဘယ်ဘိုဒ်ကဲ့သို့သော ပညာရှင်တို့၏ ထုတ်ဖော်ရေးသားမှုများကြောင့် မြန်မာနိုင်ငံမှ ရဟန်းသံဃာတော်တို့၏ ပိဋက စာပေရေးသားတတ်ကျွမ်းမှုတို့သည် နိုင်ငံတကာပညာရပ်အသိုင်းအဝိုင်းသို့ ပျံ့နှံ့ခဲ့သည်။[၁၂၆] ယင်းကျမ်းသည် ပထမမောင်းထောင်သာသနာပိုင်လူထွက်မဟာဓမ္မသင်္ကြံ၏ သာသနာလင်္ကာရစာတမ်း မရှိခဲ့လျှင် ဖြစ်တည်ရန်မလွယ်နိုင်သကဲ့သို့ လူမထွက်မီ သာသနာပိုင်ဘဝက ရေးသားခဲ့သောသာသနဝံသစာတမ်းသည် သာသနာလင်္ကာရစာတမ်း၏ သန္ဓေသားဟုပင် ဆိုနိုင်လေ၏။ အဘယ်ကြောင့်ဆိုသော် သာသနဝံသစာတမ်းသည်သာသနာလင်္ကာရစာတမ်းတွင် ပြန်လည်တွေ့ရှိရပုံကို မကြာခဏဆိုသလို တွေ့မြင်ရလေ၏။ သာသနဝံသစာတမ်းမှ စာသား၊ အချက်အလက်၊ တင်ပြပုံတို့ကို သာသနာလင်္ကာရတွင် အကြိမ်ကြိမ်ကိုးကားသကဲ့သို့ သာသနဝံသစာတမ်း၏ ဇာတ်လမ်းကို အဓိကကျောထောက်နောက်ခံပြု၍ သာသနာလင်္ကာရတွင် ဇာတ်လမ်းကို ဇာတ်ကွက်များပို၍ တိုးဖြည့်လျက် တန်ဆာဆင်ခဲ့လေ၏။ ထို့ကြောင့် သာသနဝံသစာတမ်းသည် သာသနာလင်္ကာရ၏ အခြေခံအုတ်မြစ်ပင် ဖြစ်ကြောင်းယုံမှားရန် မရှိချေ။ အတိုချုပ်ပါက သာသနဝံသပ္ပဒီပိကာသည်သာသနာလင်္ကာရစာတမ်းအပေါ် မှီခိုသကဲ့သို့ သာသနာလင်္ကာရစာတမ်းသည်လည်း သာသနဝံသစာတမ်းကို ပန္နက်ရိုက်၍ အဆင်တန်ဆာများကို ဖြည့်စွက်ခါ ပြုစုခဲ့ခြင်း ဖြစ်လေသည်။[၁၂၇]

သာသနာဝင်များ၏အရေးအသားသည် အတင်အရုံပြဿနာရပ်တွင် တိုးတက်ဖြစ်ပေါ်လာခဲ့သကဲ့သို့ ရေးဖွဲ့သော ဘာသာစကား(မြန်မာ၊ ပါဠိ၊. . . )နှင့် အကြောင်းအရာတို့သည်လည်း သမိုင်းကြောင်းနှင့်ဆက်စပ် မိလာပုံကို သာသနဝံသစာတမ်းတွင် ပုံပေါ်လာ၏။ ရှေးကသာသနာဝင်များသည် ပါဠိဘာသာဖြင့် ပါဠိစာပေနိုင်နင်းသော ရဟန်းသံဃာတို့က အထူးပြုရေးသားကြသကဲ့သို့ ဆရာစဉ်၊ သံဃာစဉ်သာမကရာဇဝင်ရေးရာကိစ္စများနှင့် ဝိနယအဆုံးအဖြတ် အကြောင်းအရာများ

ကို ဂိုဏ်းဂဏအစွဲအလမ်းများနှင့်အတူ ပို၍ သရုပ်ဖော်လာပုံကို သာသနဝံသစာတမ်းနှင့် သာသနာလင်္ကာရစာတမ်းတို့တွင် အထင်အရှား တွေ့ရလေသည်။

ညောင်ရမ်းခေတ်၌ ရေးဖွဲ့သော သမဏဝံသနှင့် အာစရိယဝံသစာတမ်းတို့၌ ပုံမှန်အားဖြင့် ဆရာစဉ်မှတ်တမ်းအသွင် ဦးစားပေး၍ တင်ပြခဲ့ကြပုံကို တွေ့မြင်နိုင်သကဲ့သို့ အတင်အရုံအငြင်းပွားမှု ပြင်းထန်လာသော ဘိုးတော်ပဒုံမင်းလက်ထက်တွင် အတင်ဂိုဏ်းကို အမိကပြိုင်ဘက်ပြုသော အရုံဂိုဏ်းမှ မောင်းထောင်အကျော် ရှင်ဉာဏာဘိဝံသ၏ ဉာဏ်စွမ်းနှင့်လက်စွမ်းတို့ကို သာသနာဝင်တို့၌ ရှေးမူနှင့်မတူအောင် အစွမ်းပြခဲ့လေ၏။ ထို့ကြောင့်လည်း သာသနာဝင်အရေးအသားဟန်သည် သာမန်ဆရာတပည့်ဆက်စပ်မှုမှတ်တမ်းမှတစ်ဆင့် အခြားသော အကြောင်းခြင်းရာများဖြစ်သည့် ရာဇဝင်၊ သာသနာရေးဆိုင်ရာအယူအဆ၊ ဂိုဏ်းဂဏပြဿနာ၊ ဗုဒ္ဓနှင့်သာဝကတို့မှတစ်ဆင့် မိမိတို့၏ဂိုဏ်းဂဏအစုသည်သာလျှင် မထေရ်ကြီးများမှ ဆင်းသက်လာသော သံဃာစဉ်ဖြစ်မှု၊ ပြိုင်ဘက်အစုကို နှိမ်နင်းသော အကြောင်းများကို တွေ့ရှိရလေတော့သည်။ မည်သို့ပင်ဖြစ်စေ မောင်းထောင်ဆရာတော်ရှင်ဉာဏာဘိဝံသ၏ အားထုတ်သော လုံ့လသည် ကုန်းဘောင်ခေတ်သာသနာတော်အရေးတွင် အဘက်ဘက်၌ ကြီးမားလှချေ၏။

သာသနဝံသစာတမ်းသည် အတင်အရုံအရေးတော်ပုံ၊ သာသနာတော်နွယ်ဝင်သံဃာစဉ်နှင့်တကွ သာသနာပြုမင်းတို့ကို ကျမ်းဂန်ထုံးစံအတိုင်း ရေးသားခဲ့သည်ကို ချဲ့ထွင်ကာ သာသနာလင်္ကာရစာတမ်းတွင် ထိုသို့သော အချက်အလက်တို့သာမက မည်သည့်ကျမ်းဂန်ကို မည်သူပြုစုကြောင်း၊ မည်သည့်ဘုရင်တို့က မည်သည့်ဆရာတို့ကို ချီးမြှောက်ကြောင်း၊ မြန်မာနိုင်ငံတွင်းသို့ သာသနာတော် မည်ကဲ့သို့ အစဉ်အဆက်ရောက်ရှိလာကြောင်း၊ ထင်ရှားသော သာသနာပြုမင်းများအကြောင်း၊ ရာဇဝင်ရေးရာကိစ္စများနှင့် ဘုရား၊ စေတီ၊ စွယ်တော်၊ သွားတော်၊ ကျောင်းတော်တို့၏အကြောင်း၊ သူပါဝင်ခဲ့ရသော အခန်းကဏ္ဍနှင့် အားထုတ်ခဲ့ရသော လက်ရာများ လုပ်ဆောင်ချက်များအကြောင်းကို အကျယ်ချဲ့ကာ သိုင်းဝိုင်း၍ ရေးသားခဲ့လေသည်။

ထို့ကြောင့်လည်း သာသနဝံသစာတမ်း၌ ပါဝင်သောအကြောင်း အချက်တို့သည် သာသနာလင်္ကာရ၌ ပါရှိသော အချက်အလက်တို့ထက် ပို၍ များပြားစုံလင်လှသည်ကို တွေ့နိုင်သော်လည်း သာသနဝံသ စာတမ်း၏ ရေသောက်မြစ်ကို အမှီသဟဲပြုခါ သာသနာလင်္ကာရစာတမ်း အား ပြုစုရသဖြင့် လာရာနှင့်လားရာလမ်းကြောင်းတို့သည် မည်သို့မျှ ကွဲလွဲမှု မရှိချေ။ ထို့ကြောင့်လည်း နှောင်းပိုင်းသာသနာဝင်တို့၏ အဓိက ကိုးထောက်ရာ သာသနာလင်္ကာရစာတမ်းသည် ယနေ့တိုင်အောင် စံပြသာသနာဝင်ကျမ်းတစ်ဆူအဖြစ် ရပ်တည်နေဆဲ ဖြစ်ပါ၏။

ကုန်းဘောင်ခေတ်၌ ပေါ်ထွန်းခဲ့သော သာသနာဝင်များ၏ လက်ငုပ်လက်ရင်းဖြစ်သော သာသနဝံသစာတမ်းသည် အကြောင်း ကြောင်းကြောင့် ငုပ်လျှိုးနေရသဖြင့် မပေါ်လွင်ဘဲ ယနေ့တိုင် ကံမကောင်းအကြောင်းမလှစွာ ပေစာအဖြစ်သာ ရှိနေပါသည်။

**၁၊ ၁၂ သာသနဝံသစာတမ်း တည်းဖြတ်ခြင်း**

ဤမောင်းထောင်သာသနာပိုင်ဆရာတော်၏ သာသနဝံသ စာတမ်းကို တက္ကသိုလ်များဗဟိုစာကြည့်တိုက်ရှိ ပေမူတစ်စောင်နှင့် အမျိုးသားစာကြည့်တိုက်ရှိ ပေမူနှစ်စောင်တို့ကို လက်ရေးစာမှ ပုံနှိပ်စာ အဖြစ်သို့ ရောက်ရှိရန် အကြိမ်ကြိမ် စစ်ဆေး၍ ကူးယူပါသည်။ ကူးယူပြီး သောစာမူကို ကုန်းဘောင်ခေတ်သုံး သတ်ပုံသတ်ညွှန်းနှင့် ရေးထုံးကို မြန်မာနိုင်ငံ၌ တစ်ပြေးညီ အသုံးပြုရန် ပြဋ္ဌာန်းထားသည့် မြန်မာစာလုံး ပေါင်း သတ်ပုံလက်စွဲကျမ်းနှင့်အညီ ညှိနှိုင်း၍ ကူးယူခြင်းမှအပ ကျမ်းပြု ဆရာ၏မူကို တစ်လုံးတစ်ပါဒမျှ ဖြည့်စွက်ပြင်ဆင်ခြင်း မပြုပါ။ ပုံ (၁ မှ ၆ ထိ)ကိုကြည့်။

အထူးသဖြင့် ပေကူးရာတွင် သန့်ရှင်းသပ်ရပ်သော အမျိုးသား စာကြည့်တိုက်ပေမများနှင့် ပို၍ အကြောင်းအချက် စုံလင်မှုရှိသော တက္ကသိုလ်များဗဟိုစာကြည့်တိုက်ပေမူကို အခြေခံခါ ပေစာကူးနည်း အတိုင်း ပေစာဝမ်းဘက်နှင့်ကျောဘက်ကို စနစ်တကျ ခွဲခြား၍ ကူးယူဖော်ပြထားပါ၏။

ကျမ်း၌ ဖော်ပြထားသော မရှင်းလင်းသည့် အကြောင်းအရာနှင့်

အချက်အလက်များကို တတ်နိုင်သမျှ ခေတ်ပြိုင် အထောက်အထားများနှင့် ခိုင်လုံသော အထောက်အထားများကို ညှိနှိုင်း၊ ဆွေးနွေး၊ ဝေဖန်၍ ကျမ်းဆုံးမှတ်စုများ(End-notes)ဖြင့် ရှင်းလင်းပါသည်။ မှတ်စုကို ရေးသားဖော်ပြရာ၌ အကိုးအကားအနည်းငယ်မျှ အသုံးပြုပါက လွယ်ကူသော အောက်ခြေမှတ်စု (Foot-notes)ဖြင့် ရှင်းလင်းလျှင် ရှုပ်ထွေးသည့်အပြင် ရှင်းလင်းရမည့် အကြောင်းအချက်များမှာ များပြားလှသောကြောင့် လွယ်ကူစွာ ဖတ်ရှုနိုင်မည် မဟုတ်တော့၍ ကျမ်းဆုံးမှတ်စုကို သုံးပါ၏။

ထို့အပြင် ကျမ်းတွင်ပါရှိသော မြန်မာကောဇာနှစ်နှင့် ဗုဒ္ဓသာသနာနှစ်များကို အေဒီ ခေါ် ခရစ်နှစ်ဖြင့် ကျမ်းဆုံးမှတ်စုများ(နှင့် သီးခြားဇယားများ)၌ ပြန်လည် ညှိနှိုင်း၍ ဖော်ပြပါသည်။ ကွဲလွဲမှုရှိသော အချက်များ၊ သိသင့်သိထိုက်သော အကြောင်းအချက်များကိုလည်း အသေးစိတ် ရှင်းလင်းထားသကဲ့သို့ အရေအတွက်ပြစာများကို ကိန်းဂဏန်းအဖြစ် ပြောင်းလဲ၍ တင်ပြပါသည်။

ထို့အတူ ကျမ်း၌ ပါဝင်သော နေရာဒေသ၊ ပုဂ္ဂိုလ်နှင့် ကျမ်းဂန်အမည်များကို ရှာဖွေရ လွယ်ကူစေရန် အညွှန်းများ (Indices)ကို သုံးမျိုးခွဲခြား၍ ပြုလုပ်ထားပါသည်။ ထိုအညွှန်းကို စာမျက်နှာနံပါတ်များဖြင့် ဖော်ပြထားသောကြောင့် ထိုမှတစ်ဆင့် ကျမ်းဆုံးမှတ်စုများတွင် အကျယ်တဝင့် ထပ်မံ ဖတ်ရှုနိုင်ပါသည်။

အဓိက မှာကြားလိုသောအချက်မှာ ကျမ်းစာပါအကြောင်းအရာအချက်အလက်များကို တိမ်မြုပ်နေရာမှ ပြန်လည်ရှာဖွေ၍ လေ့လာဖော်ထုတ်ခြင်းဖြစ်သောကြောင့် ကျမ်းဆုံးမှတ်စုများကို မလွဲမသွေ ဖတ်ရှုရန် လိုပါသည်။

အထူးသဖြင့် မှတ်စုများတွင် ရှင်းလင်းသင့်သည်ကို ရှင်းလင်းခြင်း၊ ရှင်းလင်းရာ၌ သာမန်ကိုးကားခြင်း သဘောမျှသာမက လိုအပ်လျှင် အထောက်အထားများကို အပြိုင်ဖော်ပြခြင်း၊ ကျမ်းကွဲများကို တတ်နိုင်သမျှ အကျဉ်းရုံး၊ နှိုင်းယှဉ်၊ စိစစ်၊ ဝေဖန်၍ တင်ပြခြင်းတို့အတွက် ပြည်တွင်းအထောက်အထားများသာမက ပြည်ပအထောက်အထားများကိုလည်း လက်လှမ်းမီသမျှ နှိုင်းယှဉ်ဖော်ပြထားပါသည်။

ကွဲလွဲမှုအရှိဆုံးဟု ဆိုနိုင်သောအချက်မှာ ခုနှစ်သက္ကရာဇ်နှင့် သက်ဆိုင်၏။ ဤမှတ်စုများတွင် မြန်မာ၊ ထိုင်းနှင့် သီရိလင်္ကာသုံး ဗုဒ္ဓပရိနိဗ္ဗာန်စံသောကာလကို ဘီစီ ၅၄၄ ဟု တတ်နိုင်သမျှ ဖော်ပြခဲ့သော်လည်း ကျမ်းညွှန်းဖြင့် တိုက်ရိုက်ကိုးကားခဲ့ပါက မူရင်းစာအုပ်စာတမ်းများ၌ ဖော်ပြထားသော ခုနှစ်သက္ကရာဇ်များ ကို ပြန်လည်၍ သုံးနှုန်းထားပါ၏။ ကျမ်းညွှန်းပါသက္ကရာဇ်များကို ပြင်ဆင်ပြောင်းလဲခြင်း မပြုခဲ့ပါ။

ထို့နောက် သာသနာဝင်တို့အကြောင်းကို သိအပ်သောကြောင့် နိဒါန်းရှည်ကြီးအား အခန်းငယ်များဖြင့် စနစ်တကျဖွဲ့စည်း၍ ရှင်းတန်သည်များကို နိဒါန်းမှတ်စု (၁၃၀)ခန့်ရှိသော အထောက်အထားများနှင့် ရှင်းလင်းပါ၏။ ကျမ်းပြုပုဂ္ဂိုလ်၏ အတ္ထုပ္ပတ္တိ၊ ကျမ်းဂန်ပြုစုခြင်းဆိုင်ရာလက်ရာများ၊ အရေးကြီးသော အကြောင်းအရာများကို ဓာတ်ပုံ၊ ရုပ်ပုံဖော်ပြချက်နှင့်အတူ စီစဉ်ပါသည်။

ထို့အတူ ဤစာအုပ်တွင် တိုက်ရိုက်အသုံးပြုသော အညွှန်းများ (References)နှင့် အတိုမှတ်များ (abbreviation)ကို (၄၅၀)ကျော်ခန့်ရှိသော ကျမ်းဆုံးမှတ်စုများ (end-notes)အတွင်း ဖော်ပြခြင်း၊ ခြုံငုံ၍ အသုံးပြုသော စာအုပ်စာတမ်းများကိုကျမ်းညွှန်းစာရင်း (Bibliography) အဖြစ် ဖော်ပြခြင်းနှင့် သာသနာဝင်ဆိုင်ရာ စာအုပ်စာတမ်းများနှင့်အခြားအထောက်အထားများကို သီးသန့်သာသနာဝင်စာရင်း (List) ပြုစုဖော်ပြခြင်းတို့ဖြင့် စုံလင်စွာ တင်ပြပါသည်။ ထိုစာရင်းများသည် အသေးစိတ် ဆက်လက်လေ့လာလိုသူများအတွက် အထောက်အကူများ ရရှိနိုင်ပါလိမ့်မည်။

ထို့ကြောင့် ဤစာတမ်းသည် တိမ်မြုပ်နေသော ပညာရှင်ကျမ်းပြုဆရာ၏ အဖိုးတန် ရှေးဟောင်းစာပေအမွေအနှစ်ကို လေးစားမှုဖြင့် ဖော်ထုတ်ခြင်းဖြစ်သည့်အပြင် သာသနာဝင် ပညာရပ်၏ လိုအပ်ချက်ကို တစ်စိတ်တစ်ဒေသ ဖြည့်စွက်မှုအဖြစ် ထုတ်ဖော်တင်ပြခြင်းလည်း ဖြစ်ပါ၏။

## ၁၊ ၁၃ သာသနဝံသစာတမ်း သုံးသပ်ချက်

ဤသာသနဝံသစာတမ်းသည် မောင်းထောင်သာသနာပိုင်

ဉာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု၏ လူမထွက်မီ ပြုစုခဲ့သော ရှေးဦးသာသနာဝင်ကျမ်း ဖြစ်၏။ ဗုဒ္ဓ၏ ပရိနိဗ္ဗာန်ပြုပြီး ကာလအလွန် ပထမသင်္ဂါယနာတင်ပြီးသောကာလမှ ကျမ်းပြုပုဂ္ဂိုလ်၏ မျက်မှောက်ကာလအထိ ဖြစ်ပျက်ခဲ့သော သာသနာရေးရာအကျင့်၊ ဝိနည်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို အခြေခံ၍ ရေးသား ထားပါသည်။

သာသနဝံသစာတမ်းကို လေ့လာလျှင် သာသနဝံသစာတမ်းဟူ သော သညာ(ကျမ်းအမည်)၊သာသနာတော် စည်ပင်သန့်ရှင်းထွန်းလင်း စေရန် သာသနာပြုဆရာစဉ်၊ မင်းဆက်၊ သာသနာယိုယွင်းခြင်းနှင့် မှန်ကန်သောအကြောင်းကို ကျမ်းဂန်နှင့်အညီ စီရင်ခြင်းဟူသော နမိတ် (ကျမ်းပြုခြင်းအကြောင်း) ဉာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မ ရာဇာဓိရာဇဂုရုဆရာတော်ဟူသော ကတ္တား(ကျမ်းပြုသူ)၊ အရိပ် အမြွက်မျှ အကျဉ်းစီရင်မှုဟူသော ပရိမာဏ (ကျမ်း၏အတိုင်းအရှည်)၊ သာသနာတော်ကာလကြာရှည်စွာ တည်စေခြင်းအတွက် သာသနာ ယိုယွင်းခြင်း၊ သာသနာပြုပုံနှင့် သာသနာပြုမင်းများကို ထင်ရှားစေမှု ပယောဇန ခေါ် ပယောဇဉ် (ကျမ်း၏အကျိုး)ကိုလည်း တွေ့ရလေ၏။ အဓိကအချက်မှာ အတင်အရဲပြဿနာပင် ဖြစ်လေ၏။ ကျမ်းပြု ဆရာ၏ကျမ်းကို တည်ဆောက်ရာတွင် ထင်ရှားစွာတွေ့ရသော ဆက်စပ်မှုမှာ ဗုဒ္ဓ၏အဆုံးအမကို ဝိနည်းနှင့်လျော်ညီစွာ ကျင့်ကြံနေ သော သံဃာစဉ်ရှိသည်ဟူသော အချက် ဖြစ်လေသည်။ ဤအချက်ကို ပေါ်လွင်အောင် ကျမ်းပြုပုဂ္ဂိုလ်က ဤကဲ့သို့ အပြန်အလှန် တည်ဆောက် ထားကြောင်း တွေ့ရလေသည်။

သာသနာယိုယွင်းခြင်း > သာသနာပြုနှင့်ဆရာစဉ် > သာသနာပြုပုံ > သာသနာပြုမင်း

သာသနာတော်သည် အကြောင်းတစ်စုံတစ်ရာကြောင့် ယိုယွင်း ဖောက်ပြန်သောအခါ သာသနာကို မဖောက်ပြန်စေရန် အမှန်အကန် ဖြစ်အောင် သာသနာပြုပုဂ္ဂိုလ်တို့သည် ဦးစီးဦးရွက်ပြုခါ ပယ်စရာရှိ လျှင် ပယ်၊ ပြုတန်စရာရှိပါက ပြုလျက် သာသနာပြုမည့်မင်းနှင့်အတူ

သာသနာတော်ကို တည်ထွန်းအောင် ပြုစုခြင်းအချက်သည် အပေါ်လွင်ဆုံးဖြစ်၏။

သာသနဝံသစာတမ်း၌ မောင်းထောင်ဆရာတော် ရှင်ဉာဏာဘိဝံသ၏ အဓိကစကားလေးရပ်အရဆိုလျှင် သာသနာတော်ဆက်သော သာသနာပြုများ၊ သာသနာပြုမင်းများ၊ သာသနာတော်ယိုယွင်းဖောက်ပြန်သော အခြင်းအရာနှင့် မှန်ကန်အောင် သာသနာပြုသော အခြင်းအရာများ ဖြစ်လေသည်။ ဇယား(၁၀)ကိုကြည့်။

ထိုအဓိကစကားလေးရပ်ကို အခြေပြုကာ အတင်ဂိုဏ်းသားတို့၏ ဒုကုဋ်တင်၊ ရင်စည်း၊ ဦးထုပ်ဆောင်းစသော အပြုအမူများကို အထောက်အထားများဖြင့် ဖော်ထုတ်လျက် ပစ်မှတ် ဖြစ်သည့် အတုလဆရာတော် ရှင်ယသ၏ ဆရာစဉ်ကို နှိပ်နယ်ခဲ့လေသည်။[၁၂] ထို့အပြင် သာသနာပြုဆရာစဉ်ဆက်ကို ဥပဇ္ဈာယ်ဆရာကစ၍ အထက်ကို ဆရာနှစ်ဆက်၊ သုံးဆက် စသဖြင့် အနည်းဖြစ်စေ၊ အများဖြစ်စေ ဆက်နိုင်သမျှ ဆက်ခါ ကာလရှည်လျားသောအခါ ဆရာစဉ်ဆက်ကို ဆင်ခြင်လျက် သိက္ခာသစ်ယူခြင်း၊ အပေါင်းအဖော်ပြုမူခြင်းတို့ဖြင့် စိစစ်ဆွေးနွေး၍ ပြုသင့်ကြောင်း သတိပေးထားခဲ့လေ၏။

ရှေးရှေးဆရာစဉ်ဆက်တို့တွင် ဆရာစဉ်ဆရာဆက်မှတ်တမ်း ခေါ် အာစရိယဝံသများ ရှိတန်သရွေ့ ရှိခဲ့ကြသော်လည်း မောင်းထောင်ဆရာတော်က ဆရာစဉ်ဆက်ကို သာသနာဝင်နှင့် ရာဇဝင်တို့ကိုပါ တစ်ပေါင်းတည်းဆက်စပ်ခါ ပိဋကာ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းဂန်များဖြင့် ချိန်ထိုးပြခဲ့ပါ၏။ ထို့ကြောင့်လည်း သာသနဝံသစာတမ်းသည် ပညာကျမ်းဂန်နှံ့စပ်သော ရဟန်းရှင်လူများအကြား၌ သာသနာလင်္ကာရစာတမ်းနှင့်အတူ ပျံ့နှံ့ခဲ့၏။ ယခုတိုင်ဟု ဆိုနိုင်ပါသည်။ ဆိုထားဆရာတော်၏ သာသနသုဒ္ဓိဒီပကျမ်းရှိ ဆရာစဉ်ကို ကိုးထောက်၍ ကျမ်းဂန်စုံညီစွာဖြင့် စီရင်ခဲ့သော သာသနဝံသစာတမ်းသည် ပို၍ထိရောက်၏။ ထိုသာသနဝံသစာတမ်းကို မှီး၍ သာသနာလင်္ကာရစာတမ်းဖြင့် ချဲ့ထွင်၏။ ထို့ကြောင့် မြိုင်ဆိုင်လာ၏။ ထိုမြန်မာစကားပြေကို အခြေပြုသောကျမ်းနှစ်စောင်အား ငြမ်းထောက်၍ တတိယမောင်းထောင်သာသနာပိုင် ရှင်ပညာသာမိက သာသနဝံသပ္ပဒီပိကာကို

ပါဠိဘာသာဖြင့် ပြုစုလိုက်၏။ ပါဠိပညာရှင်တို့တွေ့၍ သိုက်သိုက်ဝန်းဝန်း ဖော်ထုတ်လိုက်သောအခါ ကမ္ဘာကျော်သွား၏။ ကျမ်းရင်းပမာဖြစ်ခါ ကျမ်းနု၊ ကျမ်းဆွယ်၊ ကျမ်းပွားများ ဖြစ်လာလေတော့သည်။ သို့သော် ပင်မကျမ်းဖြစ်သော သာသနဝံသနှင့်သာသနာလင်္ကာရမည်သော စာတမ်းနှစ်စောင်ကား ကျော်သင့်လျက် မကျော် ဖြစ်သွားပြန်၏။ ကျမ်းရိုးကို လိုက်ရှာဖွေလျှင် သာသနဝံသစာတမ်းကား ကနဦးဖြစ်လေ၏။ ရှိသော်လည်း မဖော်သောကြောင့် မပေါ်ခဲ့ချေ။ မဖော်သောကြောင့် မကျော်ခဲ့ချေ။ သို့သော်လည်း ကျမ်းပြုဆရာကား အကျော်ဒေးယျ၊ ကျမ်းမှာလည်း အတော်။ ဤစာတမ်းကား ယခု ပေါ်လာ၏။ ပညာရှင်တို့ သက်ဆိုင်ရာပညာရပ်စုံမှ ရှုထောင့်စုံဖြင့် ထပ်မံ၍ ထုတ်ဖော်လေ့လာလျှင် ပို၍ ကျော်လာမည်ကား အမှန်ပင်။ မောင်းထောင်ပညာကျော်၏ ကျမ်းကို တတ်နိုင်သ၍ ဖော်ထုတ်တင်ပြခါ သာသနာဝင်၊ ရာဇဝင်၊ သမိုင်း၊ မင်းနှင့်သံဃာဆက်ဆံမှု၊ ကျမ်းဂန္ထရှုထောင့်များဖြင့် ညှိနှိုင်းလျက် ပညာလိုလားသော ပုဂ္ဂိုလ်များ လက်ဝယ်သို့ ရှေးမြန်မာဂန္ထဝင်ပုဂ္ဂိုလ်ကျော် ပညာရှင်တစ်ပါး၏ တိမ်မြုပ်နေသော ရှားပါးသမိုင်းဝင် ကျမ်းတစ်ဆူကို ကောင်းမွန်သော စေတနာဖြင့် ကူးယူ၊ တည်းဖြတ်၊ စိစစ်၍ အပ်နှံလိုက်ရပါတော့သည်။

ဦးသန်းထိုက်(သုတေသန)

စာပြီးချိန် (၂ မေ ၂၀၁၀)

# နိဒါန်းမှတ်စုများ

၁။ သာသနဝံသစာတမ်းသည် ပထမမောင်းထောင်ဆရာတော် ရှင်ဉာဏာဘိဝံသ၏ လက်ရာဖြစ်သည်။ ဤစာတမ်းအား အခြေခံ၍ သာသနာလင်္ကာရစာတမ်းကို သာသနာပိုင်ရာထူးရဟန်းဘဝမှ လူထွက်ပြီးနောက် ၁၈၃၀ ခန့်တွင် ပြုစုခဲ့ခြင်းဖြစ်၏။ ဤသာသနဝံသစာတမ်းကို ယခင်က ပုံနှိပ်ထုတ်ဝေခဲ့ခြင်း မရှိသေးချေ။ ၁၈၉၇ ခုနှစ်တွင် မော်လမြိုင်မြို့ ရမ္မာပူရသတင်းစာတိုက်မှ ထုတ်ဝေသော 'သာသနဝံသစာတမ်း'သည် ဤစာတမ်းမဟုတ်ဘဲ သာသနာလင်္ကာရစာတမ်း(ကျမ်းပြီးနှစ် ၆ ဩဂုတ် ၁၈၃၁)ကို ထုတ်ဝေခဲ့ခြင်း ဖြစ်၏။ ပထမ မောင်းထောင်သာသနာပိုင် လူထွက်၍ သာသနာလင်္ကာရစာတမ်းကို မြန်မာဘာသာဖြင့် ရေးဖွဲ့ခဲ့ပြီး အနှစ် ၃၀ ခန့်အကြာတွင် တတိယမောင်းထောင်သာသနာပိုင် အရှင်ပညာသာမိသည် သာသနာလင်္ကာရစာတမ်းကို အခြေပြု၍ ပါဠိဘာသာဖြင့် သာသနဝံသပ္ပဒီပိကာ အမည်ရှိသောကျမ်း(ကျမ်းပြီးနှစ် ၁၆ ဒီဇင်ဘာ ၁၈၆၁)ကို ပြုစုခဲ့၏။ ယင်းကျမ်းကို မေဘယ်ဘိုဒ်သည် ရောမအက္ခရာ ဖလှယ်ခြင်း၊ *A Burmese Historian of Buddhism* စာတမ်းပြုစုခြင်း၊ *The Pali Literature of Burma* နှင့် B.C.Law ၏ *The History of the Buddha's Religion (Sasanavamhsa)* ကျမ်းများ ရေးသားခြင်းတို့ကြောင့် သာသနာဝံသပ္ပဒီပိကာသည် နိုင်ငံတကာသို့ သာသနဝံသ (Sāsanavamhsa)အမည်ဖြင့် ကျော်စောခဲ့၏။ အချို့က သာသနာလင်္ကာရစာတမ်းကို တိုက်ရိုက်မှီး၍ သာသနဝံသပ္ပဒီပိကာအား ဘာသာပြန်ခြင်းဟု မှားယွင်းစွာ ယူဆကြ၏။ ရှင်ပညာသာမိသည် သီဟိုဠ် ရဟန်းများဖြစ်ကြသော ရှင်သရဏင်္ကရ၊ ရှင်သုမင်္ဂလတို့၏ တောင်းပန်ချက်ကြောင့် သာသနဝံသပ္ပဒီပိကာကို မင်းတုန်းမင်းလက်ထက် ၁၈၆၁ ခုနှစ်တွင် ပြုစုခဲ့ခြင်းဖြစ်၏။ သာသနဝံသပ္ပဒီပိကာသည် သာသနာလင်္ကာရစာတမ်းကို အဓိက ကျောရိုးပြု၍ ရေးသားခဲ့ခြင်း ဖြစ်၏။ Victor B. Lieberman, "A New Look At The Sāsanavamhsa" in *BSOAS* 39(1976) pp. 137-149. ဦးသန်းထိုက်(သုတေသန)။ "သာသနဝံသပ္ပဒီပိကာ" မြန်မာစာပေလေ့လာမှုစစ်တမ်းပထမတွဲ (ရန်ကုန်၊ ရွှေရုပ်စာပေ၊ ၂၀၀၉) ၆၅-၉၀၊ ၁၄၅-၁၅၀ ကိုလည်း ကြည့်။

၂။ ဉာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်ဖြင့် ၁၁၅၀ ပြည့် ရတနာဘုံကျော်ကျောင်းတော်ကြီးကို မတင်လျှုမိတစ်နှစ်တွင် ဆရာတော်ကို သာသနာပြုသာသနာပိုင် အပ်တော်မူခြင်းကို ထောက်ရှု၍ ယင်းဘွဲ့တံဆိပ်တော်ကို ၁၁၄၉(အေဒီ ၁၇၈၁)ခုနှစ်ကတည်းက ရရှိကြောင်း သိနိုင်၏။ ယင်းဘွဲ့မတိုင်မီ ရှင်သာမဏေဘွဲ့မှာ 'ရှင်ဉာဏ'အဖြစ်လည်းကောင်း၊ ရဟန်းဘွဲ့မှာ 'ရှင်ဉာဏာဘိဝံသ' အဖြစ်လည်းကောင်း၊ အိမ်ရှေ့မင်း ဆပ်ကပ်သောဘွဲ့မှာ 'ဉာဏာဘိသာသနဓဇမဟာဓမ္မရာဇဂုရု'အဖြစ်လည်းကောင်း၊ ၁၁၄၉ ခုနှစ်မှစတင်၍ ၁၁၇၅ ခု တပို့တွဲလတွင် လူထွက်သောအချိန်ထိ 'ဉာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု' သာသနာပိုင်ရာထူးဘွဲ့တံဆိပ်တော်ရ ဆရာတော်အဖြစ်လည်းကောင်း ရှိခဲ့၏။ အမရပူရ

ခေတ် ဘုရင်(၅)ပါးလက်ထက် သာသနာပိုင်(၈)ကြိမ် ရွေးရာတွင် ရှင်ဉာဏာဘိဝံသသည် နှစ်ကြိမ်တိုင်အောင် အရွေးခံရပြီး သာသနာပိုင်ရာထူးကို (၂၆)နှစ်ခန့် ရရှိခဲ့သဖြင့် မြန်မာနိုင်ငံ၏ သက်တမ်းအရှည်ဆုံးသာသနာပိုင် ဖြစ်လေသည်။

၃။ သာသနဝံသအမျိုးအစားခွဲခြားခြင်းသည် သာသနာဝင်များကို တိကျစွာ လေ့လာသောအခါ လုပ်သင့်လုပ်အပ်သောကိစ္စ ဖြစ်ပါသည်။ သို့မှသာ သာသနာဝင်တို့သည် တစ်ကျမ်းနှင့်တစ်ကျမ်း မည်ကဲ့သို့ ကွဲပြားခြားနားကြောင်း သိရာ၏။ ပညာရပ်အမျိုးအစား ခွဲခြားနည်းဝေါဟာရဖြင့်ဆိုလျှင် "Classification of Sāsanavamhsa"ဖြစ်ပါသည်။

၄ - Classify by Country

၅ - Classify by Region or Location

၆ - Classify by Sect or School

၇ - Classify by Writing

၈ - Classify by Title

၉ - Classify by Period

၁၀- Classify by Document

၁၁။ G.C.Mendis. The Pāli Chronicles of *Ceylon: An Examination of the Opinions expressed about them since 1878.* Reprinted. University of Ceylon Review. Vol. IV, No.2. Colombo: The Colombo Apothecaries' Co.Ltd, 1946. pp. 1-24. ကိုကြည့်။ ဤစာတမ်းကို ထပ်မံကိုးကားလျှင် PCC ဟု အတိုမှတ်ပြမည်။ ဒီပဝံသကို *The Chronicle of the Island of Ceylon(Dipavaṃsa)* အမည်ဖြင့် H.Oldenberg (၁၈၇၉)၊ B.C.Law (၁၉၅၇/၅၈)တို့က ရောမအက္ခရာလှယ်၍ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထုတ်ဝေ၏။ ဟင်္သာတမြို့ ကြာခံဆရာတော် ဦးကေလာသသည် ဒီပဝင်ဝတ္ထု(ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၅၈)ကို မြန်မာပြန်၏။ မဟာဝံသကို *Mahāvamhsa* (1908,1912) Ed. by W. Geiger ကလည်းကောင်း၊ A.W.P.Guruge, *Mahāvamhsa the Great Chronicle of Sri Lanka* (1989) က လည်းကောင်း အင်္ဂလိပ်ဘာသာပြန်၏။ ကျီးသဲလေးထပ်ဆရာတော် မုနိန္ဒာဘိဝံသသည် မဟာဝင်ဝတ္ထု ဇမ္ဗူဒီပစာတမ်း(၁၈၇၈)အမည်ဖြင့် မြန်မာပြန်၏။

၁၂။ ကမ္ဗောဇမဟာဝံသ ခေါ် Extended Mahāvamhsa ကျမ်းသည် သီဟိုဠ်ဖြစ် မဟာဝံသနှင့် မတူချေ။ ယင်းကျမ်းကို G.P. Malalasekera သည် ကိုလံဘိုမြို့တွင် ၁၉၃၇ ၌ တည်းဖြတ်ထုတ်ဝေ၏။ ယင်းကျမ်း၌ အခန်းပေါင်း ၂၇ ခန်း၊ ဂါထာပေါင်း ၅၇၉၁ ဂါထာပါရှိပြီး ရှင်မောဂ္ဂလာန် စီရင်ခဲ့၏။ ကျမ်းတွင် မည်သည့်ဒေသနှင့်ကာလ၌ ပြုစုကြောင်း မတွေ့ရချေ။ မြန်မာနိုင်ငံ (ဝါ) ထိုင်းနိုင်ငံအကြောင်းလည်း ပါဝင်ကြောင်း တွေ့ရ၏။

၁၃။ *Jinamkāra*. Ed.J. Gray. (London: 1894.) trsl. & repr. 1981.

၁၄။ Dhammakitti. *Saddhama-sangaha* (AD 1400).

၁၅။ အရှင်ကေလာသ။ သီဟိုဠ်သာသနာဝင်။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၆။

၁၆။ အရှင်ကေလာသ။ အင်းဝသာသနာဝင်။ ရန်ကုန်၊ သာသနာထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ၂၀၀၉။

၁၇။ အရှင်ကေလာသ။ ပုဂံသာသနာဝင်။ ရန်ကုန်၊ သာသနာထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ၂၀၀၉။

၁၈။ အရှင်ကေလာသ။ ပင်းယသာသနာဝင်။ ရန်ကုန်၊ မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်၊ ၁၉၇၃။

၁၉။ အရှင်ကေလာသ။ စစ်ကိုင်းသာသနာဝင်။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၇၉။

၂၀။ အရှင်ကေလာသ။ မန္တလေးသာသနာဝင်။ ၅ တွဲ။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၀။

၂၁။ ဦးသုဒဿန၊ ညောင်ကန်သမိုင်းဖြစ်စဉ်သာသနာဝင်။ တည်းဖြတ်သူ ညောင်ကန်အေး ဆရာတော်။ ရန်ကုန်၊ စစ်သည်တော်စာပေ၊ ၂၀၀၂။ ဤစာအုပ်ကို ယခင်က မန္တလေးမြို့၊ ပြည်လုံးချမ်းသာကျောင်းမှ ၁၉၅၉ တွင် ထုတ်ဝေခဲ့သည်။

၂၂။ သိရိသောဘနထေရ်။ မဟာဒွါရနိကာယသာသနဝံသဒီပနီ။ ဟင်္သာတ၊ ဟင်္သာတမြို့ မဟာဒွါရဂိုဏ်းလုံးဆိုင်ရာ သာသနာ့အမှုဆောင်အဖွဲ့၊ ၁၉၅၅။

၂၃။ အရှင်ပဏ္ဍိတမထေရ်။ ရွှေကျင်နိကာယသာသနာဝင်။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၆၄။

၂၄။ ရှင်ဇနကာဘိဝံသ။ ဒက္ခိဏာရာမဘုရားကြီးတိုက်သာသနာဝင်။ မန္တလေး၊ လှခင်အင်ဆန်းပုံနှိပ်တိုက်၊ ၁၉၅၇။

၂၅။ အရှင်ကေလာသ။ မဟာဝိသုတာရာမနိကာယသာသနာဝင်သစ်။ ပခုက္ကူ၊ မဟာဝိသုတာရာမနိကာယဂေါပကအဖွဲ့၊ ၁၉၇၀။

၂၆။ စာရိန္ဒာသဘာ။ မုံတိုင်ပင်သာသနာဝင်အကျဉ်းချုပ်။ မန္တလေး၊ ဦးလှရွှေ၊ ၁၉၇၉။

၂၇။ အရှင်ကေလာသ။ ပခုက္ကူသာသနာဝင်။ ရန်ကုန်၊ ဗုဒ္ဓသာသနအဖွဲ့၊ ၁၉၆၇။ စာ ၅။ သာသနဝံသဒီပကျမ်းနှင့် သာသနာဝံသဒီပယကျမ်းတို့ကို ဉာဏတိလောကနာယကက ပုန္နာန်သေနှင့် ဝိမလသာရ ဥန္နာန်သေတို့က တည်းဖြတ်ခဲ့၏။ B.C.Law. *The History of the Buddha's Religion: (Sāsanavaṃsa)*. London: Luzac & Co.Ltd, 1952.x. အရှင်ပညာသာမိ၏ သာသနဝံသပ္ပဒီပိကာကို အခြေခံ၍ သာသနဝံသဒီပကျမ်းကို ပါဠိဂါထာဖြင့် ဖွဲ့၏။ ၁၈၀၂ ခုနှစ် မြန်မာပြည် ဥပသမ္ပဒါကံအကြောင်းများလည်း ပါဝင်၏။ G.P.Malalasekera *The Pāli Literature of Ceylon*. Colombo, 1928. p.311.

၂၈။ ပခုက္ကူဝင် ၃

၂၉။ အရှင်နန္ဒမာလာ။ သာသနသုဒ္ဓိဒီပက။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၀။

၃၀။ ရှင်ပညာသာမိ (တတိယမောင်းထောင်သာသနာပိုင်)။ သာသနဝံသပ္ပဒီပိကာ။ မန္တလေး၊ ဘောဂဝတီ၊ ၁၉၂၃။ ယင်းကျမ်းသည် ၁၈၆၁ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်၌ ပေထက်တင်ပြီး၏။ မေဘယ်ဘိုဒ်သည် ၁၈၉၇ ခုနှစ်တွင် P.T.S အတွက် ရောမအက္ခရာ လှယ်ခြင်းနှင့် ၁၈၉၈ ခုနှစ်တွင် *A Burmese Historian of Buddhism* အမည်ဖြင့် ပါရဂူဘွဲ့ယူစာတမ်းပြုစုခြင်း၊ B.C.Law သည် *The History of the Buddha's. Religion (Sāsanavamhsa)*(၁၉၅၂)နှင့် နေရင်း ဦးကောဝိဒသည် ဗုဒ္ဓသာသနာဝင် (၁၉၄၁)တွင် မြန်မာဘာသာပြန်ခြင်းဖြင့် ပုံနှိပ်ထုတ်ဝေခဲ့ကြ၏။

၃၁။ အေဒီ ၁၇၄၃-၁၈၃၂

၃၂။ ဤစာအုပ်တွင် ပါရှိသော စာတမ်းဖြစ်၏။ ကျမ်းစာကိုယ်၏ စာမျက်နှာ ၁-၄၃ တွင် ကြည့်ပါ။

၃၃။ သာသနာလင်္ကာရစာတမ်းကို ယခုအချိန်ထိ စုစုပေါင်း (၈)ကြိမ်တိတိ ရိုက်နှိပ်ခဲ့ပြီး ဖြစ်၏။ ၁၈၈၃ တွင် ၁ ကြိမ်၊ ၁၈၉၇ တွင် ၂ ကြိမ်၊ ၁၉၂၈ တွင် ၁ ကြိမ်၊ ၁၉၄၀ တွင် ၁ ကြိမ်၊ ၁၉၅၆ တွင် ၁ ကြိမ်၊ ၂၀၀၈ တွင် ၂ ကြိမ်ရှိ၏။ ၂၀၀၈ ခုနှစ်တွင် သာသနာရေးဦးစီးဌာနနှင့် ရာပြည့်စာအုပ်တိုက်တို့မှ ပြန်လည်ပုံနှိပ် (reprinted) ခဲ့၏။ ဦးသန်းထိုက်(သုတေသန)။ မြန်မာစာပေလေ့လာမှုစစ်တမ်း ပထမတွဲ (ရန်ကုန်၊ ရွှေရပ်စာပေ၊ ၂၀၀၈)တွင် ပုံနှိပ်စာအုပ်များနှင့် ပေမူများကိုလည်း ဖော်ပြထား၏။ စာ ၁၄၅-၅၀။

၃၄။ ဝံသဒီပနီ၏ကျမ်းပြုဆရာမှာ ရှင်ဇိနာလင်္ကာရဓဇ ဖြစ်၏။ ပုံနှိပ်စာအုပ်များတွင် မှားယွင်းစွာ ပထမမဲထီးဆရာတော် ပရမသိရိဝံသာဘိဓဇမဟာဓမ္မရာဇဂုရုအဖြစ် ဖော်ပြထားကြ၏။ ယင်းကျမ်းကို ပထမအကြိမ်(ရန်ကုန်၊ မင်္ဂလာဇေယျာစာပုံနှိပ်တိုက်၊ ၁၉၁၆)၊ ဒုတိယအကြိမ် (ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၆၇)တွင် ထုတ်ဝေ၏။ ထိုဝံသဒီပနီကို ဒေါက်တာပက်ထရစ် ( Patrick Arthur Pranke)သည် မစ်ရှီဂန်တက္ကသိုလ်တွင် အာဆီယံဘာသာ စကားနှင့် ယဉ်ကျေးမှု ဗုဒ္ဓဘာသာပညာရပ် (Buddhist Studies)အတွက် ပါရဂူဘွဲ့ယူစာတမ်း(Ph.D)ကို *The "Treatise on the Lineage of Elders" (Vamhsadipani): Monastic Reform and the Writing of Buddhist History in Eighteen-Century Burma* ခေါင်းစဉ်နှင့် ၂၀၀၄ ခုနှစ်တွင် ရယူခဲ့သည်။ ယခုစာရေးသူသည် ဒေါက်တာပက်ထရစ်နှင့် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေး၍ ဝံသဒီပနီ ကျမ်းပြု ဆရာမှန်ကို တင်ပြခဲ့ပြီး 'ဝံသဒီပနီသုတေသနပြုချက်'စာတမ်းငယ် တစ်စောင်ကို ရေးပြီး ဒေါက်တာသော်ကောင်း၊ ဦးညွန့်မောင်နှင့် ဒေါက်တာပက်ထရစ်သို့ ၎င်းလ ၂၀၀၉ ခုနှစ်၌ လက်ရောက် ပေးအပ်ပြီး ဖြစ်သည်။ ယခုစာရေးသူသည် ဝံသဒီပနီကို ပေမူ များစွာဖြင့် ညှိနှိုင်း၍ မူကောင်းမူသန့်ဖြစ်စေရန် ၂၀၁၁ ခုနှစ်အတွင်း ရွှေရပ်စာပေမှ စနစ်တကျ ထုတ်ဝေပါမည်။

၃၅။ ရှင်ရာဇိန္ဒ၊ ဘုရားဖြူဆရာတော်။ သာသနဗဟုသုတပ္ပကာသနီ။ ရန်ကုန်၊ ဒီးဒုတ်၊ ၁၉၂၈။ ဒုတိယအကြိမ် (ရန်ကုန်၊ ဘုရားဖြူစာပေထိန်းသိမ်းရေးအဖွဲ့၊ ၁၉၉၃) ထုတ်ဝေ၏။ ၁၉၂၆ ခုနှစ်ထိရှိသော သာသနာတော်ရေးအကြောင်းအရာများ ပါဝင်၏။

၃၆။ အရှင်ကေလာသ။ ကလျာဏီသာသနာဝင်။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၇။

၃၇။ ဦးအာလောက။ သာသနာဝင်ကျမ်း။ ရန်ကုန်၊ ဟံသာဝတီသတင်းစာပုံနှိပ်တိုက်၊ ၁၉၂၆။

၃၈။ ဦးမိုးမြင့်။ ကျိုက်လတ်မြို့ပစ္ဆိမာရုံသာသနာဝင်။ ရန်ကုန်၊ မိုးမြင့်စာပေ၊ ၁၉၈၃။

၃၉။ မသောင်း(စစ်ကိုင်း)။ ဟံသာဂီရိသာသနာ။ ရန်ကုန်၊ ဦးဘသန်း၊ ၂၀၀၀။

၄၀။ အရှင်ပညာဇောတ(ဒုတိယဗားကရာသာသနာပိုင်)။ သာသနသုဒ္ဓိဒီပကနီသယ။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၀။ စာ ၅၇-၁၉၉။

၄၁။ နမူနာ ရောမအက္ခရာဖြင့် ဖလှယ်သော M.H.Bode's.*Sāsanavaṃsa* (London: Pali Text Society, 1897) နှင့် နာဂရီအက္ခရာဖြင့် ဖလှယ်သော C.S. Upasak.ed *Sāsanavaṃsa* (Nālanda: Nava Nālanda Mahāvihāra, 1960)တို့ ဖြစ်၏။

၄၂။ သာသနာဝင်များကို ဘာသာပြန်သောအခါ ပါဠိမှ အင်္ဂလိပ်သို့ ဘာသာပြန်ခြင်း၊ မြန်မာမှ အင်္ဂလိပ်သို့ ပြန်ခြင်း ရှိ၏။ ပါဠိမှ အင်္ဂလိပ်သို့ ဘာသာပြန်သော မြန်မာသာသနာဝင်ကျမ်းမှာ တတိယမောင်းထောင်သာသနာပိုင်ရှင်ပညာသာမိ၏ သာသနဝံသပ္ပဒီပိကာကို B.C.Law's *The History of the Buddha's Religion (Sāsanavaṃsa)*. London: Luzac & Co.Ltd, 1952 ဖြစ်၏။ ထိုအတူ မြန်မာမှ အင်္ဂလိပ်ဘာသာပြန်သောကျမ်းမှာ ဝံသဒီပနီဖြစ်၏။ Patrick Arthur Pranke's "*The Treatise on the Lineage of Elders" (Vaṃsadipani):Monastic Reform and the Writing of Buddhist History in Eighteen-Century Burma*. (Ph.D Dissertation). Michigan: The Univ. of Michigan, 2004.

၄၃။ H.H.Somdet Phra Nyannasamvara. *Buddha Sasana Vamsa: A Buddhist Monastic Lineage*.

၄၄။ မန်းဝင်၊ ပ၊ ၂၁၇-၂၅၄

၄၅။ မန်းဝင်၊ ပ၊ ၂၅၅-၃၉၂

၄၆။ မန်းဝင်၊ ပ၊ ၃၉၃-၄၉၂

၄၇။ ရွှေကျင်နိကာယသမိုင်းစာတမ်း (လက်နှိပ်စက်မူ)။ ၁၉၉၉၊ ဦးမာနိတသိရိစာစု။

၄၈။ ဒေါက်တာသန်းထွန်း။ ရွှေကျင်နိကာယသာသနာဝင် (လက်နှိပ်စက်မူ)။ မန္တလေး၊ ၁၉၈၀။

၄၉။ ဝဏ္ဏကျော်ထင်ဦးဘသန်း။ ရွှေကျင်သာသနာနှစ်တစ်ရာ။ ရန်ကုန်၊ သုဓမ္မဝတီပုံနှိပ်တိုက်၊ ၁၉၆၁။

၅၀။ Kagoshima: The Center for Historical Research, 1982.

၅၁။ Arran: Kiscadale Publications, 1988.

၅၂။ Dr. Than Tun. *Nine Sects (Gaings) of Theravada Buddhism in Burma. Burma and Japan*. Tokyo: Tokyo University of Foreign Studies, 1987.

၅၃။ Mo Mo Thant. *History of Shwegyin Nikaya* (Ph.D Dissertation). University of Yangon, Dept. of History, 2002.

၅၄။ နမူနာအားဖြင့် Michael Aung Thwin's, "The Role of Sasana Reform in Burmese History: Economic Dimensions of a Religious Purification", *JAS* 38, no. 4 (August 1979), 671-88 နှင့် Heinz Bechert's, "The Beginings of Buddhist Historiography: Mahāvaṃsa and Political Thinking" *Religion and Legitimations of Power in Sri Lanka*. ed. Bardwell L. Smith. Chambersburg: Anima Books, 1978. 1-12 pp. . . . စသဖြင့် ရှိ၏။

၅၅။ Sholorly Edited ကို ဆိုလို၏။ ပညာရပ်ဆန်ဆန် (ပညာရှင်တို့က) တည်းဖြတ်ခြင်းသဘော ဖြစ်သည်။

၅၆။ Research

၅၇။ မောင်းထောင်ဆရာတော်၏ သာသနဝံသစာတမ်း၊ သာသနဝံသပါဠိ၊ သာသနဝံသကထာနိဿရည်း၊ သီဟဠသာသနဝံသကထာနိဿျ . . . စသဖြင့် ရှိ၏။ ၁၊ ၄ ကိုလည်းကြည့်။

၅၈။ အာစရိယဝံသစာတမ်း (ကွန်ပျူတာစာမူ)။ ဦးသန်းထိုက်စာစု၊ ရန်ကုန်။

၅၉။ ပိဋကတ်တော်အုပ် ဦးယံ။ ပိဋကတ်တော်သမိုင်း။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၉၊ စာ ၁၀၀ ကိုကြည့်။

၆၀။ သမဏဝံသစာတမ်း (ပေကျူးနှစ် ၁၁၈၁ ခု၊ ကဆုန်လပြည့်ကျော် ၁၀ ရက်)။ ရွှေဟောင်းသုတေသနဦးစိုးဌာနစာကြည့်တိုက်၊ ပေ-၁၆၂ နှင့် တဗစ (လက်ရေးမူ) ၃၇၀၆၅၇။ ရန်ကုန်။

၆၁။ ယင်းကျမ်းမှာ အဘယဂိရိဝါသီတို့၏ သာသနာဝင်ကျမ်း ဖြစ်၏။ ပခုက္ကူဝင် ၃။ *PCC* 7.

၆၂။ ပခုက္ကူဝင် ၃

၆၃။ သီဟိုဠ်ရောက်အဋ္ဌုပ္ပတ္တိ ခေါ် ဝံသာနိဒါန်း (ကျမ်းပြီးနှစ်-အေဒီ ၁၈၁၄)၊ တဗစ ၉၄၇၂ (မေ-ယဲ)၊ ရန်ကုန်။

၆၄။ အတုလဆရာတော် ရှင်ယသ။ သာသနာဆက်နှင့်အမေးအဖြေ။ ပုရပိုက်ဖြူ ၁၀ ကြောင်းရေး ၂၄ ချပ်။ ရွှေတိဂုံပိဋကတ်တိုက်၊ ရန်ကုန်။

၆၅။ ပထမကျော်ရှင်ဝဏ္ဏဓဇ။ သဃ်ာတိလက်ာသာသနာဝင်။ ရွှေမျဉ်းပေ ၉

ကြောင်း ရေး (၆-တာ) ၇ အင်္ဂါ ၁၁ ချပ်။ တဇစ ၅၉၉၈၊ ရန်ကုန်။

၆၆။ ပိမိုင်း ၁၀၀

၆၇။ ဝင်းမောင်။ **မန္တလေးခေတ်ဗုဒ္ဓသာသနာဝင်**(သမိုင်းမဟာဝိဇ္ဇာဘွဲ့)။ မန္တလေး၊ သမိုင်းဌာန၊ ၁၉၇၈။

၆၈။ နီတွတ်။ **အမရပူရခေတ်ဗုဒ္ဓသာသနာဝင် ၁၇၈၂-၁၈၅၈** (သမိုင်းမဟာဝိဇ္ဇာဘွဲ့)။ မန္တလေး၊ သမိုင်းဌာန၊ ၁၉၈၂။

၆၉။ ကိုကိုနိုင်။ **ရွှေကျင်နိကာယ (၁၉၉၂-၁၉၆၀)**။ သမိုင်းမဟာဝိဇ္ဇာဘွဲ့။ မန္တလေး၊ မန္တလေးတက္ကသိုလ်သမိုင်းဌာန။

၇၀။ ပိမိုင်း ၂၀၄၁

၇၁။ ပိမိုင်း ၂၀၄၂

၇၂။ ဤကျမ်းအပြည့်အစုံကို အစအဆုံး မတွေ့ရသေးချေ။ ဤဝံသမာလာကျမ်း၌ အပိုင်း ၅ ပိုင်း ပါဝင်၏။ နမ္မနာ-တတိယပိုင်းသည် ရာဇဂြိုဟ်၊ ဝေသာလီ၊ ပါတလိပုတ်ပြည်တို့၌ သာသနာတည်ခြင်းနှင့် သံဂါယနာတင်ခြင်းအကြောင်းနှင့်စပ်လျဉ်း၍ ဖော်ပြထား၏။ စတုတ္ထပိုင်းတွင် သီဟိုဠ်သာသနာဖြစ်သည့် ဝိဇယမင်းမှစ၍ ဘုဝေနကဗာဟုမင်းတိုင်အောင် မင်းစဉ်မင်းဆက်နှင့်တကွ သာသနာတော်၏ အညစ်အကြေးများကို သုတ်သင်ကြောင်းကို ကျမ်းဂန်နှင့်အညီ ပြ၏။ ပဥ္စမပိုင်းသည် ဇမ္ဗူဒိပ်ကျွန်းမှ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ စစ်ကိုင်းသို့ သာသနာရောက်လာခြင်းကို ရာဇဝင်တို့၌ ပါသဖြင့် ချန်ရစ်ခဲ့ပြီး ဟံသာဝတီပြည်၌ ရာမာဓိပတိမင်း၏ သာသနာပြုပုံ၊ ပုဂံ၌ သာသနာတည်ပုံ၊ သံယာဂိုဏ်းကွဲပုံ၊ အမရပူရသာသနာထွန်းတောက်ပုံတို့ ပါရှိ၏။ ဝံသမာလာကျမ်း၊ စတုတ္ထပိုင်း (တဇစ၊ ၁၅၈၃၄) တွင် ကြည့်ပါ။ ထိုကျမ်းကို အမျိုးစားစာကြည့်တိုက် (ဘား ၁၇၆၁)တွင်လည်း တွေ့ရ၏။

၇၃။ ပိမိုင်း ၂၀၄၄

၇၄။ **စာပေစစ်တမ်း၊ ပ ၈၇** နှင့် Mabel Haynes Bode. *A Burmese Historian of Buddhism*.(Ph.D. Dissertation). London: Unwin Brothers, 1898. ကိုကြည့်။

၇၅။ **ပဌမမောင်းထောင်သာသနာပိုင်ဆရာတော်ဘုရားကြီး။ အမေးတော်ဖြေ။** ၂ ကြိမ်။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၂၀၀၇။ ၁၇၆-၁၈၉ နှင့် ၅၃၉-၅၄၄။ ဤစာအုပ်ကို ထပ်မံကိုးကားလျှင် မေးဖြေဟု အတိုမှတ်ဖြင့် ပြမည်။

၇၆။ သာသနဝံသပါဠိ (က-ခ)နှင့် သာသနဝံသကထာနိဿရည်း (ခေါ်-ဃ)။ ရွှေကြုံဆစ် ပေ ၁၀ ကျောင်းရေး။ တဗစ ၉၇၉၁၊ ရန်ကုန်။

၇၇။ မဟာဓမ္မသင်္ကြံ။ သာသနာလင်္ကာရစာတမ်း။ ပြန်လည်ပုံနှိပ်ခြင်း။ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၅၆။ စာ ၂၀၀ ကိုကြည့်။ ဤစာအုပ်ကို ထပ်မံကိုးကားပါက သာလင်ဟု အတိုမှတ်ဖြင့် ညွှန်းမည်။

၇၈။ သာလင် ၁၉၈-၉

၇၉။ သာလင် ၂၀၀

၈၀။ ၇ မတ်လ ၁၇၈၈

၈၁။ သက္ကရာဇ် ၁၁၄၈ ခုနှစ် (အေဒီ ၁၇၈၆ ဇွန်လ ၂၇ ရက်)
သက္ကရာဇ် ၁၁၅၀ ခုနှစ် (အေဒီ ၁၇၈၈)
သက္ကရာဇ် ၁၁၅၁ ခုနှစ် တပေါင်းလ (အေဒီ ၁၇၈၈ မတ်လ ၇ ရက်)
သက္ကရာဇ် ၁၁၅၂ ခုနှစ် (အေဒီ ၁၇၉၀)တို့တွင် သာသနာပြုသာသနာပိုင်ရာထူးကို ဉာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမဖြင့် လေးကြိမ် ရရှိခဲ့၏။

၈၂။ Bulletion of Burmese Historical Comettee, Vol.I, pt.II (December 1950), pp. 117-145. ကိုကြည့်။

၈၃။ သာလင် ၂၀၂-၃

၈၄။ ဤစာရင်းပါ ကျမ်းဂန်များကို စာရေးသူက ထပ်မံ ဖြည့်စွက်ပြုစုထားပါ၏။ လက်တွေ့ကျမ်းများနှင့် ဦးယံ၏ ပိဋကတ်တော်သမိုင်းရှိ ကျမ်းများ တူညီနေပါက လက်တွေ့ကျမ်းများကို တွေ့ရှိရာ စာကြည့်တိုက်နှင့် တိုက်ပိုင်စာရင်းအမှတ်တို့ဖြင့် ဦးစားပေး၍ ဖော်ပြထားပါသည်။ ဤစာရင်းကိုသာမက အခြား ကျန်ရစ်နိုင်သော ကျမ်းဂန်များလည်း ရှိနိုင်ရာ၏။ ထို့အပြင် အခြားကျမ်းစာရင်းအချို့လည်း ရှိသေး၏။ လှသမိန်။ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ္တိပေါင်းချုပ်။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၁။ စာ-၄၄-၈ ကိုလည်းကြည့်။ ဤစာအုပ်ကို ထပ်မံကိုးကားလျှင် ဂန္ထဝင်ဟု အတိုမှတ်ဖြင့် ညွှန်းမည်။

၈၅။ ဖေဖော်ဝါရီလ ၁၈၁၄။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရား၏ ရာဇသတ်ခေါ်သော အမိန့်တော်တမ်းကြီး တတိယတွဲ။ ရန်ကုန်၊ ဗဟိုပုံနှိပ်တိုက်၊ ၁၉၇၀။

တ ၁၂၂။ ဤခေါင်းစဉ်ရှိသောစာအုပ်များကို ထပ်မံကိုးကားလျှင် အုပ်ချုပ်ပုံဟု အတိုမှတ် ဖြင့် ပြမည်။

၈၆။ အုပ်ချုပ်ပုံ၊ တ၊ ၁၂၂။

၈၇။ ဦးသန်းထိုက်(သုတေသန)။ ရည်ညွှန်းလုပ်ငန်းနှင့်ရည်ညွှန်းအထောက် အထားများ။ ရန်ကုန်၊ ရွှေရပ်စာပေ၊ ၂၀၀၈။ တ ၃၆၃-၅ ကိုကြည့်။

၈၈။ သာသနာပိုင်ဘဝကိုသာ ဆိုလို၏။ ပေမူသုံးစောင်လုံး၌ ကျမ်းပြီးနှစ် ဖော်ပြ မထားသောကြောင့် သာသနဝံသစာတမ်း၏ ကျမ်းပြီးနှစ်ကို မတွေ့ရချေ။

၈၉။ သီဟိုဠ်တွင် သင်္ဂါယနာ ၆ ကြိမ်တင်ခဲ့ကြောင်း သင်္ဂီတိဝံသကျမ်း၌ ဖော်ပြ၏။ ထိုင်းနိုင်ငံသည် အိန္ဒိယ၌ ပထမ၊ ဒုတိယ၊ တတိယ အကြိမ်၊ သီဟိုဠ်တွင် စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမ အကြိမ် သင်္ဂါယနာတင်ကြောင်းကို လက်ခံပြီး ၎င်းတို့၏ နိုင်ငံ၌ အဋ္ဌမနှင့် နဝမအကြိမ် သင်္ဂါယနာတင်ခဲ့ကြောင်း ဆို၏။ Amarnath Thakur. *Buddha and Buddhist Synods in India and abroad* ကိုလည်းကြည့်။ အိန္ဒိယကမူ အိန္ဒိယ၌ စတုတ္ထသင်္ဂါယနာတင်ပွဲအထိလက်ခံပြီး သီဟိုဠ်သင်္ဂါယနာကို အသိအမှတ် မပြုချေ။ မြန်မာနိုင်ငံသည် ယခုထိ ဆဋ္ဌသင်္ဂါယနာ (အိန္ဒိယ ၃ ကြိမ်၊ သီဟိုဠ် ၁ ကြိမ်နှင့် မြန်မာ ၂ ကြိမ်)ကိုသာ အတည်ပြု၏။ *Years*, 44-9. မင်းတုန်းမင်းမတိုင်မီ (ပဉ္စမသင်္ဂါယနာ မကျင်းပမီ) အချို့ရှေးမှတ်တမ်းများအရ ၁၀ ကြိမ်ထိ မြန်မာသင်္ဂါယနာတင်ခြင်းကို ထူးခြားစွာ တွေ့ရ၏။ စလေဦးပုည။ သာသနာလျှောက်နှင့် ဆွမ်းတော်ကြီးတင်စာတမ်း။ တည်းဖြတ်သူ ဆရာရိတ် (ရန်ကုန်၊ မြန်မာနိုင်ငံသုတေသနအသင်း၊ ခုနှစ်မပါ) ကိုလည်း ကြည့်။

၉၀။ Synod, Recital, Council, Rehersal, Meeting....ဟု အင်္ဂလိပ်ဘာသာပြန်၏။ ပါဠိဘာသာ၌ ဓမ္မသင်္ဂီတိ၊ သင်္ဂီတိ၊ သင်္ဂါယနာ၊ သံဂါယနာ . . . ဟု အများဆုံးသုံးနှုန်း၏။

၉၁။ ကထာဝတ္ထုသည် အဘိဓမ္မာ ခုနစ်ကျမ်းအနက် ငါးကျမ်းမြောက် ဖြစ်၏။ ဘာဏဝါရ ၂၀၀၀ မျှ ပါဝင်၏။ ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၂၁၈ နှစ်ခန့်တွင် ရှင်မောဂ္ဂလိပုတ္တတိဿမထေရ်က ပြုစုခဲ့ခြင်း ဖြစ်၏။ ကထာဝတ္ထုကို ခွဲခြမ်းလျှင် ကထာ-အယူဝါဒ+ဝတ္ထု-တည်ရှိသောကျမ်း ဖြစ်သောကြောင့် အယူဝါဒတို့ကို ဖော်ပြသည့်ကျမ်း အဖြစ်ဆိုနိုင်၏။ ယင်းကျမ်း၌ သကဝါဒနှင့် ပရဝါဒတို့ အယူဝါဒဆိုင်ရာ အဆိုအချေ အမေးအဖြေများအကြောင်း ပါဝင်၏။ *Kathāvatthu*. ed. A.C. Taylor. Vol.I (1894), Vol.II (1897) ရှိသကဲ့သို့ မြန်မာနိုင်ငံသား Shwe Zan Aung and C.A.F.Rhys Davids တို့ ဘာသာပြန်ဆိုသော *Points of Controversy* ....(London 1915) လည်းရှိ၏။ ကထာဝတ္ထုအညွှန်းကျမ်း *Index to the Kathāvatthu* (London 1982) ကို T.Tabata က ပြုစုခဲ့၏။ ကထာဝတ္ထု၌ ဆွေးနွေးတင်ပြသော အကြောင်းအရာ (ကထာ) ၂၂၆ ပါး ၈၆

ရှိ၏။ ပုဂ္ဂလကထာမှစပြီး အပရိနိပ္ဗနကထာတွင် ဆုံးသော မာတိကာ ရှိ၏။ ဗုဒ္ဓဝါဒီတို့၏ ဒဿနပညာသမိုင်းတွင် အလွန်အရေးပါလှ၏။ Oskar von Hinuber. *A Handbook of Pali Literature*. Berlin: Walter de Gruyter, 1996. pp. 70-3. ဤစာအုပ်ကို ထပ်မံ ကိုးကားလျှင် *HPL* ဟု နောင် ညွှန်းပါမည်။

၉၂။ ကျမ်းဆုံးမှတ်စု (၁၅၁)ကိုကြည့်။

၉၃။ P.V. Bapat. *2500 Years of Buddhism*. 3rd rept. New Delhi, Publications Division 1971. မောင်အုံ၊ မဟာဝိဇ္ဇာ (ဘုံဘေ)။ ဗုဒ္ဓသာသနာတော် ၂၅၀၀ ခရီး။ ၆ ကြိမ်။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၂၀၀၄။ ကိုလည်းကြည့်။

၉၄။ စာမျက်နှာ (၄၂)ကိုကြည့်။

၉၅။ သာလင် ၂၂၈-၂၃၂

၉၆။ အတုလဆရာတော်ကိုယ်တိုင်ရေးသားပြုစုသော ဆရာစဉ်ဆက်စာရင်းကို လေ့လာလိုပါက အတုလဆရာတော်။ သာသနာဆက်နှင့် အမေးအဖြေ။ (တိုက်ပိုင်စာရင်း ၁၃၅၅) ပုရပိုက်ဖြူ ၁၁ ကြောင်းရေး၊ ၂၄ ချပ်။ ရွှေတိဂုံပိဋကတ်တိုက်၊ ရန်ကုန်။ ကိုကြည့်ပါ။ မောင်းထောင်သာသနာပိုင်က ပြန်လည် ဖော်ပြသော ဆရာစဉ်နှင့် ကွာခြား၏။ သာလင် ၂၃၃။ ဂန္ထဝင် ၁၉၆။ ဤအချက်ကို တတိယနံမော်ဆရာတော်သည် အတုလ ဆရာဆက်သည် သင့်လျော်၍ မောင်းထောင်ရေးသကဲ့သို့ စာတမ်းမထွက်ဆိုလျှင် တပည့် မဟုတ်ဟု ယူဆရမည်လောဟု အမေးထုတ်ခါ ဝံသာနုရက္ခိတမှာ ပမာဏ မဟုတ်ဘဲ ကောင်းမြတ်သော ဆရာတို့၏ ဝံသာနုရက္ခိတသာ ပမာဏဖြစ်ကြောင်း ချေပ၏။ ဝိနန္ဒာသဘာ။ သီလဝိသောဓနီကျမ်း။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၉၂။ စာ ၉၈-၁၀၀။ ဤစာအုပ်ကို ထပ်မံကိုးကားလျှင် သီလဝိဟု သုံးမည်။

၉၇။ ပြည်ဆရာတော် မုံတောဆရာတော် မောင်းထောင် ခင်မကန်နှင့် ဘုံကျော် ဆရာတော်တို့၏ ထေရုပ္ပတ္တိကျမ်း (ကျမ်းပြီးနှစ် ၁၈၇၆)။ တ၀၈ ပုရပိုက်-၅၉၈၅ နှင့် လက်နှိပ်စက်မူ ၃၂၃၀၃၆၊ ရန်ကုန်။

၉၈။ သာလင် ၂၀၁

၉၉။ သာလင် ၁၉၃

၁၀၀။ သာလင် ၁၉၉

၁၀၁။ သာလင် ၂၀၀

၁၀၂။ ဝံသဒီပနီ။ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၆၇။

၁၀၃။ သာလင် ၂၀၀

၁၀၄။ သာလင် ၂၀၀။ ဦးမောင်မောင်တင်(၁)။ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ (ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်၊ ၂၀၀၄)၊ စာ-၆၄။ ဤစာအုပ်ကို ထပ်မံကိုးကားလျှင် ကုန်းဆက်ဟု အတိုမှတ်ဖြင့် ညွှန်းမည်။

၁၀၅။ သာလင် ၂၀၀

၁၀၆။ သာလင် ၂၀၁

၁၀၇။ သာလင် ၁၉၈-၉

၁၀၈။ ၃ ဇွန်လ ၁၇၈၂ တွင် သာသနာပိုင်လေးပါးကို ပထမအကြိမ် စတင်၍ ခန့်အပ်ပြီး ၄ နှစ်နှင့် ၂၃ ရက်အကြာ ၂၆ ဇွန်လ ၁၇၈၆ တွင် ထိုဆရာတော်လေးပါးလုံးသည် သာသနာပိုင် မဟုတ်တော့ဘဲ မာန်လည်ဆရာတော်သာလျှင် ၇ မတ်လ ၁၇၈၆ နေ့ရက်မှ ၆ မတ်လ ၁၇၈၈ ထိ သာသနာပိုင် ဆက်လက်ဖြစ်၏။

မင်းအိုဆရာတော် (ဂုဏာဘိလင်္ကာရသဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု)

မန်လည်ဆရာတော် (ဂုဏာမုနိန္ဒာဓိပတိမဟာဓမ္မရာဇာဓိရာဇဂုရု)

ဆုံထားဆရာတော် (တိပိဋကသဒ္ဓမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု)

မင်းရွာဆရာတော် (ဉာဏဇမ္ဗုဒီပအနန္တဓဇမဟာဓမ္မရာဇာဓိရာဇဂုရု)

၁၀၉။ မင်းအိုဆရာတော်
မန်လည်ဆရာတော်
ဆုံထားဆရာတော်
မင်းရွာဆရာတော်
ရွှေတောင်ဆရာတော်
တားကရာဆရာတော်
ကဝိုးဆရာတော်
မဲထီးဆရာတော်
မုံတောဆရာတော်
စလင်းဆရာတော်
ဆင်တဲဆရာတော်
မောင်းထောင်ဆရာတော်

စုစုပေါင်း ဆရာတော် ၁၂ ပါးကို သာသနာပြု အပ်တော်မူ၏။ သာသနာပိုင်ကို သာသနာပြုသာသနာစောင့်၊ သာသနာပြုသာသနာပိုင်၊ သာသနာပိုင်၊ သာသနာထိန်းဆရာ

တော်အဖြစ် ခေါ်ဝေါ်ကြ၏။

၁၁၀။ မောင်းထောင်ဆရာတော်ကို ၇ မတ်လ ၁၇၈၈ နေ့ရက်တွင် ပဒုံမင်းက သာသနာပိုင်အဖြစ် တစ်ပါးတည်း အပ်၏။

၁၁၁။ အုပ်ချုပ်ပုံ၊ တ၊ ၁၁၈-၁၂၂

၁၁၂။ အချို့စာများ၌ ချည်ပါရွာစားဟုသာ ပါ၏။ ချည်ပါရွာကို အပိုင်စားရ၍ မဟာဓမ္မသင်္ကြံဘွဲ့ရှိသော မောင်းထောင်လူထွက်ဆရာကြီးသည် ညောင်ကန်နှင့် မောင်းထောင်ကိုလည်း အပိုင်စားရ၏။ အုပ်ချုပ်ပုံ၊ တ၊ ၁၂၂ နှင့် ပုံ (၈)ကိုကြည့်ပါ။

၁၁၃။ မဟာရာဇဝင်တော်ကြီး ၂ တွဲ။ မန္တလေး၊ ရတနာပုံနေပြည်တော် နန်းမြို့တော် ရှေ့စာပုံနှိပ်တိုက်၊ ၁၈၈၃-၄။ သီပေါမင်းလက်ထက်မှာ ပုံနှိပ်စာအုပ်အဖြစ် နှစ်တွဲခွဲ၍ ပုံနှိပ်ခဲ့ကြောင်း တွေ့ရပါသည်။ မဟာရာဇဝင်တော်ကြီး။ မန္တလေး၊ အထက်မြန်မာနိုင်ငံ သတင်းစာပုံနှိပ်တိုက်၊ ၁၉၀၈။ ဤစာအုပ်မှာ ရှေ့၌ ရိုက်နှိပ်ခဲ့သော နှစ်တွဲကို လုံးချင်း စာအုပ်အဖြစ် စုပေါင်း၍ ရိုက်နှိပ်ခဲ့၏။ မှန်နန်းရာဇဝင်တော်ကြီး။ မန္တလေး၊ မန္တလေးတိုင်း သတင်းစာပုံနှိပ်တိုက်၊ ၁၉၀၇။ ဤစာအုပ်မှ ရှေ့နှစ်အုပ်တွင် မပါသောဖြစ်ရပ်များကို တတိယအုပ်အဖြစ် သီးခြားခွဲထုတ်ခြင်း ဖြစ်၏။ ထိုစာအုပ်များကို စုပေါင်း၍ မှန်နန်း ရာဇဝင်တော်ကြီး ၃ အုပ်။ မန္တလေး၊ ရတနာသိဒ္ဓိပုံနှိပ်တိုက်၊ ၁၉၂၂။ ဤစာအုပ်သည် မှန်နန်းရာဇဝင်တော်ကြီးအမည်ဖြင့် သုံးအုပ်ကို ပုံနှိပ်ခဲ့ခြင်း ဖြစ်၏။ ထိုနောက် ရန်ကုန်မြို့၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရာပြည့်စာအုပ်တိုက် များကလည်း ထပ်မံရိုက်နှိပ်ခဲ့ကြပါသည်။ မူလအမည်မှာ မဟာရာဇဝင်တော်ကြီး ဖြစ်ပြီး ၁၉၀၇ ခုနှစ်ထုတ် စာအုပ်မှစတင်၍ ယခုတိုင် မှန်နန်းရာဇဝင်တော်ကြီးဟု လူသိများကြ သည်။ ဧယ္ယျ။ "မဟာရာဇဝင်တော်ကြီး"ရှုမဝရုပ်စုံမဂ္ဂဇင်း အတွဲ ၄၊ အမှတ် ၄၃ (ဒီဇင်ဘာ ၁၉၅၀) စ ၁၂-၁၃။ ဒေါက်တာရီရီ။ "ကုန်းဘောင်ခေတ်နှင့်နှောင်းခေတ်ရာဇဝင်ကျမ်း များ" စိန်ပန်းမြိုင်စာတမ်းနှင့်စစ်တမ်းများ။ ရန်ကုန်၊ စိန်ပန်းမြိုင်စာစဉ်၊ ၁၉၀၅။ စ ၂၄၇-၂၅၀။ ထိုစာအုပ်မှ တကောင်းနှင့်ပုဂံမင်းဆက်အကြောင်းကို ပါမောက္ခဖေမောင်တင် နှင့် ဂျီအိတ်ချ်လုစ်တို့က *The Glass Palace Chronicle of the Kings of Burma* အမည် ဖြင့် ဘာသာပြန်ကြ၏။ ယခုတိုင် ယင်းအင်္ဂလိပ်စာအုပ်ကို သုံးကြိမ်ပုံနှိပ်ထုတ်ဝေခဲ့၏။

၁၁၄။ "ရှင်ဘုရင်ကလည်း စိတ်ကို အစိုးကောင်းကောင်းမရချေ"ဟု ပုဂံဝန်ထောက် ဦးတင် (၃၀ နိုဝင်ဘာ ၁၈၆၁- ၁၃ ဩဂုတ် ၁၉၃၃) က ရေးသား၏။ အုပ်ချုပ်ပုံ၊ တ၊ ၁၂၀နှင့် Patrick Arthur Pranke. Bodawpaya's Madness': Monastic accounts of king Bodawpaya's Conflict with the Burmese Sangha. Part One. *The Journal of Burma Studies* Vol.12 (2008). pp. 1-28. ကိုလည်းကြည့်။

၁၁၅။ တတိယနံမော်ဆရာတော်ဘုရားကြီး၊ ဝိနန္ဒာသဘ။ သီလဝိသောဓနီကျမ်း

(ကျမ်းပြီးနှစ် ၁၈၃၇)။ ပြန်လည်ပုံနှိပ်ခြင်း။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၉၂။ ဤကျမ်းကို ဆက်လက်ကိုးကားလျှင် သီလဝိဟု ညွှန်းမည်။

၁၁၆။ ဤအချက်ကိုပင် တတိယနံမော်ဆရာတော်က ဟုတ်ချင်မှ ဟုတ်မည်၊ မှန်ရန်လည်း ခဲယဉ်းမည်ဖြစ်ကြောင်း ဝေဖန်ထား၏။ သီလဝ ၁၀၁။

၁၁၇။ အုပ်ချုပ်ပုံ၊ တ၊ ၁၂၂

၁၁၈။ မင်းလှသီရိသီဟသူ၊ ဆရာတော်သံယာတော် ၁၀၅ ပါးစာရင်း (လက်ရေးမူ)။ တဗစ-၂၀၃၀၊ ရန်ကုန် နှင့် မှော်ဘီဆရာသိန်းကြီး။ ရှေးဖြစ်စာတန်း။ ၂ ကြိမ်။ ရန်ကုန်၊ အေးအေး၊ ၁၉၆၈။ စာ-၄၄-၅၀ ကိုကြည့်။

၁၁၉။ ရှင်မဟာသီလဝံသ၊ ရာဇဝင်ကျော်။ ၂ကြိမ်။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၅။ ထိုစာအုပ်အား ယခုတိုင် ၄ ကြိမ် ထုတ်ဝေခဲ့၏။

၁၂၀။ ဦးကုလား၊ မဟာရာဇဝင်ကြီး။ ၃ တွဲ။ ၅ ကြိမ်။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်၊ ၂၀၀၆။ ၎င်းရာဇဝင်၏ဝေဖန်ချက်အဖြစ် ဗစ်တာလစ်ဘာမန်း၏ စာတမ်းကို ဖတ်ပါ။ Victor Lieberman. How Reliable is U Kala's Burmese Chronicle? Some New Comparisons. *Journal of Southeast Asian Studies*. Vol. XVII, no.2 (September 1986). pp. 236-55.

၁၂၁။ ဦးကုလားသည် မဟာရာဇဝင်ကြီးကို ပြုစုပြီးနောက် မကျဉ်းမကျယ်သဘောဖြင့် ရာဇဝင်လတ်၊ အကျဉ်းရုံး၍ ရာဇဝင်ချုပ်ဟူ၍ ပြန်လည်ရေးသားခဲ့ခြင်း ဖြစ်၏။

၁၂၂။ Hla Pe. Burma: *Literature, Historigraphy, Scholarship, Language, Life and Buddhism*. Singapore: Institute for Southeast Asian Study, 1985. pp.

၁၂၃။ "The Chronicles" *HPL*. 87-99.

၁၂၄။ နမူနာ ထိုင်းနိုင်ငံတွင် စာမဒေဝီဝံသ (Cāmadevivaṃsa)၊ သိဟိင်္ဂ(ဗုဒ္ဓရူပ)နိဒါန (Sihinga (buddharūpa)-nidāna)၊ ဇိနကာလမာလီ (Jinakālamāli)၊ ပဉ္စဗုဒ္ဓဗျာကရဏ (Pañcabuddhabyākaraṇa) ဟူ၍ ဝံသကျမ်းများ ရှိ၏။ *HPL*. 196-8.

၁၂၅။ အသျှင်ပညာသာမိ၊ သာသနဝံသပ္ပဒီပိကာ (ကျမ်းပြီးနှစ် ၁၈၆၁) မန္တလေး၊ ဘောဂဝတီ၊ ၁၉၂၃။

၁၂၆။ Mabel Haynes Bodes. *A Burmese Historian of Buddhism* (Dissertation). London: Unwin Brother, 1898.

၁၂၇။ Victor B Lieberman. "A New look at the Sāsanavaṃsa" *Bulletin of the School of Oriental and Africans Studies* 39 (1976) pp. 137-49.

၁၂၈။ "အတုလဆရာတော်ပြုလုပ်သမျှအကြောင်းကို ကောင်းလည်းပယ်၊ မကောင်းလည်းပယ် ရည်ရွယ်ရာရောက်သည်"ဟု ပုဂံဝန်ထောက်ဦးတင်က ဆိုလေ၏။ အုပ်ချုပ်ပုံ၊ တ၊ ၁၃

# အပိုင်း (၂)

# သာသနဝံသစာတမ်း

## (က)


| | |
|---|---|
| ၁။ ကျမ်းဦးဂါထာ | ၉၅ |
| ၂။ ပထမသင်္ဂါယနာတင်ခြင်း | ၉၅ |
| ၃။ ဒုတိယသင်္ဂါယနာတင်ခြင်း | ၉၉ |
| ၄။ တတိယသင်္ဂါယနာတင်ခြင်း | ၁၀၁ |
| ၅။ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်ခြင်း | ၁၀၃ |
| ၆။ အပရန္တတိုင်းနှင့် သုနာပရန္တတိုင်း | ၁၀၄ |
| ၇။ သုဝဏ္ဏဘူမိတိုင်းနှင့် ယောနကတိုင်း | ၁၀၅ |
| ၈။ ဂိုဏ်းကွဲများအကြောင်း | ၁၀၈ |
| ၉။ စတုတ္ထသင်္ဂါယနာတင်ခြင်း | ၁၁၀ |
| ၁၀။ သာသနာပြုပြည်ထောင်ဆက် | ၁၃၃ |
| ၁၁။ သာသနာပြုမြင်းဆက် | ၁၃၃ |
| ၁၂။ သာသနာပြုဆရာဆက် | ၁၃၄ |
| ၁၃။ ကျမ်းပြီးနိဂုံးဂါထာ | ၁၃၇ |


## (ခ)


| | |
|---|---|
| ကျမ်းဆိုးမှတ်စု | ၁၃၈–၂၀၁ |

# သာသနဝံသစာတမ်း

*တက္ကသိုလ်များဗဟိုစာကြည့်တိုက်ရှိ ပေစာရင်းအမှတ်(၁၁၂၂၇၀+ခ) ကိုပဓါနပြု၍ပါရှိသည့် ပေအင်္ဂါ၊အချပ်များအတိုင်း ပေစာ ဝမ်းဘက်၊ ကျောဘက်ခွဲခြားပြီး ကူးယူဖော်ပြထားပါသည်။ တစ်အင်္ဂါနှင့် တစ်ချပ်ရှိသောငှင်းပေမူအပြင် အခြားပေမူ နှစ်စောင် ကိုလည်း အမျိုးသားစာကြည့်တိုက်၌တွေ့ရပါသည်။ စာမျက်နှာ ၂၀၄ ကိုလည်းကြည့်။

# သာသနဝံသစာတမ်း

[က-ဝမ်း] နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
ဇယတု။

ယော နေကဝါရမ္ဗိ မရမ္မမဏ္ဍလံ။
အာဂမ္မ သဒ္ဓမ္မဇုတိံ အကာ စိရံ။
ဇန္တူနမတ္ထံ ဒီဃဒဿီ တဿီဒံ။
ဇောတေတု မောဟန္ဓဝိဓံသီ သာသနံ။
(၁၂)လုံးဘွဲ့ ဣန္ဒဝံသာဂါထာ။

ယော တထာဂတော၊ အကြင်ရှေးဘုရားတို့ကဲ့သို့လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားသည်၊ မရမ္မမဏ္ဍလံ၊ မြန်မာတိုင်းပြည်သို့။ အနေကဝါရမ္ဗိ၊ အကြိမ်များစွာလည်း။ အာဂမ္မ၊ ကြွလာတော်မူ၍ ဇန္တူနံ၊ မြန်မာတိုင်းသူ လူ အပေါင်းတို့၏။ အတ္ထံ၊ အကျိုးစီးပွားကို။ ဒီဃဒဿီ၊ အရှည်မြော်ထောက်တော်မူလျက်။ စိရံ၊ ကြာမြင့်စွာ။ သဒ္ဓမ္မဇုတိံ၊ သာသနာတော်မြတ်ထွန်းလင်းအံ့သောအကြောင်းကို အကာ၊ ပြုတော်မူလေပြီ။ တဿတထာဂတဿ၊ ထိုရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရား၏။ ဣဒံသာသနံ၊ ဤသာသနာတော်မြတ်သည်။ မောဟန္ဓဝိဓံသီ၊ မောဟတည်းဟူသော အ [ကာ-ဝမ်း] မိုက်မှောင်ကို ပယ်ဖျက်လျက်။ စိရံ၊ ရှည်မြင့်စွာ။ ဇောတေတု၊ စည်ပင်သန့်ရှင်းထွန်းလင်းပါစေသတည်း[၁]။

**ပဌမသင်္ဂါယနာတင်ခြင်း**

လူသုံးပါးတို့၏ စီးပွားချမ်းသာကို ရှာမှီးတော်မူတတ်သော သဗ္ဗညု[၂] ဘုရား သာသနာတော်မြတ်ကာလ မြင့်ရှည်တည်စေခြင်းငှာ သာသနာပြုဆရာစဉ်၊ သာသနာပြုမင်းဆက်၊ သာသနာတော် ယိုယွင်းဖောက်ပြန်

သော အခြင်းရာ၊ မယိုယွင်းမဖောက်ပြန် မှန်ကန်အောင်ပြုသော အခြင်းရာများကို ကျမ်းဂန်ထုံးစံရှိတိုင်း မာနဒေါသကင်းလျက် သန့်ရှင်းစင်ကြယ်စွာသောစိတ်ဖြင့် အကျဉ်းအမြွက်မျှ ပြဆိုဦးအံ့။ ဓမ္မဂါရဝ၊ ဓမ္မပေမ၊ ဓမ္မဝါဒီ၊ လဇ္ဇီပေသလ၊ သိက္ခာကာမဖြစ်သော သူတော်ကောင်းတို့သည် တရားကို အလေးအမြတ်ပြုလျက် ယုတ္တာယုတ္တိ ညှိနှိုင်းဆင်ခြင်၍ မှတ်သားကျင့်ဆောင်စေကုန်သတည်း။

သုံးလူ့အထွတ် သဗ္ဗညုဘုရားကား ဗျာဒိတ်[၃] ခံဦးမဆွကလည်း ဝေနေယျတို့ [ကာ-ကျော] စီးပွားချမ်းသာကို အရှည်မြော်ထောက်တော်မူလျက် လက်တော်သို့ရောက်ဆဲသော ရဟန္တာ[၄]ဆုကို ပယ်၍ ဘုရား[၅]ဆုကို ပန်ဆင်ပြီးမှ ကာလမြင့်စွာ ပါရမီအပေါင်းကို ဖြည့်တော်မူ၏။ ဘုရားဖြစ်တော်မူပြီးလည်း ဝေနေယျတို့ စီးပွားချမ်းသာကို အရှည်မြော်ထောက်တော်မူလျက် အသက်ထက်ဆုံး ချေချွတ်တော်မူပြီးမှ ကာလမြင့်စွာ သာသနာတော်မြတ် တည်ထွန်းအောင် ပြုတော်မူ၏။ ကိုယ်တော်မရှိနောက် သင်္ဂါယနာ[၆]တင်၍ သာသနာ[၇]တော်ကို စောင့်ရှောက်ပေလတ္တံ့ဟု အရှင်မဟာကဿပမထေရ်[၈]ကို အရှည်မျှော်ထောက်တော်မူ၍ ရဟန်းပြုမည်လာသောအခါ (၃)ဂါဝုတ်[၉]တိုင်အောင် ခရီးဦးကြိုဆိုတော်မူ၏။ ဉတ်[၁၀]ကမ္မဝါစာဖြင့် ပဉ္စင်းမခံစေရ။ ဩဝါဒပေးကာမျှဖြင့် ပဉ္စင်းလည်း ဖြစ်စေတော်မူ၏။ ကိုယ်တော်ဝတ်သော ဒုကုဋ်သင်္ကန်း[၁၁]ကိုလည်း လဲလှယ်ပေးတော်မူ၏။ သမာပတ်အဘိညာဉ်စသော ဥတ္တရိမနုဿ[၁၂] ဓမ္မဂုဏ်ကျေးဇူး၌လည်း ကိုယ်တော်နှင့်ထပ်တူထားတော်မူ၏။ ကောင်းကင်၌ လက်တော်ကို လှုပ်ရှားတော်မူ၍ လူဒါယကာတို့၌ မငြိတွယ် မရောနှောသောအဖြစ်၊ လမင်းနှင့်တူသော အကျင့်ရှိသော အဖြစ်များဖြင့်လည်း အရှင်မဟာကဿပမထေရ်ကိုသာ သက်သေထား၍ ချီးမွမ်းတော်မူ၏။ (၃)ကြိမ်တိုင်အောင်လည်း သာသနာတော်မြတ်ကို အပ်နှင်းတော်မူ၏။

အရှင်မဟာကဿပမထေရ်လည်း သဗ္ဗညုဘုရား နိဗ္ဗာန်[၁၃]လားတော်မူ၍ (၇)ရက်လည်သောအခါ[၁၄] (၁၂၅၀)သော ရဟန်းသံဃာ[၁၅] နှင့်တကွ ပါဝါပြည်[၁၆]မှ ကုသိနာရုံပြည်[၁၇]သို့ လာလေသော် ခရီးအကြား၌ နိဗ္ဗာန်လားတော်မူသော အကြောင်းကိုကြား၍ ရဟန်းသံဃာအပေါင်း

ငိုကြွေးကြသည်တွင် ကြီးမှရဟန်းပြုသော သုဘဒ်ရဟန်း[၁၈]က "မငိုကြွေးကြလင့်။ အဘယ် စိုးရိမ်ဖွယ်ရှိသနည်း။ ဂေါတမ မရှိက ငါတို့ကျင့်လိုရာကျင့်၊ ကြိုက်သမျှ ကျင့်ရတော့မည်ကား"ဆိုသောစကား[၁၉]ကို ကြားတော်မူလျှင် ဤသူကဲ့သို့သော ဝိသဘာဂဖြင့် သာသနာတော်မြတ်ကွယ်ပရာသော အကြောင်းရှိချေသည်ဟု ဓမ္မသံဝေဂဖြစ်တော်မူ၏။ "ယနေ့ပင်လည်း ရွှေအဆင်းနှင့်တူသော ခန္ဓာတော် ထင်ရှားရှိသေးလျက် ဆင်းရဲငြိုငြင်စွာ ပြီးစေတော်မူသော သာသနာတော်၌ ကြီးစွာသော ဘေးရန်၊ အမှိုက်၊ ဆူးငြောင့်ဖြစ်ခဲ့၏တကား။ [ကိ-ဝမ်း] ဤသူယုတ်သည် မိမိနှင့်သဘောတူ သူတစ်ပါးကို အပေါင်းအဖော်ရ၍ ကြီးပွားလေသော် သာသနာတော်မြတ်ကို ဆုတ်ယုတ်စေနိုင်ဘိယောင်တကား"ဟု မသက်မသာရှိတော်မူ၏။ ဤရဟန်းကြီးကို ဤအရပ်တွင်ပင် ပုဆိုးခြမ်း[၂၀]ကို လဲစေ၍ ကိုယ်၌ ပြာဖြင့် ကြဲစေ၍ နှင်ထုတ်အံ့ဟု ကြံတော်မူ၏။ ရဟန်းဂေါတမခန္ဓာပင် ထင်ရှားရှိသေးလျက် တပည့်များခိုက်ရန်ဖြစ်ဘိသည်။ လူတို့ အပြစ်ဆိုလေအံ့သည်ဟု နောက်ပြီးတစ်ဖန် အကြံတော်ကိုသိမ်း၍ ခပ်မဆိတ် သည်းခံတော်မူပြီးလျှင် "သဗ္ဗညုဘုရား နိဗ္ဗာန်လားသော်လည်း ဟောကြားတော်မူခဲ့သော တရားတော် ထင်ရှားရှိသေး၏တကား။ တရားတော် မြဲမြံစွာတည်အောင် သင်္ဂါယနာတင်သော် ဤသူယုတ်ကဲ့သို့သော ဝိသဘာဂတို့ဖြင့် သာသနာတော်မြတ် မကွယ်မပ တည်ထွန်းရာသည် မဟုတ်လော။ သာသနာတော်မြတ် တည်ထွန်းအောင်ပြုရမည်ကို ရည်မှတ်၍ ငါ့အား ဆိုခဲ့ပြီးသောအတိုင်း သဗ္ဗညုဘုရား ချီးမြှင့်တော်မူသည် မဟုတ်လော"ဟု ဆင်ခြင်တော်မူပြီးမှ နိဗ္ဗာန်လားတော်မူသည့် နောက်(၃)လ[၂၁] မြောက်သောအခါ ဝါခေါင်လပြည့်ကျော် (၅)ရက်နေ့[၂၂] ရာဇဂြိုဟ်[၂၃] စရည်းပင်ရောက်သောလိုဏ်[၂၄]၌ အဇာတသတ်မင်း[၂၅]ကို အမှီပြု၍ သံဃာတော်(၅၀၀)နှင့်တကွ (၇)လပတ်လုံး[၂၆] ပထမသင်္ဂါယနာ[၂၇]တင်တော်မူ၏။[၂၈]

ဤပထမသင်္ဂါယနာ၌ အရှင်အာနန္ဒာ[၂၉]၊ အရှင်ဥပါလိ[၃၀]အစရှိသော ရဟန္တာ(၅၀၀)လုံးပင် သာသနာပြုချည်း ဖြစ်၏။ အရှင်မဟာကဿပသာ အရင်တည်၍ ဥဿာဟလုံ့လ ပြင်းစွာပြုရကား သဗ္ဗညု

မြတ်စွာဘုရား မရှိနောက် လက်ဦးစွာ သာသနာပြုဆရာဆက်မည် သတည်း။ အဇာတသတ်မင်းကား "အရှင်ဘုရားတို့ ခမ္မစက်[၃၁] ဖြစ်ပါစေ။ အကျွန်ုပ်၏ အာဏာစက်[၃၂]လည်း ဖြစ်စေအံ့။ ဝံ့ဝံ့ရဲရဲ သင်္ဂါယနာတင်တော်မူပါကုန်"ဟု လျှောက်ထား၍ သုဘဒ်ရဟန်းကြီးကဲ့သို့ ဝိသဘာဂတို့ကို ဆီးတားမြစ်တားလျက် သာသနာတော်မြတ်ကို ထောက်ပင့်ချီးမြှင့်ပေရကား လက်ဦးစွာ သာသနာပြုမင်းမည်၏။ "ရဟန်း ဂေါတမ မရှိက ကျင့်လိုတိုင်းကျင့်၊ ကြိုက်သမျှ ကျင့်ရတော့မည်"ဟု သုဘဒ် ရဟန်းကြီး၏ သာသနာတော်ကို ဖျက်ဆီးလို၍ ပြောဆိုခြင်းသည် သာသနာတော်မြတ် ယိုယွင်းဖောက်ပြန်သည် မည်၏။ သုဘဒ်ရဟန်းကြီးကား အာတုမာမြို့သား ဆတ္တာသည်မျိုးတည်း။ အာတု[ကိ-ကျော]မာမြို့သို့ ဘုရားရှင်ဒေသစာရီ ကြွတော်မူသောအခါ မိမိသား သာမဏေ(၂)ယောက်ကို ဆတ္တာမှုပြုစေ၍ရသော ဆီ၊ ဆား၊ ဆန်စသော ဝတ္ထုဖြင့် ယာဂုချက်ပြီးလျှင် သံယာနှင့်တကွ ဘုရားသခင်အား လှူသည်ကို ခံတော်မမူ။ အကြောင်းကို မေး၍ ကဲ့ရဲ့ပြစ်တင်ပြုတော်မူသည်။[၃၃] အကပ္ပိယအရာ၌ လူသာမဏေ[၃၄]တို့ကို ဆောက်တည်စေသော် ဒုက္ကဋ်အာပတ်၊ ဆတ္တာသည်ဖြစ်ဖူးသော ရဟန်းသည် သင်ခုန်းစသော ဆတ္တာသည်တို့ အဆောက်အဦကို ဆောင်ရွက်သော် ဒုက္ကဋ်အာပတ်[၃၅]ဟု သိက္ခာပုဒ်(၂)ချက် ပညတ်တော်မူသည်ကို အငြိုးထားလျက် သာသနာတော်မြတ်ကို ဖျက်ဆီးလိုသောကြောင့် သံပူ၊ သံတွေကိုမျို၍ အန်ဘိသကဲ့သို့ ဤသို့စဉ် မဆိုကောင်းသော စကားကို ဆိုလေသတည်း။[၃၆]

ပိဋကတ်သုံးပုံကို သင်္ဂါယနာတင်သဖြင့် သုဘဒ်ရဟန်းကြီးကိုလည်းကောင်း၊ သုဘဒ်ရဟန်းကြီးနှင့် သဘောတူသသူတို့ကိုလည်းကောင်း၊ မလှုပ်မရှားနိုင်အောင် မြစ်တားဆီးတားခြင်းသည် သာသနာတော်မြတ် မယိုယွင်း မဖောက်ပြန် အမှန်အကန်ဖြစ်အောင် သာသနာပြုသည် မည်၏။ ဤသို့ ပထမသင်္ဂါယနာ၌ သာသနာပြုဆရာ၊ သာသနာပြုမင်း၊ သာသနာတော်မြတ် ယိုးယွင်းဖောက်ပြန်သော အခြင်းရာ၊ မယို့ယွင်း မဖောက်ပြန် အမှန်အကန် ဖြစ်အောင် သာသနာပြုသော အခြင်းရာ စကား(၄)ရပ်ကို သီးသန့်ပိုင်းခြား၍ မှတ်လေ။ ဤပထမသင်္ဂါယနာတင်သောအခါ၌ သာမဏေတို့မှာ ပရိမဏ္ဍလ[၃၇]၊ သုပ္ပဋိစ္ဆန္န[၃၈] အဝတ်အရုံ

မပျက်သေး။ ဦးထုပ်ဆောင်း၊ ဒုကုဋ်တင်[၅၉] မပေါ်သေး။ ဘုရားရှင် မျက်မှောက်တော်က နည်းပညတ်တော်အတိုင်း ပရိမဏ္ဍလ၊ သုပ္ပဋိစ္ဆန္န အဝတ်အရုံဖြင့်သာ ဝတ်ရုံကြသည်။ သည်အကြောင်းကို အဘယ်ဖြင့် သိပါသနည်းဟူမူ သာမဏေတို့လည်း ပရိမဏ္ဍလ၊ သုပ္ပဋိစ္ဆန္နသာ ဝတ်ရုံသင့်ကြောင်းကိုလာသော သင်္ဂါယနာတင်ပါဠိ၊ အဋ္ဌကထာ ကျမ်းဂန်ဖြင့် သိသည်။ ပါဠိ၊ အဋ္ဌကထာကျမ်းဂန်ကို အထက်မှာမှ သိသာလှအောင် ဆိုအံ့။

## ဒုတိယသင်္ဂါယနာတင်ခြင်း

ပထမသင်္ဂါယနာတင်ပြီးနောက် နိဗ္ဗာန်လားတော်မူသည်မှ အနှစ် (၁၀၀)[၆၀]ရောက်လေသော် ဝေသာလီပြည်[၆၁]၌ ဝဇ္ဇီတိုင်း[၆၂]သား ရဟန်းတို့သည် အဓမ္မဝတ္ထု(၁၀)ပါး[၆၃]ကို ပြသကျင့်ဆောင်ကုန်၏။ (၁၀)ပါးဟူသော်ကား

၁။ သားချိုဖြင့် ဆားကိုဆောင်၍ ဆားမရှိသော ဆွမ်းနှင့်စားလျှင် [ကိ-ဝမ်း]သန္နိဓိမဖြစ် ဟူသည်လည်းတစ်ပါး၊ ၂။ မွန်းလွဲ၍ အရိပ်လက်နှစ်သစ် ထွက်အောင်ပင် စားသော်လည်း ဝိကာလဘောဇန မဖြစ်ဟူသည်လည်း တစ်ပါး၊ ၃။ တစ်ရပ်တစ်ရွာသို့ သွားလို၍ ပဝါရိတ်သင့်လျက် အတိရိတ် မပြုဘဲ စားကောင်း၏ ဟူသည်လည်း တစ်ပါး၊ ၄။ တစ်သိမ်တည်းတွင် တစ်ကျောင်း တစ်ခြားစီ သံဃကံဆောင် ကောင်း၏ဟူသည်လည်း တစ်ပါး၊ ၅။ မလာသေးဘဲ လာမှ ဆန္ဒဟူအံ့ဟု ရှေးဦးက သံဃကံဆောင်သော် ဝဂ်မဖြစ်ဟူသည်လည်း တစ်ပါး၊ ၆။ ဆရာဥပဇ္ဈာယ်တို့ အလေ့အကျင့်ဖြစ်က အပ်တော့သည်သာ ဟူသည် လည်း တစ်ပါး၊ ၇။ နို့ရည် အဖြစ်ကိုလည်း မစွန့်သေး နို့ဓမ်းအဖြစ် သို့လည်း မရောက်သေးသော နို့ရည်ကို ပဝါရိတ်သင့်လျက် အတိရိတ် မပြုဘဲ စားကောင်း၏ ဟူသည်လည်း တစ်ပါး၊ ၈။ သေရည် အဖြစ်သို့ စင်စစ်မရောက်သေးသော သေနုကို သောက်ကောင်း၏ ဟူသည်လည်း တစ်ပါး၊ ၉။ အဆာမရှိသော နိသီဒိုင်ကို သုံးဆောင်ကောင်း၏ ဟူသည် လည်း တစ်ပါး၊ ၁၀။ ရွှေ ငွေကို ခံယူကောင်း၏ ဟူသည်လည်း တစ်ပါး။[၆၆]

ပါတလိပုတ်ပြည်[၄၅] ကာလာသောကမင်း[၄၆]ကို အမှီရ၍ ဤအဓမ္မဝတ္ထု(၁၀)ပါးကို ဝဇ္ဇီတိုင်းသားရဟန်းတို့ ပြသကျင့်ဆောင်လေကုန်သတည်း။

ထိုအကြောင်းကို အရှင်မဟာယသမထေရ်[၄၇] ကြားသိ၍ ရဟန္တာကြီး(၇၀၀)တို့ကို ဆော်နှိုးစည်းဝေးပြီးလျှင် သင်္ဂါယနာတင်အံ့ဟု ဝေသာလီပြည် ဝါလိကာရုံကျောင်း[၄၈]သို့ကြွတော်မူ၏။ ဝဇ္ဇီတိုင်းသားရဟန်းတို့လည်း အကောက်ကြံ၍ "မဟာဝုန်ကျောင်း၌ ဂန္ဓကုဋီတိုက်တော်ကို ငါတို့စောင့်နေပါသည်ကို ရဟန်းအများ လုယူမည် လာသည်"ဟု ပါတလိပုတ်ပြည် ကာလာသောကမင်းအား ကုန်းချောစားလေ၏။ ကာလာသောကမင်းလည်း "ထိုရဟန်းများကို မလာရအောင် ဆီးတားချေ"ဟု အမတ်တို့ကို စေမှားဘိ၏။ အမတ်တို့ကား နတ်တို့အာနုဘော်ဖြင့် သင်္ဂါယနာတင် မည်လာသော မထေရ်များနှင့် လမ်းလွဲလေသတည်း။[၄၉]

ထိုည၌ပင် ကာလာသောကမင်းအား လောဟကုမ္ဘီငရဲအိုး[၅၀]၌ ကျမက်သောအဖြစ်ကို အိပ်မက်မြင်လေ၏။ ထိုမင်းနှမတော် နန္ဒာ[၅၁]မည်သော ရဟန္တာမထေရ်မလည်း ကောင်းကင်ခရီးဖြင့် လာပြီးသော် ဓမ္မဝါဒီမထေရ်များကို ပြစ်မှား၍ အဓမ္မဝါဒီရဟန်းများတို့ အပင်းအသင်းပြုလျှင် အပြစ်ကြီးကြောင်းကို ပြသ၍ သာသနာကို ချီးမြှင့်ထောက်ပင့်အောင် ဆုံးမ၏။ ကာလာသောကမင်းလည်း ထိတ်လန့်ခြင်းရှိသဖြင့် [ကီ-ကျော]ဝေသာလီပြည်သို့လာ၍ အရှင်မဟာယသစသော မထေရ်တို့အား ကန်တော့ပြီးလျှင် အပင်းအသင်း အစောင့်အရှောက်ပြု၏။ အရှင်မဟာယသစသော ရဟန္တာကြီး(၇၀၀)တို့လည်း ကာလာသောကမင်းကို အမှီပြု၍ ဝေသာလီပြည် ဝါလိကာရုံကျောင်း၌ ဝဇ္ဇီတိုင်းသား ရဟန်းများတို့ ပြသကျင့်ဆောင်သော အဓမ္မဝတ္ထု(၁၀)ပါးကို ပယ်ဖျောက်လျက် (၈)လပတ်လုံး[၅၂] ဒုတိယသင်္ဂါယနာ[၅၃] တင်တော်မူကုန်၏။ ဤဒုတိယသင်္ဂါယနာ၌ အရှင်ရေဝတ၊ အရှင်သဗ္ဗကာမိအစရှိသော ရဟန္တာ(၇၀၀)လုံးပင် သာသနာပြုချည်းဖြစ်၏။ အရှင်မဟာယသသာ ပြင်းစွာ ဥဿဟလုံ့လပြုပေရကား ဒုတိယသာသနာပြုဆရာဆက်မည်

သတည်း။ အရှင်မဟာယသကား ဇေတဒဂ်ငါးချက်ရသော ဓမ္မာဘဏ္ဍာဂါရိက[၅၄] အရှင်အာနန္ဒာတပည့်ရင်း သဒ္ဓိဟာရိက အတူနေတည်း။

ပါတလိပုတ်ပြည် ကာလာသောကမင်းကား ရှေးဦးက မှားသော အယူကိုစွန့်၍ အရှင်မဟာယသတို့ အပင်းအသင်းအစောင့်အရှောက်ပြု ပေရကား ဒုတိယသာသနာပြု မင်းဆက်မည်၏။ ဝဇ္ဇီတိုင်းသားရဟန်းများတို့ ပြသကျင့်ဆောင်ကြသော အဓမ္မဝတ္ထု(၁၀)ပါးသည် သာသနာတော်မြတ်ယိုယွင်းဖောက်ပြန်သော အခြင်းအရာမည်၏။ ထိုအဓမ္မဝတ္ထု(၁၀)ပါးကို ပယ်ဖျက်၍ သင်္ဂါယနာတင်ခြင်းသည် မယိုယွင်းမဖောက်ပြန် အမှန်အကန်ဖြစ်အောင် သာသနာပြုသည်မည်၏။ ဤစကား(၄)ရပ်ကို သီးသန့်ပိုင်းခြား၍မှတ်လေ။ မဇ္ဈိမဒေသ[၅၅] ပါတလိပုတ်ပြည်၌ သုသုနာဂမင်း[၅၆]သား ကာလာသောကမင်း နန်းတက်၍ ဆယ်နှစ်မြောက်[၅၇]၊ ငါတို့ မြန်မာတိုင်း သရေခေတ္တရာ ရသေ့ပြည်[၅၈]တွင်း၌ ဒွတ္တပေါင်မင်း[၅၉] ဘိသိက်မခံမီ (၁)နှစ်တွင် ဒုတိယသင်္ဂါယနာတင်သတည်း။ ဤဒုတိယသင်္ဂါယနာတင်သောအခါ သာမဏေတို့မှာ ပရိမဏ္ဍလ၊ သုပ္ပဋိစ္ဆန္န အဝတ်အရုံ မပျက်သေး။ ဦးထုပ်ဆောင်ဒုကုဋ်တင် မပေါ်သေး။ ဘုရားရှင် မျက်မှောက်တော်က နည်းပညတ်တော်ရှိတိုင်း ပရိမဏ္ဍလ၊ သုပ္ပဋိစ္ဆန္နအဝတ်အရုံဖြင့်သာ ဝတ်ရုံကြကြောင်းကို သင်္ဂါယနာတင်ပါဠိ၊ အဋ္ဌကထာကျမ်းဂန်ဖြင့် သိရသည်။

## တတိယသင်္ဂါယနာတင်ခြင်း

ဒုတိယသင်္ဂါယနာတင်ပြီးနောက် သာသနာတော်(၂၃၅)နှစ်[၆၀] ရောက်လေသော် တိတ္ထိ (၆၀၀၀၀) တို့သည် လာဘသက္ကာရကို ငဲ့သဖြင့် ရဟန်းယောင်ဆောင် [ကု-ဝမ်း] ၍ ဥပုသ်၊ ပဝါရဏာကံကြီး၊ ကံငယ်၌ ဝင်လေကုန်ရကား ပရိသတ်မစင်ကြယ်သောကြောင့် ရဟန်းသံဃာတို့၌ ဥပုသ် မပြုရကုန်။ သာသနာတော်၌ အညစ်အကြေး ဆူးငြောင့်ဘေးရန်များစွာဖြစ်၍ (၇)နှစ်တိုင်အောင် ဥပုသ်ပြတ်လေ၏။ ထိုအကြောင်းကို သီရိဓမ္မာသောကမင်း[၆၁]ကြား၍ အမိကရုဏ်းကို ငြိမ်းချေ။ ဥပုသ်ပြုစေဟု အမတ်တစ်ယောက်ကို စေလိုက်သော် ဥပုသ်မပြုလျှင် သတ်ဘိဆိုသည်အထင်နှင့် ဥပုသ်မပြုသော ဓမ္မဝါဒီရဟန်းများကို သတ်လေ၍

သီရိဓမ္မာသောကမင်း သိလျှင် "ယင်းသို့ ငါမစေဘဲ အမတ်အလျောက် သတ်လေသည်ကား ငါ့အား မကောင်းမှု လွတ်အံ့လော၊ မလွတ်လော" ယုံမှားရှိသဖြင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကို ဂင်္ဂါအညာ[၆၂] မှ ပင့်၍ လျှောက်မေးလျှင် ဒီပကတိတ္တိရဇာတ်[၆၃] ဖြင့် စေတနာမရှိလျှင် မကောင်းမှု လွတ်ကြောင်းကို ဖြေတော်မူ၏။ (၇)ရက်တိုင်အောင်လည်း တိတ္ထိတို့ အယူဝါဒကို သီရိဓမ္မာသောကမင်းအား သင်ကြားစေ၏။ အယူဝါဒနှင့် နှိုင်းခိုင်းလျက် တိတ္ထိ(၆၀၀၀၀)တို့ကို နှင်ထုတ်စေပြီးမှ ရဟန်း(၆၀၀၀၀၀)နှင့်တကွ ဥပုသ်ပြုတော်မူ၏။ ဘုရားရှင် ဗျာဒိတ်တော်နှင့်အညီ ကထာဝတ္ထုကျမ်း[၆၄]ကိုလည်း ဟောတော်မူ၏။ အသောကာရုံကျောင်း[၆၅]၌ ရဟန္တာကြီး(၁၀၀၀)စည်းဝေး၍ (၉)လပတ်လုံး သင်္ဂါယနာလည်း တင်တော်မူ၏။[၆၅] ဤတတိယသင်္ဂါယနာ၌ ရဟန္တာ(၁၀၀၀)လုံးပင် သာသနာပြုချည်း ဖြစ်၏။ အရှင်မဟာမောဂ္ဂလိပုတ္တတိဿသာ ပြင်းစွာ ဥဿဟလုံ့လပြုရကား တတိယသာသနာပြု[၆၆] ဆရာဆက်မည်သတည်း။

အရှင်မဟာမောဂ္ဂလိပုတ္တတိဿကား ဒုတိယသင်္ဂါယနာဆရာတို့ တောင်းပန်၍ မဟာဗြဟ္မာဘုံ[၆၇]မှ လူ့ပြည်၌ ဖြစ်လာသသူတည်း။ ဝိနည်းကို ဆောင်သောအရာ၌ ဧတဒဂ်ရသော အရှင်ဥပါလိတပည့်ကား အရှင်ဒါသက၊ အရှင်ဒါသကတပည့်ကား အရှင်သောဏက၊ အရှင်သောဏကတပည့်ကား အရှင်သိဂ္ဂဝ၊ အရှင်စဏ္ဍဝဇ္ဇီ(၂)ပါး။ ထို(၂)ပါးတွင် အရှင်သိဂ္ဂဝကား အရှင်မဟာမောဂ္ဂလိပုတ္တတိဿ၏ ဥပဇ္ဈာယ်၊ အရှင်စဏ္ဍဝဇ္ဇီကား အရှင်မဟာမောဂ္ဂလိပုတ္တတိဿ၏ ဆရာတည်း။ သီရိဓမ္မာသောကမင်းသည် သာသနာတော်ကို ချီးမြှင့်ထောက်ပံ့ပေရကား တတိယသာသနာပြုမင်းဆက် မည်၏။ ရဟန်းယောင်ဆောင်၍ သာသနာတော်မြတ်ကို တိတ္ထိခြောက်သောင်းတို့ ဖျက်ဆီးခြင်းသည် သာသနာတော်မြတ် ယိုယွင်းဖောက် [ကု-ကျော] ပြန်သည် မည်၏။ တိတ္ထိတို့အယူဝါဒကို ပယ်ခြင်း၄၁ ကထာဝတ္ထုကျမ်းကို ဟောခြင်း၊ သင်္ဂါယနာတင်ခြင်းသည် သာသနာတော်မြတ် မယိုယွင်းမဖောက်ပြန် အမှန်အကန်ဖြစ်အောင် သာသနာပြုသည်မည်၏။ ဤစကားလေးရပ်ကို သီးသန့်ပိုင်းခြား၍ မှတ်လေ။

မဇ္ဈိမတိုက် ပါတလိပုတ်ပြည်၌ သီရိဓမ္မာသောကမင်း နန်းတက်[၆၈]၍ (၁၈)နှစ်မြောက် ငါတို့မြန်မာတိုင်း သရေခေတ္တရာ ရသေ့ပြည်တွင်း၌ ရန်ပေါင်မင်း[၆၉]နန်းတက်၍ (၁၂)နှစ်မြောက်တွင် တတိယသင်္ဂါယနာ တင်သတည်း။ ဤတတိယသင်္ဂါယနာတင်သောအခါ သာမဏေတို့မှာ ပရိမဏ္ဍလ၊ သုပ္ပဋိစ္ဆန္န အဝတ်အရုံ မပျက်သေး။ ဦးထုပ်ဆောင်းဒုကုဋ်တင် မပေါ်သေး။ ဘုရားရှင် မျက်မှောက်တော်က နည်းပညတ်တော်အတိုင်း ပရိမဏ္ဍလ၊ သုပ္ပဋိစ္ဆန္န အဝတ်အရုံဖြင့်သာ ဝတ်ရုံကြကြောင်းကို သင်္ဂါယနာတင်ပါဠိ၊အဋ္ဌကထာ ကျမ်းဂန်ဖြင့် သိရသည်။ ဤဆိုခဲ့ပြီးသော စကားသုံးရပ်ကား မဇ္ဈိမတိုက်၌ သာသနာပြုသော အခြင်းရာ သင်္ဂါယနာသုံးတန်တည်း။

## ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်ခြင်း

သိန်ခိုကျွန်း[၇၀]၌ ဝဋ္ဋဂါမဏိမင်းလက်ထက်[၇၁] ရဟန္တာ(၅၀၀)တို့ ပိဋကတ်သုံးပုံ[၇၂]ကို ပေထက်တင်ခြင်းသည်လည်း စတုတ္ထသင်္ဂါယနာ[၇၃]ပင် မည်ရကား။ ထိုနှင့်သော် သင်္ဂါယနာလေးတန်ဟူ၍ ဋီကာတေရသကဏ်[၇၄]၌ ဆိုသည်။ အထက်မှာမှ အကျယ်ပြအံ့။

တတိယသင်္ဂါယနာတင်ပြီးဆုံး၍ နောင်အခါ အဘယ်အရပ်မှာ သာသနာတော်မြတ် ကောင်းစွာတည်လတ္တံ့နည်းဟု အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ဆင်ခြင်တော်မူလျှင် ပစ္စန္တရာဇ်[၇၅]တိုင်းဇနပုဒ်[၇၆]တို့၌ ကောင်းစွာတည်လတ္တံ့သည်ကို မြင်တော်မူ၍ ပစ္စန္တရာဇ် ကိုးဌာနသို့ သာသနာပြုစေတော်မူသည်ကား[၇၇]

၁။ မဇ္ဈန္တိကမထေရ်ကို ကသ္မီရဂန္ဓာရတိုင်း[၇၈]သို့ စေတော်မူသည်၊

၂။ မဟာရေဝတမထေရ်ကို မဟိံသကတိုင်း[၇၉]သို့

၃။ ရက္ခိတမထေရ်ကို ဝနဝါသီတိုင်း[၈၀]သို့

၄။ ယောနကဓမ္မရက္ခိတမထေရ်ကို အပရန္တတိုင်း[၈၁]သို့

၅။ မဟာဓမ္မရက္ခိတမထေရ်ကို မဟာရဋ္ဌတိုင်း[၈၂]သို့

၆။ မဟာရက္ခိတမထေရ်ကို ယောနကတိုင်း[၈၃]သို့

၇။ မဇ္ဈိမမထေရ်ကို ဟိမဝန္တာ၌တည်သော စိန့်တိုင်းငါးရပ်[၈၄]သို့

၈။ သောဏ၊ ဥတ္တရမထေရ်တို့ကို သုဝဏ္ဏဘူမိတိုင်း[၈၅]သို့

၉။ အရှင်မဟိန္ဒမထေရ်ကို သီဟဠတမ္ဗပဏ္ဏိ[၈၆]မည်သော သိန်ခိုကျွန်းသို့ စေတော်မူသည်။

ဤကိုးဌာနသို့ ငါးပါးစီ ပဉ္စဝဂ်သံဃာမြောက်အောင် စေတော်မူ [ကူ-ဝမ်း]သတည်း။ မထေရ်တို့ ကြွ၍ ဤကိုးဌာန၌ သာသနာပြုတော်မူကြလျှင် ရဟန်းတို့ ဝတ်ရုံသော သင်္ကန်းရောင်ဖြင့် တောက်ပလျက် ရဟန်းတို့ ဝတ်ရုံခြင်း၊ လက်ခြေကွေးဆန့်ခြင်းစသည်မှ ဖြစ်သောလေဖြင့် လာလျက် သာသနာတော် စည်ပင်တည်ထွန်းစွာ ဖြစ်၏။ ဤပစ္စန္တရာဇ်(၉)ဌာန၌ သာသနာပြုသော မထေရ်မြတ်တို့ကား ထိုရှင်မဟာမောဂ္ဂလိပုတ္တတိဿ၏ တပည့်အဆက်အနွယ်ဖြစ်သော ဆဠာဘိညပဋိသမ္ဘိဒါပတ္တရဟန္တာ[၈၇]ကြီးတို့သာတည်း။ ထိုသို့ ရဟန္တာကြီးတို့မှ အမွန်အစဖြစ်ရကား။ ဤပစ္စန္တရာဇ်(၉)ဌာန၌ တိမ်တိုက်၊ ဆီးနှင်း၊ အခိုး၊ ကြေး၊ မြူ။ ရာဟု နှောင့်ယှက်ခြင်းမှ ကင်းလွတ်သော နေမင်း၊ လမင်းကဲ့သို့ လက်ဦးမဆွက အဓမ္မဝါဒီဝိသာဘာဂနှောင့်ယှက်ခြင်းမှ ကင်းလွတ်၍ သာသနာတော်မြတ် သန့်ရှင်းထွန်းလင်းစွာ တည်၏။

## အာပရန္တတိုင်းနှင့် သုနာပရန္တတိုင်း

ဤကိုးဌာနတို့တွင် အပရန္တတိုင်းဟူသည်ကား သုနာပရန္တတိုင်း[၈၈] ပင်တည်း။ အဘယ်ကြောင့် သိရသနည်းဟူမူကား အရှင်ပုဏ္ဏမထေရ် ပင့်ဖိတ်၍ သုနာပရန္တတိုင်းသို့ ကြွတော်မူမည့်နေ့၌ စာရေးတံ လက်ဦးယူသောကြောင့် အရှင်ကုဏ္ဍဓာနမထေရ်[၈၉]ကို စာရေးတံဦးယူသောအရာ၌ ဧတဒဂ်ထားတော်မူသည်ဆိုရာ ဥပရိပဏ္ဏာသအဋ္ဌကထာ[၉၀]၊ သဠာယတနသံယုတ်အဋ္ဌကထာ[၉၁]များ၌ သုနာပရန္တသဒ္ဒါနှင့်ဆိုသည်။ ဓမ္မပဒအဋ္ဌကထာ[၉၂]၊ အင်္ဂုတ္တရအဋ္ဌကထာ[၉၃]များ၌ အပရန္တသဒ္ဒါနှင့် ဆိုသည်။ ဤသို့ သုနာပရန္တသဒ္ဒါနှင့် အပရန္တသဒ္ဒါကို အနက်တူ ပရိယာယ်အဖြစ်ဖြင့် အဋ္ဌကထာတို့၌ ဆိုသောကြောင့် သိရသတည်း။ မန္တာတ်စကြာမင်း[၉၄] နတ်ပြည်သို့တက်၍ သားကြီးရတနာကို ပြန်လည်စေသည့်ကာလ အတူပါသော လေးကျွန်းသားတို့တွင် မြောက်ကျွန်းသားတို့နေရာကား ကုရုတိုင်း[၉၅]၊ အရှေ့ကျွန်းသားတို့နေရာကား ဝိဒေဟရာဇ်တိုင်း[၉၆]၊ အနောက်ကျွန်းသားတို့နေရာကား အပရန္တတိုင်းမည်

ကြောင်းကို သတိပဋ္ဌာနသုတ်အဋ္ဌကထာ[၉၇]၌ ဆိုသည့်အတိုင်း သုနာပရန္တမည်ကြောင်းကို ရှေးဆရာတို့ဆိုသော မှတ်စုစာရှိသော ကြောင့် သိရသတည်း။ မန္တာတ်မင်း၏သားကြီး ရတနာနှင့်အတူပါသော အနောက်ကျွန်းသားတို့၏နေရာဖြစ်၍ သားကိုဟောသော သုနုသဒ္ဒါနှင့် သုနာရန္တတိုင်းဟူ၍လည်းကောင်း၊ သုနုသဒ္ဒါကို မယှဉ်ဘဲ အပရန္တတိုင်း ဟူ၍လည်းကောင်း ကျမ်းဂန်များ၌ အမည်နှစ်ပါးဖြင့် ခေါ်ဝေါ်သည်။ ဇမ္ဗူဒိပ်မြေအပြင်တွင် သု[ကူ-ကျော]နာပရန္တတိုင်းမတိုင်းကြီး အထင် အရှား၊ အကျော်အစောဖြစ်ကြောင်းကိုလည်း စဏ္ဏာခေါ်ပုဏ္ဏသုနာ ပရန္တကာမနုသ အစရှိသဖြင့် ပုဏ္ဏောဝါဒသုတ်[၉၈]၌ ရွှေနှုတ်တော်ထွက် ပါဠိရှိသောကြောင့် သိရသတည်း။

## သုဝဏ္ဏဘူမိတိုင်းနှင့် ယောနကတိုင်း

သုဝဏ္ဏဘုမ္မိတိုင်းဟူသည်လည်း သထုံမြို့ခရိုင် ဇနပုဒ်ပင်တည်း။ အဘယ်ကြောင့် သိရသနည်းဟူမူကား သုဝဏ္ဏဘုမ္မိတိုင်းနှင့် သိန်ခိုကျွန်း ကား ယူဇနာ(၇၀၀)ကွာ၏။ လေတစ်ဖြောင့်တည်းသင့်လျှင် (၇) ရက်သာ သင်္ဘောသွားရ၏။ ရံခါ ထိုယူဇနာ(၇၀၀)မျှလောက်သော (၇)ရက်သင်္ဘောခရီး၌ ဝင္ကမည်သောငါးတို့ ကျောက်ကုန်းချင်းစပ်မျှရှိ ၏။ ထို့ကြောင့် ကြည်းနေသတ္တဝါထက် ရေနေသတ္တဝါသာ များ၏ဟု ကေဂိုတ္တရအဋ္ဌကထာ[၉၉]၌ သမုဒ္ဒရာအနီးအပါးဆိုသောကြောင့်လည်း ကောင်း၊ စာဟောင်းစာတမ်းရှိသောကြောင့်လည်းကောင်း သိရ သတည်း။ ကလျာဏီစာ[၁၀၀]တွင် သုဓမ္မပူရဟု ပါဌ်စီရကား သုဓမ္မမြို့ကို တံခွန်လွှား၍ ကာလလျားသဖြင့် သထုံ[၁၀၁] ခေါ်ဝေါ်သည်။ အချို့သူတို့ ကား ရွှေမျက်ပါး ခတ်ရာခံသောမြေရှိသည်ကို အစွဲအမှတ်ပြု၍ရာ ဇင်းမယ်[၁၀၂]ခရိုင်ကို သုဝဏ္ဏဘုမ္မိတိုင်းဟု အတွေးအဆနှင့် ဆိုကြကုန်၏။ အရပ်အနေ မသင့်။ စာဟောင်းစာတမ်းလည်း မရှိ။ အချို့သူတို့လည်း ယိုးဒယား[၁၀၃] ခရိုင်ကို သုဝဏ္ဏဘုမ္မိဟု အတွေးအထင်နှင့် ဆိုကြကုန်၏။ (၁၁၅၁)ခုနှစ်[၁၀၄] သီရိစန္ဒရတ်[၁၀၅]တို့တွင်ပါသော သိန်ခိုကသံစာ[၁၀၆]တွင် သျှမ်[၁၀၇] ဟူသော အမည်ကိုစွဲ၍ ယိုးဒယားခရိုင်ကို သိယာမရဋ္ဌဟု ပါဌ်စီသည်နှင့်မညီ။ ယောနကတိုင်းဟူသည်လည်း ရှမ်း[၁၀၈]၊ ယွန်း[၁၀၉]၊

ပန်းသေး[၁၁၀]တို့နေရာ ဇနပုဒ်ပင်တည်း။ ထိုအကြောင်းကို သဒ္ဒါတင်းလင်းနှင့်ဖြစ်၍ သိသာပြီ။ ဤဆိုပြီးသော အပရန္တတိုင်း၊ သုဝဏ္ဏဘုမ္မိတိုင်း၊ ယောနကတိုင်း(၃)ရပ်သည် အာဒိစ္စဝံသ[၁၁၁] မြန်မာဦးစွန်းမင်းအဆက်ဆက် လက်နက်နိုင်ငံ ဖြစ်၏။ ထို့ကြောင့် သာသနာတော်(၂၃၅)နှစ်[၁၁၂]က သီရိဓမ္မာသောကမင်းလက်ထက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်စေ၍ ရဟန္တာကြီးတို့ သာသနာပြုသော ပစ္စန္တရာဇ်(၉)ဌာနတွင် ယခင်(၃)ဌာနသည် မရမ္မမဏ္ဍလ အဝင်အပါဖြစ်၍ သာသနာတော်မြတ်အမွန်အဆက်သုံးကြောင်း သုံးသွယ်သက်သတည်း။

သီရိဓမ္မာသောကမင်းနှင့် ဒွတ္တပေါင်မင်းမြေး ရန်ပေါင်မင်းတို့ကာလအပြိုင်[ကေ-ဝမ်း]ဖြစ်ရကား ရာဇဝင်တွင် အထင်အရှား ဆိုကောင်းလျက် မဆိုလေတကား ဟူဖွယ်ရှိ၏။ ရာဇဝင်ကား ရှေးအစဉ်အမှတ်အသားရှိမှသာ ရေးသားဆိုနိုင်သည်။ ကာလရှည်လျား၍ ရှေးအစဉ်အမှတ်အား ပျောက်ခဲ့သော် မရေးသား မဆိုနိုင်ရာ။ ယခုနောက်မှ စေ့စပ်ရေးသားကြသော ရာဇဝင်ကြီး[၁၁၃]၊ ရာဇဝင်လတ်[၁၁၄] ခေါ်ဝေါ်သော စာများတွင်လည်း ရသေ့ပြည်တွင်းမင်းတို့ အကြောင်းအရာအစေ့အစုံ မပါ။ ထိုကြောင့် ရာဇဝင်တွင်မဆို မဟူသင့်။ ကျမ်းဂန်ထက်ရာဇဝင် မလွန်သာ။ မြစ်ရေချောင်းရေကြီးသည်ကို မြင်၍ မြစ်ညာချောင်းညာ၌ မိုးရွာသည်ကို သိရသကဲ့သို့ စေတီ၊ ပုထိုး၊ ကျောင်းကန် နေရပ် နေရာကို မြင်၍ ရှေးအခါ သာသနာတော်မြတ်တည်ထွန်းသောအဖြစ်ကို သိရာသည်။

ငါတို့ သုနာပရန္တတိုင်း၌ကား ဝါဏိဇ္ဇဂါမ[၁၁၅]ရွာသား စူဠပုဏ်[၁၁၆]၊ မဟာပုဏ်[၁၁၇]ညီနောင်ကိုစွဲ၍ ရှေးဘုရားသခင် ထင်ရှားရှိတော်မူစဉ်ကပင် သာသနာတော်မြတ် သက်ဆင်းစမူ၏။ အမြဲအစွဲ အပြန့်အနှံ့ကား မတည်မထွန်းလေ။ စူဠပုဏ်ကား သရဏဂုံတည် ဥပါသကာ။ မဟာပုဏ်ကား ရဟန္တာအပဒါန်ကျမ်း[၁၁၈]ဝင် မဟာသာဝကတည်း။ စန္ဒကူးတန်ဆောင်းကျောင်းဆောက်သည့်ကာလလည်း နောင်အခါသာသနာတော် အဟုတ်အဟတ် အရှည်တည်မည်ကို အကြောင်းပြု၍ အရှည်မြော်ထောက်တော်မူလျက် ဘုရားသခင် အကြိမ်ကြိမ် ကြွလာ၏။ သစ္စဗန်က္ကသိဒ္ဓိ[၁၁၉]စသောသူတို့အားလည်း အကျွတ်တရား ပေးတော်မူ

၏။ ဤသို့ ပုဏ္ဏသစ္စဗန်သူမွန်တို့က အရင်းစ၍ သုနာပရန္တ မြန်မာတိုင်းပြည်၌ ဘုရားသခင်လက်ထက်တော်က သာသနာတော်မြတ် သက်ဆင်းစ ဖြစ်ကြောင်းကိုလည်း ပုဏ္ဏောဝါဒသုတ်အဋ္ဌကထာ[၁၂၀]၌ ဆိုသည်။

သို့စင်ကာလရှည်လားစွာဖြစ်လျက် အစဉ်အစိုက် အမှတ်ဝေါဟာရ ရှိတိုင်းမယူဘဲ ဤအရပ် မှန်မည်၊ မမှန်မည်၊ အထူး မဟူသာပြီ။ သည်မှာမှ မှန်သည် မပြနိုင်လျှင် သည်မှာ မမှန်ဆို ကျိုးမရှိ။ သုဝဏ္ဏဘုမ္မိတိုင်း၌လည်း အသိတဥ္စန[၁၂၁]၊ ပေါက္ခရဝတီမြို့[၁၂၂]သား တပုဿ၊ ဘလ္လိက ညီနောင်ကိုစွဲ၍ ဘုရားသခင်လက်ထက်တော်ကပင် သာသနာတော်မြတ် သက်ဆင်းစမူ၏။ အမြဲအစွဲ အပြန့်အနှံ့ကား မတည်မထွန်းလေ။ တပုဿကား သောတာပန် ဥပါသကာ၊ ဘလ္လိကကား ရဟန္တာအပဒါန်ကျမ်းဝင်သာဝကဟူ၍ ထေရဂါထာ အပဒါန်ကျမ်း[၁၂၃]များ၌ ဆိုသည်။ [ကေ-ကျော]ဤဆိုခဲ့ပြီးသော စကားအစဉ်ကား ပစ္စန္တရာဇ်ကိုး႒ာန၌ ရဟန္တာကြီး (၄၅)ပါး[၁၂၄]တို့ သာသနာပြု၍ သာသနာတော်မြတ် တည်ထွန်းသော အခြင်းရာတည်း။ သာသနာပြုသည်ဟူသော စကား၌လည်း သာသနာတော်မြတ်ကို အသစ်ပြုသည် မယူသင့်။ ဘုရားသခင်ဟောတော်မူသော သတိပဋ္ဌာန်[၁၂၅] အစရှိသည်မှ အခြားတစ်ပါးသတိပဋ္ဌာန် အစရှိသည်ကို မပြုနိုင်ရကား ဘုရားသခင်ဟောတော်မူသော သာသနာတော်မြတ်ကို အဟောင်းအတိုင်း တည်အောင်သာ ပြုသည်ယူမှ သမ္မာဝါဒ ဖြစ်သည်။ ဥတ္တရာပထက ရဟန်း[၁၂၆]တို့ကဲ့သို့ သာသနာတော်မြတ်ကို အသစ်ပြုသည် ယူသော် မိစ္ဆာဝါဒဖြစ်၏ဟု ကထာဝတ္ထုကျမ်း[၁၂၇]၌ ဟောတော်မူသည်။ သတိရှိစေ။

ဤသို့ မဇ္ဈိမတိုက် သောဠသ[၁၂၈] ပစ္စန္တရာဇ်ကိုး႒ာန[၁၂၉]တို့၌ နိဗ္ဗာန်လားတော်မူသည့်နောက် သန့်ရှင်းစင်ကြယ်စွာ သာသနာတော်မြတ်တည်ထွန်းစေခြင်းငှာ ဝိသဘာဂ၊ မိစ္ဆာဝါဒများကို နှိပ်နင်းနှင်ပယ်ဖျက်၍ ရဟန္တာအရှင်မြတ်တို့ သုတ်သင်ပြုစုပါလျက်လည်း ကာလရှည်လျားလေသော် တရားတော်၏သိမ်မွေ့နက်နဲခဲယဉ်းသဖြင့် သိနိုင်ကျင့်နိုင်ခဲသောကြောင့် မဇ္ဈိမဒေသ ပစ္စန္တအရပ်(၂)ပါး၌ပင် သာသနာတော်မြတ်၏ အထပ်ထပ် အသစ်သစ် အညစ်အကြေး ဘေးရန် ဖြစ်ပြန်၍

မသန့်ရှင်းမစင်ကြယ်ရှိလေသတည်း။

## ဂိုဏ်းကွဲများအကြောင်း

မရှိမတိုက်သောင်သည့် သာသနာတော်မြတ် မသန့်ရှင်းမစင်ကြယ်ဖြစ်ကြောင်းကား ဒုတိယသင်္ဂါယနာတွင် နှင်ထုတ်လိုက်သော ဝဇ္ဇီတိုင်းသား (၁၀၀၀၀)တို့သည် မိမိတို့သဘောတူ ဝိသဘာဂအပင်းအသင်းကိုရှာ၍ မဟာသိင်္ဂီတိ[၁၃၀]အမည်ဖြင့် ရဟန္တာအရှင်မြတ်တို့ အတုသင်္ဂါယနာတင်ဟန်ပြု၍ ဂိုဏ်းသီးထောင်ကုန်၏။ ပထမ၊ ဒုတိယသင်္ဂါယနာတင်သည်နှင့် ဆန့်ကျင်အောင် ဖျက်ဆီးလျက် တစ်ပါး၌ သင်္ဂါယနာတင်ကောင်းသော သုတ်[၁၃၁]၊ အဘိဓမ္မာ[၁၃၂]၊ ဝိနည်း[၁၃၃]ကို တစ်ပါး၌ သင်္ဂါယနာတင်လေကုန်၏။ ဟုတ်မှန်သော သဒ္ဒါအနက်ကို ဖျက်ဆီးလေကုန်၏။ ဥပစာ၊ မုချ၊ နီတတ်၊ နေယျတ်၊ သန္ဓာယဘာသိတ၊ အနက်ပါဠိကို မသိဘဲ သဒ္ဒါရိပ်မျှဖြင့် အနက်အဓိပ္ပာယ်ကို ဖျက်ဆီးကုန်၏။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပဋိသမ္ဘိဒါ၊ နိဒ္ဒေသဇာတ်တစ်ချို့ကို စွန့်ပယ်၍ တစ်ချို့ကိုသာ ထားလေကုန်၏။ ထိုသို့ထားခြင်းကား မိမိတို့ဂိုဏ်းတွင်း သာတည်း။ သင်္ဂါယနာဆရာတို့ ထေရဝါဒဂိုဏ်းတိုင်[ကဲ-ဝမ်း]အောင် မထားနိုင်။ ရဟန်းတို့ အသွင်အပြင်အမူအရာ၊ အနေအသွားများကိုလည်း တရားတော်ရှိတိုင်း ပကတိသဘောကို စွန့်၍ တစ်ပါးတစ်ခြား ကျင့်လိုတိုင်းကျင့် ကြိုက်သမျှကျင့်ကြလေကုန်၏။ ဤကား ဒုတိယသင်္ဂါယနာတင်သော ရဟန္တာအရှင်မြတ်တို့ နှင်ထုတ်၍ ဂိုဏ်းသီးထောင်သော မဟာသိင်္ဂီတိမည်သော အဓမ္မဝါဒီဂိုဏ်းတည်း။[၁၃၄]

ထိုမှနောက်ကာလရှည်လေသော် မဟာသိင်္ဂီတိဂိုဏ်းကပင် အချင်းချင်း ဝါဒကွဲပြားကြ၍ ဂေါကူလိကဂိုဏ်း[၁၃၅]၊ ဧကဗျောဟာရဂိုဏ်း[၁၃၆] (၂)ပါး ကွဲပြန်လေ၏။ ထိုမှနောက်လည်း ဂေါကူလိကဂိုဏ်းကပင် အချင်းချင်း မညီမညွတ်ပြန်ကြ၍ ဗဟုသုတိကဂိုဏ်း[၁၃၇]၊ ပညတ္တိဝါဒဂိုဏ်း[၁၃၈] (၂)ပါး ကွဲပြားလေ၏။ တစ်ဖန်လည်း စေတိယဝါဒဂိုဏ်း[၁၃၉] (၁)ပါး ခြားနားပြန်၏။ ကာလရှည်လေသော် ထေရဝါဒဂိုဏ်းမှ ဝိသဘာဂဂိုဏ်းသို့ ထွက်ပြန်၍ မဟိံသကဂိုဏ်း[၁၄၀]၊ ဝဇ္ဇီပုတ္တကဂိုဏ်း[၁၄၁]

(၂)ပါးကွဲပြန်လေ၏။ ထို့နောက်လည်း ဝဇ္ဇိပုတ္တကဂိုဏ်းကပင် အချင်းချင်း မသင့်တင့်ပြန်ကြ၍ ဓမ္မုတ္တရိကဂိုဏ်း[၁၄၂]၊ ဘဒ္ဒယာနိက ဂိုဏ်း[၁၄၃]၊ ဆန္နာဂါရိကဂိုဏ်း[၁၄၄]၊ သမ္မိတိဂိုဏ်း[၁၄၅] (၄)ပါး ကွဲပြန်လေ၏။ တစ်ဖန်လည်း မဟိံသာသက ဂိုဏ်းက အချင်းချင်း မညီမညွတ်ပြန်ကြ၍ သဗ္ဗတ္ထိဝါဒီဂိုဏ်း[၁၄၆]၊ ဓမ္မဂုတ္တိကဂိုဏ်း[၁၄၇]၊ ကဿပိယဂိုဏ်း[၁၄၈]၊ သင်္ကန္တိကဂိုဏ်း[၁၄၉]၊ သုတ္တဝါဒဂိုဏ်း[၁၅၀] (၅)ပါး ကွဲပြန်လေ၏။ ဒုတိယသင်္ဂါယနာတင်သော ရဟန္တာအရှင်မြတ်တို့အနွယ်အဆက် ဓမ္မဝါဒီဖြစ်သော ထေရဝါဒီဂိုဏ်း မြတ်မှ ကွဲပြားခြားနားလေသော မဇ္ဈိမတိုက်၌ ဆိုခဲ့သမျှ အဓမ္မဝါဒီဂိုဏ်း အပေါင်းကား (၁၇)ပါးတည်း။ ထိုအဓမ္မဝါဒီ(၁၇)ဂိုဏ်း[၁၅၁] တို့သည် ယခင်ကဆိုခဲ့သောအတိုင်း သာသနာမြတ်ကို ဖျက်ဆီးကြ၏။ ဂိုဏ်းနိကာယ်ဟူသည်လည်း အမည်တူတည်း။

ဤသို့ မဇ္ဈိမတိုက်၌ ဓမ္မဝါဒီဖြစ်သော ထေရဝါဒဂိုဏ်းမှ ကွဲပြားခြားနားသော အဓမ္မဝါဒီ(၁၇)ဂိုဏ်းသားတို့သည် ရဟန်းတို့အမည်၊ အသွင်အပြင်၊ အသုံးအဆောင်၊ ပရိက္ခရာ၊ အမူအကျင့်၊ အမှုကြီးငယ်များကို တရားတော်နှင့် အညီ ပကတိသဘောအတိုင်း မကျင့်မဆောင် စွန့်ပယ် ကျင့်ဆောင်ကြောင်းကို ကထာဝတ္ထုအဋ္ဌကထာ[၁၅၂]၊ မဟာဝင်[၁၅၃]၊ ဒီပဝင်[၁၅၄]၊ သာရတ္ထဒီပနီ[၁၅၅]များ၌ "နာမလိင်္ဂံ ပရိက္ခာရံ၊ အာကပ္ပက ရဏိယာနိစ၊ ပကတိဘာဝံ ဝိဇဟိတွာ၊ တဉ္စ အညံ အကံသုတေ" အစရှိသဖြင့် ဆိုသောကြောင့် [ကဲ-ကျော]ပရိမဏ္ဍလ၊ သုပ္ပဋိစ္ဆန္န အဝတ်အရုံကို ထိုကာလကပင် အဓမ္မဝါဒီ အလဇ္ဇီရဟန်းတို့ အလေးအမြတ်မပြု၊ မကျင့်မဆောင်၊ တရားတော်နှင့် မညီမညွတ်၊ အဝတ်အရုံ ဖောက်ပြန်ကျင့် ဆောင်ကြသည်။

ဦးထုပ်ဆောင်၊ ဒုကုဋ်တင်လည်း ထိုအဓမ္မဝါဒီဂိုဏ်းသားတို့ကပင် အစဖြစ်သည် မှတ်လေ။ ပစ္စန္တရာဇ်၌ သာသနာတော်မြတ် မသန့်ရှင်း၊ မစင်ကြယ်ဖြစ်ကြောင်းကား သိန်ခိုကျွန်း၌ သာသနာတော်တည်ထွန်း သည့်နောက် (၂၁၈) နှစ်[၁၅၆]တွင် ဝဋ္ဋဂါမဏိမင်း ဆောက်သော အဘယဂီရိကျောင်း[၁၅၇]ရဟန်းတို့သည် ဝိနည်း၊ ခန္ဓက၊ ပရိဝါကို ပါဠ်ထူး၊ အနက်ထူး ပြုလုပ်ပြီးလျှင် မဟာဝိဟာရဝါသီဂိုဏ်းမှ ခြားနား၍

ဂိုဏ်းတည်ထောင်သောကြောင့် အဘယဂိရိဝါသီဂိုဏ်း[၁၅၈] ကွဲပြားလေသည်။ ထိုဂိုဏ်းကိုပင် ဓမ္မရုစိဂိုဏ်း[၁၅၉]လည်း ခေါ်ဝေါ်သည်။ ထိုအဘယဂိရိဝါသီဂိုဏ်းကွဲပြားသည်မှနောက်(၃၄၂)နှစ်[၁၆၀]တွင် မဟာသေနမင်း[၁၆၁]ဆောက်သော ဇေတဝနကျောင်း[၁၆၂] ရဟန်းတို့သည် ဥဘတောဝိဘင်း[၁၆၃]ကို ပါဠ်ခြား၊ အနက်ခြား ပြုလုပ်ပြီးလျှင် အဘယဂိရိဝါသီဂိုဏ်းမှ ခြားနားပြန်၍ ဂိုဏ်းတည်ထောင်သောကြောင့် ဇေတဝနဝါသီဂိုဏ်း[၁၆၄]ကွဲပြားလေသည်။ ထိုဂိုဏ်းကိုပင် သာဂလိယဂိုဏ်း[၁၆၅] လည်း ခေါ်ဝေါ်သည်။ ထိုဇေတဝနဝါသီဂိုဏ်း ကွဲပြားသည်မှနောက် (၃၅၁)နှစ်[၁၆၆]တွင် ကုရုန္ဒဝါသီ၊ ကောလမ္ဗဝါသီ ရဟန်းတို့သည် ဘာဂိနေယျဒါဌာပတိမင်း[၁၆၇]တို့ အမှီပြု၍ ဥဘတော၊ ဝိဘင်း၊ ခန္ဓကပရိဝါကို ပါဠ်ကွဲ၊ အနက်ကွဲပြုလုပ်ပြီးလျှင် ယခင်(၂)ဂိုဏ်း မှ သီးခြား၍ မဟာဝိဟာရဝါသီဂိုဏ်းမြွတ်ကို အတုပြုလျက် မဟာဝိဟာရဂိုဏ်း[၁၆၈]ဟု ခြားနားထောင်ထားလေသည်။

သိန်ခိုကျွန်း၌ သာသနာပြုအရှင်မဟိန္ဒ[၁၆၉]တို့ အဆက်အနွယ် မဟာဝိဟာရဝါသီဂိုဏ်းနှင့်သော် ဂိုဏ်း(၄)ပါး ကွဲပြားသတည်း။ ထို(၄)ပါးတို့တွင် မဟာဝိဟာရဝါသီဂိုဏ်းတစ်ပါးသာ ဓမ္မဝါဒီ မှန်၏။ ကြွင်းသောဂိုဏ်း(၃)ပါးကား အဓမ္မဝါဒီချည်းတည်း။ ထိုအဓမ္မဝါဒီ(၃)ဂိုဏ်းသားတို့သည် မှန်သော အနက်အဓိပ္ပာယ်ကို ဖျက်ဆီး၍ မမှန်သော အနက်အဓိပ္ပာယ်ဖြင့် တရားကို အလေးမပြု ကျင့်ဆောင်ကြကြောင်းကို မဟာဝင်ဋီကာ၌ ဆိုသောကြောင့် သိန်ခိုကျွန်း၌ အဓမ္မဝါဒီအလဇ္ဇီသုံးဂိုဏ်းသားတို့လည်း ပရိမဏ္ဍလ၊ သုပ္ပဋိစ္ဆန္နအဝတ်အရုံကို အလေးအမြတ်မပြု၊ မကျင့်မဆောင်၊ တရားတော်နှင့် မညီမညွတ် အဝတ်အ[ကော-ဝမ်း]ရုံ ဖောက်ပြန်ကျင့်ဆောင်ကြသည်။ ဦးထုပ်ဆောင်း၊ ဒုကုတ်တင်လည်း ထိုအဓမ္မဝါဒီဂိုဏ်းသားတို့တွင် အထင်အရှားဖြစ်သည်မှတ်လေ။

**စတုတ္ထသင်္ဂါယနာတင်ခြင်း**

သိန်ခိုကျွန်း၌ ယခင်အဓမ္မဝါဒီဂိုဏ်းသုံးပါး မကွဲမပြားမီ သာသနာတော် (၄၅၀)[၁၇၀]ရှိသောအခါ သိန်ခိုမင်းဆက် (၁၈)ဆက်မြောက်

ဝဋ္ဋဂါမဏိမင်း[၁၇၁] နန်းစံ(၆)နှစ်[၁၇၂]တွင် ရဟန္တာ(၅၀၀)တို့သည် နောင်အခါ သတ္တဝါတို့ သတိ၊ ပညာ၊ သမာဓိယုတ်လျော့သဖြင့် သာသနာတော် ပျက်စီးမည်ကို မြင်၍ ဝဋ္ဋဂါမဏိမင်းကို အမှီပြုလျက် ထိုမင်းကထားသော အစောင့်အရှောက်ရှိသဖြင့် မလယဇနပုဒ်[၁၇၃]၊ အာလောကလိုဏ်[၁၇၄]၌ အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံ[၁၇၅]ကို ပေထက်တင်ကုန်၏။ ထိုသို့ ပေထက်တင်ခြင်းသည် စတုတ္ထသင်္ဂါယနာ[၁၇၆] နှင့်အတူ စတုတ္ထသင်္ဂါယနာပင် မည်သတည်း။

အဓမ္မဝါဒီဂိုဏ်း(၃)ပါး မကွဲမပြားမီက အသေအချာ ပေထက်တင်လေသောကြောင့် ထိုအဓမ္မဝါဒီဂိုဏ်းသားတို့ မနှောင့်မယှက် မဖျက်မဆီးနိုင်။ ပရိယတ္တိဓမ္မ သန့်ရှင်းစင်ကြယ်စွာ ဖြစ်၏။ အဓမ္မဝါဒီဂိုဏ်း (၃)ပါးကွဲပြားသည့်နောက် ဝေါဟာရိကတိဿမင်း[၁၇၇]လက်ထက် ကပိလအမတ်[၁၇၈]နှင့် တိုင်ပင်ပြီးမှ မဟာဝိဟာရဝါသီသံဃာတို့ကိုမှီ၍ အဓမ္မဝါဒီဂိုဏ်းသားတို့ကို နှိပ်နှင်းလျက် သာသနာတော်မြတ်ကို သုတ်သင်ပြုစု၏။ ထိုနောက် ဂေါဌာဘယမင်း[၁၇၉]လက်ထက်လည်း အဘယဂီရိဂိုဏ်းသားတို့ကို သမုဒ္ဒရာတစ်ဖက်သို့ နှင်ထုတ်လိုက်၏။[၁၈၀] မဟာဝိဟာရဝါသီသံဃာတို့ကို အမှီပြုလျက် သာသနာတော်မြတ်ကို သုတ်သင်ပြုစု၏။ ထိုနောက် ဂေါဌာဘယမင်းသား မဟာသေနမင်း[၁၈၁] ဖြစ်လျှင် အဘယဂီရိဂိုဏ်းသား သင်္ဃမိတ္တ[၁၈၂]မည်သော ရဟန်းသည် မင်းဆရာဖြစ်၍ သာသနာတည်ဦးက အရှင်မဟိန္ဒစသော ရဟန္တာတို့ နေရာ မဟာဝိဟာရတိုက် ပျက်စီးအောင် မဟာသေနမင်းနှင့် တိုင်ပင်၍ ဖျက်ဆီး၏။ (၉)နှစ်တိုင်အောင် မဟာဝိဟာရတိုက်မှ သံဃာကင်းလေဆိတ်လေသတည်း။[၁၈၃]

ဇေတဝနဝါသီဂိုဏ်းသား တိဿ[၁၈၄]မည်သော ရဟန်းလည်း မဟာသေနမင်းနှင့် တိုင်ပင်၍ မဟာဝိဟာရတိုက် သိမ်ကို ဖျက်ဆီး၏။[၁၈၅] သိမ်နုတ်ကံ မမြောက်၍ မပျက်စီးလေ။ ဤသို့ အဓမ္မဝါဒီဂိုဏ်းသားတို့ အားကြီးလေသော် ဓမ္မဝါဒီဂိုဏ်းသားတို့ အားနည်း၍ သာသနာတော်မြတ် ဆုတ်ယုတ်၏။ ဓမ္မဝါဒီတို့ မထင်မရှား ကွယ်ကွယ်ထောင့်ထောင့်သာ ကျင့်ဆောင်ကြရလေသတည်း။

သိန်ခိုကျွန်း၌ သာသနာတော် တည်[ကော-ကျော] ထွန်းသည့်

နောက် (၁၄၇၂)နှစ်[၁၈၆] နိဗ္ဗာန်လားတော်မူသည့်နောက် (၁၇၀၈)နှစ်[၁၈၇] ရောက်သောအခါ သီရိသယ်ဗောဓိပရက္ကမဗာဟုမဟာရာဇာ[၁၈၈] မည်သောမင်းသည် သိန်ခိုကျွန်း၌ မင်းဖြစ်၏။ ပုဂံပြည်၌ နရပတိစည်သူမင်း[၁၈၉]နှင့် အခါပြိုင်သတည်း။ ဥဒုမ္ဗရဂိရိဝါသီ မဟာကဿပမထေရ်[၁၉၀]အမှူးရှိသော မဟာဝိဟာရဝါသီသံဃာ တို့လည်း ထိုမင်းကို အမှီရ၍ သာသနာတော် မြတ်ကို သုတ်သင် ပြုစု၏။ မဟာဝိဟာရဂိုဏ်းမှ ကွဲသော အဓမ္မဝါဒီဂိုဏ်းသားတို့ကို ဥပ္ပဗ္ဗာဇန[၁၉၁] ပြု၍ သန့်ရှင်းစင်ကြယ်စေ၏။ ထို့နောက်လည်း ဝိဇယဗာဟုမင်း[၁၉၂] ပရက္ကမဗာဟုမင်း[၁၉၃]တို့ကို အမှီရ၍ မဟာဝိဟာရဝါသီသံဃာတို့ သာသနာတော်မြတ်ကို သုတ်သင်ပြုစု၏။ အဓမ္မဝါဒီဂိုဏ်းသားတို့ ဥပ္ပဗ္ဗာဇနပြုရသဖြင့် မဟာဝိဟာရဝါသီဂိုဏ်း(၁)ပါးသာ ကြွင်း၍ သန့်ရှင်းစင်ကြယ်စွာ ဖြစ်သတည်း။

ဝေါဟာရိကတိဿမင်း[၁၉၄]၊ ဂေါဓာဘယမင်း[၁၉၅]တို့လက်ထက် သုတ်သင်ပြုစုသော်လည်း အဓမ္မဝါဒီဂိုဏ်းကွဲ ဂိုဏ်းခြားမကင်း၍ အချင်းခပ်သိမ်း မသန့်ရှင်း မစင်ကြယ်လေ။ သီရိသယ်ဗောဓိပရက္ကမ ဗာဟုမဟာရာဇာမင်း၊ ဝိဇယဗာဟုမင်း၊ ပရက္ကမဗာဟုမင်းတို့ လက်ထက်မူကား အဓမ္မဝါဒီဂိုဏ်းကွဲဂိုဏ်းခြားမရှိ ပျောက်ကင်း၍ အချင်းခပ်သိမ်း သန့်ရှင်း စင်ကြယ်လေ၏။ ထိုသို့ သန့်ရှင်းစင်ကြယ် သောကြောင့် အဓမ္မဝါဒီဂိုဏ်းသားတို့ တရားနှင့် မညီမညွတ် အဝတ်အရုံဖောက်ပြန်ကျင့်ဆောင်သော ဦးထုပ်ဆောင်း၊ ဒုကုဋ်တင် စင်စစ် မရှိလေတည်း။ ထိုမှနောက် ကာလရှည်လျားလေသော် ဘရင်္ဂျီ[၁၉၆]၊ အရမဏီ[၁၉၇]၊ ပဿီ[၁၉၈]၊ အော်လန္ဒေ[၁၉၉]ဟူသော မိစ္ဆာဒိဋ္ဌိလူမျိုးတို့ ဘေးဖြင့် သိန်ခိုကျွန်း၌ သာသနာတော် ယိုယွင်းပျက်စီး၍ ဂိုဏ်းပြည့်ရုံမျှ ရဟန်း၊ သံဃာမရှိသောကြောင့် မဟာဝိဇယဗာဟုမင်းလက်ထက် ရာမညတိုင်းက သံဃာတို့ကို ပင့်ဆောင်ရသည်။[၂၀၀] ၎င်းနောက် ဝိမလဓမ္မသူရိယမင်း[၂၀၁]လက်ထက်လည်း ရခိုင်မြို့က သံဃာတို့ကို ပင့်ဆောင်ရသည်။ ၎င်းနောက် ဝိမလမဟာရာဇာမင်းလက်ထက်လည်း ရခိုင်မြို့က သံဃာတို့ကိုပင် ပင့်ဆောင်ရသည်။ ၎င်းနောက် ကိတ္တိသီရိရာဇသီဟမင်းလက်ထက်[၂၀၂] ယိုးဒယားမြို့က သံဃာတို့ကို

ပင့်ဆောင်ရသည်။[၂၀၃] ဤအကြောင်း အရာများကို (၁၁၅၁)ခုနှစ် သီဟိုဠ်သံဃာတို့ဆက်စာတွင် ပါသည်ကို ထောက်၍ သိန်ခိုကျွန်းမှာ သာသနာတော်မြတ် ယိုယွင်းဖောက်ပြန်ကြောင်းကို သိရသည်။[၂၀၄] သိန်ခိုကျွန်းမှာသာ[ကော်-ဝမ်း] သနာတော်မြတ် ယိုယွင်းဖောက်ပြန်သကဲ့သို့ ငါတို့ မရမ္မမဏ္ဍလ စသော ပစ္စန္တဒေသအရပ်များ၌လည်း ကာလရှည်လျားသဖြင့် သိမ်မွေ့နက်နဲခဲယဉ်းသော တရားတော်ကို သိနိုင်ကျင့်နိုင်ခဲသောကြောင့် သာသနာတော်မြတ် ယိုယွင်းဖောက်ပြန်သည်ချည်းတည်း။[၂၀၅]

ငါတို့ မရမ္မမဏ္ဍလ၌ ပုဏ္ဏာသစ္စဗန်သူမွန်[၂၀၆]တို့က အရင်စ၍ အသွယ်သွယ်အဝဝ အကြောင်းအမွန် အခြေအမြစ်ဖြင့် သန့်ရှင်းစင်ကြယ်စွာဆင်းသက်လာသော သာသနာတော်မြတ်သည် တစ်စတစ်စ ဆုတ်ယုတ်ခဲ့၍ သာသနာတော်(၁၅၆၁)နှစ်[၂၀၇]ရောက်လေသော် အရိမဒ္ဒနာပြည်[၂၀၈] အနော်ရထာစော[၂၀၉]လက်ထက် အားကြီးစွာ ကွယ်ပသဖြင့် အရည်းငယ်တပည့်(၆၀၀၀၀)နှင့် အရည်းကြီးဆရာ(၃)ကျိပ်သာ ရှိ၏။[၂၁၀] ထိုရှင်ယောင်အရည်းတို့ကား တရားမရှိ ကျင့်လိုတိုင်း ကျင့်သတည်း။ ဦးထုပ်ဆောင်း၊ ဒုကုဋ်တင်စသော တရားနှင့်မညီသော အသွင်အပြင်သည်လည်း သာသနာပရှင်ယောင်အရည်းတို့အသွင်အပြင်ပင် မှတ်လေ။

သာသနာတော်ရေးကို ထောက်၍ စကားအရာရောက်သောကြောင့် ဆိုသည်။ ထိုရောအခါ ဇမ္ဗူဒီပါကျွန်း ဝိပ္ပဝါသီပြည်[၂၁၁]သားအရှင်အရဟံ[၂၁၂]သည် သထုံပြည်၌ စာပေသင်၍ ကျမ်းဂန်တတ်မြောက်ပြီးလျှင် ပုဂံပြည်သို့ ရောက်၍ အနော်ရထာမင်းစောအား တရားတော်နှင့်အညီ ဟောပြောပြသ၏။[၂၁၃] အနော်ရထာမင်းစောလည်း ပုဂံမြို့ရှေ့တွင် ဇေတဝန[၂၁၄]မည်သော ကျောင်းကိုဆောက်၍ လှူဒါန်းကိုးကွယ်၏။ သထုံပြည်က ပိဋကတ်အစုံ(၃၀)[၂၁၅]ကို ယူဆောင်၍ အနှံ့အပြား သင်ကြားပို့သစေ၏။[၂၁၆] အရှင်အရဟံရောက်၍ တစ်ဖန်သာသနာတော်မြတ် သန့်ရှင်းထွန်းလင်းပြန့်သည်တွင်မှ ရှင်အရည်းတို့ကို လူထွက်စေသတည်း။ သထုံပြည်က ပင့်ဆောင်ခဲ့သော ပိဋကတ်တတ်သော ရဟန်း (၁၀၀၀)ကျော်[၂၁၇]ဖြင့် မြန်မာအရပ်ထက်ဝန်းကျင်

သာသနာတော်မြတ် အသစ်တစ်ဖန် စည်ပင်ပြန်သတည်း။

အတုလစာ[၂၁၈]၌ကား ရာဇဝင်တွင် တပ်တပ် မဆိုသည်နှင့် ပရိတ္တနိဒါန်း[၂၁၉] စသော စာဟောင်း၊ စာတမ်းများကို မတွေ့လေလျှင် အရှင်အရဟံကို သီဟိုဠ်သား မှတ်မှား၍ ပထမသီဟိုဠ်ရောက် ဆိုလေသည်။ မသင့်။ ရာဇဝင်များတွင် အရှင်အရဟံ မရောက်မီ သုနာပရန်[၂၂၀]၊ တမ္ပဒိပ်[၂၂၁]ဟူသော မြန်မာအ[ကော်-ကျော]ရပ်၌ သာသနာတော် မတည်သေး ဆိုလေသည်။ သာသနာတော်တည်ထွန်းသော သရေခေတ္တရာပြည်ပျက်ပြားသည်တွင် သုပညာနာဂရဆိန္ဒမင်း[၂၂၂]၏ တူရင်းဖြစ်သော သမုဒ္ဒရာဇ်မင်း[၂၂၃]နှင့် ပေါင်းစုမိသမျှ လူတို့ပင် ပုဂံပြည်မှာ အနေအထိုင်ပြုလာရကား သာသနာတော် မတည်သေး မဆိုသင့်။ သာသနာတော် ယိုယွင်းဖောက်ပြန်သည်သာ ဆိုသင့်သည်။ သရေခေတ္တရာပြည်၌ ရဟန္တာ(၃၀၀၀)တို့နှင့် တိုင်ပင်၍ ဒွတ္တဘောင်မင်းဓမ္မသတ်[၂၂၄] ပြုထားကြောင်း စေတီပုထိုး တည်ထားကြောင်းများကို ဆိုသဖြင့် သာသနာတော်တည်ထွန်းကြောင်းကို အထင်အရှား သိရသည်။ အနော်ရထာမင်းစောနှင့် သိန်ခိုကျွန်း သယ်ဗောဓိသိရိကိတ္တိမေဃဝဏ္ဏမင်း[၂၂၅]ကား အခါပြိုင်သတည်း။

ထိုနောက် သာသနာတော်(၁၇၂၅)နှစ်[၂၂၆]ရောက်သောအခါ ဆင်ဖြူ သုံးဆယ့်ကိုးစီးသခင် လေ့စကြာရှင်ဖြစ်သော နရပတိစည်သူမင်းကြီး[၂၂၇] လက်ထက် ဆပဋမထေရ်[၂၂၈]တို့ (၅)ပါး သိန်ခိုကျွန်းက ပုဂံပြည်သို့ ရောက်လာ၏။ ဆပဋမထေရ်ကား ပုသိမ်မြို့[၂၂၉]ကျေးဆပဋရွာ[၂၃၀]သားတည်း။ နရပတိစည်သူမင်းဆရာ ဥတ္တရာဇီဝမထေရ်[၂၃၁]နှင့် သိန်ခိုကျွန်းသို့ သာမဏေအဖြစ်ဖြင့် လိုက်၍ ပဥ္စင်းခံပြီး ကျမ်းဂန်တတ်မြောက်မှ ပြန်ခဲ့သတည်း။ နရပတိစည်သူမင်းကြီးလည်း မထေရ်(၅)ပါး[၂၃၂]ကို ကိုးကွယ်ချီးမြှင့်၍ သာသနာတော်မြတ်ကို သုတ်သင်ပြုစု၏။ အကျယ်မှာ ကလျာဏီကျောက်စာ[၂၃၃] ရှိပြီ။ အတုလစာ၌ကား နော်ရထာမြစ်၊ ကျန်စစ်သားမြေး၊ နရပတိစည်သူမင်းလက်ထက် ဥတ္တရာဇီဝမထေရ် သိန်ခိုသို့ ကူးသည်။ ဆပဋမထေရ်တို့ သိန်ခိုက ပြန်သည်ဟူ၍ အလောင်းစည်သူမင်းလက်ထက်[၂၃၄] အထင်အမှတ်နှင့် ဆိုမှားလေသည်။ သတ္တရာဇ်နှင့်လည်း မတန်။

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ၂၀
ကမ္ဘာအေး၊ ရန်ကုန်။

ရာဇဝင် ကလျာဏီ စာဟောင်း စာတမ်းများနှင့်လည်း မညီ။ အချို့သူတို့ကား အလောင်းစည်သူမင်းကိုသာ ဇမ္ဗုလှည့်လှေစကြာရှင်[၂၄၅] ဆိုကုန်သည်။ နန်းတောင်များ[၂၄၆] ဇေယျသိင်္ခမင်းလက်ထက်[၂၄၇] စီရင်သော ဗောဓိဝင်ဋီကာ[၂၄၈]၌ ခမည်းတော် နရပတိစည်သူမင်းကြီး ဘုန်းတန်ခိုးကို ဆိုသောစကားတွင် အစေတနာ သမာနာပိ၊ နာဝါတေဇ ဝတီယတိ ဟူ၍ နန်းတောင်များဇေယျသိင်္ခ ခမည်းတော် နရပတိစည်သူ မင်းကြီးမှာသာ လှေစကြာရကြောင်းကို ဆိုသည်နှင့် မညီ။

အနော်ရထာစော၊ နရပတိစည်သူတို့လက်ထက် အရှင်အရဟံ၊ အရှင်ဆပဋတို့တွင်လည်း ဦးထုပ်ဆောင်း၊ ဒုကုဋ်တင်၊ အ[ကံ-ဝမ်း] ရိပ်အမြွက်မျှ မထင်။ ထိုမှ နောက်ကာလရှည်လျားလေသော် သာသနာတော်မြတ်ကို အဟုတ်အဟတ် အားကြိုးအန်ထုတ် သုတ်သင်ပြုစုသော ဟံသာဝတီပြည်[၂၄၉] ရာမာဓိပတိမင်း[၂၅၀]လက်ထက် သာသနာတော် (၂၀၁၉) နှစ်[၂၅၁]ရောက်သောအခါ ရဟန်း(၂၀)ကျော်[၂၅၂]ကို သိန်ခိုကျွန်းသို့ ကူးစေ၍ မဟာဝိဟာရဝါသီ အဆက်အနွယ်တို့ထံ သိက္ခာထပ်ယူပြီးလျှင် ပြန်လည်ခဲ့စေ၍ ကလျာဏီသိမ်[၂၅၃]ကို သမုတ်စေ၏။ ပဉ္စင်း၊ သာမဏေအသစ် များစွာပြုစေ၏။[၂၅၄] သီရိသယ်ဗောဓိပရက္ကမဗာဟုမင်းတို့ သာသနာပြုနည်းကတိကဝတ် စာတမ်း[၂၅၅]အတိုင်း အဓမ္မဝါဒီရဟန်းတို့ကို ဥပ္ပဗ္ဗာဇနာ[၂၅၆]ပြုစေ၍ သာသနာတော်မြတ်ကို သန့်ရှင်းစင်ကြယ်စေ၏။ ထိုရာမာဓိပတိမင်း လက်ထက်လည်း ဦးထုပ်ဆောင်း၊ ဒုကုဋ်တင်၊ အရိပ်အမြွက်မျှ ကျောက်စာတွင် မပါမရှိ။ ထိုမှ နောက်ကာလရှည်ကြာသောအခါ သာသနာတော်မြတ်ကို အဟုတ်အဟတ် အားကြိုးအန်ထုတ် သုတ်သင် ပြုစုသော မင်းဆက်အရှည် လတ်လျား၍ ပုဂံ၊ မြင်စိုင်း[၂၅၇]၊ စစ်ကိုင်း[၂၅၈]၊ ပင်းယ[၂၅၉]၊ ပဲခူး[၂၆၀]၊ အဝ[၂၆၁]ပြည်ထဲ တိုင်အောင် ခေါက်ရှာငှက်ပျံသကဲ့သို့ သာသနာတော်မြတ် ဆုတ်တုံတက်တုံ ရှိ၏။ အဓမ္မဝါဒီတို့ မင်းကို အမှီရသောအခါ ဆုတ်သတည်း။ ဓမ္မဝါဒီတို့ မင်းကို အမှီရသော အခါ တက်သတည်း။ တရားတော်၏ သိမ်မွေ့နက်နဲခဲယဉ်းသော ကြောင့် သိနိုင်ကျင့်နိုင်ခဲရကား အဓမ္မဝါဒီတို့သာ များ၍ မင်းကို အမှီရ လျှင် ဓမ္မဝါဒီတို့ အကွယ်အထောင်သာ ကျင့်ဆောင်ရ၏။ တရားနှင့်

အညီ ဆိုစွမ်းသော်လည်း ဆိုခန့်မသင့်တည်း။ ထို့ကြောင့် အရပ်ထက်ဝန်းကျင် ဦးထုပ်ဆောင်၊ ဒုကုတ်တင် အနှံ့အပြား ဖြစ်ပွားလေသတည်း။ ဦးထုပ်ဆောင်၊ ဒုကုတ်တင်တို့ အဘယ်အဆက်အနွယ်က အဦးအစဖြစ်သနည်းဟူမူကား မဟာသင်္ဂီတိဂိုဏ်းစသော အဓမ္မဝါဒီ (၁၇)ဂိုဏ်းသားတို့ အဦးအစ ဖြစ်သတည်း။ အဘယ်ကိုမြင်၍ သိရသနည်းဟူမူကား ကထာဝတ္ထုအဋ္ဌကထာ[၂၁၂]၊ မဟာဝင်၊ ဒီပဝင်၊ သာရတ္ထဒီပဏီ[၂၁၃]တို့၌ အဓမ္မဝါဒီတို့ တရားနှင့်မညီ ဖောက်ပြန်ကျင့်ဆောင်ကြောင်းကိုလာသော ဂါထာ ပုဒ် ပါဌ်ကို မြင်၍ သိရသတည်း။

အဓမ္မဝါဒီတရားနှင့်မညီ ဖောက်ပြန်ကျင့်ဆောင်ကြောင်းကို ဂါထာပုဒ်ပါဌ် အဘယ်သို့လာသနည်းဟူမူကား "နာမံလိင်္ဂပရိက္ခာရံ၊ အာကပ္ပကရဏီ ယာနိစ၊ ပကတိဘာဝံဝိဇဟိတွာ၊ တဉ္စအညံအကံ[ကံ-ကျော]သုတေ"ဤသို့ အစရှိသဖြင့် လာသတည်း။ နမဥ္စ၊ ရဟန်းတို့ခေါ်ဝေါ်သုံးဆောင်သော အမည်ကိုလည်းကောင်း၊ လိင်္ဂဥ္စရဟန်းတို့ အဝတ်အရုံ အသွင်အပြင် တို့ကိုလည်းကောင်း၊ ပရိက္ခာရဥ္စ၊ ရဟန်းတို့ အသုံးအဆောင် ပရိက္ခရာကိုလည်းကောင်း၊ အာကပ္ပကရဏီယာနိစ၊ ရဟန်းတို့ အနေအထိုင် အပြုအမူတို့ကိုလည်းကောင်း၊ ပကတိ ဘာဝံ၊ တရားနှင့်ညီညွတ်သော ပြကတေ့သဘောကို ဝိဇဟိတွာ၊ စွန့်ပယ်ကုန်၍၊ တဉ္စ၊ ထိုအလုံးစုံ ကိုလည်း၊ အညံ၊ အညမေဝ၊ တစ်ပါးအခြားသာလျှင်၊ တေ၊ ထိုအဓမ္မဝါဒီ ဂိုဏ်းသားတို့သည် အကံသု၊ ပြုလေကုန်၏။ ဤကား အနက်တည်း။

ဤဂါထာပုဒ်ပါဌ်စသော အသွင်အပြင်နှင့်တကွ အဓမ္မဝါဒီဂိုဏ်းသားတို့ တရားနှင့်မညီ ပြုကျင့်သုံးဆောင်ကြကြောင်းကို ပြသည်။ ထိုသို့ပြသောကြောင့် ဦးထုပ်ဆောင်း၊ ဒုကုဋ်တင်လည်း အဓမ္မဝါဒီ(၁၇)ဂိုဏ်းသားတို့က အဦးအစဖြစ်ကြောင်းကို တပ်အပ် သိရသတည်း။ မတရားသော အမူအကျင့်ကို ကျင့်ဆောင်သမျှ သည်အဓမ္မဝါဒီဂိုဏ်းချည်း။ အဓမ္မဝါဒီဂိုဏ်းဟူသမျှလည်း မတရားသော အမူအကျင့်ကို ကျင့်ဆောင်သည်ချည်းဖြစ်၍ တိုက်ရိုက်ပင် စကားရောက်သည်။ စကား မလွဲနိုင်။ ဦးထုပ်ဆောင်း၊ ဒုကုဋ်တင်ကိုသာ အရင်းတည်၍ ဆိုသောအရာဖြစ်သောကြောင့်လည်းကောင်း၊ ထီးတရပတ်[၂၁၄]များမှာ အပ်မအပ်

ရှိကောင်းသောကြောင့်လည်းကောင်း၊ ဦးထုပ်ဆောင်[၂၃၅]၊ ဒုကုတ်တင်ကိုသာ ပမာနပြု၍ ဆိုသည်။ တရားနှင့်မညီသမျှပင် အမေ့ဝါဒီဂိုဏ်းသားတို့က အဦးအစဖြစ်သည်ချည်း မှတ်လေ။

အချို့သူတို့ကား သီဟိုဠ်ဆရာဆက် စစ်ကိုင်းရှင် ဓမ္မရာဇဂုရု[၂၃၆] ကစ၍ ပစ္ဆိမာဝန်ဆရာ[၂၃၇]တိုင်အောင် ဦးထုပ်ဆောင်းသည်။ ဇေတဝန်ရှင် တိသာသနဓဇ[၂၃၈]ကား ဦးထုပ်မဆောင်းဟု ဆိုကုန်သည်။ ထိုစကား၌ ရှင်ဓမ္မရာဇဂုရုတွင်သာ ဦးထုပ်ဆောင်း စ၍ ဖြစ်သည် မဟုတ်။ ဦးထုပ်ဆောင်းလေသည်မှာ သီဟိုဠ်က အမေ့ဝါဒီဂိုဏ်း အနွယ်အဆက်ဖြစ်၍ ဆောင်းလေသည်။ ရှင်တိသာသနဓဇ မဆောင်းလေသည်ကား တရားမရှိသည်ကို သိ၍ မဆောင်းလေသည် ယူဘွယ်ရှိ၏။ အချို့သူတို့ကား ရဟန်းတို့မှာ အံသကိုက်[၂၃၉] ဆောင်သည်တွင် အပူ[ကား-ဝမ်း] အချမ်းရှိလျှင် ထိုအံသကိုက်ကို ဦးခေါင်းမှာ တင်စမှတ်ပြုသည်။ လေလွင့်ပြန့်လျှင် မကျအောင် တစ်ဖက်ခေါက်ချိုး စပ်၍ တင်သည်။ ကာလရှည်မြင့်လျှင် ဦးထုပ်ဟူ၍ ဆောင်ကြသည်။ လေသာကျောင်းဆရာ[၂၄၀]စသော စစ်ကိုင်း၊ အဝ ရဟန်းတို့တွင်မှ ဒေါက်ချာ[၂၄၁]၊ လင်းနို့တောင်[၂၄၂] စသည် အထွေထွေ ဖြစ်ကြောင်းကို ဆိုကုန်သည်။ ထိုစကား၌ အနံတစ်ထွာ၊ အလျား (၃)တောင်ရှိသော အံသကိုက်ကား အပ်၏ဟု ဝိသုဒ္ဓိမဂ်ကျမ်း[၂၄၃]၌ လာသည်။ ဦးထုပ်ပြု၍ ဆောင်းမှုကား မအပ်။ အမေ့ဝါဒီဂိုဏ်းသားတို့ အကျင့်သာ ဖြစ်သည်။

အချို့သူတို့ကား ပုဂံကျစွာမင်း[၂၄၄]လက်ထက် ရဟန်းတစ်ဦး ဦးခေါင်း စောင်း၍ သူရယ်ဖွယ်ရှိသည်ကို ကျစွာမင်း ဦးထုပ်ချုပ်၍ လှူသည်တွင် ဦးထုပ်ဆောင်းအစ ဖြစ်ကြောင်းကို ဆိုကုန်သည်။ ထိုစကားကား ကျစွာမင်း ကျမ်းဂန်တတ်သည်ဆိုသောကြောင့် ကျစွာမင်းလှူသည်ဟူလျှင် အပ်ပေ၏ဟု ယူမှားကြအောင် ဆိုခြင်းမျှသာတည်း။ ကျမ်းဂန်တတ်သည် မှန်က မလှူတန်ရာ။ သဘောယုတ္တိလည်း မရှိ။ ယခင်က ဆိုခဲ့တိုင်း အမေ့ဝါဒီ (၁၇) ဂိုဏ်း[၂၄၅] သားတို့က အဦးအစဖြစ်သည်သာ မှတ်လေ။ အချို့သူတို့ကား တန်ခိုးဖြင့် ကောင်းကင်သို့ ပျံသွားသော ရဟန်းတို့ ဒုကုဋ်ကို လေခတ်၍

ကျလေရကား မကျစိမ့်သော်ငှာအောင် စည်းဖွဲ့သည်။ နောက်မှ ရင်သို့ ချ၍ စည်းဖွဲ့လေသောကြောင့် ရင်စည်းဖြစ်သည်။ ထိုရင်စည်းကား သီဟိုဠ်သားရဟန်းတို့ အလေ့အကျင့်ဟူ၍ ဆိုကုန်သည်။ ထိုစကားလည်း ယူမှားကြအောင် ကြံစည်လှည့်ပြားသော စကားသာတည်း။ ကောင်းကင်သို့ ပျံသွားနိုင်လျက် ဒုကုတ်ကိုမျှ မကျအောင် မတတ်နိုင်လေသည်လည်း သဘောယုတ္တိ မရှိ။ သီဟိုဠ်သားရဟန်းတို့ အလေ့အကျက်ဟူသည်မှာလည်း ကျင့်လိုတိုင်း ကျင့်ကြသော အဓမ္မဝါဒီ သီဟိုဠ်ဂိုဏ်းသားတို့ အလေ့အကျက်ဖြစ်မည် မှတ်လေ။

အချို့သူတို့ကား သာရတ္ထဒီပဏီကို စီရင်သော သီဟိုဠ်ရှင်သာရိပုတ္တရာ[၂၆၆] ကို ဆရာသီဟိုဠ်ရှင်မဟာကဿပ[၂၆၇]က ပရက္ကမဗာဟုမင်းထံသို့ စေလိုက်လျှင် ကိုယ်ဝတ်သင်္ကန်း လပ်လွှားရှိ၍ မသပ္ပာယ်သောကြောင့် ရင်ဖွဲ့ကို အောက်သို့ချ၍ စည်းပါဟု မင်းကြီး လျှောက်သည့်အတိုင်း စည်းလေသည်တွင် ရင်ဖွဲ့အစဖြစ်သည်ဟု ဆိုကုန်သည်။ ထိုစကား၌ ဝိနည်းဋီကာ[၂၆၈]ကိုစီရင်သော သီဟိုဠ်ရှင်သာရိပုတ္တရာပင် ရင်ဖွဲ့စည်းသောကြောင့် အပ်ပေ၏ဟု [ကား-ကျော]ယူမှားကြအောင် လှည့်ဖြားသည့်အရာ သိသာလှပြီ။ စင်စစ်မဟုတ် မှတ်လေ။

အချို့သူတို့ကား ရဟန်းသာမဏေတို့မှာ အံသကိုက်ဆောင်ကြသည်တွင် အချို့ဦးခေါင်းမှာ တင်သည်။ အချို့ ပခုံးမှာတင်သည်။ ပခုံးမှာ တင်ဖန်များလျှင် သာမဏေတို့မှာ ဒုကုဋ်ဟုခေါ်ဝေါ်၍ ရွာတွင်း ရွာဝင် သုံးဆောင်မြဲဖြစ်လေသည်ဟု ဆိုကုန်သည်။ ထိုစကားလည်း ကျမ်းဂန် မရှိ၍ သနစ်သနာကို မသိသောကြောင့် ကြံစည်တွေးဆသော စကားမျှသာတည်း။ ယုတ္တိမရှိ မှတ်လေ။ ဦးထုပ်ဆောင်း၊ ဒုကုဋ်တင်ကို အဓမ္မဝါဒီ(၁၇)ဂိုဏ်းသားတို့က အဦးအစဖြစ်သော မအပ်သော အကျင့်ဟူ၍ ဆိုပြီ။ သဗ္ဗညုဘုရား ပယ်တော်မမူသော် မဆိုတန်ရာ၊ ပယ်တော်မူသော သိက္ခာပုဒ်ကား အဘယ်နည်း။ မေးဘွယ် ရှိ၏။

နဘိက္ခဝေကဉ္စုကံ ဓာရေတဗ္ဗံ၊
ယောဓာရေယျ အာပတ္တိ ဒုက္ကဋဿ။
စူဠဝါပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ကဥ္စုကံ၊ သင်တိုင်းဦးထုပ်ကို နစာရေတဗ္ဗံ၊ မဆောင်အပ်။ ယော၊ အကြင်ရဟန်းသည်၊ ဓာရေယျ၊ ဆောင်ငြားအံ့။ အဿ၊ ထိုရဟန်း အား၊ ဒုက္ကဋဿ၊ ဒုက္ကဋ်မည်သော၊ အာပတ္တိ၊ အာပတ်သည်။ သိယာ၊ ဖြစ်၏။ ဤကားအနက်တည်း။

'ကဥ္စုကံနာမသီသတော ပဋိမုဥ္စိတ္ဗွာကာ ယာရင္စဝတ္ထံ'ဟူသော ဋီကာပါဌ်၌ သင်တိုင်းဦးထုပ်ရအောင်ကြံ၍ ကဥ္စုကကို ဧကေသေ သတဒ္ဒိတ်မူလေ၊ နာဋ္ဌပတ္တောတိကတိတော၊ ဥတ္တ မင်္ဂမှိကဥ္စုတောဟု အဘိဓာန်[၂၆၉] ၌ ဆိုရကား ဦးထုပ်ကိုလည်း 'ကဥ္စုက' သဒ္ဒါဟော၏။

နကဥ္စုကံ၊ နတီရိဝုကံ၊ နဝေဌနံဓာရေ တဗ္ဗံ။ ယောဓာရေယျ အာပတ္တိ ဒုက္ကဋဿဟူသော ပါဠိတော်အစဉ်အတိုင်း သဟစရဏနည်း၊ သဒ္ဒန္တရိကနည်းဖြင့် ဦးထုပ်ကိုဟောခြင်းသည် သင့်မြတ်လှသတည်း။

အတုလစာ၌ကား ခေါင်းမြီးခြုံ မဖြစ်၊ ဆံအဆုံးတိုင် မဖုံးလွှမ်းမိသော ကြောင့် ဦးထုပ်ကို အပ်ဟန် ဆိုလေသည်။ ယခင်သိက္ခာပုဒ်နှင့် ဆန့်ကျင် ခဲ့ရကား သာသနာတော်မြတ်ကို ပုတ်ခတ်သည် မည်လေဘိ၏။ သာမဏေတို့ ဒုကုဋ်တင်၊ ရင်စည်း မအပ်ကြောင်းကို ပရိမဏ္ဍလ၊ သုပ္ပဋိစ္ဆန္နဖြစ်အောင် ဝတ်ရုံသင့်ကြောင်းနှင့်တကွ အဓမ္မဝါဒီတို့စကားကို ပယ်ဖျက်လျက် ဆိုစဉ် ဆိုခွင့်ရောက်ပြီ။ တရားကို အလေးအမြတ်ပြု၍ အကျဉ်းအမြွက်မျှသာ ဆိုအံ့။ သာမဏေတို့ မြို့တွင်းရွာတွင်း ဝင်သော အခါ လက်ကတော့၊ ဒုကုဋ်တင်၊ ရင်ဖွဲ့စည်းစေလိုသော အတင်ဆရာ တို့သည် မိမိ[ခ-ဝမ်း]တို့ အတင်ဝါဒကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းကြီး ကျမ်းခိုင်များတွင် တစ်ပုဒ်တစ်ပါဒမျှ မလာမရှိ၍ မတွေ့မမြင်လေလျှင် အခိုအမှီ မရလေရကား၊ မခိုင်မခံ့အံ့ စိုး၍ သိန်ခိုရဟန်းတို့ကို ခိုမှီလို သောကြောင့် သိန်ခိုရဟန်းတို့ အဆက်အနွယ်ပြုလိုဘိ၏။ ပြည်ဘုရင် သတိုးမင်းစော[၂၇၀]လက်ထက် သိန်ခိုကျွန်းကရောက်သော ရှင်သဒ္ဓမ္မစာရီ[၂၇၁]၊ ရှင်မဟာသာမိ[၂၇၂]တို့ အဆက်အနွယ်ဖြစ်ကြောင်းကို စာပေရေးသားထားဘိ၏။ ယခင်က ပြဆိုခဲ့သည့်အတိုင်း သိန်ခိုကျွန်း မှာလည်း အဓမ္မဝါဒီဂိုဏ်း(၃)ပါးဖြင့်သာ သာသနာတော်မြတ် ယိုယွင်းဖောက်ပြန်လေရကား ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ မလာမရှိက သိန်ခိုရဟန်းတို့ကို ခိုမှီသော်လည်း အဓမ္မဝါဒီဂိုဏ်း ရဟန်းတို့ကိုသာ

ခိုမိုရာ ရောက်၍ မိမိတို့အတင်ဝါဒ မခိုင်မခံ့နိုင်လေ။ ခပ်သိမ်းသော ကျင့်နည်းဆောင်နည်း ပဋိပတ္တိဓမ္မသည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ကျမ်းဂန်ဟူသော ပရိယတ္တိဓမ္မ၌ သက်ဝင်မှသာ ခိုင်ခံ့သည်။ ဘုရားသခင် မျက်မှောက်တော်မှလာသော ထေရဝါဒဂိုဏ်း အရှံဆရာတို့ကို ဂါမဝါသီ[၂၇၃]ဖြစ်စေခြင်းငှာ မိမိတို့ဆရာ တံဘုန်းကြီး[၂၇၄] ကို သီဟိုဠ်ရောက် ရှင်သဒ္ဓမ္မစာရီ[၂၇၅]တို့နည်းအတိုင်း အရညဝါသီဂိုဏ်း[၂၇၆] ပြုပြန်ဆိုဘိ၏။ ဂါမဝါသီ၊ အရညဝါသီနှစ်ပါးကိုပင် သံဃဘေဒက သိက္ခာပုဒ်[၂၇၇]၌ ခွင့်ပြုတော်မူသည်။ အရှံဆရာတို့လည်း ဂါမဝါသီ၊ အရညဝါသီအလိုရှိတိုင်း ကျင့်ဆောင်ကြသည် ဖြစ်၏။ ဆိုကျိုး မရှိ။ မိမိတို့ အတင်ဝါဒကို သီဟိုဠ်ရဟန်းတို့ အဆက်အနွယ်မှ ရှေးကအစဉ် အတိုင်း ဖြစ်သည်ဆိုလို၍ အရှံဝါဒကို တောင်ငူရှင်စိတ္တ[၂၇၈] တပည့်ပဥ္စင်း ငယ်တစ်ပါးတွင်မှအစ ဖြစ်ဟန်ဆို ဘိ၏။ ရွှေနူတ်တော်ထွက်ပါဠိတော်၊ သင်္ဂါယနာဝင် အဋ္ဌကထာများစွာ လာရှိသော အရှံဝါဒသည် ယခု ရှင်စိတ္တတို့တွင်မှအစ ဖြစ်သည်မမည်ပေရာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ သက်သေရှိပြီ။ အထက်မှာမှ သိရလတ္တံ့။

နာမ်လိင်္ဂပရိက္ခာရံ အစရှိသော ဂါထာပုဒ်ပါဌ်ဖြင့် ယခင်က ပြခဲ့သည့် အတိုင်း အဓမ္မဝါဒ(၁၇) ဂိုဏ်းသားတို့က အဦးအစဖြစ်၍ သီဟိုဠ် အဓမ္မဝါဒီဂိုဏ်း[၂၇၉]၊ ပုဂံအရည်းကြီး[၂၈၀]တို့ အဆက်အနွယ်သာ ကျင့်ဆောင်ကြသော အတင်ဝါဒလည်း ဓမ္မဝါဒီဂိုဏ်းအဆက်အနွယ်မှ အစဉ်အတိုင်းဖြစ်သည် မမည်ပေရာ။ မဆိမဆိုင်သော ဇက်သံဥတ္တရာ သယ်ကာရာပေတွာ ပါဌ်ပါဠိ မှတစ်ပါး အခြားပါဌ်ပါဠိ ထောက်ထားရန် မရှိရကား သက်သေမရှိဘဲ တရားဆင်[ခ-ကျော]ဘိသကဲ့သို့သာ ရှိမည်။

အတုလစာတွင် ပဥ္စင်းကဲ့သို့ သာမဏေတို့ ဝတ်ရုံလျှင် ထေယျ သံဝါသက ဖြစ်ကြောင်းကို ဆိုသည်။ ကျမ်းဂန် မရှိ။ ပဥ္စင်းနှင့်သာမဏေ အဝတ်အရုံတူကြောင်းကို သံဝါသထေနကထေယျသံဝါသကဖြင့်ပင် သိသာသည်ကို မဆင်ခြင်မိ၍သာ ဆိုလေသည်။ အတုလစာတွင် ဟံသာဝတီရောက်မင်း[၂၈၁] ဘိုးတော်လက်ထက်[၂၈၂] တောင်ငူရှင်စိတ္တ၊ ငါးရံ့အိုရှင်ကလျာဏ[၂၈၃]တို့အစပြု၍ အရှံဝါဒဖြစ်ပွားကြကြောင်းကို ဆိုသည်။ ထိုသို့ ဆိုချက်အတိုင်း မှန်၏။ အဓမ္မဝါဒီဂိုဏ်းတို့ အားကြီး၍

ဓမ္မဝါဒီဂိုဏ်းသားတို့အားနည်းလျှင် ကျမ်းဂန်သိမြင်၍ ဆိုစွမ်းသော်လည်း ဆိုခွင့် မသင့်၍ အလျောက်သာ နေကြရသည်။ သာသနာတော်ရှည်လျား တိုင်း အဓမ္မဝါဒီဂိုဏ်းသားတို့ အားကြီးသည်သာ များသည်။ ထိုကာလ လည်း အဝမင်းတို့[၂၈၄]သာသနာရေးကို အလေးမမူသည်နှင့် မင်းဘေးစိုးဘေး မရှိ။ တရားနှင့်အညီ ကျင့်ဆောင်ရမည့် အခွင့်ကို သိမြင်သဖြင့် တောင်ငူရှင်စိတ္တ၊ ငါးရံ့အိုရှင်ကလျာဏတို့ အစပြု၍ အတင်ဝါဒ မသင့်ကြောင်း၊ အရုံဝါဒကိုသာသင့်ကြောင်းကို ပါဠိအဋ္ဌကထာဋီကာ ပြသကျင့်ဆောင်ပေသည်ဟု မိလိုက်ကြားလိုက် သော မထေရ်ကြီးတို့ ယခုတိုင် ပြောဆိုကြသည်။ ရှင်စိတ္တ၊ ရှင်ကလျာဏမထေရ်မြတ်တို့ကား ကြာမြင့်စွာ ဆုတ်နစ်လေသော သာသနာတော်ကြီးကို တည်တံ့အောင် မြှောက်တင်ပေသတည်း။

ထို့နောက် ဟံသာဝတီရောက်မင်း ခမည်းတော်လက်ထက် လောက ဓမ္မနှစ်ပါး၌ အလွန်လိမ္မာသော ရှင်ဥက္ကံသမာလာ[၂၈၅]နှင့် ဓမ္မဝါဒီဆရာ တစ်စု[၂၈၆] သာသနာရေးကို မျှော်တင်၍ သာမဏေတို့ မြို့ရွာဝင်လျှင် ပရိမဏ္ဍလ၊ သုပ္ပဋိစ္ဆန္နဖြစ်အောင် ဝတ်ရုံစေသော အရုံဝါဒီသာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ လာရှိကြောင်း၊ လက်ကတော့ ဒုကုဋ်တင် ရင်ဖွဲ့စည်း စေသော အတင်ဝါဒသည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ မလာမရှိကြောင်းနှင့် မင်းသို့ စာသွင်း၏။ သွင်းစာတွင်ပါသော ပါဠ်၊ ပါဠိအနက်အရ ဆင်ခြင် ၏။ ခွင့်ပေးစေလိုကြောင်း စာသွင်းသတည်း။[၂၈၇] ထိုသို့ကား မင်းက အခွင့်မပေးလေ။ မိုးထိ မှန်စီ အောင်မြေစံလွှတ်လက်တောင် ဆရာတော် ကြီး[၂၈၈] တို့ထံ ဆိုစေဟု အတင်ဝါဒ အဓမ္မဝါဒီတို့ကို ဆောင်နှင်းပြန်ဘိ ၏။ အရုံဆရာတို့က ရှင်ဥက္ကံသမာလာဆိုသူ အတင်ဆရာတို့က တောင်ဘီလူးဆရာ[၂၈၉]ဆိုသူတည်း။

[ခါ-ဝမ်း]နိဝါသနပါရုပနာဒီသု အဘိသမာစာရိကေသုဝိနေ တဗ္ဗော' အစရှိသော ဝိနည်းအဋ္ဌကထာပါဌ်[၂၉၀]ဖြင့် သေခိယဝတ်[၂၉၁]၊ ခန္ဓကဝတ်[၂၉၂]တို့၌ ဆုံးမအပ်ကြောင်းကို ပြပြီးလျှင် သေခိယဝတ်၊ ခန္ဓကဝတ်၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာထုတ်ပြ၍ ရှင်ဥက္ကံသမာလာတို့က များစွာဆို၏။ တောင်ဘီလူးဆရာတို့ကလည်း အာပတ္တိဒုက္ကဋံသဟု အာပတ်တပ်၍ ဟောတော်မူလေသောကြောင့် ရဟန်း ပဥ္စင်းတို့ဖို့

သာလာသော ပါဌ်ဖြစ်သည် ချေ၏။ ပဋ္ဌန်းစေဝအာပတ္တိ ပဋ္ဌန်းစေဝအနာပတ္တိဟု သိတင်းသုံးဖော် (၅)ယောက်တို့အားပင် အာပတ်သင့်ကြောင်းကို ပရိဝါ[၂၉၃]၌ ဟောတော်မူသည်။ ဒဏ္ဍကမ္မံ ပနတေသံကာတဗ္ဗံဟု သိက္ခမန် သာမဏေတို့အား ဒဏ်အမှုသည် အာပတ်ဖြေခြင်းမည်ကြောင်းကို အဋ္ဌကထာ၌လည်း လာသည်။ ရှင်ဥက္ကံသမာလာတို့က ချေပြန်၏။ သည်အချက်တွင် တောင်ဘီလူးဆရာတို့က နောက်ချေရန် မရှိလေ။ ဝတ္တခန္ဓကေအာဂတဝတ္တာနိပိသိက္ခိတဗ္ဗတော သေခိယာနိဟု ဋီကာ၌ ဆိုသောကြောင့် သာမဏေတို့ ကျင့်အပ်သော သေခိယသည် သုပ္ပဋိန္နသေခိယ မဟုတ်။ ခန္ဓကသေခိယသာဖြစ် သည်။ တောင်ဘီလူးဆရာတို့က မဆိုမဆိုင် ဆိုပြန်၏။ ရှင်ဥက္ကံသမာလာတို့ကလည်း ဤဋီကာပါဌ်သည် ဤအရာနှင့် မဆိုမဆိုင်ဟု ချေပြန်၏။ အတုလစာတွင်ကား ဆိုကြသော ပါဌ်ပါဠိများကို အနှောင့်အယှက် မမှန်မကန် ရေးသားလေသည်။ အလွန် လောကမေ့၌ လိမ္မာသော ရှင်ဥက္ကံသမာလာ အကျော်ကိုလျက် မချေ မဆိုနိုင်ပါ ဝန်ချကြောင်းနှင့် မှာထားလေသည်။[၂၉၄]

ထိုသို့ ရှင်ဥက္ကံသမာလာ၊ တောင်ဘီလူးဆရာတို့ ချေတင်ပြောဆိုကြသည်တွင် အတင်ဝါဒရှိရင်း ခုံဝိနည်းဓိုရ်တို့က အတင်ဝါဒတည်တံ့အောင် ပြောဆိုစရာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ မရှိကြောင်းကို သိ၍ အရုံဝါဒ တည်တံ့မည် စိုးသောကြောင့် အမှုမှုနိုင်စေ၊ နှလုံးသွင်း၍ ဤသို့ အဆုံးအဖြတ်ပြုသည်။ အဋ္ဌကထာတွင် သဗ္ဗမဿကပ္ပိယာ ကပ္ပိယံ အာစိက္ခိတဗ္ဗံဖြင့် အာဒိဗြဟ္မာစရိယကသီလ[၂၉၅]ကို ပြသည်။ နိဝါသနပါရုမ္ပနာဒီသု စသဖြင့် အဘိသမာစရိကသီလကို ပြသည်။ ဝိသုဒ္ဓိမဂ်၌ ဥဘတော ဝိဘင်္ဂပရိယာ ပန္နံဝါအာဒိဗြဟ္မာစရိယကံ၊ ခန္ဓကဝတ္တပရိယာ ပန္နံ အဘိသမာစာရိကံ ဆိုသည့်အတိုင်း အာဒိဗြဟ္မာစရိယကသီလ[၂၉၅]၌ သုပ္ပဋိစ္ဆန္နသေခိယဝင်သည်ဖြစ်၍ အဘိသမာစာရိကသီလ[၂၉၆]၌ မဝင်သင့်ပြီ။ နိဝါသန[ခါ-ကျော]ပါရုပနာဒီသုကိုလည်း အတဂ္ဂုဏာသံ ဝိဉာဏ ဗဟုဗ္ဗဟိသမာသ် ယူရမည်။ တဂ္ဂုဏာသံဝိဉာဏယူသော် အဘိသမာစာရိကေသုဟူသော ဝိသေသနနှင့် ဆန့်ကျင်၍ အတ္ထဝိရောဓိဒေါသရောက်သည်။ ကေသံဥတ္တရာ သင်္ကာရာပေတ္ဘာ

ဟု သာမဏေတို့ အဝတ်အရုံကို ပညတ်တော်မူရင်း ရှိသည်နှင့်အညီ သီဟိုဠ်၊ ယိုးဒယား၊ တနင်္သာရီ[၁၉၇]၊ ဇင်းမယ်၊ ဟံသာဝတီ၊ မုတ္တမ[၁၉၈]၊ ပုသိမ်၊ တောင်ငူ၊ ပုဂံ၊ အဝသာသနာပြုမင်းအဆက်ဆက်၊ ဆရာအဆက်ဆက် သာမဏေတို့ကို ကျင့်ဆောင်စေသည်။

ဆရာစဉ်ဆက်ကျင့်ရိုးအတိုင်းသာ တည်စေဟူ၍ ဘုရားရှင် ရွှေမျက်နှာတော်ကို လက်ခြေဖြင့် ပုတ်ခတ်ဘိသကဲ့သို့ ငရဲကြီး ရှစ်ထပ်[၁၉၉] နှင့် နတ်ပြည်ခြောက်ထပ်[၂၀၀]ကို ပြောင်းလဲဘိသကဲ့သို့ ကဿပဘုရားသခင်[၂၀၁] သာသနာတော်၌ အဓမ္မကို ဓမ္မ၊ ဓမ္မကို အဓမ္မဆုံးဖြတ်သော ကပိလ[၂၀၂]ရဟန်းယုတ်ကဲ့သို့ ဝုံ့ဝုံ့ရဲရဲ အဆုံးအဖြတ် ပြုလေဘိ၏။ ထိုသို့ အဆုံးအဖြတ်ပြုပြီးနောက် ဝိနည်းမိုရ် မိုးထိဆရာတော်ကို အဝမင်း[၂၀၃]က မေးသည်တွင် တရားစကားမှာ ဥက္ကံသမာလာတို့က ဆိုသောအရာသာ ကျမ်းဂန်လာရှိပေသည်။ သို့ကိုမူကား ဥက္ကံသမာလာ မောက်မော်လှသောကြောင့် ငါတို့ အရှုံးပေးလိုက်သည် ပြောဆိုလေသည်။ အဝမင်းလည်း သာသနာရေးကို အလေးအမြတ်မပြု အမှတ်မဲ့နေသောကြောင့်လည်းကောင်း၊ မိုးထိဆရာတော်တို့ ဆုံးဖြတ်သောအရာကို မကြိုက်မနှစ်သက်သောကြောင့်လည်းကောင်း အရုံသာဖြစ်စေ၊ အတင်သာဖြစ်စေ၊ သီးသန့်ခြားနား၍ အမိန့်တော် မပြန်လေ။[၂၀၄] ထိုကာလဆိုချက် ဆုံးဖြတ်ချက်များလည်း အရုံဆရာရှင်ဥက္ကံသမာလာတို့မှာ အသေအချာ မမှတ် မထားကြ။ ဖြတ်စာ[၂၀၅] ရှိဟန် ပြောဆိုလိုသူ အတင်ဆရာတို့မှာ မိမိတို့စိတ်ကြိုက်ရာ ပြုလုပ်မှတ်သား ထားကြလေသည်။ ဤအကြောင်းများကိုလည်း ထိုအခါ သိမီလိုက်သော ဆရာကြီးတို့ ပြောဆိုသောကြောင့် ကြားသိရသတည်း။

သူတို့ဆုံးဖြတ်ချက်ကို မသင့်ဆိုပြီး မသင့်ဟန်ကို ဆိုပေဦး မေးဖွယ်ရှိ၏။ အမွှက်မျှသာဆိုသော်ကား ဆုံးဖြတ်ချက်တွင် ရှေ့ဝါကျဖြင့် အာဒိဗြဟ္မာစရိယကသီလကို နောက်ဝါကျဖြင့် အဘိသမာစာရိကသီလကို ပြ၍ ဆိုလေသည်။ ထိုသို့ သီလနှစ်ပါးဖြင့် သီးသန့်ခြားနား၍ ပြကြောင်းကို ဋီကာကြီးသုံးစောင်[၂၀၆]၌ မဆို၊ နိဝါသနပါရုပနာဒီသုကို အတဂ္ဂဟ ကြံရအောင် မိမိတို့အလျောက် ကြံ[ခိ-ဝမ်း]စည်၍ ဆိုခြင်းမျှသာတည်း။ မိမိတို့က လျောက်ဆိုသည်တတ်ဖြစ်စေ၊ ဝိသုဒ္ဓိမဂ်၌

ယခင်သီလ၏အရကို သုံးနည်းကောက်ရာတွင် အာဒိပြဟ္မာစရိယက ကား အာဇီဝဋ္ဌမကသီလ၊ အဘိသမာစာရိကကား ကြွင်းသောသီလဟု ကောက်သော ပထမနည်း၊ အဘိသမာစာရိကကား ခုဒ္ဒါနုခုဒ္ဒကသီလ[၂၀၇]၊ အာဒိပြဟ္မာစရိယကံကား ကြွင်းသောသီလဟုကောက်သော ဒုတိယ နည်း။ ဤနည်း(၂)နည်းဖြင့်ယူသော် အလွန်သင့်လျက် မသင့်အောင် တတိယနည်းဖြင့်သာ ယူလေသည်ကား ယူဖွယ်မရှိ။ ယခင်ပထမနည်း၊ ဒုတိယနည်းဖြင့် ယူသော် နိဝါသနပါရုပနာဒိသုကိုလည်း အဘိသမာစရိကသီလ၌ သုပ္ပဋိစ္ဆန္နသေခိယဝတ်ဝင်သောကြောင့် တဂ္ဂုဏသာ ကြံသင့်လျက် အတဂ္ဂုဏကြံလေသည်ကား ကြံဖွယ်မရှိ။ တစ်နည်းလည်း အာဒိသဒ္ဒါ (၂)ပါးတွင် နိဝါသနပါရုပနနည်းသည် ပပ္ပတာဒိနိခေတ္တာနိမှာကဲ့သို့ ခန္ဓကသေခိယ၏ ပိုင်းခြားရာ မဟုတ်သောကြောင့် အပါဒါနဝါစီ မဖြစ်သင့်။ အပါဒါနသတ် မယူရာ။ သဗ္ဗာဒီနိသဗ္ဗနာမာနိမှာကဲ့သို့ ယခင် ပထမ၊ ဒုတိယနည်းဖြင့် အဘိသမာစရိက၌ ဝင်သောကြောင့် အဝယဝဝါစီသာဖြစ်သင့်၏။ ကမ္မသတ်မူရာတွင် အဝယဝဝါစီဖြစ်သော အာဒိသဒ္ဒါနှင့် သမာသ်တွဲကလည်း အတဂ္ဂုဏသ ပိဋကတ်သုံး ပုံ[၂၀၈]၌ပင် အတဂ္ဂုဏ မဟုတ်။ ထိုသို့လျက် အတဂ္ဂုဏကြံလေသည်ကား ကြံဘွယ်မရှိ။ ဧကံသံဥတ္တရာသင်္ကာရာပေတွာဟု သာမဏေတို့ အဝတ်အရုံကို ပညတ်တော်မူရင်းရှိသည်ဆိုရာ၌လည်း မြို့ရွာဝင်သောခါ ဝတ်ရုံစေလို၍ ပညတ်တော်မူရင်း မဟုတ်။ သာမဏေ ပြုသောခါ သရဏဂုံယူခိုက်လက်ကတော့ တင်စေလို၍ ဟောတော်မူ သော စကားစပ် စကားပါမျှသာ ဖြစ်သည်။[၂၀၉] ဒုကုဋ်ငယ် ရင်ဖွဲ့လည်း မပါ။ သာမဏေပြုသောခါ လက်ကတော့တင်စေလို၍ ဟောတော်မူသည်ကို မြို့ရွာဝင်သောခါ အဝတ်အရုံမယူသင့်။ ယူရမည်လည်း ကျမ်းဂန်မရှိ။ အကယ်၍ မိမိတို့အလိုရှိတိုင်း ယူငြားအံ့။ သာမဏေ ပြုသောခါ သရဏဂုံယူခိုက် ရဟန်းတို့ခြေကို ရှိခိုးစေလို၍ ဆောင့် ကြောင့်ထိုင်စေလို၍ လက်အုပ်ချီစေလို၍ ဘိက္ခုနံပါဒေဝန္ဒာပေတွာ စသည်ကိုလည်း ဟောတော်မူသောကြောင့် သာမဏေတို့ မြို့ရွာ ဝင်သောခါ ရဟန်းတို့ ခြေကိုရှိခိုးလျက် ဆောင့်ကြောင့်ထိုင်လျက်

လက်အုပ်ချီလျက် မြို့ရွာဝင်ရမည့် စကားကျလေ[ခ်-ကျော]ခဲ့၏။ ထိုသို့လျက် ကျမ်းရိုးဂန်ရိုးကို မဆင်ခြင်မိဘဲ သာမဏေပြုသောခါ သရဏဂုံယူခိုက် လက်ကတော့တင်စေလို၍ ဟောတော်မူသည်။ မြို့ရွာဝင်ရာမှာ ဆိုလေသည်ကား ဆိုဖွယ်မရှိ။ တစ်နည်းလည်း သာမဏေပြုသောခါသာ ဤသို့ ဟောတော်မူသည် မဟုတ်။ ပဉ္စင်းခံသောအခါ ဒေသနာကြားသောခါ ကံကြီးကံငယ်ပြုသောခါ စသည်မှာလည်း ဤသို့ချည်း ဟောတော်မူရကား မြို့ရွာဝင်သောခါနှင့် မစပ်မဆိုင်။ ထိုသို့ မစပ်မဆိုင်ကြောင်းကို သိစေခြင်းငှာ၊ မဟာဝါအဋ္ဌကထာ[၁၃၀]၌ ပဌမံကေသမဿုံတိ အာဒိနာတဿ အာဒိဘော ဝသာမဏေရ ပဗ္ဗဇ္ဇံဒဿေတိ မိန့်ဆိုပြီ။ ထိုသို့လျက် မြို့ရွာဝင်ရာမှာ မစပ်မဆိုင် ဆိုလေသည်ကား ဆိုဖွယ်မရှိ။

သီဟိုဠ်၊ ယိုးဒယား၊ တနင်္သာရီ၊ ဇင်းမယ်၊ ဟံသာဝတီ၊ မုတ္တမ၊ ပုသိမ်၊ တောင်ငူ၊ ပုဂံ၊ အဝသာသနာပြု မင်းအဆက်ဆက် ဆရာအဆက်ဆက် သာမဏေတို့ကို အတင်သာကျင့်ဆောင်စေသည် ဆိုရာ၌လည်း ထိုတိုင်း၊ ထိုပြည်တို့၌ အခါခပ်သိမ်းပင် အတင်သာကျင့်ဆောင်စေသည်ကို သိနိုင်ဆိုနိုင်မည် မဟုတ်။ အဓမ္မဝါဒီဂိုဏ်းသား ရှင်အရည်းတို့ များပြားသောအခါ တစ်ချို့ ကျင့်ဆောင်စေသည်။ တစ်ချို့ မကျင့်မဆောင်စေသာ ဆိုဖွယ် ရှိသည်။ အပေါ်၌ပြသော ကမ္ဗည်း[၁၃၁]မကွယ်သေးသမျှ မြေ၌မြှုပ်ထားသော ရွှေအိုး မကွယ်နိုင်သကဲ့သို့ ပရိယတ္တိဓမ္မ[၁၃၂] မကွယ်သေးသမျှ အချင်းခပ်သိမ်း ပဋိပတ္တိဓမ္မ[၁၃၃] မကွယ်နိုင်ရာ၊ ကျမ်းဂန်လာသည်နှင့်အညီ နေလကဲ့သို့ ထင်ရှားသော ကိုယ်စားတော် ပါဠိအဋ္ဌကထာ ရှိ၍ သာမဏေတို့ ရုံသင့်သောအကျင့် မကွယ်မပျောက်သေးသည် ဖြစ်လျက် အတင်ကိုသာ ဓမ္မဝါဒီ ဂိုဏ်းသံဃာတို့ အခါခပ်သိမ်း ကျင့်ဆောင်စေဘိမည် မဟုတ်။ မင်းစိုးအမှီမရ အားနည်းကြလျှင် တစ်ရံတစ်ဆစ် တစ်စိတ်တစ်ချို့သာ ကျင့်ဆောင်စေကြမည်။ ပါဠိ အဋ္ဌကထာ ကျမ်းဂန်လာသည်ထက်လည်း မြို့ရွာဒေသထုံးစံ ခိုင်ခံ့သည် မဟုတ်။ ထိုသို့လျက် မြို့ရွာဒေသထုံးစံကို ခိုမှီ၍ ဆိုလေသည်ကား ဆိုဖွယ် မရှိ။ ဆရာစဉ်ဆက်ကျင့်ရိုးအတိုင်းသာ တည်စေဆိုရာ၌လည်း အာစိဏ္ဏကပ္ပေါခေါ် အာဝုသောဧကစ္စောကပ္ပတိ ဧကစ္စောနကပ္ပတိဟု စူဠဝါပါဠိတော်၌

လာသောကြောင့် တရားနှင့်ညီသော ဆရာစဉ်ဆက်ကျင့်ရိုး အတိုင်းသာ တည်စေသင့်သည်။ တရားနှင့်မညီသော ဆရာစဉ်ဆက်ကျင့်ရိုးအတိုင်း [ခီ-ဝမ်း]မတည်စေသင့်။ ဆရာစဉ်ဆက်ကျင့်ရိုး ဟူသမျှပင် တည်စေဆိုသော် ဝဋ္ဋိတိုင်းသားရဟန်းများ ပြသော အဓမ္မဝတ္ထု(၁၀)ပါးတွင် တစ်ပါးသို့ သက်ဝင်လေ၏။ ထိုသို့လျှက် တရားနှင့်ညီ မညီ မဆုံးမဖြတ်ဘဲ ဆရာစဉ်ဆက်ကျင့်ရိုးအတိုင်းသာတည်စေ ဆိုလေသည်ကား ဆိုဖွယ်မရှိ။ ဆရာစဉ်ဆက်ကျင့်ရိုး အတိုင်းသာ ကျင့်ကောင်းသည့် အယူဝါဒကို ထောက်၍လည်း အဓမ္မဝါဒီဂိုဏ်း ရှင်အရည်းတို့ အဆက်အနွယ်မှန်ကြောင်းကို သိရသည်။ ဤကား ဟံသာဝတီရောက် မင်းခမည်းတော်လက်ထက် အတင်ဆရာတို့က နိုင်သောဖြတ်စာ ပြီးချက်စာ[234]ဟု ပါဠိ၊ အဋ္ဌကထာ ခိုမှီရာ မရှိ၍ ပါဠိ၊ အဋ္ဌကထာတို့ကဲ့သို့ အတင်ဆရာတို့ ခိုမှီးကြသော ဖြတ်စာ၏ မသင့်သော အဆုံးအဖြတ် ဖြစ်ကြောင်းကို အမြွက်မျှသာ ဆိုသောစကားတည်း။

ဤအရာတွင် ပရိမဏ္ဍလ၊ သုပ္ပဋိစ္ဆန္နဖြစ်အောင် သာမဏေတို့ ဝတ်ရုံ သင့်ကြောင်းကို ပြ၍လည်း ၎င်းဖြတ်စာကို ပယ်ခွင့်ရောက်၏။ ပြသော်ကား နိဝါသနပါရုပနာဒီသု စသော သင်္ဂါယနာဝင် အဋ္ဌကထာ ပါဌ်ဖြင့် သေခိယဝတ်၊ ခန္ဓကဝတ်ကို သာမဏေတို့ ဖြည့်ကျင့်ထိုက်အောင် ဋီကာကြီး(၃)စောင်အဖွင့်နှင့်တကွ ပြပြီးမှ ပရိမဏ္ဍလ သုပ္ပဋိစ္ဆန္န သေခိယဝတ်၊ ပါဠိတော်အဋ္ဌကထာ ဥပဇ္ဈာယဝတ်၊ အာစရိယဝတ်၊ ဘတ္တဂ္ဂဝတ်၊ ပိဏ္ဍစာရိကဝတ် စသော ခန္ဓကဝတ်ပါဠိတော် အဋ္ဌကထာ များကို ဋီကာကြီး (၃)စောင် အဖွင့်နှင့်တကွ ပြရာ၏။ ထိုမှတစ်ပါးတည်း နိဿရည်း ဥပဇ္ဈာယ်အင်္ဂါ[235]၊ ပဥ္စအာဗာဓအရာ စသော ပရိမဏ္ဍလ၊ သုပ္ပနိစ္ဆန္နဖြစ်အောင် သာမဏေတို့ အဝတ်အရုံပါသော ပါဠိတော်၊ အဋ္ဌကထာ၊ ဝိနယဝိနိစ္ဆယ၊ သိက္ခာပဒ ဝလဉ္စနစသော လက်သန်း အဋ္ဌကထာများကိုလည်း ဋီကာအဖွင့်နှင့်တကွ ပြရာ၏။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာရှိတိုင်း သာမဏေတို့ ရုံသင့်ကြောင်းကို ထုတ်နုတ်ရေးသားသော အင်္ဂါ(၂၀)ကျော်[236]၊ ဘာဏဝါရ(၃၀)ခန့်[237] ကျမ်းကြီး တစ်စောင်ပင် ဖြစ်လောက်၏။ အသင်အကြားနည်းသော ရဟန်းတို့ အား မှတ်သားစေခြင်းငှာ အသီးအသီးအမြွက်မျှ ထုတ်နုတ်ရေး

သားကြသည်လည်း များစွာရှိပြီ။ အမရပူရမြို့တည်နန်းတည် လက်နက်စကြာသခင် ဆင်ဖြူများရှင် အရှင်ဘဝရှင်မင်းတရားကြီး[၃၁၈]လက်ထက် (၁၁၆၂)ခုနှစ်[၃၁၉] သိန်ခိုကျွန်းက ဓာတ်တော်စစ် (၁၀)ဆူ[၃၂၀]ကို[ခီ-ကျော] ပင့်ဆောင်၍ ပေးဆပ်လာသော သာမဏေ (၇)ပါး[၃၂၁]တို့ကို ပဥ္စင်းခံ၍ သိန်ခိုကျွန်းသို့ ပြန်လည်ဆောင်သည်တွင် ပဥ္စင်းခံသောအကြောင်းအရာနှင့်တကွ ပရိမဏ္ဍလ၊ သုပ္ပဋိစ္ဆန္နဖြစ်အောင် သာမဏေတို့ ဝတ်ရုံ သင့်ကြောင်းကို ဆိုသော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကို ထုတ်နုတ်၍ ပါဌ်ပဒဖွဲ့စီလျက် သိန်ခိုသံဃာတို့အား ပေးသလိုက်သော သန္ဒေသကထာလည်း ရှိပြီဖြစ်၍ ဤအရာ၌ အကျယ်မထုတ်နုတ် မရေးသားသတည်း။ ထိုမှနောက် ဟံသာဝတီရောက်မင်းလက်ထက်လည်း ကျောင်းတစ်ရာကျော်အောင်စံထားဆရာတော်[၃၂၂]က အရုံဝါဒသာ ဓမ္မဝါဒဖြစ်ကြောင်းကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ အနက်အဓိပ္ပာယ်နှင့် မင်းကို စာသွင်း၏။ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ အနက်အဓိပ္ပာယ်ကို ဆင်ခြင်၍ အခွင့်ပေး စေလိုသောကြောင့် စာသွင်းပါသည်ကို သာသနာရေး၌ အလေးအမြတ် မပြု။ အခွင့်ကား မပေး။ အောင်မြေရွှေဘုံဆရာတော်တို့ရှေ့ ဆိုကြစေ အမိန့်တော်ပြန်လေ၏။ [၃၂၃] အမိန့်တော်ပါ ခုံဝိနည်းမိုရ်တို့ကား ပါဠိတော်နှင့် အဋ္ဌကထာ၊ အဋ္ဌကထာနှင့် ဋီကာ၊ ဋီကာနှင့် အနု၊ မဓု လက်သန်း၊ ဂဏ္ဌိရများကို နှီးနှော ဆုံးဖြတ်နိုင်လောက်အောင် ကျမ်းဂန် မတတ်မသိ။ ဓမ္မဝါဒီလဇ္ဇီ ပေသလလည်း မဟုတ်။ ဦးထုပ်ဆောင်း၊ ဒုကုဋ်တင် လက်ရှိပင်တည်း။ [၃၂၄] ထိုသို့ ဝိနည်းမှုနှင့် ဝိနည်းမိုရ်တို့ မတန်မရာသည်ကို သိ၍ ကျော်အောင်စံထားဆရာတော်တို့လည်း အမိန့်တော်တည်ရုံမျှသာ မျက်နှာပြ၍ အမှုငြိမ်းလေစေ၏။ အတုလစာတွင်ကား ကျမ်းထူး ကျမ်းဖျားစီရင်သော ကျော်အောင်စံထား ဆရာတော်ကိုလျက် အထက်ဆရာတို့ထက် သာလွန်၍ မဆိုနိုင်သောကြောင့် မဆိုရဟန် ရေးသားလေသည်။ အရပ်ရပ် သက်န်းရုံတို့ကို ဒုကုဋ်တင်စေ အမိန့်တော်ပြန်ဟန်လည်း ဆိုလေသည်။ အမိန့်တော်ကား မပြန်။ ဟံသာဝတီရောက်မင်းက ထိုအလောင်းမင်းတရားကြီးတိုင် အရပ်ရပ် သက်န်းရုံ အထင်အရှား ရှိတော့သည်။[၃၂၅]

ထိုမှနောက် သက္ကရာဇ်(၁၁၁၅)ခုနှစ်[၂၁၆]ရောက်လျှင် ရတနာသိယ်[၂၁၇] ကုန်းဘောင်မြို့[၂၁၈]တည် အလောင်းမင်းတရားကြီး ရွှေထီးရွှေနန်း သိမ်းမြန်း ဆက်ခံစေတော်မူ၏။ သာသနာတော်မြတ်၌ အလွန်ကြည်ညို၏။ တရားတော်ကို ရိုသေလေးမြတ်၏။ ပွဲကျောင်းအလင်္ကီတို့ကို ဆုံးမ၍ သာသနာတော်မြတ်ကိုသုတ်သင်ပြုစု၏။ ပါရမီဖြည့်မင်းလောင်းမင်းလျာ[၂၁၉]ဖြစ်၍ အလောင်းမင်းတရား[ခု-ဝမ်း]ကြီး[၂၂၀]ဟု တွင်၏။ ထိုအခါ အရုံဝါဒဓမ္မဝါဒီဖြစ်သော ပလိုင်းရှင်သုဇာတကိုက သာမဏေတို့ သင်္ကန်းရုံခြင်းသာ ဓမ္မဝါဒီဖြစ်ကြောင်း[၂၂၁] နှင့် ပါဠိ၊ အဋ္ဌကထာ အနက်အဓိပ္ပာယ်ပြ၍ စာသွင်းလျှင် အလောင်းမင်းတရားကြီးလည်း ဆွေးနွေး စိစစ်၍ တရားရှိရာဖြစ်စေလိုသည်ကို ဆရာပြု၍ ကိုးကွယ်သော အတုလဆရာတော်သည် ဟံသာဝတီရောက်မင်းခမည်းတော်လက်ထက်ကပင် ဖြတ်တမ်း၊ ဖြတ်စာနှင့် ပြီးသောအမှုဖြစ်သောကြောင့် ဟံသာဝတီရောက်မင်းလက်ထက်ကလည်း အရပ်ရပ် သင်္ကန်းရုံတို့ကို ဒုကုဋ်တင်စေ အမိန့်တော်ပြန်ကြောင်း[၂၂၂]များနှင့် အကြိမ်ကြိမ် ဆီးတားပြောဆိုသောကြောင့် မဆွေးနွေး၊ မစိစစ် ရှိလေ၏။ တိုင်းရေးပြည်ရေးကုန်စေဦး။ သာသနာရေးမှာ နောက်မှ ဆွေးနွေးစိစစ်၍ တရားရှိရာဖြစ်စေရမည်။ အမိန့်တော်ရှိကြောင်းကိုလည်း ယခုတိုင် ပြောဆိုကြ၏။ ထိုကာလ အတုလဆရာတော်က ဖြတ်တမ်းဖြတ်စာနှင့် ပြီးသော အမှုဖြစ်ကြောင်းကို ဆိုသည်မှာ ဆိုသင့် မဆိုသင့် မေးဖွယ်ရှိ၏။ တရားနှင့်ညီသော အဆုံးအဖြတ်ကိုသာ ပြီးပြီမှ တစ်ဖန် လှန်ပြန်သော် ပါစိတ်အာပတ်တပ်၍ ပညတ်တော်မူသောကြောင့် တရားနှင့်ညီသော အဆုံးအဖြတ်၌ ဖြတ်တမ်းဖြတ်စာရှိသည် ဆိုသင့်၏။ ဤအရာမူကား တရားနှင့်မညီသော အဆုံးအဖြတ် ဖြစ်၍ ဖြတ်တမ်းဖြတ်စာ ရှိသည် မဆိုသင့်။ တရားနှင့်မညီသော အဆုံးအဖြတ်ဖြစ်လျှင် အကြိမ်အရာ အထောင်ပင် ပြန်လှန်၍ ဆိုသော်လည်း အာပတ် မသင့်၊ ခွင့်ပြုတော်မူသည်။ အတုလဆရာတော်ကား တရားကို အလေးအမြတ် မပြုဘဲ လူမှု၌ဖြတ်စာဖောက်ကဲ့သို့ ထင်ရှားကြအောင် ဖြတ်တမ်း၊ ဖြတ်စာရှိကြောင်းကို ဆိုလေသည်။

ထိုမှနောက် သက္ကရာဇ်(၁၁၄၃)ခုနှစ်[၃၃၃]ရောက်လေသော် ရတနာသိယ်မြို့တည် အလောင်းမင်းတရားကြီး၏ သားတော်အစစ်[၃၃၄] လည်းဖြစ်သော မဟာဇေယပူရမြို့[၃၃၅]တည်မင်းတရား[၃၃၆]၊ ရတနာပူရမြို့[၃၃၇] တည်မင်းတရား[၃၃၈]တို့၏ ညီတော်အရင်းလည်း ဖြစ်သော ဘဝရှင်မင်းတရားကြီးသည် ရတနာပူရအဝပြည်ကြီး[၃၃၉]၌ ရွှေထီးရွှေနန်း သိမ်းမြန်းဆက်ခံတော်မူ၏။[၃၄၀] သာသနာတော်(၂၃၂၇) ခုနှစ်[၃၄၁]၊ သက္ကရာဇ် (၁၁၄၅)နှစ်[၃၄၂]ရှိသောအခါ အမရပူရရွှေမြို့ရွှေနန်း[၃၄၃]ကို တည်ထောင်တော်မူ၏။[၃၄၄] ကျမ်းဂန်လာသော အစီအရင်အတိုင်း ဦးထိပ်၌ စိုက်၍သွန်းသော ခတ္တိယာဘိသေက[၃၄၅]ဖြင့် မုဒ္ဒါဘိသိက်[၃၄၆] ခံတော်မူ၏။[၃၄၇] တရုတ်[၃၄၈]တ[ခု-ကျော]ရက်[၃၄၉]နှစ်ပြည်ထောင်ကိုပိုင်သော ဦးတည်မင်း[၃၅၀]၊ ဝဇ္ဇီတိုင်းကို အစိုးရသော ဝေသာလီမင်း[၃၅၁]၊ သိန်ခိုကျွန်း၌တည်သော သိရိဝဍ္ဎနမြို့ သိရီရာဇာဓိရာဇာသီဟမင်း[၃၅၂] တို့က ဆက်လာသော အထူးထူးသော သမီးကညာလက်ဆောင်ပဏ္ဏာများကို ခံတော်မူရ၏။[၃၅၃] ပိဋကတ်ကျမ်း၊ ဆေးကျမ်း၊ ဗေဒင်ကျမ်းတို့၌ သူမတူနိုင်အောင် တတ်ကျွမ်းတော်မူ၏။ အနော်ရထာမင်းစောတို့လက်ထက်က ပင့်ဆောင်၍ မရသော မဟာမုနိရုပ်ပွားတော်[၃၅၄]ကို ရခိုင်ပြည်မှ ပင့်ဆောင်၍ ရွှေပြဿဒ်နှင့် ကိုးကွယ်တော်မူ၏။[၃၅၅] အောင်မြေလောကစေတီတော်[၃၅၆]၊ အသောကာရုံတိုက်[၃၅၇]၊ ရတနာဘုံကျော်ကျောင်းတော်[၃၅၈] စသော များစွာသော စေတီ၊ များစွာသော ကျောင်းဒါယကာလည်း ဖြစ်တော်မူ၏။ သဗ္ဗညုဆု၌ မပြတ်ညွတ်သောစိတ်ဖြင့် တရားကို အလေးအမြတ်ပြုလျက် သာသနာတော်ကို သုတ်သင်ပြုစုတော်မူ၏။ ကွမ်းဆော်မင်း[၃၅၉]အား သိကြားဆောင်နှင်းသော အရိန္ဒမာလှံ[၃၆၀]၊ သီလဝံသမား[၃၆၁]သည် ကျည်းစိုးမင်း[၃၆၂]၊ စုက္ကတေးမင်း[၃၆၃] တို့လက်ထက် ကွယ်၍ အနော်ရထာမင်းစောလက်ထက်မှ ထင်ရှားဖြစ်သကဲ့သို့ ခမည်းတော်အလောင်းမင်းတရားကြီး သုံးစွဲသော တစ်ချက်ပစ်လျှင် အချက်များစွာထင်လျက်ရွယ်တိုင်းရောက်သော အမြောက်ရတနာ[၃၆၄]သည် မင်းသုံးဆက်ကျော်[၃၆၅] ကွယ်ပြီးမှ ထင်ရှားဖြစ်သည်။ ဧညဝတီမြို့က မင်းအဆက်ဆက် မရဖူးသော ဝဇြာဝုဓ[၃၆၆]အမြောက်ကြီးကိုရသည်ကို အကြောင်းပြု၍

လည်းကောင်း၊ ဥပေါ်ဆဒ္ဒါန်မျိုးလက္ခဏာနှင့် ပြည့်စုံသော ရတနာကုမုဒ်[၃၆၇]၊ အဥ္စနဂိရိ[၃၆၈]အစရှိသော ဆင်ဖြူများ[၃၆၉]ကိုရသည်ကို အကြောင်းပြု၍လည်းကောင်း၊ လက်နက်စကြာသခင်ဆင်ဖြူများရှင်ဟု တွင်၏။

ထိုသို့သော ဘုန်းတန်ခိုးအာနုဘော်တို့နှင့် ပြည့်စုံတော်မူသော လက်နက်စကြာသခင်ဆင်ဖြူများရှင်ဘဝရှင်မင်းတရားကြီးသည် အဝမင်းတို့လက်ထက်ကကို ခမည်းတော်၊ နောင်တော်မင်းတရားတို့ လက်ထက်တိုင်အောင် အရုံအတင် သာသနာရေး[၃၇၀]မပြီး မပြေလက်စ ရှိလေသည်ကို ဆင်ခြင်တော်မူ၍ ရွှေနန်းတက်စနှစ်[၃၇၁]၌ပင် အရုံအတင် နှစ်ရပ်တွင် တရားရှိရာ ဖြစ်စေရမည်။ အရုံဆရာ၊ အတင်ဆရာတို့ကို အလိုရှိတိုင်း တရားကျမ်းဂန်နှင့် ပြောဆိုကြစေဟု မှူးမတ်တို့ကို စေ၍ ဆရာတော်တို့ကို အစေ့အနှံ့ လျှောက်ထားရလျှင် အတင်ဝါဒသည် ဆရာစဉ်ကိုစွဲ၍ ယူမှတ်ကာမျှသာ ပါဠိ၊[ခူ-ဝမ်း] အဋ္ဌကထာ၊ ဋီကာကား မရှိပေ။ ကျမ်းဂန် မရှိသည်ကိုလည်း ပြောဆိုစု မရှိပါပြီ။ အတင်ဆရာတို့ အညီအညွတ် ဝန်ချကြ၍ ကျမ်းဂန်ရှိတိုင်း ပရိမဏ္ဍလ၊ သုပ္ပဋိစ္ဆန္နဖြစ်အောင် သာမဏေတို့ကို ဝတ်ရုံပါစိမ့်မည် ဝန်ခံကြသည်။
[၃၇၂] လက်နက်စကြာ သခင်ဆင်ဖြူများရှင်ဘဝရှင်မင်းတရားကြီးကား မင်းသားငယ်လက်ထက်[၃၇၃]ကပင် သာသနာရေးကို အလေးအမြတ်ပြု၍ ဆွေးနွေး မေးမြန်းစုံစမ်း မှတ်သားလေ့ရှိသောကြောင့် ရှေးနှောင်း သာသနာရေးဟူသမျှကို တစမကျန် သိမြင်တော်မူ၏။ ထိုအကြောင်းကို အတင်ဆရာတို့ ကြားသိကြ၍ အဟုတ်အမှန် ပြောဆိုရသော် မပြောဆိုနိုင်ချေ။ အမှတ်မထင်နှင့် အတင်ဝါဒကို မပြောမဆိုပါပြီ။ ဝန်ချ၍ အရုံဝါဒကို ကျင့်ဆောင်ပါတော့မည်။ ဝန်ခံကြသတည်း။

ထိုသို့ ဝန်ချခြင်း၊ ဝန်ခံခြင်းကို ကြားသိတော်မူလျှင် ဆွေးနွေးစိစစ်၍ တရားရှိရာ ဖြစ်စေရမည် ကြံသည်ကို မဆွေးနွေးမစိစစ်ဘဲပင် သံဃာတော်တို့က တညီတညွတ် အဖြောင့်အမတ် ဝန်ချဝန်ခံပြုလေပြီးသည်။ ဆွေးနွေးစိစစ်ဖွယ် မရှိပြီ။ သာသနာတော်ကို ပြုစုထိုက်သော ဘုန်းကံ ပါ၍ သာသနာရေး ပြေကုန်လွယ်သည်။ ဆင်ခြင်တော်မူပြီးလျှင် သံဃာ တော်တို့ တညီတညွတ် ဝန်ချဝန်ခံ ပြုသည့်အတိုင်း ပရိမဏ္ဍလ၊

သုပ္ပဋိစ္ဆန္နဖြစ်အောင် သာမဏေတို့ကို ဝတ်ရုံကျင့် ဆောင်ကြစေဟူ၍ သဗ္ဗညုဆုံ၌ ညွတ်သော စင်ကြယ်သောစိတ်ဖြင့် အမိန့်တော်ပြန်တော်မူသည်။[၇၇၄] အမိန့်တော်ပြန်တိုင်းလည်း အရပ်ရပ်သံဃာတို့ တညီတညွတ်ကျင့်ဆောင်ကြသည်။[၇၇၅] ထိုမှနောက် သက္ကရာဇ်(၁၁၄၆)ခုနှစ်[၇၇၆]ရောက်သောအခါ အလောင်းမင်းတရားကြီးလက်ထက် ဆရာတော်ဖြစ်သော အတုလဆရာ[၇၇၇]က စူဠဂဏ္ဌိ[၇၇၈]တွင် သာမဏေတို့ တင်သင့်ကြောင်းကိုပါသည်။ ၎င်းကျမ်းကိုလည်း သီဟိုဠ်ကျွန်း အနုရာဓမြို့ တောင် ပေါ[ခု-ကျော]က္ကန္တိဂါမရွာ၌ ရဟန္တာရှင်မောဂ္ဂလာန်ပြုသည် ပြောဆိုသည်ကိုကြားသိတော်မူ၍ အတုလဆရာဆိုချက်အတိုင်း စာမေးဆရာတော်တို့က ဆေးမေးစေ။ အမိန့်တော်ပြန်လျှင် အမိန့်တော်အတိုင်း စိဝရပင္မလဥပရိသံဃာဋိံ ကတွာ ဥရဗန္ဓနဝတ္တံဗန္ဓိတဗ္ဗံ ဟူ၍ အတုလဆရာဆောင်သောစူဠဂဏ္ဌိပါဌ်ကဲ့သို့ အခြားကျမ်းမှာ ရှိ မရှိ အတုလဆရာကို မေးဆေးလျှင် အခြားကျမ်းမှာ မရှိပေဆိုသည်။ 'စူဠဂဏ္ဌိသည် အဘယ်ဆရာပြုသော ကျမ်းနည်း' မေးဆေးလျှင် သီဟိုဠ်ကျွန်း အနုရာဓမြို့တောင်ပေါက္ကန္တိဂါမရွာ၌ ရဟန္တာရှင်မောဂ္ဂလာန်ပြုသောကျမ်းဟု သီဟိုဠ်ပါ ပိဋကတ်မှန်မှာ ရှိသည်ဆိုသည်။ "ပိဋကတ်မှန်[၇၇၉]ကို အဘယ်ဆရာပြုသနည်း" မေးဆေးလျှင် သီဟိုဠ်ပါ ကျမ်းစာရင်းကို ရှင်ဗုဒ္ဓဃောသ[၇၈၀]သာမှတ်သော မှန်စာ ဖြစ်သည်။ ထိုပိဋကတ်မှန်လည်း ငါ့လက်တွင်ပင်ရှိ သည်ဆိုသည်။ ဆိုချက်အတိုင်း လက်ရှိပိဋကတ်မှန်ကို တင်စေ၍ ကြည့်ရှုကြလျှင် ဝိနယဂဏ္ဌိပုဒ်[၇၈၁]ကို သီဟိုဠ် ပရက္ကမဗာဟုမင်း လက်ထက် ရှင်မောဂ္ဂလာန် ပြုသည်သာရှိသည်။ အတုလဆရာ ဆိုချက်အတိုင်း မရှိ။ "ပိဋကတ်မှန်မှာ မရှိဘဲလျက် အဘယ်ကြောင့် ရှိသည် ဆိုသနည်း" ဆေးမေးပြန်လျှင် ခိုးထုပ်နှင့်ခိုးသူကို ဖမ်းမိသကဲ့သို့ မုသားထုပ်နှင့် အဓမ္မဝါဒီကို ဖမ်းမိ၍ ပြေလည်အောင် မဆိုနိုင်ရှိပြီ[၇၈၂] 'စူဠဂဏ္ဌိသည် ဋီကာကြီးသုံးစောင်တွင် ဆောင်သော စူဠဂဏ္ဌိပင်လော' မေးဆေးလျှင် 'မှန်၏' ဆိုသည်။ ထိုသို့လျက် ယခုဆိုသော စူဠဂဏ္ဌိတွင် ဝဇိရဗုဒ္ဓိဋီကာယံ[၇၈၃]၊ သာရတ္ထဒီပဏီယံ[၇၈၄]၊ ဝိမတိဝိနောဒနီယံ[၇၈၅]ဟူ၍ အဘယ်ကြောင့် ဋီကာကြီးသုံးစောင်ကို ဆောင်လေသနည်း မေးဆေးပြန်လျှင် ခိုးသူကို ခိုးဆဲတွင် ဦးသျှောင်၌ ကြပ်ကြပ်

ကိုင်မိသကဲ့သို့ အစမ္ပဝါဒီကို အစမ္ပပြောဆိုဆဲတွင် မိမိခိုမှိုရာကျမ်း၌ ကြပ်ကြပ် ကိုင်မိ၍ မဆိုနိုင်ရှိပြီ။ စူဠဂဏ္ဌိတွင်ပင် ပရိမဏ္ဍလ၊ သုပ္ပဋိစ္ဆန္န ဖြစ်အောင် ဝတ်ရုံခြင်းကိုလည်း ဆိုသည်။ လက်ကတော့၊ ဒုကုဋ်တင်၊ ရင်စည်း၍ ဝတ်ရုံခြင်းကိုလည်း ဆိုသည်။ 'ဘယ့်ကြောင့် ရှေ့နောက်မညီ မညွတ်ဆိုလေသနည်း' မေးဆေးပြန်လျှင် အတင်ဝါဒ၌ မှိုခိုရာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ မရှိ၍ ခိုမှိုပါသော စူဠဂဏ္ဌိပင် ရှေ့နောက်မညီရှိ ပြန်လေရကား ခိုမှိုရာမှ ဘေးဖြစ်ခဲ့၍ ခိုးသူကို ပုန်းအောင်းရာနှင့်တကွ ဖမ်းမိသကဲ့သို့ အစမ္ပဝါဒီကို ခိုမှိုရာနှင့်တကွ ဖမ်းမိ၍ မဆိုနိုင်ရှိပြီ။ ဤသို့ သုံးကြိမ်တိုင်အောင် မဆိုနိုင်ရှိကြောင်းကို လက်နက်စကြာသခင် ဆင်ဖြူများရှင်ဘဝရှင်မင်းတရားကြီး ကြားသိတော်မူ၍ အတင်ဆရာ တို့ ခိုမှိုရာဖြစ်သော စူဠဂဏ္ဌိကျမ်း မခိုင်မခံ့သောအဖြစ်ကို သိတော်မူ သည်။ အကုန်အစင် မေးဆေးစိစစ်၍ သာသနာတော်ကို သုတ်သင် ပြုစုရပေသည်ဟူ၍လည်း ဝမ်းမြောက်တော်မူသည်။[၁၈၆]

စူဠဂဏ္ဌိတွင် လက်ကတော့၊ ဒုကုတ်တင်၊ ရင်စည်း ပါဌ်များကို နောက်မှ ဖျာသီးတိုက်လူထွက်ကြီး[၁၈၇] ထည့်သွင်းသည်ဟူ၍ ဆရာကြီးတို့ ပြောဆိုစဉ်ရှိသည်။ စူဠဂဏ္ဌိတွင်ပင် ကြွင်းသောအရာ[ခေ-ဝမ်း]၌ တရားကျမ်းဂန်နှင့် ညီညွတ်သည်များပေသတည်။ စူဠဂဏ္ဌိတွင် ရင်ဖွဲ့စည်းသင့်သော ပါဌ်ရှိသည်ဟူ၍ ကျမ်းရင်း၊ ကျမ်းဖျား၊ ကျမ်းနု၊ ကျမ်းရင့်ကို မဆင်ခြင်ဘဲ အတင်ဆရာတို့မှာ ရဟန်းသာမဏေ အားလုံး ပင် ရင်ဖွဲ့စည်းကြသည်။

နဘိကဍ္ဍဝေကင္ဒိသုတ္တံ မာရေတဗ္ဗံ၊ ယောမာရေယျအာပတ္တိ ဒုက္ကဋဿဟူ၍ စူဠဝါပါဠိတော်[၁၈၈]၌ လာသောကြောင့်လည်းကောင်း၊ ကင္ဒိသုတ္တန္တိယံ ကိဋ္ဋိကင္ဒိ ပိလန္ဓနံ၊ အန္တမသော သုတ္တတန္တုမတ္တံပိ ဟူ၍ စူဠဝါအဋ္ဌကထာ[၁၈၉]၌ လာသောကြောင့်လည်းကောင်း ခွင့်ပြု တော်မမူသော အစည်းအဖွဲ့ဟူသမျှသည် ခါးတန်ဆာချည်းဖြစ်ရကား ခြည်တစ်မျှင်မျှကိုပင် စည်းဖွဲ့ခြင်းငှာ မအပ်ဟု မှတ်လေ။ အမရပူရမြို့ တည် နန်းတည်လက်နက်စကြာသခင် ဆင်ဖြူများရှင်ဘဝရှင်မင်း တရားကြီး[၁၉၀]ကား ဥပဇ္ဈာယ်နိဿရည်း ကာလအရှည်ကွယ်လေသည်ကို လည်း ဖြစ်ထွန်းစေတော်မူ၏။ ဝိသုံဂါမ မမြောက်ဘဲ သိမ်သမုတ်ခြင်း၊

အလွှာ မဖြတ်ဘဲ သက်န်းချုပ်ခြင်း၊ ပမာဏမရှိဘဲ သပိတ်သုံးခြင်း၊ ဒေသနာ ကြားခြင်း၊ ဥပုသ်ပဝါရဏာ ဝါဆိုဝါကပ်ပြုခြင်း၊ သဘာဂဝိသဘာဂ ရောနှောခြင်းများကိုလည်း တရားနှင့်အညီ ဆွေးနွေးသုတ်သင်တော်မူ၏။ သူတစ်ပါးတို့ မသိမ်းမဆည်း မင်းတို့ပိုင်ထိုက်သော မြက်၊ ထင်း၊ သစ်၊ ဝါး၊ အသီး၊ အပွင့်၊ ကင်း[၃၉၁]၊ ကုတို့[၃၉၂]၊ အခွန်များကိုလည်း ရဟန်းတို့အား ခွင့်ပြုတော်မူ၏။ ဤအရာများကို သာသနာပြုစာတမ်းမှာ ကြည့်လေ။

## သာသနာပြုပြည်ထောင်ဆက်

ပထမသင်္ဂါယနာကစ၍ ဤမျှလောက်တိုင်အောင် စကားစဉ်ဖြင့် သာသနာပြုပြည်ထောင်ဆက်၊ သာသနာပြုမင်းဆက်၊ သာသနာပြုဆရာဆက်များကို ကျမ်းဂန်စာဟောင်းစာတမ်းရှိသည်နှင့် ညီညွတ်စွာ ဆိုခဲ့ပြီ။ ထိုစကားစုက အကျဉ်းမျှထုတ်နုတ်၍ အစီအစဉ်ဆိုသော သဗ္ဗညုဘုရား နိဗ္ဗာန်လားတော်မူသည့်နောက် သာသနာပြုပြည်ထောင်ဆက်ကား ရာဇဂြိုဟ်ပြည်၊ ဝေသာလီပြည်၊ ပါတလိပုတ်ပြည်၊ သိန်ခိုကျွန်း[၃၉၃]၊ အနုရာဓပြည်[၃၉၄]၊ ၎င်း သီရိဝပုနပြည်[၃၉၅]၊ အရိမဒ္ဒနာပုဂံပြည်၊ ဟံသာဝတီပြည်[၃၉၆]၊ ရတနာသိဃ်ကုန်းဘောင်ပြည်၊ အမရပူရပြည်၊ ဤကိုးပြည်ထောင်သည်သာ သာသနာပြုပြည်ထောင်ဆက်တည်း။ အခြားတိုင်းပြည်တို့၌ အခြားမင်းတို့ အထိုက်အလိုက် အသီးသီး သာသနာတော်မြတ်ကို ချီးမြှင့်ကြသော်လည်း ထင်ထင်ရှားရှား အားကြီးအန်ထုတ် အဟုတ်အဟတ် ပြောပလောက်အောင် မသုတ်သင် မပြုစုသောကြောင့် သာသနာပြုပြည်[ခေ-ကျော]ထောင်ဆက်သို့ မဝင်သတည်း။

## သာသနာပြုမင်းဆက်

သာသနာပြုမင်းဆက်ကား အဇာတသတ်[၃၉၇]၊ ကာလာသောကမင်း[၃၉၈]၊ သီရိဓမ္မာသောကမင်း[၃၉၉]၊ ဝဋ္ဋဂါမဏိမင်း[၄၀၀]၊ ဝေါဟာရိကတိဿမင်း[၄၀၁]၊ ဂေါဓာဘယမင်း[၄၀၂]၊ သီရိသဃ်ဗောဓိပရက္ကမဗာဟုမင်း[၄၀၃]၊ ဝိဇယဗာဟုမင်း[၄၀၄]၊ ပရက္ကမဗာဟုမင်း[၄၀၅]၊ အနော်ရထာမင်း

စော၊ နရပတိစည်သူမင်း၊ ရာမာဓိပတိမင်း၊ အလောင်းမင်းတရားကြီး၊ လက်နက်စကြာသခင်ဆင်ဖြူများရှင်မင်းတရားတိုင်အောင် မင်းတစ်ဆယ့်လေးဆက်သည် သာသနာပြုမင်းဆက်တည်း။

တရားနှင့်အညီ အထင်အရှား သုတ်သင်ပြုစုသည်ကို သာသနာပြုမင်း ဆိုသည်။ သာသနာပြုမင်း တစ်ဆယ့်လေးဆက်။ သာသနာပြုပွဲကြီး တစ်ဆယ့်လေးကြိမ် မှတ်လေ။[၄၀၆]

## သာသနာပြုဆရာဆက်

သာသနာပြုဆရာဆက်ကား အရှင်မဟာကဿပ၊ အရှင်မဟာယသ၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ[၄၀၇]၊ အရှင်မဟိန္ဒ[၄၀၈]၊ အရှင်မဇ္ဈန္တိက[၄၀၉]၊ အရှင်မဟာရေဝတ[၄၁၀]၊ အရှင်ရက္ခိတ[၄၁၁]၊ အရှင်ယောနကဓမ္မရက္ခိတ[၄၁၂]၊ အရှင်မဟာဓမ္မရက္ခိတ[၄၁၃]၊ အရှင်မဟာရက္ခိတ[၄၁၄]၊ အရှင်မဇ္ဈိမ[၄၁၅]၊ အရှင်သောဏ[၄၁၆]၊ အရှင်ဥတ္တရ[၄၁၇]၊ ပေထက်စာတင်သော ရဟန္တာငါးရာ[၄၁၈]၊ မဟာဝိဟာရဝါသီသံဃာ[၄၁၉]၊ ဥဒုမ္ဗရဂိရိဝါသီ သီဟိုဠ် ရှင်မဟာကဿပ၊ အရှင်အရဟံ၊[၄၂၀] အရှင်ဆပဋ၊ ကလျာဏီသမုတိသံဃာ[၄၂၁]၊ အမရပူရမြို့တည် နန်းတည် လက်နက်စကြာသခင်ဆင်ဖြူများရှင်မင်းတရားကြီး လက်ထက် မေဓာဝီဒီဂိုဏ်း သံဃာတော်[၄၂၂]တို့တိုင်အောင် ဆရာအဆက် (၂၀)သည် သာသနာပြုဆရာဆက်တည်း။ အနည်းဖြစ်စေ အများဖြစ်စေ ထိုကာလ အရင်းတည်၍ သာသနာပြုစုသော ဆရာတို့ကို တစ်ဆက်စီယူ၍ ရေတွက်သည်။ ရှေးနှောင်းသာသနာပြု ဆရာစဉ်ကို သာသနာပြုဆရာဆက် ဆိုသည်။ မိမိဥပဇ္ဈာယ်ဆရာကစ၍ အခြားမပြတ်သော ဆရာစဉ်ကို မိမိဆရာဆက် ဆိုသည်။ ဤကား သာသနာပြုဆရာဆက်နှင့် မိမိဆရာဆက် (၂)ပါး အထူးတည်း။ ထိုနှစ်ပါးတို့တွင် မိမိဆရာဆက်မှာ ဥပဇ္ဈာယ်ဆရာ ကစ၍ အထက်ကို ဆက်နိုင်သမျှ ဆက်ရသည်။ အများမဆက်နိုင်လျှင် အယုတ်သဖြင့် ဆရာနှစ်ဆက်သုံးဆက်တိုင်အောင်ပင် မှတ်အပ်သိအပ်ကြောင်းကို ပါရာဇိကဏ်အဋ္ဌကထာ[၄၂၃]၌ လာသည်နှင့်အညီ ဆရာနှစ်ဆက် သုံးဆက်ကိုပင်သော်လည်း မှတ်အပ်သိအပ်သတည်း။ သာသနာတော်

ရှည်လျားသောအခါ ရောက်သည်ဖြစ်၍ ဆရာစဉ်ဆက်ကို ဆင်ခြင်လျက် သိက္ခာအသစ်ယူခြင်း၊ [ခဲ-ဝမ်း]အပေါင်းအဖော်မှုခြင်း စသည်များကို စိစစ်ဆွေးနွေး၍ ပြုသင့်ဆောင်သင့်လှသည်။ ဓမ္မဂါရဝဖြစ်သော အရှင်မြတ်တို့ သတိရှိပါစေ။

အတုလစာတွင်ကား သီဟိုဠ်ရောက် ပြည်မြို့ ရှင်မဟာသာမိကစ၍ ကိုယ်တိုင်အောင်ဆရာစဉ်ဆက်ကို စေ့စပ်ကြံစည်လျက် အတင်ဝါဒကို သီဟိုဠ် ဆရာစဉ်ဆက် အကျင့်စာရိတ္တပြုလို၍ ဆိုလေသည်။ သီဟိုဠ်ဆရာတို့မှာ သာမဏေကို နှစ်ဘက်ရုံစေဖူးသည် မရှိဟူ၍လည်း စာပေရေးသားထားလေသည်။ အတပ်အကြပ် မသိဘဲလျက် ဆရာဆက်ကို ကြံစည်စေ့စပ်သော်လည်း အကျိုးမရှိ။ သီဟိုဠ်ဆရာတို့သည် သာမဏေကို နှစ်ဘက်ရုံစေဖူးသည် မရှိ ဆိုရာ၌လည်း သိန်ခိုကျွန်းတွင် အရှင်တိဿမထေရ် လေနာရှိ၍ စူဠသာမဏေကို ယာဂုခံစေသောအခါ စူဠသာမဏေနှစ်ဖက်ရုံ၍ ယာဂုခံကြောင်းကို 'သယ်ာဋ္ဌိပါရုံပိတ္ဂာန၊ ပတ္တဟတ္ထောဝိစက္ခဏော၊ ဩကွိတ္တစက္ခုသတိမာ၊ စူဠိယာပူရတောဌိတော'ဟူ၍ သီဟဠဝတ္ထု[၄၂၄]ဆယ်ကြောင်း ပေ(၆၈)အင်္ဂါ၌လာသည်။ ဒေဝဂီရိဝိဟာရဝါသီမထေရ် လေနာရှိ၍ သဒ္ဓိဝိဟာရိကသာမဏေကို ဆီခံစေသောအခါ နှစ်ဖက်ရုံ၍ ခံကြောင်းကိုလည်း 'အထအပရဘာဂေဒေဝဂီရိ ဝိဟာရေ ဧကဿဘိက္ခုဿ ဝါတာဗာဓောဒ္ဓါဒသံဝတ္ထရာနိဗာဓေတိ၊ သောထေရော ဧကဒိဝသံသာမဏေရံ ပက္ကောသိတွာ သာမဏေရဘိက္ခာယစရိတွာတေလံ၊ အာနေဟီတိအာဟ၊ တတော သမဏေရောစီဝရံပါရုပိတွာ သလဂါမံဘိက္ခာယစရိတွာ ကိဉ္စိ အလဘိတွာ ဂစ္ဆတိ'ဟူ၍ သဟဿဝတ္ထု[၄၂၅] ငါးကြောင်း ပေ (၈၁) အင်္ဂါ၌ လာသည်။ ဤသို့စသဖြင့် သီဟိုဠ်ဆရာတို့ သာမဏေကို နှစ်ဖက်ရုံစေသော ဝတ္ထုများစွာ ရှိသောကြောင့် အတင်ဝါဒသည် ဓမ္မဝါဒီသီဟိုဠ် ဆရာတို့ အကျင့်စာရိတ္တ မဟုတ်မှတ်လေ။ အတုလစာတွင် အတင်ဝါဒကို သီဟိုဠ်ဆရာစဉ်ဆက် အကျင့်စာရိတ္တပြုလို၍ မိမိတို့ဆရာစဉ်ဆက်ကို သီဟိုဠ်ရောက် ရှင်ဆပဒေါတို့ အဆက်အနွယ်ဖြစ်ဟန် ဆိုလေသည်။

ဆင်ဖြူသုံးဆယ့်ကိုးစီးသခင် လှေစကြာရှင် ပုဂံနရပတိစည်သူမင်း လက်ထက် သိန်ခိုက ပုဂံသို့ပြန်ခဲ့သော သဒ္ဒေပဝဏ္ဏနာ[၄၂၆]၊ သီမာလင်္ကာရ[၄၂၇]၊ သုတ္တနိဒ္ဒေသ[၄၂၈]၊ နာမာစာရဒီပကကျမ်း[၄၂၉]များကို စီရင်သော ရှင်ဆပဋ[၄၃၀]တို့ အတင်ဝါဒရှိကြောင်းကို စာဟောင်းစာတမ်း မလာ။ ပါဠိ အဋ္ဌကထာ ဋီကာကျနသော ရှင်ဆပဋတို့လည်း အတင်ဝါဒကို မယူလေရာ။ ရှင်ဆပဋလည်း မဆို။ ရှင်ဆပဒေါသာ ဆိုသောကြောင့် သက္ကရာဇ် (၈၀၃)ခုနှစ်[၄၃၁] မိကျောင်း[၄၃၂] စီး၍ သိန်ခိုသို့ သုံး[ခဲ-ကျော]ခေါက်ကူးပြီးမှ အပြန်တွင် ဦးထုပ်နှင့်ဓာတ်တော်၊ ဗောဓိစေ့များကို ဆောင်ခဲ့သည်။[၄၃၃] ရတနာစေတီပုံ[၄၃၄]ကို ပိတ်နှင့် ရေးသားခဲ့သည်ဟူ၍ ကူးခန်းမိဖုရား[၄၃၅]ကောင်းမှု ဆပဒေါ ကျောက်စာ[၄၃၆] တွင်ဆိုသော ရှင်ဆပဒေါသာ အတင်ဆရာတို့ အဆက် အနွယ်အမှန်ဖြစ်သည် စကားကျရောက်သည်။

မာဂဓ သီဟဠ[၄၃၇]သဒ္ဒါကိုထောက်၍ သီဟိုဠ်[၄၃၈]၊ သက္ကဋ သိင်္ခလ သဒ္ဒါကို ထောက်၍ သိန်ခိုဟု ရှေးဆရာတို့ ရေးသားစပ်ဆိုသည် မှတ်လေ။ ငါတို့ဆရာ တိပိဋကသဒ္ဓမ္မသာမိမဟာရာဇာဓိရာဇဂုရု ဆရာတော်[၄၃၉]ပြခဲ့သော ဆရာစဉ်ဆက်[၄၄၀]ကား သိန်ခိုကျွန်း မဟာဝိဟာရဝါသီ ရှင်သဒ္ဓမ္မစာရိတပည့်[၄၄၁] ရှင်မဟာသာမိ[၄၄၂]၊ ၎င်းတပည့် ရှင်အတုလဝံသ[၄၄၃]၊ ၎င်းတပည့် ရှင်ရတနရံသီ[၄၄၄]၊ ၎င်းတပည့် ရှင်အဘိသင်္ကေတ[၄၄၅]၊ ၎င်းတပည့် ရှင်မုနိန္ဒယောသ[၄၄၆]၊ ၎င်းတပည့် မဟာတိဿ[၄၄၇]၊ ၎င်းတပည့် ရှင်စန္ဒပညာ[၄၄၈]၊ ၎င်းတပည့် ရှင်ဂုဏာသီရိ[၄၄၉]၊ ၎င်းတပည့် ရှင်ကလျာဏဓဇ[၄၅၀]။ ဤစာဟောင်း စာတမ်း[၄၅၁]ကို မှီ၍ပြခဲ့၏။ ဤဆရာစဉ်တွင် ရှင်ဂုဏာသီရိ၊ ရှင်ကလျာဏဓဇမထေရ်မြတ်တို့ကား ယခုမျက်မှောက်ရှိကြသော အရုံဂိုဏ်းသံဃာတို့ ဆရာအဆက်တည်း။[၄၅၂]

ဤတွင်ရွှေ့ကား လူသုံးပါးတို့ စီးပွားချမ်းသာကို ရှာမှီး တော်မူ တတ်သော သဗ္ဗညုဘုရား သာသနာတော်မြတ်ကာလမြင့်ရှည်တည် စေခြင်းငှာ သာသနာပြုဆရာစဉ်၊ သာသနာပြုမင်းဆက်၊ သာသနာ တော် ယိုးယွင်းဖောက်ပြန်သော အခြင်းအရာ၊ မယိုးယွင်းမဖောက်ပြန် မှန်ကန်အောင် ပြုသော အခြင်းအရာများကို ကျမ်းဂန်ထုံးစံရှိတိုင်း

မာနဒေါသ ကင်းလျက် သန့်ရှင်း စင်ကြယ်စွာသောစိတ်ဖြင့် အကျဉ်း[ခေါ်-ဝမ်း] အမြွက်မျှပြ၍ ဉာဏာဘိဝံသဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်[၄၃၂] စီရင်သော သာသနဝံသ စာတမ်း ပြီး၏။

ကျမ်းပြီးနိဂုံးဂါထာ

ယာဝဗုဒ္ဓေါ တိနာမံပိ၊
လောကေတိဋ္ဌတိသတ္ထုနော၊
တာဝတိဋ္ဌတု ဧသောပိ၊
ဒဿေန္တောသာသနာန္ဝယံ၊
[ပထျာဝတ္တဂါထာ။]

သတ္ထုနော၊ မြတ်စွာဘုရား၏။ ဗုဒ္ဓေါတိနာမံပိ၊ ဘုရားဟူသော အမည်တော်သည်လည်း။ ယာဝ၊ အကြင်မျှလောက်။ လောကေ၊ လောက၌။ တိဋ္ဌတိ၊ တည်၏။ တာဝ၊ ထိုမျှလောက်။ ဧသောပိကထာ မဂ္ဂေါ၊ ဤသာသနဝံသစာတမ်းသည်လည်း သာသနာန္ဝယံ။ သာသနာ တော် အစဉ်အဆက်ကို။ ဒဿေန္တော၊ ပြလျက်။ တိဋ္ဌတု၊ တည်ပါ စေသတည်း။ သာသနဝံသစာတမ်း ပြီး၏။[၄၃၄] ။

အက္ခရာဧကမေကဥ္စ၊ ဗုဒ္ဓရူပံသမံသိယာ၊
တသ္မာဟိ ပဏ္ဍိတောပေါသော၊ လိက္ခေယျပိဋကတ္တယံ။[၄၃၅]

သက္ကရာဇ် (၁၂၀၆)ခု တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်[၄၃၆]၊ တနင်္ဂနွေနေ့ နံနက် မွန်းမတည့်မီအချိန်တွင် သာသနဝံသစာတမ်းကို ရေးကူး၍ ပြီးပြည့်စုံသည်။ ပုဒ်အာနှင့် ပြည့်စုံပါလို၏။ မြို့သာရွာ မြောက် ပေါက်တော သမန်းကန်နေ ဘုရားအမ မယ်ဂျတ်သား မောင်ချိန်တို့ ကောင်းမှု။ ။

# ကျမ်းဆုံးမှတ်စု

၁ - ယင်းဂါထာနှင့် အနက်အဓိပ္ပာယ်ကို သာသနာလင်္ကာရစာတမ်းတွင် ပြန်လည်ကိုးကား၏။ သာလင် ၉။

၂ - သဗ္ဗညုသည် အလုံးစုံသိမြင်ခြင်း (all-knowing)သဘောဖြစ်ပြီး အရာခပ်သိမ်းသိသော အနိုင်းမဲ့ပုဂ္ဂိုလ် (the Omniscent One)ကို ဆိုလိုခြင်း ဖြစ်၏။ သဗ္ဗဝိဒူဟုလည်း သုံး၏။ *PED* 263. ဤနေရာ၌ သဗ္ဗညုဘုရားသည် ဂေါတမဗုဒ္ဓကို ရည်ရွယ်၏။ သဗ္ဗညုဟူသော ပုဒ်သည် သဗ္ဗညုတ-သဗ္ဗညုတာ ဟူ၍ ယူမှတ်သော် အလုံးစုံ ခပ်သိမ်းသော တရားကို သိတတ် (သူ ဘုရား၏အဖြစ်ဟူ)သော ဉာဏ် (ဉာဏ်တော် ၇၃ အနက် ၇၂ ခုမြောက် ဉာဏ်တော်ကို ရည်ညွှန်း၏။ ဤတွင် သဗ္ဗညူ (သဗ္ဗ+ဉာ+ရူ)အလုံးစုံ ခပ်သိမ်းသော တရားကို သိလေ့ရှိသော ဘုရားရှင်အဖြစ် ယူအပ်၏။ သဗ္ဗညူ ၅ မျိုးဖြစ်သော ကမသဗ္ဗညူ၊ သကိံသဗ္ဗညူ၊ သတတသဗ္ဗညူ၊ သတ္တိသဗ္ဗညူ၊ ဉာတသဗ္ဗညူတို့အနက်တွင်လည်း ဉာတသဗ္ဗညူ အဖြစ် မှတ်ယူသင့်၏။ ပါဠိပဒ၊ အပိုင်း ၃၊ ၃၈၄-၉ ကိုလည်း ကြည့်။

၃ - ဗျာဒိတ်-ဗျာဒိတ္တ-နောင်အခါ၌ ဖြစ်ပျက်ခြင်းအကြောင်းကို ရည်ညွှန်း၍ မိန့်မြွက်အပ်သော ဘုရားစကားတော်။ ပါမြန်ဘိ ၇၁၄။ ဤနေရာ၌ နားလည်သင့်သည်မှာ ဗျာဒိတ်စကားလုံးသည် စိန္တကျော်သူဘွဲ့ခံ ဦးဩ၏ (၁၅)နှစ်အရွယ်ခန့်ကရေးသည့် ကဝိလက္ခဏာသတ်ပုံကျမ်း(မန္တလေး၊ ကဝိလက္ခဏာစာအုပ်ဆိုင်၊ ၁၉၆)၊ စာ ၇၄ တွင်ပါသော ဗျာဒိတဝေါဟာရကို (တ)သတ်ဖြင့် လာခြင်းဟု မမှတ်သင့်ချေ။ ဗျာဒိတ်သည် ဗျာဒိတ > ဗျာဒိတ်မှ ဆင်းသက်လာသော ပါဠိသဒ္ဒါ မဟုတ်ချေ။ ပါဠိကျမ်းဂန်များ၌ ဘုရားဟောသောစကားကို ဗျာဒိတ၊ ဗျာဒိတ်ဟု မသုံးဘဲ ဗျာကရဏ၊ ဗျာကတဟုသာသုံးနှုန်း၏။ ဗျာကရဏ (ဝိ-အထူး၊ အာ-ပိုင်းခြား၍၊ ကရဏ-ဟောဆိုခြင်း) မြတ်စွာဘုရားက အထူး ပိုင်းခြား၍ ဟောကြားတော်မူခြင်းကို ဗျာကရဏဟု ခေါ်သည်။ ဗျာကရဏသည် နာမ်ပုဒ် ဖြစ်ပြီး ကြိယာပုဒ်အဖြစ် ဗျာကာသိဟု သုံး၏။ ဗျာဒိတ်သည် ဗျာဒိတမှ ဆင်းသက်လာ သော ပါဠိစကား မဟုတ်ဘဲ ဗျာကရဏမှ ဖြစ်ပွားလာပြီး ဘုရား၊ ပစ္စေကဗုဒ္ဓ၊ သာဝက အလောင်းလျာတို့ကို နောင်အခါ မြေကြီးလက်ခတ်မလွဲ မှန်ကန်သည့် အထူးပိုင်းခြား၍ မိန့်ကြားစေသောစကားကို ဗျာဒိတ်ဟူ၍ ခေါ်ကြောင်း ယုံမှားမရှိ မှတ်ရာ၏။ ဦးဝိစိတ္တသာရာဘိဝံသ။ နိုင်ငံတော်ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင်၊ ပတွဲ၊ ပဌမပိုင်း၊ (ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၉၇)၊ ယော-ယား။ ဗျာဒိတ်သည် ဘုန်းရှိသူတို့၏ လေးနက်ခိုင်မြဲစွာ မြွက်ဟချက်စကား။ ပါဠိသက် ၂၀၇။

၄ - ရဟန္တာ-အရိယာလေးဆင့်တွင် စတုတ္ထအဆင့်၌ တည်သောပုဂ္ဂိုလ်။ ကိလေသာအာသဝေါ ကင်း၍ အပူဇော်ခံထိုက်သော ပုဂ္ဂိုလ်။ မြန်ဘိ ၃၀၃။ ရဟန္တာမျိုး

၂ ပါး၊ ၆ ပါး၊ ၁၂ ပါး စသဖြင့် ကွဲပြား၏။ သရုပ်ပြ ၄၉၆-၇။ အရဟတ္တ (အရဟတ်+တ္တ) ရဟန္တာပုဂ္ဂိုလ်၏ အဖြစ်။ ပါမြန်အဘိ ၁၂၄။ Arahā = A venerable person, a holy man, a saint, one who has attained final sanctification, an Arhat. Arahaṁ = Worthy, Venerable, sanctified, holy. *DPL*, 51-2.

၅ - ဘုရား-သစ္စာလေးပါးကို အလိုလိုသိသည့် ပုဂ္ဂိုလ်မြတ်။ မြန်အဘိ ၂၅၆။ ဤနေရာ၌ သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာဘုရားကဲ့သို့ သမ္မာသမ္ဗုဒ္ဓဘုရား ဖြစ်လို၍ ဆုပန်ဆင်ခြင်း ဖြစ်၏။

၆ - သံဂါယနာ-အညီအညွတ်ရွတ်ဆိုခြင်း။ ပါမြန်အဘိ ၉၄၆။ သင်္ဂါယနာဟုလည်းခေါ်၏။ ပါဠိသက်၊ ၃၄၆ ကိုလည်းကြည့်။ သင်္ဂါယနာ (သံ+✓ဂါ+ယ်+အန+-ါ)ဟူ၍ သဒ္ဒါနည်းဖြင့် ခွဲခြားနိုင်၏။ နိဂ္ဂဟိတ် ခေါ် သေးသေးဟင် စာလုံးနှင့် နာသိက ခေါ် နှာခေါင်းသံဖြင့် ရေးသားခြင်းမှတစ်ပါး အဓိပ္ပာယ် မကွဲချေ။ ဗုဒ္ဓ၏တရားဒေသနာများကို သံဃာများက တညီတညွတ်တည်း ရွတ်ဆိုခြင်း ဖြစ်သည်။ ခရစ်နှစ် ငါးရာစုမတိုင်မီက သင်္ဂါယနာဟု မသုံးစွဲဘဲ 'သင်္ဂီတိ'ဟုသာ ရေးသားကြ၏။ Saṅgīti=rehearsal, a convocation of the Buddhist clergy in order to settle question of doctrine. *PED*, 225. သင်္ဂါယနာဟူသောဝေါဟာရကို ရှင်မဟာဗုဒ္ဓဃောသ၏ 'သမန္တပါသာဒိကာအဋ္ဌကထာ'၌ စတင်တွေ့ရှိရ၏။ ထိုထက် ရှေးကျသော ပိဋက၊ ဒီပဝံသတို့ ၌ မတွေ့ရချေ။ မှတ်စု (၂၇)ကိုလည်းကြည့်။

၇ - သာသနာ-မြတ်စွာဘုရား၏ အဆုံးအမ၊ မြတ်စွာဘုရား၏ တရားတော်အတိုင်း ကျင့်ကြံနေထိုင်သော ခေတ်ကာလ။ မြန်အဘိချုပ်၊ တွဲ ၄၊ ၁၈၄။ ပါဠိသက်၊ ၃၃၀။ သာသနာဟူသည် teaching, order, message, doctrine, a letter. *PED*, 281. သာသနာ ၃ ပါး၊ သာသနာ ၃ ရပ် လည်းရှိ၏။ သရုပ်ပြ၊ ၆၁၇-၈ ကို ကြည့်။ သာသနဟူသည် ဆုံးမခြင်း၊ အမိန့်အာဏာ၊ ချုပ်နှောင်ခြင်း စသဖြင့် အဓိပ္ပာယ်ရှိ၏။ အဘိနိသစ်၊ ဂါထာ ၃၅၄။ သာသန(န)၊၁။ ဆုံးမခြင်း၊ အဆုံးအမ၊ ဩဝါဒ၊ စကား ၂။ ဆုံးမရာ၊ ဆုံးမကြောင်း၊ သာသနာ ၃။ သတင်း၊ အမှာ၊ စကား။ သာသနပုဒ်ကို အကျယ်လေ့လာရန် ကျမ်းညွှန်းမှာ ပါဠိပဒ၊ အပိုင်း ၄၊ ၁၃၁-၆ ကိုလည်းကြည့်။

၈ - ရှင်မဟာကဿပသည် မဂဓတိုင်း မဟာတိတ္ထရွာနေ ကပိလပြဟ္မဏနှင့် သုမနဒေဝီတို့၏သား ဖြစ်၏။ ကပိလ၏သား သို့မဟုတ် ပိပ္ပလိဟုလည်းခေါ်သော ပြဟ္မဏတစ်ဦး ဖြစ်၏။ ပိပ္ပလိသည် ဘဒ္ဒါကာပိလာနီ၏ ခင်ပွန်းဖြစ်ခဲ့ပြီး လင်မယားနှစ်ဦးလုံး တောထွက်၏။ ဗုဒ္ဓသည် ပထမဝါကျွတ်ပြီးနောက် ထိုလင်မယားတောထွက်၍ မြေလျှောက်လှုပ်သည်ကို ဆင်ခြင်ခါ ရာဇဂြိုဟ်မှ နာလန္ဒာမြို့အကြားရှိ သုံးဂါဝုတ်တိုင်ကြီးပြီး ညောင်ပင်ရင်း၌ ထိုင်၏။ ပိပ္ပလိသည် ဗုဒ္ဓ၏ ဩဝါဒ ၃ ပါးကို ခံယူလျက် 'ဩဝါဒပဋိဂ္ဂဟဏ ဥပသမ္ပဒါ' ဟူသော ရဟန်းခံခြင်းမျိုးဖြင့် ခံယူ၏။ ဓုတင် ၁၃ ပါးကိုလည်း ကျင့်၏။ ၈ ရက်မြောက်၌ ရဟန္တာ ဖြစ်၏။ မဟာသာဝကကြီးလည်း ဖြစ်၏။

သက်တော် ၁၂၀ ရှည်၏။ ဦးဝိစိတ္တ သာရာဘိဝံသ။ နိုင်ငံတော်ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင်၊ ဆတွဲ၊ ပဌမပိုင်း (ရန်ကုန်၊ သာသနာ ရေးဦးစီးဌာန၊ ၂၀၀၂)၊ ၁၀၀-၄၈။ ထေရဂါထာပါဠိတော် မြန်မာပြန် (ရန်ကုန်၊ သာသနာ ရေးဦးစီးဌာန၊ ၁၉၉၈)၊ ၁၅၂-၆။ *DPPN*, vol II,473-83. ဝိလမ်းညွှန်၊ ဒု၊ ၂၂၉-၃၀ ကိုလည်းကြည့်။ မြောက်ပိုင်းဗုဒ္ဓဝါဒီတို့က မဟာကဿပသည် ပရိနိဗ္ဗာန်စံခြင်းမရှိဘဲ ကုက္ကုဋဂိရိတောင်၌ ဈာန်သမာပတ်ဝင်စားခါ နောင်ပွင့်မည့် အရိမေတ္တယျဘုရားကို စောင့်နေကြောင်း အယူရှိ၏။ သီဟိုဠ်တွင် မဟာ ကဿပ၏သွားတော်တစ်ဆူကို ဘီမတိတ္ထဝိဟာရကျောင်း၌ ဌာပနာထား၏။ မြန်မာနိုင်ငံတွင် ပေါင်လောင်ရှင်မဟာကဿပကို ဗုဒ္ဓ၏ မဟာသာဝက အဖြစ် ထင်မှတ်ကြပုံကို တွေ့ရ၏။ သန်းထွန်း။ "ပုဂံခေတ်နောက်ပိုင်းသာသနာရေး မဟာကဿပဂိုဏ်း" ခေတ်ဟောင်း၊ ၂၃၁-၄၉။ ဦးဖိုးကျား။ အလောင်းတော်ကဿပ (ရန်ကုန်၊ မြန်မာ့ဂုဏ်ရည်၊ ၁၉၃၈) ကိုလည်း ကြည့်။

၉ - ဂါဝုတ်•ဂါဝုတ•ခရီးအကွာအဝေးတိုင်းတာသော အတိုင်းအတာ၊ တစ်ယူဇနာ၏လေးပုံ တစ်ပုံအတိုင်းအတာ။ မြန်ဘိ ၇၄။ ပါဠိသက် ၃၃။ a league, ameasure little less than two miles. *PED*, 97. ဂါဝုတ်သည် ၁ ယူဇနာနှင့်ညီ၏။ ၁ ယူဇနာ၏ ၄ ပုံ ၁ ပုံ ဖြစ်၏။ *DPL*, 145. သုံးဂါဝုတ်သည် ယနေ့ကာလသုံးအတိုင်းအတာနှင့်ဖော်ပြလျှင် ၅ မိုင်ခန့် ရှိ၏။

၁၀ - ဥဂ်•ဥဂ္ဃိ•သိစေခြင်း၊ သံဃာကို သိစေခြင်း၊ ဉာတ်ရွတ်ခြင်း၊ ဉာတ်ကမ္မဝါ။ ပါမြန်-၄၂၁။ Announcement; declaration. *PED*, 113.

၁၁- ဒုကုတ်•ဒုကုဋ်•နှစ်ထပ်သက်န်း။ မြန်ဘိ ၁၇၇။ သံဃာဋိ နှစ်ထပ်သက်န်းကြီးကိုပင် ဒုကုဋ်သက်န်းကြီး ခေါ်သေး၏။ သံဃာဋိ ဒုကုဋ်နှစ်ထပ်သက်န်း။ သရုပ်ပြ ၅၇၉။ Saṅghāṭā= the upper robe of a Buddhist monk, *PED*, 256. ဒုကုတ်သည် အပေါ်ရုံ သက်န်းဖြစ်၏။ ဤနေရာ၌ ဘုရားရှင်၏ ဟောင်းနွမ်းသော ပံ့သကူသက်န်းနှင့် မဟာကဿပ၏ သက်န်းလဲခြင်းမှာ မထေရ်ကြီးအပေါ် သံဃာများ ရိုသေကျိုးနွံစေရန် ဘုရားရှင်၏ နေရာတွင် အနာဂတ်အလားအလာ၌ အရိုက်အရာသဘောထားလိုခြင်း ဖြစ်၏။ ဗုဒ္ဓဝင်၊ ဆတွဲ၊ ပဌမပိုင်း၊ ၁၄၅။

၁၂ - ဥတ္တရိမနုဿာ• ထူးမြတ်သောပုဂ္ဂိုလ်၊ ဤနေရာ၌ ဥတ္တရိ-မြင့်မြတ်သော+မနုဿ-လူ ဟူသည် ဈာန်ရသော ဈာယီပုဂ္ဂိုလ်၊ မဂ်ဖိုလ်ရသော အရိယာပုဂ္ဂိုလ်များကို ဆိုလို၏။ ဓမ္မနှင့်ဆက်စပ်၍ ဈာန်မဂ်ဖိုလ်ရသော အရိယာပုဂ္ဂိုလ်များ၏တရား၊ ဈာန်မဂ်ဖိုလ်တရား အဖြစ် ခေါ်ဆိုအပ်သည်။ ဥပဒေ၊ ၂၃။ အာပတ်နှင့်လည်း သက်ဆိုင်၏။ သီလဝိ၊ ၅၊ ၂၈။

၁၃ - နိဗ္ဗာန်•နိဗ္ဗာန•တပ်မက်ခြင်းတဏှာမှ ကင်းငြိမ်းခြင်း၊ ထွက်မြောက်ရာ။ ပါမြန် ၅၃၂-၃။ အကျယ်ကို လယ်တီဆရာတော် ရှင်ဉာဏ၏ "နိဗ္ဗာနဒီပနီကျမ်း၊ ၁၄၀

နိဗ္ဗာနဝိသဇ္ဇနာကျမ်း၊ လယ်တီနိဗ္ဗာန်ကျမ်း" လယ်တီနိဗ္ဗာန်တရားတော်များ (ရန်ကုန်၊ မိခင်ဧရာဝတီစာအုပ်တိုက်၊ ၂၀၀၆)နှင့် အရှင်ဓမ္မပိယ။ နိဗ္ဗာန်အယူအဆကို ထေရဝါဒရှုထောင့်မှ လေ့လာသုံးသပ်ခြင်း။ ဘာသာပြန်သူ အရှင်ကေလာသ (ရန်ကုန်၊ အပ္ပမာဒစာစဉ်၊ ၂၀၀၅)တွင် ကြည့်ပါ။

၁၄ - ဗုဒ္ဓနိဗ္ဗာန်ပြုချိန်ကို မြန်မာ၊ ထိုင်း၊ သီဟိုဠ်နိုင်ငံများ၌ စံပြု၍ သတ်မှတ်ထားသော ခုနှစ် အဖြစ် ဘီစီ ၅၄၄ ဟု သတ်မှတ်ကြ၏။ ဗုဒ္ဓပရိနိဗ္ဗာန်စံသောခုနှစ်သည် မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့ (ဘီစီ ၅၄၄ မေလ ၁၃ ရက်) ဖြစ်လျှင် ခုနှစ်ရက်လည်သောအချိန် (သာစုကိဋ္ဌနသတ္တာဟ)သည် ဘီစီ ၅၄၄ မေလ ၂၀ ရက်ဖြစ်သည်။ မဟာဝင် ၅၀-၁။ တေဇောဓာတ်လောင်ကျွမ်းချိန်မှာ မဟာသက္ကရာဇ် ၁၄၈ ကဆုန်လပြည့်ကျော် ၁၂ ရက် တနင်္ဂနွေနေ့ (ဘီစီ ၅၄၄ မေ ၂၄ ရက်) ဖြစ်၏။ ဒေါက်တာဗိုလ်လေးနှင့်အောင်သူ(ဆေး ၁)။ ဗုဒ္ဓဇာတာတော်နှင့် ဖြစ်စဉ်လက်တွေ့ သုတေသနကျမ်း(ရန်ကုန်၊ ဒေါက်တာဗိုလ်လေးစာပေ၊ ၁၉၈၉) ကိုလည်းကြည့်။ ဤနေရာတွင် အကြောင်းသင့်၍ ပြောလိုသည်မှာ သာစုကိဋ္ဌနသည် သူတော်ကောင်းတို့၏ ကစားခြင်း (ပါမြန်ဘီ ၁၀၂၄)နှင့် ဘုန်းကြီးပျံပွဲ (ပါဠိသက်၊ ၃၂၇ နှင့် မြန်ဘီ ၃၆၈)ကဲ့သို့ ဘာသာမပြန်ဘဲ မြတ်စွာဘုရား၏ရုပ်ကလာပ်ကို နံ့သာ၊ ပန်းတို့ဖြင့် ကောင်းမွန်စွာ ပူဇော်မှုပြုသော သဘင်ဟုသာ ယူဆသင့်ပါ၏။ ဗုဒ္ဓပရိနိဗ္ဗာန်စံသောနှစ်ကို သတ်မှတ်ရာတွင် ကမ္ဘာပေါ်တွင် ပညာရှင်တို့၏ ယူဆချက်များ၌ ကွဲလွဲမှုများ ဖြစ်နေပါ၏။ အထူးသဖြင့် ခရစ်မပေါ်မီ ဘီစီ ၅၄၄၊ ၄၈၇၊ ၄၈၆၊ ၄၈၃၊ ၄၇၇ တွင် ပရိနိဗ္ဗာန်စံသောနှစ်အဖြစ် ထင်ရှားလှသော်လည်း သီဟိုဠ်၊ မြန်မာ၊ ထိုင်း စသည့် ထေရဝါဒနိုင်ငံတို့၏ အစဉ်အလာတွက်နည်းအတိုင်း ၅၄၄ နှစ်ကိုသာ ဤစာတမ်းတွင် တွက်ချက်ဖော်ပြပါ၏။ အကယ်၍ စာဖတ်သူတို့ အလိုမရှိခြင်း၊ သဘောမတူခြင်းများရှိပါက ကွာဟနေသော အချိန်ကာလကို နုတ်ယူတွက်ချက်ကြရန် ဖြစ်ပါတော့သည်။ သီဟိုဠ်အထောက်အထား၊ အိန္ဒိယ၊ တရုတ်အမှတ်အသားတို့တွင် နှစ်ကာလ ကွဲပြားမှု အနည်းငယ်ရှိပါ၏။ *Mhv*,xxiii-liv.

၁၅ - ၁၂၅၀ ရှိသော ရဟန်းသံဃာအရေအတွက်ကို မဟာဝဂ္ဂပါဠိ (ရန်ကုန်၊ ဗုဒ္ဓသာသနအဖွဲ့၊ ၁၉၆၆)၊ ၃၄၈ တွင် တွေ့ရ၏။ စူဠဝဂ္ဂပါဠိ (ရန်ကုန်၊ ဗုဒ္ဓသာသနအဖွဲ့၊ ၁၉၅၆)၊ ၄၈၀ နှင့် မဟာဝင် ၅၁ တို့တွင် ရဟန်း ၅၀၀ ဟု ပါရှိ၏။

၁၆ - ပါဝါပြည်သည် ယခင် မလ္လမင်းတို့၏ နေပြည်တော်ဖြစ်၏။ ယခု အိန္ဒိယနိုင်ငံ၊ ဥတ္တရ ပရာဒေ့ရှ်ပြည်နယ်၊ ပဒရိုနား(Padrona)ရွာ ဖြစ်၏။ မန္တိမပုံ၊ ၁၁၆-၉။

၁၇ - ကုသိနာရုံသည် ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုခဲ့သောနေရာ (ရှေးအခါက ကုသဝတီ)ဖြစ်ပြီး ဥတ္တရ ပရာဒေ့ရှ်ပြည်နယ်ရှိ ကာဆီးယ(Kasia)မြို့ ဖြစ်၏။ မန္တိမပုံ ၆၀-၃။

၁၈ - သုဘဒ် - သုဘဒ္ဒရဟန်းသည် အာတုမာမြို့သား ဖြစ်၏။ ဆတ္တာသည်အလုပ်

လုပ်ခဲ့ဖူး ပြီး ကြီးမှ ရဟန်းပြုသူ ဖြစ်၏။ 'ဝုဍ္ဎပဗ္ဗဇိတသုဘဒ္ဒ'ဟု ထင်ရှားသည်။ မြောက်ပိုင်းဗုဒ္ဓဝါဒီတို့၏ ကျမ်းဂန်များ၌ သုဘဒ္ဒအမည်နေရာတွင် သုဘာနန္ဒ၊ သုဘဒြမဟလ္လက၊ မဟလ္လက ဟူ၍ တွေ့ရ၏၊ R.C.Majudar, "Buddhist Councils" *Buddhistic Studies* (Caluctta, 1931). ဤသုဘဒ်ရဟန်းသည် သုဘဒ္ဒအမည်ရှိသော ရဟန်းများစွာအနက်မှ တစ်ဦးဖြစ်သော်လည်း ဗုဒ္ဓပရိနိဗ္ဗာန်ပြကာနီးတွင် အကျွတ်တရားရသော နောက်ဆုံးတပည့် (ပစ္ဆိမသက္ခိသာဝက) မဟုတ်ချေ။ ထိုဒုတိယသုဘဒ္ဒသည် ထေရစာရင်းတွင်ပါသော သုဘဒ္ဒထေရ ဖြစ်၏။ ထေရာပဒါန်ပါဠိတော်မြန်မာပြန်၊ ပတွဲ (ရန်ကုန်၊ သာသနာရေး ဦးစီးဌာန၊ ၁၉၉၃) ၁၁၃-၄။

၁၉ - စူဠဝဂ္ဂပါဠိ (ရန်ကုန်၊ ဗုဒ္ဓသာသနအဖွဲ့ပုံနှိပ်တိုက်၊ ၁၃၂၈) ၄၈၀ ကိုကြည့်။ မြန်မာပြန်အစုံအလင်မှာ "ငါသျှင်တို့ မသင့်၊ မစိုးရိမ်ကြကုန်လင့်၊ မငိုကြွေးကြကုန်လင့်၊ ငါတို့သည် ထိုရဟန်းကြီးမှ ကောင်းစွာ လွတ်ခဲ့ကုန်ပြီ၊ ဤအမှုသည် သင်တို့အား အပ်၏။ ဤအမှုသည် သင်တို့အား မအပ်ဟု ငါတို့သည် နှိပ်စက်ခံရကုန်၏။ ယခုမူကား ငါတို့ပြုလုပ်လိုရာကို ပြုလုပ်ကုန်အံ့၊ မပြုလုပ်လိုရာ မပြုလုပ်ကုန်အံ့ ဟု ပြောဆို၏။" စူဠဝဂ်ပါဠိတော်မြန်မာပြန်(ရန်ကုန်၊ သာသာရေးဦးစီးဌာန၊ ၁၉၉၂)၊ ၄၈၁။

၂၀-ပေမူနှစ်စောင်လုံး၌ 'ပုဆိုးခြမ်း'သာပါရှိ၏။ သာသနာလင်္ကာရစာတမ်း၌ ပုဆိုးကြမ်းဟု ပါရှိ၏၊ သာလင် ၁၃။

၂၁- ဘီစီ ၅၄၄ ဩဂုတ်လ

၂၂ - ဝါခေါင်လပြည့်ကျော် ၅ ရက် မဟာသက္ကရာဇ် ၁၄၈ ခု (၂၄ ဇူလိုင် ၅၄၅ ဘီစီ) သည် ရှင်မဟာဗုဒ္ဓဃောသ၏ မဟာဝဂ္ဂနှင့် ပါရာဇိကကဏ္ဍအဋ္ဌကထာတို့မှ ရေးသားချက် ဖြစ်၏။ စူဠဝဂ္ဂအလိုအရ ဝါခေါင်လပြည့်ကျော် ၁ ရက် (၂၀ ဇူလိုင် ၅၄၅ ဘီစီ) ဖြစ်၏၊ မဟာဝံသကျမ်း၌ ဝါခေါင်လပြည့်ကျော် ၂ ရက် (၂၁ ဇူလိုင် ၅၄၅ ဘီစီ) ဖြစ်လေသည်။ မြန်မာမှု၌ ဝါခေါင်လပြည့်ကျော် ၁ ရက် (၂၀ ဇူလိုင် ၅၄၅ ဘီစီ) နေ့မှစ၍ တင်သည်။ မဟာဝင် ၆၁။ မှတ်စု (၂၈)ကိုလည်းကြည့်။

၂၃ - ရာဇဂြိုဟ် ခေါ် ရာဇဂဟမြို့သည် ဗိမ္ဗိသာရနှင့် အဇာတသတ်မင်းတို့၏ မင်းနေပြည် ဖြစ်၏၊ 'ဝသုမတီ၊ ဂိရိဗ္ဗဇ၊ ရာဇဂဟ၊ ရာဇဂိရိ' ဟုလည်း ခေါ်၏။ ယခု အိန္ဒိယနိုင်ငံ၊ ဘိဟာပြည်နယ်၊ ပဋ္ဋနား(Patna)နှင့် ဘိဟာရှရစ်မြို့အနီး၌ ရှိ၏။ မဇ္ဈိမပုံ၊ ၁၄၁-၅၂။ ပဌဝီ၊ ၁၀၇-၈။ ယနေ့ အိန္ဒိယနိုင်ငံ၊ ဘိဟာပြည်နယ်ရှိ Rājgir ဖြစ်၏။

၂၄- စရည်းပင်များ ပေါက်ရောက်သော လိုဏ်ဟူ၍ မောင်းထောင်ဆရာတော်က မြန်မာပြန်ဆိုထားသော ပုဒ်မှာ "သတ္တပဏ္ဏိစရည်းပင် (*Alstonia Scholaris*)" ဖြစ်၏။ ပါမြန်ဘိ ၉၅၈။ သတ္တပဏ္ဏိလိုဏ် (Sattapanni grotto/Cave)ကို မဟာဝင် ၅၆၊ *Mhv*.16; *Mahāvastu*,Vol.1.70 တို့တွင် တွေ့ရ၏။ မှတ်စု (၂၈)ကိုလည်း ကြည့်။

၂၅- အဇာတသတ် ခေါ် အဇာတသတ္တု အမည်ရှိသော မင်းသည် ဗိမ္ဗိသာရမင်း၏ သား ဖြစ်၏။ အဇာတသတ်သည် ဖခင်ကို သတ်၍ ၃၂ နှစ် မင်းပြု၏။ မင်းဖြစ်၍ ၈ နှစ် မြောက်၌ ဗုဒ္ဓသည် ပရိနိဗ္ဗာန်စံ၏။ ရာဇဝင်ကျော် ၂၄။ ဒီပဝင် ၂၂၊ ၂၆။ မဟာဝင် ၅၀။ အဇာတသတ်မင်းကို ကူဏက(ဂိုန်းဝါဒ)၊ ကာကဝဏ္ဏ (ပုရာဏ်)တို့၌ ခေါ်၏။ နန်းသက်ကို သာသနာနှစ် ၈-၂၄ (ဘီစီ ၄၉၁-၄၅၉)ဟု ဆို၏။ *Mhv*,xlvi. AIU, 22-31 တွင် အကျယ်ကြည့်ပါ။

၂၆ - ခုနှစ်လပတ်လုံး ပထမသင်္ဂါယနာတင်သဖြင့် တပေါင်းလတွင် ဆုံး၏။ ဖေဖော်ဝါရီ၊ ၅၄၅ ဘီစီ။

၂၇- ပထမသင်္ဂါယနာကို ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီး လအနည်းငယ်ခန့်၌ ရာဇဂြိုဟ်ပြည်အနီးရှိ ဝေဘာရတောင်စောင်းရှိ သတ္တပဏ္ဏိလိုဏ်ဂူမဏ္ဍပ်၌ ပြု၏။ သာသနာပြုမင်းသည် အဇာ တသတ်ဖြစ်ပြီး သံဃနာယကမှာ ရှင်မဟာကဿပ ဖြစ်၏။ အချိန် ၇ လ ကြာ၏။ ဒီပဝင် ၂၂-၅၊ မဟာဝင် ၅၀-၆၁။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ ဒီဃနိကာယသီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ၊ ဝိနယစူဠဝဂ္ဂအဋ္ဌကထာ ပထမအုပ်တို့တွင် အကျယ်ကြည့်ပါ။ ဗိလမ်းညွှန်၊ ဒု၊ ၅၀၇ ကိုလည်းကြည့်။ ထိုစဉ်က ပထမသင်္ဂါယနာ ဟူသော စကားရပ်ကို မသုံးနှုန်းဘဲ 'ပဉ္စသတိကာ'ဟုသာ သုံးနှုန်း၏။ သင်္ဂါယနာဟူသည် 'သမေတ္ဝာနေတွာ ဂါယန္တိတွောတိ သင်္ဂါယနာ"ဖြစ်သောကြောင့် ထိုအခါ၌ ပေါင်းစု၍ ရွတ်ကြ၏။ ထိုသို့ ပေါင်းစု၍ ရွတ်ကြသောအစွမ်းကြောင့် သင်္ဂါယနာမည်၏။ မှတ်စု (၆)ကိုလည်းကြည့်။

၂၈ - "သင့်ငွေညာဘုရား၊ နိဗ္ဗာန်လားတော်မူ၍ ---ပထမသင်္ဂါယနာတင်တော်မူ၏။" သာလင် ၁၂-၁၃ ၌ ပြန်လည်ကိုးကား၏။ သုဘဒ် (သုဘဒ္ဒ)ရဟန်း၏ ဆိုစကားအကြောင်း စူဠဝဂ္ဂပါဠိတွင် ပါရှိ၏။ ဒီပဝင်၌ မပါချေ။ ထိုအကြောင်းကြောင့် သင်္ဂါယနာတင်ခြင်းကို ရှင်မဟာကဿပက ဦးဆောင်ကြောင်း ပါရာဇိကဏ္ဍအဋ္ဌကထာ၊ ပတွဲ၊ ၄-၅ ၌ ပါရှိ၏။ R.C Majumdar, *Buddhist Councils* (Calcutta,1931) ကျမ်းတွင် ဦးဆောင်သူမှာ ရှင်မဟာကဿပ မဟုတ်ဘဲ 'ရှင်ကစ္စာယန' ဟုဆို၏။ (pp.34)။ *DPPN* Vol.II တွင် ဖော်ပြထားသော နံပါတ် ၅ ရှိ သုဘဒ္ဒကို ရှင်သာမဏေ(sāmaṇera) အဖြစ် ဝုဍ္ဎပဗ္ဗဇိတမှ ဘာသာပြန်မှားလေ၏။ Ibid pp. 1231။ သင်္ဂါယနာတင်သောနေရာကို ရာဇဂြိုဟ်(စူဠဝဂ္ဂ)၊ ရာဇဂြိုဟ်ပြည် ဝေဘာရတောင်စောင်းရှိ သတ္တပဏ္ဏိလိုဏ်ဂူ(ဒီပဝင် ၂၂-၂၃)၊ ယင်းလိုဏ်ဂူအဝရှိ မဂ်လာမဏ္ဍပ်ကြီး (ရှင်မဟာဗုဒ္ဓဃောသ၏အဋ္ဌကထာများ)၊ သုဓမ္မာမဏ္ဍပ်(ဝံသ ၁၁)၊ နိဂြောဓလိုဏ်ဂူ(တိဗက်၊ ဒူလဝါကျမ်း:)၊ ဣန္ဒြသာလာ (အဿဃောသ)အဖြစ် အသီးသီးဆိုကြပါ၏။ အချိန်ကာလအားဖြင့် ဝါခေါင်လပြည့်ကျော် တစ်ရက် (စူဠဝဂ္ဂ)၊ ဝါခေါင်လပြည့်ကျော် နှစ်ရက်(မဟာဝင်)၊ ဝါခေါင်လပြည့်ကျော် ငါးရက်(ရှင်မဟာဗုဒ္ဓဃောသ၏အဋ္ဌကထာများ)ဟု အသီးသီးဆိုရာတွင် မောင်းထောင် ဆရာတော်သည် မဟာဗုဒ္ဓဃောသ၏ အဋ္ဌကထာများကို ကိုးကား၍ ဖော်ပြကြောင်းတွေ့ရ ၏။ မှတ်စု (၂၂)ကိုလည်းကြည့်။

၂၉ - အာနန္ဒာသည် ကပိလဝတ်ရှိ 'အမိတောဒန' သာကီဝင်မင်း၏သား ဖြစ်ပြီး ဗုဒ္ဓထံ၌ အနုပိယမြို့အနီးတွင် ရဟန်းပြုသည်။ ဥပဇ္ဈာက ခေါ် အလုပ်အကျွေးရာထူးကို ခံယူပြီး တောင် ၅ တန်ရ၏။ ဗုဒ္ဓထံ၌ အနီးကပ် လုပ်ကျွေး၍ အကြားအမြင်များခြင်း၊ တရားစကားကို ကြာရှည်စွာ သတိရှိခြင်း၊ တရားစကားကို သိနိုင်စွမ်းရှိခြင်း၊ လုံ့လကြီးခြင်း၊ ပြုစုလုပ်ကျွေးခြင်းတို့တွင် အကျော်ဒေးယျ ဖြစ်၏။ ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးမှ ရဟန္တာ ဖြစ်၏။ ပိဋကရှိတရားဒေသနာအများစုကို ရှင်အာနန္ဒက ကြားသိသမျှ ပြန်လည် ဟောကြားခဲ့ခြင်း ဖြစ်သည်။ ဗုဒ္ဓ (ထက် အသက်ကြီးသော်လည်း ဝါငယ်သဖြင့်)၏ ညီတော် ဖြစ်သော်လည်း 'ဖွားဖက်တော်' မဟုတ်ချေ။ သင်္ဂါယနာတင်ပွဲတွင် အလွန် အရေးပါ၏။ မဟာဗုဒ္ဓဝင်၊ ဆတွဲ၊ ပဉ္စမပိုင်း၊ ၄၃၅-၈၈။ ပိလမ်းညွန် ၁၆၆-၇၊ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ(ရန်ကုန်၊ ဗုဒ္ဓသာသနအဖွဲ့၊ ၁၉၅၆)၊ ၅-၆။ *DPPN*, vol.I, 249-68 ကိုကြည့်။

၃၀ -ဥပါလိသည် ဝိနည်းဆောင်သောအရာတွင် တောင် ရ၏။ ဘဒ္ဒိယ၊ အနုရုဒ္ဓ၊ ကိမိလ၊ ဘဂု၊ အာနန္ဒ၊ ဒေဝဒတ္တ စသော သာကီမင်းသား ၆ ပါးနှင့်အတူ အနုပိယမြို့အနီးရှိ သရက်ဥယျာဉ်၌ ရဟန်းပြု၏။ ဝိနည်းပိဋက၌ အလွန်ကျွမ်းကျင်သဖြင့် ဝိနည်းမိုရ် ဖြစ်သောကြောင့် သင်္ဂါယနာတင်စဉ် ဝိနည်းကို စုစည်းရ၏။ မဟာဗုဒ္ဓဝင်၊ ဆတွဲ၊ ပဉ္စမပိုင်း၊ ၅၂၂-၇။ ထေရာပဒါန်ပါဠိတော်မြန်မာပြန်(ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၉၃)၊ ၄၁-၅၄။ *DPPN*,vol.I,408-10.

၃၁ - ဓမ္မစက် - တရားတော်၏ တန်ခိုးအရှိန်အစော်။ မြန်ဘိ ၁၈၅။

၃၂ - အာဏာစက် - ဘုန်းတန်ခိုးအာဏာ၊ အမိန့်အာဏာ၊ မြန်ဘိ၊ ၄၂၈။

၃၃ - စူဠဝဂ္ဂပါဠိ (ရန်ကုန်၊ ဗုဒ္ဓသာသနအဖွဲ့၊ ၁၉၅၆)၊ ၄၈၀ ကိုလည်းကြည့်။ သုဘဒ်၏အကြံအစည်နှင့် ဘုရားရှင်အပေါ် ရန်ငြိုးဖွဲ့ပုံကို မဟာဝဂ္ဂအဋ္ဌကထာ (ရန်ကုန်၊ ဗုဒ္ဓသာသနအဖွဲ့၊ ၁၉၆၇)၊ ၁၉၃ တွင်လည်း ဖော်ပြထား၏။ ဗုဒ္ဓသည် သုဘဒ်၏ကိုယ်တိုင် ဆွမ်းစီမံချက်ပြုတ်ခြင်းကို အလှူခံတော်မမူခြင်းမှာ ရဟန်းဖြစ်လျက် မလုပ်အပ်သော စီမံချက်ပြုတ်မှုကို အလိုမရှိသောကြောင့် ဖြစ်၏။ မဟာဝဂ္ဂပါဠိ (ရန်ကုန်၊ ဗုဒ္ဓသာသနအဖွဲ့၊ ၁၉၅၇)၊ ၃၄၈-၉ ကိုကြည့်။

၃၄ - သာမဏေ- သင်္ကန်းဝတ်၍ ဆယ်ပါးသီလ၊ သေခိယ စသော ရှင်ကျင့်ဝတ်တို့ကို စောင့်ထိန်းသူ၊ ကိုရင်။ မြန်ဘိ၊ ၃၆၈။ သာမဏေ ဟူသော ဝေါဟာရသည် 'သာမဏေရ' ပုဒ်မှ ဆင်းသက်လာပြီး 'မောင်ရှင်၊ သာမဏေ၊ ကိုရင်'ဟူ၍ အဓိပ္ပာယ်ရှိ၏။ ထိုဝေါဟာရ၏ အနက်အဓိပ္ပာယ်သည် ထိုမျှသာမက အခြားအဓိပ္ပာယ်များလည်း တွေ့ရ၏။ ပါဠိပဒ၊ အပိုင်း ၄၊ ၆၆-၈ ကိုလည်းကြည့်။

၃၅ - ဒုက္ကဋ်အာပတ်သည် မကောင်းသဖြင့် ပြုလုပ်လျှင် လွန်ကျူးသောအပြစ်ဟု သတ်မှတ်ခြင်း ဖြစ်၏။ ဒုက္ကဋ်-ဒုက္ကဋ-မကောင်းသဖြင့် ပြုလုပ်အပ်သည်၊ မကောင်းသောအမှု။

ပါမြန်ဘိ ၄၇၅။ An offence, a sinful act, sin. *DPL*, 128. ထို့အပြင် ဒုက္ကတ ခေါ် ဒုက္ကဋ ကို badly done, wrong action ဟု ဖွင့်ဆို၏။ *PED*, 127. ဒုက္ကဋ်အာပတ်သည် ဝဏ္ဏကွန္ဓကတွင် ဖော်ပြထားသော သေခိယတွင် ၇၅ ပါး၊ ခန္ဓကတွင် ဝတ်ကြီး ၁၄ ပါးနှင့် ဝတ်ငယ် ၂၂ ပါး၊ ဆိုအပ်သောသိက္ခာပုဒ်ရှိ ဒုက္ကဋ်ဟူ၍ ခွဲခြားထား၏။ သီလဝိ၊ ၂၈-၃၈။ ဒုက္ကဋ် ၈ မျိုးရှိ၏။ သီလဝိ၊ ၃၂-၃။ ဝိနည်း၊ ၁၆၈-၇၃။ စူဠဝဂ္ဂပါဠိတော် (နှင့် မြန်မာပြန်)တွင် အကျယ် လေ့လာအပ်၏။

၃၆ - "ဤပထမသင်္ဂါယနာ၌ . . . မဆိုကောင်းသော စကားကို ဆိုပေသတည်း။" သာလင် ၁၃-၄။ သာလင်၌ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ ပါဝင်၏။

၃၇ - ပရိမဏ္ဍလ•ထက်ဝန်းကျင်မှ ဝန်းသော၊ အဝန်းညီသော၊ လုံးသော၊ အဝန်း၊ အလုံး။ ပါမြန်ဘိ ၆၃၁။ round, circular, well sounding. *PED*, 173. သေခိယ ၇၅ ပါးအနက် ပရိမဏ္ဍလဝဂ် ၁၀ ပုဒ်ရှိ၏။ သုခ၊ ၃၆၇-၈။ သာသုဒီနှင့် သာသုဒီနိတို့တွင် အကျယ် ကြည့်ပါ။ ရဟန်းတို့ သင်္ကန်းဝတ်ရုံရာတွင် ပညတ်ခဲ့သော သိက္ခာပုဒ်များဖြစ်ပြီး လွန်ကျူး ပါက ဒုက္ကဋ်အာပတ်သင့်ပြီး သာမဏေများမှာမူ ဒဏ်ထိုက်၏။ ဥပဒေ၊ ၂၇၈-၈၇။

၃၈ - သုပ္ပဋိစ္ဆန္န•ကောင်းစွာ ဖုံးလွှမ်းကုန်သော။ သာသုဒီနိ၊ ၇၇၊ ၁၁၈။ "သေခိယ ၇၅ ပါး" သုခ၊ ၃၆၇-၈ ကိုကြည့်။ ပရိမဏ္ဍလနှင့်သုပ္ပဋိစ္ဆန္နဟူသည် မြို့ရွာဝင်လျှင် သင်္ကန်းကို လည်ပင်း၊ လက်ကောက် ဝတ်များပါ လုံခြုံအောင် ဝတ်ရုံရမည့် သိက္ခာပုဒ်နှင့် သင်္ကန်းဝတ်ရုံသောအခါ အဝန်းညီစွာ ဝတ်ရုံရမည့် သိက္ခာပုဒ် ဖြစ်၏။ အရိယဝံသပါဠိ(ကော၊ ဝမ်း)။ မှတ်စု (၃၇)ကိုလည်း ကြည့်။

၃၉- မှတ်စု (၁၁)ကို ကြည့်။

၄၀ - ဗုဒ္ဓ နိဗ္ဗာန်လားတော်မူပြီး အနှစ် ၁၀၀ ကို မြန်မာအစဉ်အလာအရဆိုလျှင် ၄၄၄ ဘီစီဟု မှတ်အပ်သည်။ ယင်းနှစ်၌ ဒုတိယသင်္ဂါယနာတင်၏။ သာသနာတော် ၁၀၀ ပြည့် ကဆုန်လပြည့်နေ့မှ နတ်တော်လတိုင် ၈ လပတ်လုံး ပိဋကတ်သုံးပုံကို သင်္ဂါယနာ တင်၏။ ဝံသ ၁၈။ ဒီပဝင် ၃၀ နှင့် မဟာဝင် ၆၇ တို့၌ သာမန်အားဖြင့် ၈ လ ဟုသာ ဆို၏။

၄၁ - ဝေသာလီပြည်သည် အိန္ဒိယ၊ ဘီဟာပြည်နယ်၊ ဗေရှာလီ(Vaishali)အရပ်ဒေသ ဖြစ်၏။ မဇ္ဈိမပုံ၊ ၁၆၁-၆။ ပဌဝီ၊ ၁၃၅။ Vaisāli ဟု ယခုခေါ်၏။

၄၂- ဝဇ္ဇီတိုင်းသည် တိုင်း ၁၆ တိုင်း၌ ပါဝင်၏။ အဘိနိသစ်ဂါထာ ၁၀၄။ မြို့တော်မှာ ဝေသာလီ ဖြစ်၏။ တည်နေရာမှာ ဗိဟာရ(ဘီဟာ•Bihar) ပြည်နယ် မုဇက်ဖာပူရ် (Muzaffarpur)ခရိုင်၊ ယနေ့ ဗေသာရ်ဟ်(Besārh)၌ ရှိ၏။ ပဌဝီ ၁၃၄-၅။ မဇ္ဈိမပုံ ၁၅၆၊ ၁၆၁-၆။ *AIU*, 6-7. B.C.Law, *Geography of Early Buddhism*, (Varasi:

Indological Book House, 1933) pp.13,15,24

၄၃-၄- အဓမ္မဝတ္ထု (၁၀)ပါး၌ အကပ္ပိယဝတ္ထု (၁၀)ပါးဟုလည်း ခေါ်၏။ ပါဠိဝေါဟာရ၌ ဒသဝတ္ထု ဟု ပါရှိ၏။ ယင်းအကြောင်းကို ဒီပဝင် ၂၈-၃၀။ မဟာဝင် ၆၄။ *Mhv*,19-20. *Dpv*, 157 တို့တွင် ကြည့်ပါ။ ဤတွင် ယင်း ၁၀ ချက်နှင့်စပ်လျဉ်း၍ ပါမောက္ခ ပူစင်(Poussin)နှင့် အိုဗာမိလာ(Obermiller)တို့၏ တိဗက်ပိဋကစိနည်း(ဒုလဝါ)မှ ဘာသာပြန်ဆိုပုံမှာ ထေရဝါဒအယူနှင့်မတူဘဲ အလွန် ကွဲပြားကြောင်း တွေ့ရ၏။ ထိုအချက် ၁၀ ချက်မှာ စိတ်ဝင်စားဖွယ်ကောင်းလှပြီး စဉ်းစားသင့်သော အမြင်များလည်း ဖြစ်ပါသည်။ *BSI*, 17-23 ကိုကြည့်။

၄၅ - ပါတလိပုတ်ကို 'ပါဋလိပုတ္တ၊ ပါဋလိပုတ္တနဂရ၊ ပါဋလိဂါမ၊ ပါဋလိပြည်၊ ပုပ္ဖပုရ၊ ကုသုမပုရ၊ သိရိနဂရ' ဟုလည်း ခေါ်၏။ ယခု အိန္ဒိယနိုင်ငံ၊ ဗိဟာရ်ပြည်နယ်ရှိ ပဋ္ဋန (Patna)မြို့ဖြစ်၏။ မဇ္ဈိမပုံ၊ ၉-၁၀ နှင့်၊ ၁၁၂-၅။

၄၆- ကာလာသောကမင်း ခေါ် ကာဠာသောကမင်းသည် သုသုနာဂမင်း၏သားဖြစ်ပြီး ၂၈ နှစ်တိတိ မဂဓတိုင်း၌ မင်းပြု၏။ ကာလာသောကမင်း နန်းတက်၍ ၁၀ နှစ်ပြည့်သော အခါ ဘုရားသခင် ပရိနိဗ္ဗာန် ပြုပြီးသော အနှစ် ၁၀၀ ဖြစ်၏။ သား ၁၀ ဦးရှိ၏။ ရာဇဝင်ကျော် ၂၇-၉။ ထိုမင်းကို ကာကဝဏ (kākavarni)၊ သေသုနာဂိ (Saisunāgi)၊ ဟာသက (Harsaka)၊ ဥဒယဘဒ္ဒ ခေါ် ဥဒါယိန် (Udāyin)ဟူ၍လည်းခေါ်ကြောင်း တွေ့ရ၏။ *Mhv*, xli; AIU, 30. နှမတော်နန္ဒာရဟန္တာမကြောင့် အယူပြောင်းလဲပြီး ဝါလိကာရုံကျောင်းဆောက်ခြင်း သင်္ဂါယနာတင်ခြင်းများပြု၏။ *DPPN*,vol.II, 582.

၄၇- ရှင်မဟာယသသည် ဗြာဟ္မဏတစ်ဦးဖြစ်သော ကာကဏ္ဍက၏ သားဖြစ်၍ ကာကဏ္ဍကပုတ္တ ဟုလည်းခေါ်၏။ အာနန္ဒာ၏တပည့်ဖြစ်ပြီး အခြားသောရဟန္တာကြီး ၇ ပါးနှင့် အတူ ရဟန္တာ ၇၀၀ တို့ကို ရွေးချယ်၍ မကောင်းသောရဟန်းတို့ကို နှင်ထုတ်ခါ ကာလာသောကမင်းကို အမှီပြု၍ ဝေသာလီပြည်၊ ဝါလိကာရုံကျောင်း၌ ဒုတိယသင်္ဂါယနာတင်၏။ ဒီပဝင် ၂၉-၃၀၊ မဟာဝင် ၆၅-၈၊ ရာဇဝင်ကြီး၊ ပ၊ ၇၅၊ သာလင် ၁၄-၁၇၊ *Mhv*, 20-5၊ *DPPN*, vol.II, 687-8.

၄၈- ဝါလိကာရုံကျောင်းသည် ခပ်သိမ်းသော ငွေပြားခင်းကဲ့သို့ သန့်ရှင်းဖြူစင်သော သဲတို့ဖြင့် ကြဲဖြန့်ဘိရကား ဝါလိကာရုံ ဟု တွင်၏။ မဟာဝင် ၆၇။ *Mhv*, 24,5. ပါရာဇိကဏ္ဍအဋ္ဌကထာ (ရန်ကုန်၊ ဗုဒ္ဓသာသနအဖွဲ့၊ ၁၉၅၆)တွင်လည်း အလားတူ။ ဒီပဝင် ၃၀ နှင့် *Dpv*, 162 တို့တွင် ဝေသာလီပြည်၊ ကူဋာဂါရသာလာစရပ် (the pinnacled hall)ဟု ပြဆိုထား၏။ သာရတ္ထဒီပနီဋီကာ (ရန်ကုန်၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၅၇) တွင် ကူဋာဂါရသာလာကျောင်းတော်သည် မဟာဝုန်တောကို မှီ၍ ပြုလုပ်အပ်သော အာရမ် တွင်း၌ ဆောက်လုပ်သော ကျောင်းတော်ဟု ဆိုသဖြင့် ဝါလိကာရုံကျောင်းနှင့် ကူဋာဂါရ သာလာကျောင်းတို့သည် မတူညီကြောင်း မှတ်ယူသင့်၏။

၄၉- မဟာဝင် ၆၃-၆ ကိုကြည့်။

၅၀ - လောဟကုမ္ဘီငရဲသည် ငရဲကြီးရှစ်ထပ်၌ တိုက်ရိုက်မပါရှိသော်လည်း ငရဲငယ်၌ ပါရှိ၏။ လောဟကုမ္ဘနှင့် လောဟိတကုမ္ဘိယ ဟုလည်းခေါ်၏။ *DPPN*,vol.II,794

၅၁ - နန္ဒာမည်သော ရဟန္တာ မထေရ်မသည် ကာလာသောကမင်း (၃၉၃-၃၆၅ ဘီစီ)၏ နှမတော် ဖြစ်၏။ ကာလာသောကမင်း၏ သံဃာများအပေါ် ပြစ်မှားသောကံအပေါ် တောင်းပန်ကန်တော့ရန်နှင့် အဓမ္မဝါဒီကို ပယ်လှန်ပြီး တရားမှန်၌ တည်စေ၍ သင်္ဂါယနာ တင်ရန်အတွက် ဘုရင်အား နှိုးဆော်သော ဘိက္ခုနီ ဖြစ်၏။ မဟာဝင် ၆၆-၇။ *DPPN* ၌ မပါရှိချေ။

၅၂-၃- ဒုတိယသင်္ဂါယနာကို ရှစ်လပတ်လုံး တင်ကြောင်း၊ ဒီပဝင်နှင့် မဟာဝင်တို့၌ ရှစ်လမြောက်၌ ဆုံးကြောင်း အလားတူ ပါရှိ၏။ ဒီပဝင် ၃၀၊ မဟာဝင် ၆၇။ *Mhv*,25. ထိုသင်္ဂါယနာတွင် ပါတလိပုတ်ပြည့်ရှင် ကာလာသောကမင်းကြီး၏ ကူညီထောက်ပံ့မှုဖြင့် ရေဝတထေရ်၊ သဗ္ဗကာမီထေရ်၊ သာဠထေရ်၊ ခုဇ္ဇသောဘိတထေရ်၊ မဟာယသထေရ်၊ သမ္ဘူထေရ်၊ ဝါသဘဂါမိထေရ်၊ သုမနထေရ် စသော မထေရ်ကြီး ၈ ပါးသည် ရဟန္တာ ၇၀၀ ကို ရွေးချယ်၍ တင်၏။ မှတ်စု (၄၇)ကိုလည်းကြည့်။ ကာလာသောကမင်း စည်းစိမ် ၁၀ နှစ်၊ သာသနာတော် ၁၀၀ ပြည့် ကဆုန်လပြည့်နေ့မှစ၍ နတ်တော်လတိုင်အောင် ရှစ်လပတ်လုံး တစ်နေ့မလပ် ပိဋကတ်သုံးပုံကို သင်္ဂါယနာတင်သည်။ ဝံသ ၁၈။ ယင်းစာပိုဒ်သည် အလွန်ထူးခြား၍ ပြန်လည် ဆန်းစစ်ကြည့်သင့်လှပေသည်။ ဒုတိယသင်္ဂါယနာ တင်ပွဲနှင့် စပ်လျဉ်း၍ ပါဠိဘာသာ၊ သက္ကတ၊ သီဟိုဠ်၊ တရုတ်၊ . . . စသော ဘာသာစကားများဖြင့် မှတ်တမ်းတင်ထားသော အထောက်အထားများလည်း ရှိသောကြောင့် သတိပြု၍ လေ့လာအပ်သည်။ အကျယ်ကို Chapter II, "Dources of the second Buddhist Council", *BSI*, 11-3 ကိုလည်းကြည့်။ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီး အနှစ် (၁၀၀)ခန့်တွင် သင်္ဂါယနာတင်ကြောင်း အစဉ်အလာအရဆိုသော်လည်း အနှစ်(၁၀၀) သို့မဟုတ် (၁၃၇)နှစ်ခန့်၌ ကျင်းပကြောင်းလည်း တွေ့ရပါ၏။

၅၄ -ဓမ္မဘဏ္ဍာဂါရိက-တရားဘဏ္ဍာစိုး၊ အရှင်အာနန္ဒာမထေရ်။ ပါမြန်ဘီ၊ ၄၉၇။ ဓမ္မဘဏ္ဍာဂါရိကနှင့် အာနန္ဒသည် အနက်တူ၏။ အဘိနိသစ်၊ ဂါထာ၊ ၄၃၆။

၅၅ - မဇ္ဈိမဒေသအပိုင်းအခြားကား အရှေ့သို့လားသော်ကား ဇဇင်္ဂလနိဂုံးရွာ၊ အရှေ့တောင်၌ သလ္လဝတီမြစ်၊ တောင်ဘက်၌ သေတကဏ္ဏိကနိဂုံးရွာ၊ အနောက်သို့လားသော် ဓုနမည်သော ပုဏ္ဏားရွာ၊ မြောက်သို့လားသော် ဥသီရဒ္ဓဇ စရည်းပင်ရောက်၏။ ဤနယ်မြေ ငါးရပ်အတွင်းသို့ မဇ္ဈိမဒေသဟု ခေါ်၏။ မဟာရာဇဝင်ကြီး၊ ပ၊ ၆၃။

၅၆ - သုသုနာဂမင်းသည် မဟာဝံသဋီကာတွင် လိစ္ဆဝီမင်းနှင့် ပြည့်တန်ဆာတစ်ယောက်၏

သားဖြစ်၍ စစ်သူကြီးတစ်ဦးက မွေးစားပြီး ယင်းမရှိလျှင် စစ်သူကြီး ဖြစ်လာ၏။ နာဂဒါသကို ဖျောက်ဖျက်၍ မင်းမြောက်ခြင်း ခံရ၏။ ၄၁၄ ဘီစီ၌ အနိစ္စရောက်၏။ မဟာရာဇဝင်ကြီး၊ ပ၊ ၇၅။ *DPPN*, vol.II, 1268-9 ကိုကြည့်။

၅၇- ဘီစီ ၄၁၄ ခုနှစ်

၅၈ - သရေခေတ္တရာဟူသော တိုင်းပြည်သည် ဂေါတမဘုရားလက်ထက်တွင် ခေါ်သော အမည်ဖြစ်ပြီး ပဌာနဝတီ(ကကုသန်ဘုရားရှင်)၊ ပုဏ္ဏဝတီ(ကောဏာဂုံဘုရားရှင်)၊ ပဝရဝတီ (ကဿပဘုရားရှင်)ဟူ၍လည်း ခေါ်၏။ တကောင်းမင်း ယောက်ဖတော် ရှင်ရသေ့နေရာကို အခွဲပြု၍ နောက်မှ ရသေ့ပြည်ဟု ခေါ်ကြ၏။ တွင်းသင်း ၃၂။ သာသနာတော် အနှစ် ၁၀၀ ၌ ဒွတ္တဘောင်သည် သရေခေတ္တရာ၌ ကာလာသောကမင်းနှင့်အပြိုင် မင်းဆက်တိုက်ဆိုင်၏။ *HB*,277. သရေခေတ္တရာသည် ကျက်သရေမင်္ဂလာရှိသော မြေဟူ၍ အဓိပ္ပာယ်ရှိပြီး ယနေ့ ပြည်မြို့အနီး၌ ရှိ၏။ သရေခေတ္တရာနယ်သည် အရှေ့၌ ကုန်းခေါင်အုတ်ရှစ်တောင်ဆင်းပုထိုးအိုင်၊ တောင်တွင် တူးမြောင်း၊ အနောက်၌ ဧရာဝတီ၊ မြောက်၌ ပန်းခုံ (ရပ်) နတ်တောင်၊ အရှေ့မြောက် မြဝတီမြေနှင့် ကျောခိုင်း၏။ စမ္ဗူဒီပ၊ ၈၈။ စိန်မောင်ဦး။ သရေခေတ္တရာမြို့ဟောင်း တက္ကသိုလ် တွဲ ၃၊ ပိုင်း ၁ (၁၉၆၈)၊ ၁၆၃-၂၁၀ ကိုလည်းကြည့်။

၅၉ - ဒွတ္တပေါင် ခေါ် ဒွတ္တဘောင်မင်းသည် သာသနာတော် ၁၀၁ နှစ်တွင် သရေခေတ္တရာကို တည်၏။ တွင်းသင်း ၂၄။ ဒွတ္တဘောင်မင်း၏ နန်းသက်မှာ ဘီစီ ၄၄၃-၃၇၃ ဖြစ်၏။ *GPC*, 14-20။ မဟာဝင်၌ ကာလာသောကမင်း၏ နန်းသက်(ဘီစီ ၃၉၃-၃၆၅)ကို ၂၈ ဟု ပြ၏။ *Mhv*.xli.xlvi. ကာလာသောကမင်း၊ ဒွတ္တဘောင်မင်းနှင့် ဒုတိယသင်္ဂါယနာတင် ပွဲတို့ ညီယူရာ၌ ခုနှစ်အယူအဆ ကွဲလွဲမှု ရှိချေ၏။ သက္ကရာဇ်စဉ်ဇယားကို ကြည့်ပါ။

၆၀ - သက္ကရာဇ် ၂၃၅ (၃၀၀ ဘီစီ) တွင် သင်္ဂါယနာတင်ကြောင်း ကျမ်းအသီးသီး၌ သာမန်မျှသာ ဆို၏။ ထိုနှစ် နယုန်လမှ တပို့တွဲလထိ ကိုးလတိတိ တင်သောကြောင့် တပို့တွဲလ၌ ပြီးဆုံး၏။ မဟာဝင် ၁၂၂-၃။ တပို့တွဲလဆန်း ၁ ရက်မှ တန်ဆောင်မုန်းလ ပြည့်နေ့တိုင် ကိုးလ တင်၏။ မွန်ဂျီ ၅၀။ ထိုနှစ်သည် သီရိဓမ္မာသောကမင်း နန်းတက်၍ ၁၈ နှစ်မြောက်ဖြစ်သောကြောင့် ၂၀၈ ဘီစီ ဖြစ်၏။ ထိုမင်း၏ သိသိက်ခံသောနှစ်ကို သက္ကရာဇ် ၂၁၈ (၃၂၆ ဘီစီ) သတ်မှတ်ထား၏။ ရာဇဝင်ကျော် ၁၀၀-၁။ ရာဇဝင်ကြီး ၈၄။ မှတ်စု (၆၈)ကိုလည်းကြည့်။

၆၁- သီရိဓမ္မာသောကမင်းကို အသောက (Asoka)မင်းအဖြစ် အသိများ၏။ အိန္ဒိယရှိ ကျောက်စာများ၌ 'ပိယဒဿိ၊ ဒေဝါနံပိယပိယဒဿိရာဇာ'ဟု ရေးထိုးထား၏။ အသောက မင်းကြီးသည် စန္ဒဂုတ်မင်း၏ မြေးဖြစ်ပြီး ဖခင်မှာ ဗိန္ဒုသာရမင်း ဖြစ်၏။ မောရိယအင်ပါယာကြီးကို အထွဋ်အထိပ်ရောက်အောင် ဖန်တီးခဲ့၏။ စစ်တိုက်ခြင်း၊ ဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်ခြင်း၊ ဓမ္မကို ဖြန့်ချိခြင်း၊ သင်္ဂါယနာတင်ခြင်း၊ သာသနာပြုစေလွှတ်ခြင်း များ၌ သူမတူသော မင်းဖြစ်၏။ နှောင်းဗုဒ္ဓဝါဒီဘုရင်တို့၏ စံပြုကြရသောမင်းလည်း

ဖြစ်၏။ ခေတ်ပြိုင်အထောက်အထား၌ အထင်ရှားဆုံးမှာ ကျောက်ဆောင်စာ(Rock-Edit)၊ ကျောက်တိုင်စာ (Pillar Edit)နှင့် ဂူကျောက်စာ (Cave Inscriptions)တို့ ဖြစ်၏။ မဟာဝင် ၇၇-၁၂၃၊ *AIU*, 71-92၊ *DPPN*,vol.1,216-9 နှင့် မှတ်စု (၇၇)ကိုလည်း ကြည့်။

၆၂ - ဂင်္ဂါ - ဂင်္ဂါမြစ်၊ မြစ်။ ပါမြန်ဘိ ၃၅၂။ ဂင်္ဂါဟူသည် မြစ်၏ ပရိယာယ်ပုဒ်ဖြစ်သကဲ့သို့ မြစ်တစ်မြစ်၏ ကိုယ်ပိုင်အမည်လည်း ဖြစ်သည်။ အဘိနိသစ်၊ ဂါထာ ၆၈၁၊ ၆၈၂။ ဂင်္ဂါသည် ရေစီးမှန်မှန်နှင့် မြန်မြန်စီးသော ဂင်္ဂါမြစ် (swift-goer, the river Ganges)ဟူ၍ အဓိပ္ပာယ်ရှိ၏။ Sir Monier-Williams, *A Sanskrit- English Dictionary*. (Oxford: The Clarendon Press, 1899), 341. ဂင်္ဂါမြစ် သည် အနဝတတ်အိုင်ကြီးမှ စီးဆင်းသော ဥမင်ဂဂါမှ ခွဲထွက်စီးဆင်းသော မြစ်ငါးစင်း အနက်မှ မြစ်တစ်စင်း ဖြစ်ပြီး ဂင်္ဂါမြစ်မှ မြစ်ငယ်တစ်ရာစီ ဖြာထွက်၍ သမုဒ္ဒရာသို့ စီးဝင်၏။ ရာဇဝင်ကြီး ၆၂-၃။ ဂင်္ဂါအညာဟူသည် ဂင်္ဂါမြစ်၏ အထက်ပိုင်းကို ဆိုလို၏။

၆၃ - တိတ္တိရဒီပကဇာတ်သည် ဇာတကအဋ္ဌကထာ တတိယတွဲ၊ ၅၉ နှင့် သာရတ္ထဒီပနီဋီကာ ပထမတွဲ၊ ၁၄၁ တွင် ပါရှိသည်။ မုဆိုး၏ တည်ခါသည် ခါငှက်များကို ဖမ်းဆီးသတ်ဖြတ် ခံရအောင်လုပ်သဖြင့် အပြစ်ဖြစ်၊ မဖြစ်မေးရာ ဘုရားလောင်းရသေ့က စိတ်စေတနာ မပါလျှင် အပြစ်မရှိကြောင်း ဖော်ပြထား၏။ မူလဇာတ်အမည်မှာ တိတ္တိရဇာတ်(ဇာတ်စာရင်း ၃၁၉)ဖြစ်၏။ မဟာဝင် ၁၂၀-၁ ၌ ပြန်ဖော်ပြ၏။ *DPPN*,Vol.I,1009.

၆၄- ကထာဝတ္ထုသည် ခုဒ္ဒကနိကာယ်ဝင် အဘိဓမ္မာ ၇ ကျမ်းတွင် ၅ ကျမ်းမြောက်အဖြစ် ပါဝင်၏။ ကျမ်းပြုသူမှာ မောဂ္ဂလိပုတ္တတိဿမထေရ် ဖြစ်၏။ ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် ၂၁၈ နှစ်အကြာ၌ တတိယသင်္ဂါယနာပြီးစီးချိန်မှ ပြုစုခဲ့ကြောင်း သိရ၏။ *DPPN*, Vol.I, 505. *HPL*,144.

၆၅- အသောကမင်းက ဆောက်လှူသော ကျောင်းဖြစ်ပြီး သုံးနှစ်ကြာမှ ပြီး၏။ သံဃာများ သီတင်းသုံးရန် ဆောက်ပေးခြင်းဖြစ်ပြီး ရဟန်း ၆၀၀၀၀ ကို ဆွမ်းကပ်၏။ ညီဖြစ်သူ တိဿမင်းသားအား အကြံမှားမှ သာသနာ၌ ပြန်ကြည်ညိုစေ၏။ ထိုကျောင်း၌ မောဂ္ဂလိပုတ္တတိဿ မထေရ်သည် သံဃာနှင့်အတူ တတိယသင်္ဂါယနာ တင်လေ၏။ မဟိန္ဒသည် အသောကာရုံကျောင်းမှ သီဟိုဠ်သို့ သာသနာပြု ကြွ၏။ *Mhv*, 80, 163, 174, 236, 276, *DPPN*, vol.I, 221.

၆၆- မှတ်စု (၆၅)ကို ကြည့်။

၆၇ - မဟာဗြဟ္မာဘုံသည် ရူပဗြဟ္မာဘုံ ၁၆ ဘုံအနက် ပထမဈာန် ၃ ဘုံတွင် ပါဝင်၏။ ဗြဟ္မပါရိသဇ္ဇာဗြဟ္မာတို့ထက် အသက်ရှည်၊ အဆင်းလှပြီး ပို၍လည်း သာလွန်သောကြောင့် မဟာဗြဟ္မာဟု ခေါ်ကြ၏။ ဗြဟ္မာဘုံ ခေါ် ဗြဟ္မာလောက စုစုပေါင်း ၂၀ ကို အထက်မှ

အောက်သို့ ရေတွက်လျှင် ၁၈ နေရာ(ဘုံ၊ လောက)၌ ရှိ၏။ ဒေါက်တာမင်းတင်မွန်။ အဖိုးတန်ဆုံးဘဝပညာတတ္တသိုလ်အဘိဓမ္မာ။ ၃ ကြိမ်။ (ရန်ကုန်၊ မြမွန်ရတနာစာပေ၊ ၂၀၀၅)၊ ၂၅၉-၆၀။ *DPPN*, vol.II,336-8

၆၈- သီရိဓမ္မာသောကမင်း၏ နန်းတက်နှစ်နှင့်စပ်လျဉ်း၍ ပညာရှင်အသီးသီး၏ အယူအဆအချို့ကို တင်ပြပါမည်။ Mookerji, *Asoka* (Delhi, Shri Jainendra Press) p.37 တွင် ဘီစီ ၂၇၄ ဟုလည်းကောင်း၊ V.A. Smith, *Asoka: The Buddhist Emperor of India*. (Oxford Clarendon Press, 1920),p 19 တွင် ဘီစီ ၂၇၃ ဟုလည်းကောင်း၊ *Mhv*.27 တွင် ဘီစီ ၂၆၈ ဟုလည်းကောင်း အယူများရှိကြောင်း တွေ့ရပါ၏။ *Mhv*, Verse no.21 တွင် "Be it known, that two hundred and eighteen years had passed from the nibbāna of the Master unto Asoka's consecration." pp.27 တွင် ဆိုထား သဖြင့် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး ၂၁၈ နှစ်ကြာသော် အသောကမင်း နန်းတက် ကြောင်း သိရပါ၏။ ရာဇဝင်ကျော် ၁၀၀-၁ နှင့်လည်း ညီ၏။ ပရိနိဗ္ဗာန်စံသောနှစ်ကို ဘီစီ ၅၄၄ ဖြင့် တွက်ကြည့်လျှင် (ဘီစီ ၅၄၄-၂၁၈=၃၂၆ ဘီစီ)အဖြစ် တွေ့ရ၏။ အနောက်တိုင်းပညာရပ်လောက၌ ပရိနိဗ္ဗာန်စံသောနှစ်ကို အများစုက ဘီစီ ၄၈၆ ဟုသာ မှတ်ယူကြသဖြင့် အသောကမင်း၏ ဘိသိက်ခံ၍ မင်းပြုသောနှစ်ကို (ဘီစီ ၄၈၆-၂၁၈=၂၆၈) ဘီစီ ၂၆၈ ဟု ဖော်ပြကြောင်း တွေ့ရလေသည်။ ဗြိတ္တိန်ဖြင့်တွက်ချက်သော အဆိုတစ်ရပ်တွင် ထိုဘိသိက်ခံသော ခုနှစ်မှာ ၂၄၊ ဧပြီလ၊ ၂၆၄ ဘီစီဟုလည်း တွေ့ရ၏။ *Mhv*,xxxiii. (ဘီစီ ၂၆၅-၂၃၈) နှင့် (ဘီစီ ၂၇၃-၂၃၂)ဟုလည်း ၎င်း၏ နန်းသက်ကို ဖော်ပြကြ၏။ "Asoka" *EB* 2009 ကိုလည်းကြည့်။

၆၉ - ရန်ပေါင်မင်းသည် သာသနာတော် ၁၉၃ ခုနှစ် မင်းဖြစ်၏။ တွင်းသင်း ၃၂။ နန်းသက်မှာ ခရစ်မပေါ်မီနှစ် ခေါ် ဘီစီ ၃၅၁-၃၀၂ ဖြစ်ပြီး နန်းတက်ပြီး ၁၂ နှစ်တွင် တတိယ သင်္ဂါယနာတင်ပွဲ ကျင်းပကြောင်း ဆို၏။ *GPC*, 20. သီရိဓမ္မာသောကမင်း ခေါ် အသောကမင်း(ဘီစီ ၂၇၇-၂၀၇)၊ ရန်ပေါင်မင်းနှင့် တတိယသင်္ဂါယနာတင်ပွဲများကို နှိုင်းယှဉ်သောအခါ ခုနှစ် ကွဲပြား၏။ *HB*,277. တစ်ဖန် အိန္ဒိယနှင့် နိုင်ငံတကာတွင် စံပြုထားသော ခုနှစ်နှင့်စပ်လျဉ်း၍ နှိုင်းယှဉ်လျှင် သက္ကရာဇ်များသည် ကွဲပြားနိုင်၏။ အထူးသဖြင့် အသောက၏ နန်းသက်ကို အခြေခံ၍ တွက်ချက်လျှင် ဗုဒ္ဓ၏ ပရိနိဗ္ဗာန် စံသောနှစ်မှစ၍ သင်္ဂါယနာတင်ချိန်၊ မင်းဆက်၊ နန်းသက်နှင့် ဖြစ်ရပ်များတွင် မြန်မာ၊ ထိုင်း၊ သီရိလင်္ကာနိုင်ငံတို့နှင့် မတူဘဲ ကွဲပြားလေ၏။ နမူနာ အသောကမင်း၏ နန်းသက် ကို ၂၇၃-၂၃၆ ဘီစီ၊ ၂၇၃-၂၃၂ ဘီစီ၊ ၂၆၅-၂၃၈ ဘီစီဟု ပညာရပ်လောက၌ အသိအမှတ်ပြုထား၏။

၇၀- သိန်ခိုကျွန်းသည် သီဟိုဠ်ကျွန်း ဖြစ်၏။ ပဌဝီ ၁၆၄-၈၁။ "သီဟေန လာယတေ ဂယှတေတိ သီဟလော"ဟူသော ပုဒ်ကို ခြင်္သေ့မျိုးစေ့ဖြစ်သောမင်းက ကျွန်းကို ယူသော သတ္တိကြောင့် သီဟဠမည်၏။ နောက်မှ သီဟိုဠ်ကျွန်းဟု ခေါ်၏။ မဟာဝင် ၁၃၇။ မှတ်စု (၈၆)ကိုလည်း ကြည့်။

၇၁ - ဝဋ္ဋဂါမဏိမင်းသည် သဒ္ဓါတိဿမင်း၏ သားတော်လေးယောက်တို့အနက် အငယ်ဆုံး ဖြစ်၏။ အဖအရာ၌ တည်သောကြောင့် ပိတုရာဇ ဟုခေါ်၏။ ဂိရိမည်သော တိတ္ထိတို့၏ အာရာမ်၌ ဆောက်သောကြောင့် အဘယဂိရိ ကျောင်းမည်၏။ ထိုကျောင်းသည် မဟာ ဝိဟာရကျောင်းကြီး တည်သည်မှ ၂၁၇ နှစ်နှင့် ဆယ်လမြောက်သောအခါတွင် ဆောက် ခြင်းဖြစ်၏။ မဟာဝင် ၃၃၂-၉။ ဝဋ္ဋဂါမဏိမင်းကို သီဟိုဠ်ကျမ်းများ၌ 'ဝဋ္ဋဂါမဏိအဘယ၊ ဂါမဏိအဘယ၊ ဝဋ္ဋဂမ္မာ'ဟု ခေါ်ကြ၏။ G.C.Mendis, *The Early History of Ceylon* (Calcutta, YMCA Publishing House, 1954). ဝဋ္ဋဂါမဏိ (၂၉-၁၇ ဘီစီ)ကို ဝဋ္ဋဂါမဏိအဘယမင်းဟုလည်း ခေါ်၏။ သုတ်မဟာဝါဋီကာနှင့် ၎င်းအဋ္ဌကထာတို့၌ နောင်တွင် ဖခင်ကို ပြစ်မှားသောကြောင့် ဒုဋ္ဌ ထပ်၍ ဒုဋ္ဌဂါမဏိဟု ခေါ်ပြန်၏။ သာသုဒီ၊ ၉၂။

၇၂- ပိဋကတ်သုံးပုံဟူသည် သုတ်(သုတ္တန္တပိဋက)၊ ဝိနည်း(ဝိနယပိဋက)နှင့် အဘိဓမ္မာ (အဘိဓမ္မာပိဋက)တို့ကို စုပေါင်း၍ ခေါ်သော အမည်ဖြစ်သည်။ ပိဋကတ်ဟူသည် 'ပိဋကတ္တယ' ဝေါဟာရမှ ဆင်းသက်လာသော ပါဠိသက်စကားလုံးဖြစ်ပြီး သင်ယူထိုက်သော ကြောင့်လည်းကောင်း၊ ဗုဒ္ဓ၏အဆုံးအမ၊ တရားတော်များတည်ရာ တောင်းဖြစ်သော ကြောင့်လည်းကောင်း ပိဋက ဟုခေါ်ခြင်း ဖြစ်၏။

၇၃- စတုတ္ထသင်္ဂါယနာကို ဝဋ္ဋဂါမဏိမင်းလက်ထက်၌ တင်၏။ ယခင်က နှုတ်ဖြင့် ဆောင်ရွက်ပြီး ပေထက်၌ အနည်းငယ်မျှသာ ထားနိုင်သဖြင့် နောင်အခါ သတ္တဝါတို့၏ သတိ ပညာ ဆုတ်ယုတ်လျက် မဆောင်နိုင်မည်ကို ဆင်ခြင်မိသောကြောင့် ဝဋ္ဋဂါမဏိမင်း အား အကြောင်းကြားပြီးလျှင် အညီအညွတ် စုဝေးခါ ပေထက်၌ ရေးတင်ကြကုန်၏။ မဟာဝင် ၃၄၁။ ထိုဝဋ္ဋဂါမဏိမင်းသည် ၁၂ နှစ် ၅ လပတ်လုံး နန်းစံခဲ့၏။ *Mhv*, 237. မှတ်စု (၇၁)ကိုလည်း ကြည့်။ ဝဋ္ဋဂါမဏိမင်း၏ နောင်တော် ခလ္လာဋနာဂမင်းလက်ထက် တွင်မှ ရဟန္တာအပေါင်းတို့ ပေ၌ ရေးခဲ့ကြောင်း ဆို၏။ ရာဇဝင်ကျော် ၁၀၇။

၇၄- တေရသကဏ္ဍဋီကာသည် ခုဒ္ဒကနိကာယ်ဝင် ဝိနည်း ၅ ကျမ်းဋီကာတွင် ပါဝင် သည်။ ယင်းဋီကာကို သီဟိုဠ်ကျွန်း ဗုဒ္ဓဒါသမင်းသားတော် ရှင်သာရိပုတ္တရာ ခေါ် ရှင်ရိတုံဇ ခေါ် ရှင်သာရိတနုဇ ခေါ် ရှင်မဟာသမိပါဒမထေရ် စီရင်၏။ ပိမိုင်း ၂၄၀။ *HPL*.373

၇၅- မှတ်စု (၇၇)ကိုကြည့်။

၇၆- ဇနပုဒ်-ကျေးလက်တောရွာ၊ မြန်ဘိ ၁၂၈။ Janapada=a provine, a country, country-side. *PED* 108. ဤ၌ ဇနပုဒ်သည် တိုင်းဇနပုဒ်၊ တိုင်းပြည်နယ်မြေဟူသော အနက်ကို ဆောင်ပါသည်။

၇၇ -ပစ္စန္တရာဇ်ကိုး၌ာနသို့ သာသနာပြုစေလွှတ်ခြင်းသည် မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်၏ စေလွှတ်ခြင်း ဖြစ်ကြောင်း၊ ဒီပဝင် ၅၇-၅၈၊ မဟာဝင် ၁၆၅-၆၊ မွန်ဏီ ၅၀၊ ၁၅၁

Dpv.186 နှင့် Mhv 82-87 တို့တွင် သာသနာပြုမထေရ်နှင့် တိုင်းဒေသတို့၏ အမည်များ ပါဝင်၏။ မောင်းထောင်ဆရာတော်ရေးသားသည့် မဟာရေဝမထေရ်အမည်မှာ ကျမ်းဂန်များ၌ လုံးဝ မရှိ၍ မှားယွင်းနေ၏။ ပေမူ ၂ စောင်လုံးနှင့် သာလင်၊၂၀ ၌လည်း အလားတူ၏။ ဒီပဝင်နှင့် မဟာဝင်တို့မှစ၍ မဟာဒေဝဟု တစ်ညီတည်း ပြဆို၏။ (ပါရာဇိကဏ်အဋ္ဌကထာ၌သာ 'မဟာရေဝတ'အဖြစ် ဖော်ပြ၏။ ဝံသ ၃၃ တွင်လည်း ထိုကဲ့သို့ပင်။) မဇ္ဈန္တိကမထေရ်ကို ကသ္မီရဂန္ဓာရတိုင်းသို့စေကြောင်း ရေးသားခြင်းကို ထောက်ရှုလျှင် မဟာဝင်မှ ကိုးကားခြင်း ဖြစ်တန်ရာ၏။ သာလင် ၂၀၊ ဝံသ ၃၂-၃၃၊ HBR, 13. Mhv 82-87, KI 48. ဒီပဝင် ၅၇ တွင် ဂန္ဓာရဟုသာ ပါဝင်ပြီး ကသ္မီရ မပါချေ။ Dpv 186 ။ မဇ္ဈိမမထေရ်ကို ဟိမဝန္တာရှိ စိန့်တိုင်းငါးရပ်သို့ လွှတ်ကြောင်းကို သာရတ္ထဒီပနီဋီကာနှင့်ထူပဝင်တို့မှ ကိုးကား၏။ သာလင် ၂၀၊ Tpv. II, 43, BHB, 15-6. စိန့်တိုင်းငါးရပ်၏ အမည်ကို ဒီပဝင်၊ မဟာဝင်၊ ဝံသတို့တွင် မတွေ့ရချေ။ ထိုဋီကာတွင် 'ပဉ္စဝိဓ စီနရဋ္ဌာနိ'ဟူ၍ ပါရှိပုံကို စိန ခေါ် စိန့်တိုင်း ငါးရပ်ဟု ဖော်ပြခြင်း ဖြစ်၏။ ပဋ္ဌဝိ ၂၂၇။ သောဏနှင့် ဥတ္တရမထေရ်တို့ကို သုဝဏ္ဏဘုမ္မိတိုင်းသို့ သာသနာ ပြုစေလွှတ်ကြောင်း ဒီပဝင် ၅၈၊ မဟာဝင် ၁၆၆၊ ဝံသ ၃၆၊ မွန်ဏီ ၅၁၊ HBR 40-53, KI 48 တွင် ပါဝင်ကြောင်း တွေ့ရ၏။ အသောကမင်း၏ ခေတ်ပြိုင်ကျောက်စာများတွင် သုဝဏ္ဏဘူမိ အမည်မပါချေ။ အရှင်အာဒိစ္စဝံသထေရ်၊ အသောကကျောက်စာတော် (ရန်ကုန်၊ ငံရှား၊ ၁၉၆၉)။ B.M. Barua, Inscriptions of Asoka (Calcutta: The Sree Bharatee Press, 1943). A. Sen, Asoka's Edits (Calcutta:Susil Gupta, 1950). D.C. Sircar, Inscriptions of Asaka (Delhi; The Publication Division, 1957). ကိုကြည့်။ တတိယသင်္ဂါယနာတင်ပွဲပြီးနောက် မောဂ္ဂလိပုတ္တတိဿမထေရ်(မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့၏ကျမ်းစာတွင် ဥပဂုတ္တ ခေါ် ရှင်ဥပဂုတ်)က ကိုးတိုင်းကိုးရပ်သို့ သာသနာပြုစေကြောင်း၊ ယင်းနှစ်မှာ ၂၃၅၊ ၂၃၆ ဟု ကျမ်းများတွင် ဆိုကြောင်း၊ ဘီစီ ၂၃၆ တွင် သီဟိုဠ်သို့ ရှင်မဟိန္ဒ (နှင့်နောက်ပါရဟန်းငါးပါးတို့) သာသနာပြုကြွကြောင်း၊ အချို့ဒေသများသည် အသောကမင်းလက်ထက်ထိုးကျောက်စာများတွင် မပါမရှိကြောင်း၊ အချို့နိုင်ငံများက သာသနာကို ဆက်စပ်လို၍ မိမိတို့နိုင်ငံသည် ထိုကိုးတိုင်းကိုးဋ္ဌာနတွင် ပါပုံကို ပြောဆိုရေးသားကြောင်းသည် အများသိရှိပြီးဟု ယူဆသဖြင့် အကျယ် မချဲ့တော့ပါ။ ဇယား(၃)ကိုလည်းကြည့်။

၇၈- ကသ္မီရတိုင်းသည် ယခု ပါကစ္စတန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ အငြင်းပွားနေဆဲဖြစ်သော ကက်ရှ်မီးယားနယ်မြေ ဖြစ်၏။ ထိုကသ္မီရဂန္ဓာရတိုင်းတွင် သာက ခေါ် သာလိဝါဟန ခေါ် ကနိဿကမင်းသည် မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့၏ စတုတ္ထသင်္ဂါယနာ တင်ပေးခဲ့၏။ အိန္ဒိယ၌ ထိုစတုတ္ထသင်္ဂါယနာကို အသိအမှတ် ပြုသော်လည်း ထေရဝါဒနိုင်ငံများက ယင်းကို လျစ်လျူရှုခဲ့၏။ Year, 42-4. HBR-165-7. ကသ္မီရဂန္ဓာရတိုင်းသည် ပန်ဂျပ်မြောက်ပိုင်း၊ ပက်ရှဝါဒိစကြိုတ်နှင့် ရာဝါပန္ဒိဒိစကြိုတ်၌ ရှိ၏။ စိစစ်ခဏ်း ၂၃။ မှတ်စု (၇၇)ကိုလည်း ကြည့်။

၇၉ - မဟိသကတိုင်းသည် အိန္ဒိယနိုင်ငံရှိ မိုက်စိုးနယ်၊ စိတလဒြုဂ (ချိတလ်ဒရုဂ)စီရင်စု၌ ရှိ၏။ မဟိသမဏ္ဍလ၊ မဟိသရဋ္ဌ၊ မဟေသွရ၊ မဟိမ္မတိ ဟူ၍လည်း ခေါ်၏။ ပဌဂိ ၂၁၂-၃။ **စိစစ်ခ၏း** ၄၈။ 'ဂေါဒဝရီနယ်မြေတောင်ပိုင်း'၊ *Buddhism*, 227. ဖိုးဦးတောင်ကျောက်စာတွင် 'မိုးကုတ်နှင့်ကြပ်ပြင်ဒေသ'၊ ဟူ၍လည်း တွေ့ရ၏။ သာသနာပြုပုဂ္ဂိုလ်မှာ 'မဟာရေဝ'ဟု ပေမူများ (နှင့်တကွ သာသနာလင်္ကာရ၊ ဝံသဒီပနီ)၌ တွေ့ရ၏။ မဟာရေဝတနှင့် မဟာဒေဝအမည်များသာ ရှိ၏။ ပါရာဇိကဏ်အဋ္ဌကထာ၌သာ ထိုအမည် ပါဝင်ကြောင်းကို ထောက်ရှုပါက မဟာရေဝတကို မှားဖတ်ခြင်း (သို့မဟုတ် ပေကူးသူတို့၏ ရေးကူးခြင်းကြောင့်) ဖြစ်တန်ရာ၏။ မူရင်းစာသားကို ရေဝတ အဖြစ် အစားထိုးဖော်ပြလိုက်ပါ၏။ ဒီပဝင်၊ မဟာဝင်နှင့် အခြားအဋ္ဌကထာများတွင် မဟာဒေဝ အဖြစ် ဖော်ပြထား၏။ တတိယမောင်းထောင်သာသနာပိုင်၏ သာသနဝံသပ္ပဒီပိကာကျမ်း၌မူ သာသနဝံသနှင့် သာသနာလင်္ကာရစာတမ်းတို့၏ အဆိုအတိုင်း မဟာရေဝတ ဟူ၍ တွေ့ရသည်။

၈၀- ဝနဝါသီတိုင်းသည် ရက္ခိတမထေရ်၏ ကောင်းကင်မှ အနမတဂ္ဂိယသုတ်ဟော၍ ပြည်သူများကို ကြည်ညိုစေသော အရပ် ဖြစ်၏။ ဒီပဝင် ၅၈၊ မဟာဝင် ၁၆၅။ ဝနဝါသီတိုင်းသည် အရှင်ရက္ခိတမထေရ်နှင့် ရဟန်းတော် ၅ ပါး သာသနာပြုကြွခဲ့သော နေရပ် ဖြစ်၏။ ယခု ဘုံဘေနယ်မြေ၏တောင်ပိုင်း၊ ဘုံဘေမြို့၏မြောက်ဘက်တွင် ရှိ၏။ မဇ္ဈိမပုံ၊ ၁၅၆။ ပဌဝိ၊ ၂၁၃-၄။ မိုက်ဆိုးနယ်မြောက်ဘက်၊ ဘုံဘေနယ်စပ် ဖြစ်၏။ **စိစစ်ခ၏း** ၄၈။

၈၁ - အပရန္တတိုင်း သို့မဟုတ် သုနာပရန္တတိုင်းသည် ယခုအိန္ဒိယနိုင်ငံ၊ ထာနာ (thana)နှင့် သုရတ(Surat)စီရင်စုတွင် ရှိ၏။ ပဌဝိ ၂၀၄။ အဓိပ္ပာယ်ဖွင့်ဆိုချက် နှင့်အကြောင်းကို ပဌဝိ ၂၀၄-၆၊ သာလင် ၂၅-၂၂၊ *HBR* 59-164. ၌ ကြည့်ပါ။ ပဌဝိ ၂၀၄-၆။ ဘုံဘေမြို့ မြောက်ဘက်ကမ်းရိုးတန်း ဖြစ်၏။ **စိစစ်ခ၏း** ၄၉။ တဖန် ပန်ဂျပ်နယ်အနောက်ပိုင်း (*Buddhism*,227)ဟု ဆိုသကဲ့သို့ ရောဝတီမြစ်အထက်ပိုင်းက အနောက်ဘက်ခြမ်း၊ ရောဝတီမြစ်အနောက်ဘက်ကမ်းက သရက်ခရိုင်အပေါ်ဘက်ပိုင်း ဖြစ်သည်။ *BBG*,vol.ii. 746. စမ္ဗူ.ဒီပ၊ ၁၁ ကိုကြည့်။

၈၂ - မဟာရဋ္ဌတိုင်းသို့ မဟာဓမ္မရက္ခိတမထေရ်သည် မဟာနာရဒကဿပဇာတကဖြင့် လူတို့ကို ကြည်ညိုစေ၏။ ဒီပဝင် ၅၈၊ မဟာဝင် ၁၆၆။ မဟာဝင်၌ ဇာတ်အမည် မပါရှိချေ။ မဟာရဋ္ဌတိုင်းသည် 'ကျယ်ဝန်းသောတိုင်းကြီး'ဟု အဓိပ္ပာယ်ရပြီး တည်နေရာမှာ ထာနာ(Thana) မြောက်ဘက်၊ ဘုံဘေ (Bombay)အလယ်ပိုင်း၌ ရှိ၏။ ရှေးမြို့အမည် ကလျာဏပုရ ဖြစ်၏။ မဇ္ဈိမပုံ ၁၃၅-၆။ ပဌဝိ ၂၂၂-၃။ ဘုံဘေမြို့၏ အရှေ့တောင်ဘက်အရပ် ဖြစ်၏။ **စိစစ်ခ၏း** ၅၁။ ဂေါဒါဝရီမြစ်အထက်ပိုင်းနှင့် ခရစ်ရှနားနယ်မြေကြား၌ ရှိ၏။ *HBR*,xvii; *Buddhism*, 16. ထိုင်းနိုင်ငံ သို့မဟုတ် ထိုင်းနှင့် လောနယ်စပ်ဟုလည်း ဆို၏။ *BHB*, 16-7. မဟာရဋ္ဌတိုင်းသည် အိန္ဒိယနိုင်ငံ၊ မဟာရာရှတရ ပြည်နယ်၊ မုမ္ဘိုင် ခေါ် မွန်ဘိုင်း (Mumbai)နယ် အလယ်ပိုင်း ဖြစ်၏။

မဋ္ဌိမပုံ၊ ၁၃၅-၆။ မဟာဓမ္မရက္ခိတနှင့် ရဟန်းတော် ၅ ပါး သာသနာပြုသောအရပ် ဖြစ်သည်။ ပဌဝီ၊ ၂၂၂-၃။

၈၃- ယောနကတိုင်းကို ဇင်းမယ် သို့မဟုတ် ချင်းမိုင်ဟု ဆိုသည်။ *BHB*, 13-4. အိန္ဒိယ အပြင်ဘက် ဗက်တြိယားနယ်၊ တာကစ္စတန်နယ်အကြား ဝါလ္လိက၊ ဗလခ စီရင်စုများ၌ ရှိ၏။ ပဌဝီ ၂၂၃-၆၊ ယခု တူရကီနိုင်ငံ ဖြစ်သည်။ မဋ္ဌိမပုံ ၁၄၀။ အသောကအင်ပါယာ ၌ ပါပြီး ယခု ဆုံးဖြတ်ရခက်သောအရပ် ဖြစ်၏။ *HBR*, xvi, 54-8. မဟာရက္ခိတထေရ်က ကာဠကာရာမ သုတ္တန္တကထာကို ဟော၏။ ဒီပဝင် ၅၈။

၈၄- မှတ်စု (၇၇)ကို ကြည့်။

၈၅ - သုဝဏ္ဏဘူမိတိုင်းကို မွန်ကျော် ၅၁၊ *KI* 46-9 တို့တွင် ရာမညဒေသ၊ တိုက်ကုလား မြို့ဖြစ်ကြောင်း ဆို၏။ နယ်မြေအားဖြင့် အရှေ့တောင်ဘက် ဂျာဗားကျွန်း၊ အနောက်ဘက် အိန္ဒိယသမုဒ္ဒရာ၊ အရှေ့ဘက် စက်ာပူ၊ မြောက်ဘက် မလေးရှားမှစ၍ မြန်မာနိုင်ငံ တနင်္သာရီ၊ ရာမညတိုင်းအောက်ပိုင်းနှင့်တကွ ထိုင်း၊ လော၊ ကမ္ဘောဒီးယားနိုင်ငံအထိ သတ်မှတ်သင့်၏။ ပဌဝီ ၂၃၀-၈။ သာလင် ၂၂ တွင် ပြန်ဖော်ပြ၏။ ဒီပဝင်၊ မဟာဝင်တို့ ကဲ့သို့ နှောင်းပိုင်းကျမ်းဂန်အသီးသီး၌ ပါဝင်သော သုဝဏ္ဏဘူမိတိုင်းကို အသောကမင်းရေး ထိုးသည့် ကျောက်စာများ၌ တစ်လုံးတစ်ပါဒမျှ မတွေ့ရချေ။ သုဝဏ္ဏဘူမိကို တိုက်ကုလား နယ်ဟု ဆိုလျှင် အရှေ့၌ တောင်ကြီးရိုးမ၊ တောင်ဘက်၌ ဇင်းကျိုက်ဘုရား၊ အနောက်တွင် ပေါင်းလောင်မြစ်မ၊ မြောက်တွင် ရွှေကျင်ကင်း အတွင်း၌ တည်သောနယ်မြေ ဖြစ်၏။ **စမ္ဘူ့ဒီပ** ၁၀၄။ သုဝဏ္ဏဘူမိကို သုဓမ္မ > သုဓမ် > သထုံ အဖြစ်လည်း ခေါ်၏။ သုဓမ္မဝတီ ဟု ပါဠိစီကြ၏။ သုဝဏ္ဏဘူမိရွှေမြေရှိရာအရပ် ရှမ်း ၅၇ မြို့သည် သုဝဏ္ဏဘူမိတိုင်း။ **စမ္ဘူ့ဒီပ**၊ ၇၉၊ ၉၁။

၈၆ - သီဟိုဠ်ကျွန်းကို ဩဇဒီပကျွန်း၊ ဝရဒီပကျွန်း၊ မဏ္ဍဒီပကျွန်း၊ လင်္ကာဒီပကျွန်း၊ တမ္ဗပဏ္ဏိကျွန်းဟူ၍ ဘုရားလေးဆူတို့၏ သာသနာတော်၌ ခေါ်၏။ ဒီပဝင် ၁၀၂။ ထိုငါးမျိုးနှင့်အတူ တမ္ဗပါဏိဒီပကျွန်း၊ သီရိလင်္ကာဟူသော အမည် ၇ ပါးလည်း ရှိ၏။ သရုပ်ပြ ၆၂၈။ ထိုအပြင် သိန်ခိုကျွန်းနှင့်လင်္ကာဟုလည်း ခေါ်သေး၏။ မှတ်စု (၇၀)ကို လည်းကြည့်။

၈၇- ဆဠာဘိညပဋိသမ္ဘာဒါရဟန္တာ ဟူသည် (ဣဒ္ဓိဝိဓ၊ ဒိဗ္ဗသောတ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသ၊ ဒိဗ္ဗစက္ခု၊ အာသဝက္ခယ စုစုပေါင်း) ခြောက်ပါးသော အဘိညာဉ်ဖြင့် ခွဲခြား ဝေဖန်သိမြင်သော ဉာဏ်ရှိသော ရဟန္တာကို ဆိုလို၏။ သာသနာ ၅၀၀၀ သီအိုရီအရ ကြည့်လျှင် ဆဠာဘိညရဟန္တာ၊ ပဋိသမ္ဘိဒါရဟန္တာခေတ်ကာလများကို အနှစ် ၁၀၀၀ စီ ပိုင်းခြားထားကြောင်း တွေ့ရ၏။ သရုပ်ပြ ၆၁၉-၂၀။

၈၈ - သုနာပရန္တတိုင်းသည် မဋ္ဌိမဒေသ၏ အနောက်ဘက်အစွန်ပိုင်းကို အပရဂေါယာန

(အနောက်ကျွန်း) ခေါ် အပရန္တတိုင်း ဖြစ်၏။ ဘုရားလောင်း မန္ဓာတ် ခေါ် မန္ဓာတ်စကြာမင်းသည် သားတော်ဖြစ်သော သူနုကို အပရန္တတိုင်းကို ပေးသောကြောင့် အပရန္တမှ သူနာပရန္တ (သူနု + အပရန္တ - သူနူပရန္တ)ဟူ၍ ဖြစ်လာ၏။ အဓိပ္ပာယ်မှာ 'သားတော်ပိုင်ဆိုင်သော အနောက်တိုင်း' ဖြစ်လေ၏။ ယခု အိန္ဒိယနိုင်ငံအနောက်ပိုင်း၊ အာရေဗျပင်လယ်၊ ဘုံဘေမြို့မြောက်ပိုင်း၊ ဌာနေ၊ သုတရ စသော ခရိုင်ဒေသသည် သုနာပရန္တတိုင်း ဖြစ်လေသည်။ မဇ္ဈိမပုံ၊ ၁၉၈။ ပဌဝီ၊ ၂၁၄-၂၂။ *BHB*,12. *HBR*,61-167. ကိုကြည့်။

၈၉ - ကုဏ္ဍာတနမထေရ်သည် စာရေးတံမဲ ပထမယူခြင်းအရာ၌ ဧတဒဂ်ရသော ပုဂ္ဂိုလ်ထူးဖြစ်၏။ ထေရာပဒါန်ပါဠိတော်မြန်မာပြန်၊ ပတွဲ (ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၉၃)၊ ၉၃-၄။

၉၀- ဥပရိပဏ္ဏာသအဋ္ဌကထာသည် မဇ္ဈိမနိကာယ်ဝင်အဋ္ဌကထာ ၃ ကျမ်းတွင် ပါဝင်သည်။ ထို ၃ ကျမ်းဖြစ်သည့် မူလပဏ္ဏာသ၊ မဇ္ဈိမပဏ္ဏာသ၊ ဥပရိပဏ္ဏာသပါဠိတော် ၃ ကျမ်းအဖွင့် အဋ္ဌကထာအမည်ကို ပပဉ္စသူဒနီအဋ္ဌကထာဟု ခေါ်၏။ ပိမိုင်း ၁၀၀။

၉၁- သဠာယတနဝဂ္ဂသံယုတ်အဋ္ဌကထာသည် သံယုတ္တနိကာယ် ၅ ကျမ်း အဋ္ဌကထာ၌ပါဝင်သည်။ ယင်း ၅ ကျမ်းဖြစ်သော သဂါထာဝဂ္ဂသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ မဟာဝဂ္ဂသံယုတ် ၅ ကျမ်းအဖွင့်အဋ္ဌကထာကို သာရတ္ထပကာသနီအဋ္ဌကထာဟု ခေါ်သည်။ ပိမိုင်း ၁၀၄။

၉၂- ဓမ္မပဒအဋ္ဌကထာသည် ခုဒ္ဒကနိကာယ်အဋ္ဌကထာ ၁၇ ကျမ်းအနက် ဒုတိယမြောက်ဖြစ်ပြီး ပါဠိတော်အမည်ကို အကြောင်းပြု၍ ဓမ္မပဒအဋ္ဌကထာဟု ခေါ်၏။ အဋ္ဌကထာအမည်သီးခြား မရှိချေ။ ပိမိုင်း ၁၁၈။ *HPL*, 132-5 ကိုလည်းကြည့်။

၉၃- အင်္ဂုတ္တရအဋ္ဌကထာသည် အင်္ဂုတ္တရနိကာယ်အဋ္ဌကထာ ၁၁ ကျမ်းတွင် ပါဝင်ပြီး အဋ္ဌကထာအမည်ကို မနောရထပူရဏီအဋ္ဌကထာဟု ခေါ်သည်။ *HPL*, 112-23 ကိုလည်းကြည့်။

၉၄- မန္ဓာတ်စကြာမင်းဖြစ်စဉ် ဘုရားလောင်းသည် စကြာရတနာဖြင့် လေးကျွန်းသို့ လှည့်လည်ပြီး ခက်ခဲသော နိဒါနသုတ်၊ မဟာသတိပဋ္ဌာနသုတ်တို့ကို ဟော၏။ **စရိယာပိဋကဋ္ဌကထာ**(ရန်ကုန်၊ ဗုဒ္ဓသာသနအဖွဲ့၊ ၁၉၆၉)၊ ၂၄၅။

၉၅- မြောက်ကျွန်းသားတို့ နေသောအရပ်ကို ကုရုတိုင်းဟု ခေါ်၏။ ဥတ္တရကုရု အဖြစ်ခေါ်သော ယင်းတိုင်း၏ ရှေးမြို့တော်အမည်များမှာ ဣန္ဒပတ္ထ၊ ဟတ္ထိနာပုရ၊ ဟတ္ထိပုရဖြစ်၏။ ဘုရားလောင်း ဝိဓူရသုခမိန် ဖြစ်ခဲ့သော နေရာဖြစ်ပြီး ငါးပါးသီလလုံခြုံ၏။ ရာသီဥတုကောင်းပြီး ခန္ဓာသန်စွမ်းကြ၏။ အိန္ဒိယနိုင်ငံ၊ ပန်ဂျပ်ပြည်နယ် အရှေ့တောင်၌

ရှိ၏။ ပဌဝီ ၈၀-၇။ ဒေလီမြို့အနီးရှိ ထာနေသာ (Thānesar)စီရင်စုဝန်းကျင်၌ ဣန္ဒပတ္တမြို့သည် ကုရုတိုင်းဒေသ ဖြစ်၏။ *DPPN*, vol.I, 641-2.

၉၆- ဝိဒေဟရာဇ်တိုင်း၏ မြို့တော်မှာ မိတ္ထီလာ ဖြစ်၏။ ဇာတကအဋ္ဌကထာများ၌ ဇနကမင်း၊ နေမိမင်း၊ သုရုစိမင်း၊ သာဓိနမင်း၊ မဟောသဓ ပညာရှိတို့ကို ယင်းတိုင်း၌ တွေ့ရ၏။ ယင်းတိုင်းကို နိဗ္ဗုဝိ၊ တိဂသုတ္တ ဟူ၍လည်း ခေါ်၏။ အကျယ်အဝန်း မိုင် ၅၀ ခန့်ရှိပြီး တိုင်း ၇ တိုင်းမျှ ရှိ၏။ ယနေ့ခေတ် တိရ်ဟုတ် (Tirhut)ဒေသ ဖြစ်၏။ *BI*, 27. *DPPN*, vol.II, 879-80.

၉၇- သတိပဋ္ဌာနသုတ်အဋ္ဌကထာကို ရှင်မဟာဗုဒ္ဓဃောသ ပြု၏။ မဟာသတိပဋ္ဌာနသုတ်ကို အကျယ်ဖွင့်ဆိုခြင်း ဖြစ်သည်။ ပိလမ်းညွှန်၊ ဒု၊ ၅၁၄ တွင် အသေးစိတ် စာရင်းပါရှိ၏။

၉၈- ပုဏ္ဏောဝါဒသုတ်ကို ပုဏ္ဏသုတ် ဟုလည်း ခေါ်၏။ မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ စာမျက်နှာ ၃၁၁။ *DPPN*, vol.II, 223-4 သံယုတ်နိကာယ်တို့၌လည်း ပါဝင်၏။ *DPPN*, Vol.II, 229-230.

၉၉- ကင်္ခါဝိတရဏီအဋ္ဌကထာသည် အင်္ဂုတ္တရနိကာယ်အဋ္ဌကထာ ၁၁ ကျမ်းအနက် ပထမဆုံးကျမ်း ဖြစ်၏။ ထိုအဋ္ဌကထာ ၁၁ ကျမ်းကို မနောရထပူရဏီအဋ္ဌကထာဟု ခေါ်၏။ ပိမိုင်း ၁၀၆။

၁၀၀- ကလျာဏီစာသည် ကလျာဏီကျောက်စာကို ဆိုလို၏။ မွန်ဘုရင် ရာမာဓိပတိ ခေါ် ဓမ္မစေတီမင်း (၁၄၇၁-၉၂) လက်ထက်၌ ရေးထိုးခဲ့၏။ ပါဠိနှင့်မွန် နှစ်ဘာသာထိုးကျောက်စာ ဖြစ်၏။ ပါဠိမှ မြန်မာဘာသာသို့ သျှင်သဒ္ဓမ္မနန္ဒီ(၁၇၄၉)၊ ခင်ကြီးဖျော်ရှင်ဉာဏ(၁၇၅၈)၊ သပြေကန်ဆရာတော် ကျီးကန်ဆရာတော်နှင့် ဘုရားဖြူဆရာတော်ရှင်ရာဇိန္ဒ (၁၉၃၈)တို့က ဘာသာပြန်ခြင်း၊ ပြုစုခြင်း၊ ပုံနှိပ်ခြင်းတို့ ရှိခဲ့၏။ ပါဠိမှ အင်္ဂလိပ်ဘာသာသို့ တော်စိန်ခို(၁၈၉၂)၊ မွန်မှ အင်္ဂလိပ်ဘာသာသို့ ဘလက်ဒန်(၁၉၁၉)၊ မွန်မှ မြန်မာဘာသာသို့ ဦးလူဖေဝင်း(၁၉၅၈)က အသီးသီး ဘာသာပြန်ကြ၏။

၁၀၁- သထုံကို တည်ပုံအကြောင်းသည် ဒဏ္ဍာရီဆန်လှ၏။ ယခု ဇင်းကျိုက်တောင်အနား၌ စစ်တောင်းမြစ်ဝတွင် တည်၏။ ရှေးအခေါ် သုဓမ္မပူရ သို့မဟုတ် သုဓမ္မ ဖြစ်၏။ သထုံသည် ရာမညဒေသ၊ သုဝဏ္ဏဘူမိ ဟုလည်း အဆိုရှိ၏။ *TDG*, vol.I, . *BHB*, 12,25. မှတ်စု (၈၅) ကိုလည်းကြည့်။ စစ်တောင်းမြစ်ဝက သထုံ (*BHB*,12)၊ ကျိုက္ကမိစီရင်စုက ယခုသိကြသည့် သထုံ (*HB*,19)ဟု ဆိုသကဲ့သို့ မုတ္တမ၊ သထုံ၊ ရေးဝတီမြစ်ဝကျွန်းပေါ်လည်း ပါဝင်ကြောင်း ဖော်ပြကြ၏။ *BHB*,13. သထုံမြို့သည် ကျိုက္ကမိဒီစကြိုတ်၌ရှိပြီး သုဝဏ္ဏဘူမိကို ခေါ်၏။ Taw Sein Ko, *Preliminary Study of the Kalayāni Inscriptions* (Indian Antiquary, vol. xxii.) p.17.

ရောဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် သထုံသည် သုဝဏ္ဏဘူမိဖြစ်ကြောင်း ဆို၏။ *HB*, 19

၁၀၂ - ဇင်းမယ်သည် ထိုင်းနိုင်ငံ မြောက်ပိုင်းရှိ ချင်းမိုင်မြို့ (Chieng-Mai)မြို့ ဖြစ်၏။ ဇင်းမယ်ကို ယောနကတိုင်း ခေါ် ယောနကရဋ္ဌဟု ဆိုကြ၏။ ဇင်းမယ်သည် မြန်မာနိုင်ငံ နယ်စပ် အရှေ့ဘက် မိုင် ၈၀ အကွာတွင်ရှိပြီး မဲပိန် (Meping)မြစ်အထက်၌ ရှိ၏။ တစ်ခါတစ်ရံ ကန်ဖောင်၊ ဇင်းမယ်၊ သောက္ကတဲ၊ ယိုးဒယားတို့ကို ယောနကတိုင်းဟု ဆိုလေ့ ရှိ၏။ *BHB*, 13. ဇင်းမယ်ခရိုင်ကို ကုန်းဘောင်ခေတ်၌ ဇင်းမယ် ၅၇ ခရိုင်/မြို့ရှိကြောင်း တွေ့ရ၏။ ဦးသိန်းလှိုင်။ ခေတ်ဟောင်းမြန်မာ့သမိုင်းသုတေသနအဘိဓာန် (ရန်ကုန်၊ သမိုင်း သုတေသနဦးစီးဌာန၊ ၂၀၀၂)၊ ၅၂ နှင့် စမ္ဗူဒီပ၊ ၉၁ ကိုကြည့်။ ယောနကတိုင်း ခေါ် ဇင်းမယ်ကို ဟရိဘုဥ္စတိုင်း ကမ္ဘောဇ၊ ခေမဝရ၊ အယုဒ္ဓ ဟုလည်း ခေါ်၏။ *BHB*, 13.

၁၀၃- ယိုးဒယားသည် အယုဇ္ဈပုရ > ယုဇ္ဈပုရ ဟူသော ပါဠိပျက်ဝေါဟာရကို မြန်မာတို့က ယိုးဒယား ခေါ်ခြင်း ဖြစ်၏။ အယုဇ္ဈပုရ - စစ်ထိုးခြင်းငှာ မတတ်ကောင်းသော ပြည်။ အယုဒ္ဓ (အ✔ယုဓ်+တ) - စစ်မထိုးအပ်သည်။ စစ်မထိုးခြင်း။ ပါမြန်ဘိ-၁၂၂။ မြန်မာနိုင်ငံ၏ အရှေ့ဘက်၊ ဇင်းမယ်၏တောင်ဘက်ရှိ အယုဒ္ဓယမြို့ ဖြစ်သည်။

၁၀၄- အေဒီ ၁၇၈၉ ခုနှစ်

၁၀၅- သီရိစန္ဒရတ်သည် ရန်ကုန်ရာပြတ်ကုန်သည်တစ်ဦး ဖြစ်၏။ သူနှင့်အတူ နရာနယ ပါ အမည်ရှိ ပန်းရံသမားကို ထည့်၍ သီဟိုဠ်သို့ လက်ဆောင်များနှင့်တကွ စေရန် စီစဉ်၏။ သားဖြစ်သူမှာ ငစူပါ ဖြစ်၏။ ထိုအကြောင်းကို ၁၁၅၁ ခု တပို့တွဲလဆန်း ၆ ရက် (၂၁ ဇန်နဝါရီ ၁၇၈၉) တွင် မဟာဒါန်ဝန်က ဆရာတော်အား လျှောက်၏။ မေးဖြေ ၃၄၀-၁။ အိန္ဒိယနှင့်သီဟိုဠ်သို့ သွားသောနှစ်မှာ ၁၁၄၇ ခုနှစ် (၁၇၈၅ အေဒီ)ဖြစ်ပြီး ရာပြတ်သီရိစန္ဒရတ်၊ ဇယနာရာမ၊ ပုသျှိရာမ စသော ဖြဟ္မဏမျိုးပုဏ္ဏားတို့ကို စေ၍ နောက်တစ်နှစ် (၁၇၈၆ အေဒီ)၌ သာသနာရေး၊ လောကရေးစာပေကျမ်းဂန်များ သယ်ဆောင်ပြန်လာစေ၏။ ခုနှစ်ကြိမ် တိတိသွား၏။ သာလင် ၂၀၂။ သန်းထွန်း။ "မြန်မာ့သမိုင်းတွင် လောကီပညာအရေးပါပုံ" မိုးဂျာနယ်၊ အမှတ် ၁၀ (ဒီဇင်ဘာ၊ ၂၀၀၄)၊ ၁၃၀-၁၅၉ ကိုလည်း ကြည့်။

၁၀၆- သိန်ခိုကသံစာသည် သီဟိုဠ်ကျွန်းမှ မင်း (သို့မဟုတ် ရဟန်းတော်များ)၏ တိုင်းပြည်၊ သာသနာနှင့်သက်ဆိုင်သော သီဟိုဠ်ဘာသာ (သို့မဟုတ် ပါဠိ) ဖြင့် သီကုံးထားသော စာ ဖြစ်၏။ သီရိစန္ဒရတ်တို့၏ အပြန်ခရီးတွင် ပါလာ၏။ မှတ်စု (၁၀၅)ကိုလည်း ကြည့်။ သိန်ခိုရဟန်းများက သီဟိုဠ်ကျွန်း၏ သာသနာတော်အရေးကို မောင်းထောင်ဆရာတော်ထံ ရေးပို့ပြီး ပြန်ပေးသော ကျမ်းစာများလည်း ရှိ၏။ ယင်းတို့မှာ သာသနဝံသပါဠိ၊ **သာသနဝံသကထာနိဿရည်း၊ သိန်ခိုကျွန်းရဟန်းသံယာများသို့ပေးသည့်စာ၊ သီဟဠသန္ဒေသကထာ** တို့ ဖြစ်၏။ တဗစ (၉၇၉၁)။ သိန်ခိုရဟန်းတို့က မှာသည့်စာကို

အနက်မြန်မာ ပြန်ဆိုချက်၌ တ၀စ-၉၇၉၁ (ယာ-၀) ၁၀ ကြောင်းပေကို ကြည့်။

၁၀၇- သျှာမ် - ရှမ်း။ မှတ်စု (၁၀၈)ကိုလည်း ကြည့်။

၁၀၈- ရှမ်းကို သျှာမ်ဟု အေဒီ ၁၂ ရာစု စမ္မာကျောက်စာများ၌ စတင် တွေ့ရှိရ၏။ အန်ကောဝပ်ဘုရားကျောင်း (ကမ္ဘောဒီးယားနိုင်ငံ)ရှိ ခမေရ်ဘာသာအရုပ်စာတန်းတို့တွင် 'သျှာမ်'ဟု ရေးထိုးထား၏။ ပုဂံကျောက်စာများ၌ သျှမ် သို့မဟုတ် သျှံ ဟု တွေ့ရ၏။ 'ပိုင်ယ်'ဟု တရုတ်တို့က စုန်မင်းဆက် (အေဒီ ၉၆၀-၁၂၇၉) နှောင်းမှ စခေါ်၏။ ပယီ၊ ပန်ယွန်မန် ဟုလည်း ခေါ်၏။ ခေတ်ဟောင်း ၂၈၅-၂၉၃။ ဤနေရာ၌ ထိုင်းနိုင်ငံကို တစ်ချိန်က Siam ဟု ဖတ်၏။ ယင်းအသံထွက်သည် သျှမ်/စီယမ် ဖြစ်၍ အက္ခရာအားဖြင့်လည်း ထိုင်းတရုတ်နွယ်သောကြောင့် အလွန်နီးစပ်၏။ Tai ဘာသာစကားနွယ်ပြီး ထိုင်းသည် ရှမ်းနှင့်အာသံနယ်မှ အဟွမ် (Ahom)၊ ဗီယက်နမ်မှ Tho နှင့် Nung ၊ တရုတ်တောင်ပိုင်းမှ Zhvang (Chuang) တို့နှင့် ဘာသာစကားသက်ဆိုင်၏။ Siam သည် သျှံ သို့မဟုတ် သျှာမ် ဟု အသံထွက်ဖတ်ခြင်းနှင့် သိယမ သို့မဟုတ် သျှာမ ဟု အက္ခရာဖလှယ်ရေးခြင်းတို့သည် လုံးဝကွဲလွဲမည် မဟုတ်ချေ။ Patricia Herbert & Anthony Milner, *South-east Asia Languages and Literature: a select guide* (Scotland: Kiscadale Publications, ?).

၁၀၉ - ယွန်း - ဇင်းမယ်ဝန်းကျင်တွင် နေထိုင်သော ရှမ်းလူမျိုးများ။ ဦးသိန်းလှိုင်။ **ခေတ်ဟောင်းမြန်မာ့သမိုင်းသုတေသနအဘိဓာန်**။ ၂ ကြိမ် (ရန်ကုန်၊ တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန၊ ၂၀၀၂)၊ ၁၄၅။ ထိုအဓိပ္ပာယ်ထက် ယွန်းလူမျိုးစုများ နေထိုင်သော ဇင်းမယ်ဝန်းကျင်ဒေသကို ယွန်းပြည်ဟု ခေါ်ကြောင်း အဆိုက ပို၍ ယုတ္တိရှိပါသည်။ G.E Harvey, *History of Burma* (London, 1967), p.166. ယွန်းကြီးဆိုသည်မှာ ဗီယက်နမ်လူမျိုး ဖြစ်၏။ *ROB*, VII, p.384 တောလူ။ "မြန်မာစာပေထဲက ယွန်းအယူဒွယ ၁၅၄၈-၁၆၁၄" **မြန်မာသမိုင်းသုတေသနစာစောင်** အမှတ် ၈ (ဒီဇင်ဘာ ၂၀၀၁)၊ ၈၉-၁၀၉ ကိုလည်းကြည့်။

၁၁၀ - ပန်းသေး - အစ္စလာမ်ဘာသာဝင် တရုတ်လူမျိုး၊ ရှေးအခါက အစ္စလာမ်ဘာသာဝင် အနောက်တိုင်းသားများကိုလည်း ပန်းသေးဟု ခေါ်၏။ အစ္စလာမ်ဘာသာဝင် ပါရှန်တို့ကို Parsi, Pathi, Panthe (ဖာရစီ၊ ပသီ၊ ပန်းသေး)ဟု ခေါ်ရာမှ ဖြစ်လာနိုင်၏။ ရှမ်းတို့က ပန်ဆေ (pan-hse)ဟု ခေါ်သည်။ ခေတ်ဟောင်း၊ ၁၀၀။ ပန်းသေးပြည်သည် ယောနကတိုင်းဖြစ်ကြောင်းလည်း ဆို၏။ ရာဇဝင်ကြီး၊ ပ၊ ၁၀၀။ ယနေ့ခေတ် ယူနန်ပြည်နယ်ဟု သတ်မှတ်၏။

၁၁၁- အာဒိစ္စဝံသ - နေမင်း၏အမျိုးအနွယ်။ နေကဲ့သို့ ဘုန်းတန်ခိုးအရှိန်အဝါကြီးသော မင်းမျိုးရိုး ဖြစ်ကြောင်း မြန်မာမင်းတို့က ခံယူကြသည်။ ပါရမီတော်ခန်းပျို့တွင် "ကောင်းကင်ထွတ်မှ၊ စက်မြတ်တောလ၊ သုံးကျွန်းငှသို့၊ အာဒိစ္စဝင်၊ မင်းစင်ရှစ်သောင်း၊---"ဟု ပြဆို

၏။

၁၁၂- ၃၀၉ ဘီစီ။ သာသနာသက္ကရာဇ် ၂၃၆ ခု (၃၀၈ ဘီစီ)ဟု ရာဇဝင်ကြီး၊ ပ၊ ၁၀၇ ၌ ပြ၏။ တန်ဆောင်မုန်းလပြည့်နေ့၊ မဟာဝင် ၁၆၅။ ကတ္တိက ခေါ် ကြတ္တိကာ (kattika)သည် စက်တင်ဘာ၊ အောက်တိုဘာ သို့မဟုတ် အောက်တိုဘာ၊ နိုဝင်ဘာလ ဖြစ်၏။ *Mhv*. 82.

၁၁၃- ရာဇဝင်ကြီး ဟူသည် ဒေဝသေဋ္ဌနှင့် မဏိဩယတို့၏ သားဖြစ်သော စဉ့်ကိုင် သူဌေးသား ဦးကုလား(၁၇၁၄-၃၃)ပြုစုခဲ့သော မဟာရာဇဝင်ကြီး(ကျမ်းပြီးနှစ် ၁၇၃၀) ကို ဆိုလို၏။ ပိမိုင်း ၂၀၂၃။

၁၁၄- ရာဇဝင်လတ်မှာ မောင်ကုလား စီရင်သည်။ ပိမိုင်း ၂၀၂၄။

၁၁၅ - ဝါဏိဋ္ဌဂါမရွာသည် လယ်ကိုင်းရွာ ဖြစ်၏။ *IA*. vol.xxii, 6. လယ်ကိုင်းရွာသည် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ရှိသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တဝှမ်းလုံးရှိ ကျေးရွာများစာရင်း။ (ရန်ကုန်၊ ၁၉၅၆)၊ ၁၂၁။ ရှေးက လယ်ကိုင်းမြို့နယ်၏ အကျယ် အဝန်းလည်း သီးခြားရှိ၏။ စမ္ဗူ့ဒီပ၊ ၈၆ ကိုကြည့်။ ဝါဏိဋ္ဌဂါမ (ဝါဏိဋ္ဌ-ကုန်သည်+ဂါမ-ရွာ)သည် ကုန်သွယ်သော ကုန်သည်ရွာ ဖြစ်၏။ စူဠပုဏ်နှင့် မဟာပုဏ် တို့၏ မွေးရပ်မြေ ဖြစ်၏။ သုနာပရန္တ၌ ရှိ၏။

၁၁၆- စူဠပုဏ် - စူဠပုဏ္ဏသည် မဟာပုဏ်၏ ညီဖြစ်ပြီး ကုန်သည် ဖြစ်၏။ သုနာပရန္တ ရှိ ဝါဏိဋ္ဌဂါမရွာသား ဖြစ်၏။ *DPPN*,vol.1, 888.

၁၁၇ - မဟာပုဏ် ခေါ် မဟာပုဏ္ဏသည် မဇ္ဈိမနိကာယ်၌ ဗုဒ္ဓထံမှ တရားကြားနာ ပြီးနောက် ရဟန္တာဖြစ်ကြောင်း ပါရှိ၏။ ယင်းသုတ်ကို မဟာပုဏ္ဏသုတ် ဟုခေါ် ၏။ *DPPN*, Vol II, 533.

၁၁၈- ရဟန္တာအပဒါန်ကျမ်းသည် ခုဒ္ဒကနိကာယ်ရှိ ၁၃ ကျမ်းမြောက်ဖြစ်ပြီး အပဒါန ဟု ခေါ်၏။ ဗုဒ္ဓလက်ထက်က ထေရာရဟန္တာပေါင်း ၅၄၇ ပါးနှင့် ထေရီရဟန္တာပေါင်း အပါး ၄၀ ပါဝင်၏။ ရှေ့ပိုင်း၌ ဗုဒ္ဓါပဒါနနှင့် ပစ္စေကဗုဒ္ဓါပဒါနတို့ ပါဝင်၏။ *DPPN*, Vol.I, 115-6.

၁၁၉- သစ္စဗန် - သစ္စဗန္ဓသည် သစ္စဗန္ဓတောင်တွင် နေသည့် အယူမှားသော ရသေ့ဖြစ် ၏။ သစ္စဗန်ကို စက်တော်ရာခန်းပျို့၌ မုဆိုးဟု ဆိုထား၏။ ဗုဒ္ဓ၏ တရားဒေသနာကြောင့် ထိုရသေ့သည် ရဟန္တာ ဖြစ်၏။ ဗုဒ္ဓကို ခြေတော်ရာချရန် တောင်းပန်၍ စက်တော်ရာပါဒ စေတီကို ကိုးကွယ်ရန် ပေးခဲ့၏။ ၎င်းကို မြန်မာတို့က မကွေးတိုင်း၊ စကုအနီးရှိ မန်းစက် တော်ရာဟု အယူရှိပြီး 'လင်္ကာဒီပ ဇး၊ ဇမ္ဗူဒီပါ ဒွေး'အဖြစ် စက်တော်ရာနှစ်ဆူကို ဗုဒ္ဓချ

ခဲ့ကြောင်း သတ်မှတ်ကြ၏။ မေးမြေ ၅၃၅-၉။ သမန္တစက္ခု၊ ၅၄၀-၇။ ထိုင်းနိုင်ငံတွင် ထိုအယူကို စွဲယူ၍ သစ္စဝဇ္ဇတောင်အဖြစ် ခေါ်သော နေရာတွင် ခြေတော်ရာ ချခဲ့ကြောင်း ဖော်ပြကြ၏။ ယိုးဒယား (ထိုင်း) ဘုရင် ဓမ္မိကသည် ထိုခြေတော်ရာပုံစံကို သီဟိုဠ်ဘုရင် ကိတ္တိသိရိရာဇသိဟမင်းသို့ လက်ဆောင်ပေးခဲ့ဖူး၏။ *DPPN*, vol.II, 997.

၁၂၀- ပုဏ္ဏောဝါဒသုတ်အဋ္ဌကထာသည် မဇ္ဈိမနိကာယ်အဋ္ဌကထာ၌ ပါရှိ၏။

၁၂၁- အသိတဥ္စန သည် အိန္ဒိယနိုင်ငံ၊ ဥတ္တရာပထနယ် (ရှေးအခေါ် ဥက္ကလာပ)၊ ကံသ (kamsa)ဝိရင်စု ရှိ မြို့တစ်မြို့ ဖြစ်သည်။ မဟာကံသနှင့် အန္ဓကဝေဏှုဒါသပုတ္တာမင်းတို့၏ မြို့တော်ဖြစ်ပြီး တပုဿနှင့် ဘလ္လိက (ဘလ္လုက)ကုန်သည်ညီနောင်နှစ်ဦး၏ မွေးရပ်မြေ ဖြစ်၏။ *DPPN*,vol.I, 210. ယင်းမြို့ကို ဥက္ကလာပ၊ ပေါက္ခရဝတီမြို့ဟုလည်း ခေါ်၏။ မှတ်စု (၁၂၂)ကိုလည်းကြည့်။

၁၂၂ - ပေါက္ခရဝတီမြို့သည် တပုဿနှင့် ဘလ္လိက ညီနောင်တို့၏ မွေးရပ်မြေဖြစ်ကြောင်း ထေရဂါထာအဋ္ဌကထာတွင် ဆို၏။ *DPPN*,vol.II.2,246. ပေါက္ခရဝတီ၊ တြိဂုမ္ဘ၊ ရမ္မနာဂိုရ်၊ အသိတဥ္စနာဂိုရ်သည် ဒဂုံမြို့၏အမည်လေးပါးဖြစ်၏။ နိုင်ပန်းလှ၊ ရာဇဝိ ရာဇ်အရေးတော်ပုံကျမ်း (ရန်ကုန်၊ မြဝတီ၊ ၁၉၉၇)၊ ၉၉။

၁၂၃- ထေရဂါထာအပဒါန်ကျမ်းသည် ရဟန္တာများ၏ အပဒါန် ၁၀ ခုကို ၅၅ စုခွဲထား၏။ မူလက ထေရအပဒါန် ၅၅၀ ရှိနိုင်သော်လည်း ငါးရာငါးဆယ်ဇာတကကဲ့သို့ အပဒါန် ၃ ခု လျော့ထားဟန်တူ၏။ အပဒါန်သည် ရဟန္တာဖြစ်သော ယောကျ်ားနှင့်မိန်းမတို့၏ ရှေးဖြစ်ကြောင်းတို့ကို ဖော်ပြထား၏။ *HPL*.122. တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်ကို ပထမဆုံးသရဏဂုံခံယူမှုတွင် ပဌမံသရဏ ဂမနအဖြစ် ဧတဒဂ်ထား၏။ တပုဿသည် သောတာပန်တည်ပြီး ဘလ္လိကသည် ရဟန်းပြုလျှင် ဆဠဘိညရဟန္တာဖြစ်လေ၏။ ထေရဂါထာအဋ္ဌကထာ၊ ပထမတွဲ၊ စာမျက်နှာ ၆ တွင်ကြည့်ပါ။

၁၂၄- ရဟန္တာကြီး ၄၅ ပါးဟု ဆိုထားသော်လည်း ဒီပဝင်၊ မဟာဝင်တို့၌ အရေအတွက် တိကျစွာ မပါရှိချေ။ ပါဝင်ပုံမှာ မည်သည့်မထေရ် (ရဟန္တာဟုလည်း အစားထိုး၍ ဖတ်နိုင်၏။) သည် မည်သည့်တိုင်းနေရာသို့ မည်သည့်တရားဒေသနာဖြင့် ဟောကြား၍ ကြည်ညိုစေပြီး သံသရာမှ လွတ်စေကြောင်းသာ ပါဝင်၏။ ဒီပဝင်၊ ၅၇-၈။ *Dpv*,186-7 ။ မဟာဝင်တို့၌ မထင်ရှားချေ။ ပါဝင်သော ဦးရေ၏အမည်များမှာ ၁၄ ပါးရှိ၏။ သို့သော် "မိမိနှင့်ငါးပါးရှိကုန်သော မဇ္ဈန္တိက အစရှိကုန်သော မထေရ်တို့ကို" ဒီပဝင် ၅၇၊ '.....sent Majjhantika and other Elders, each with five for the establishment .....Dpv.186 တို့ကို ထောက်ရှု၍ ၄၅ ပါးဟု ဆိုခြင်း ဖြစ်တန်ရာ၏။ ငါးပါးတစ်စု ဖြစ်နိုင်၏။ ထိုငါးပါးတစ်စု (ပဉ္စဝဂ်သံဃာ)၏ အမည်အပြည့်အစုံကို ဒီပဝင် ၅၈ တွင် "အရှင် မဇ္ဈိမထေရ်၊ အရှင်ကဿပဂေါတ္တထေရ်၊ အရှင် အဠကဒေဝထေရ်၊ အရှင် ဒုန္ဒုဘိယထေရ်၊ အရှင်

မဟာရေဝထေရ် ဤမဟာထေရ်ငါးပါးတို့သည် ဟိမန္တာအရပ်သို့ ကြွတော်မူ၍ ဓမ္မစက္က ပဝတ္တနသုတ္တန္တဒေသနာတော်ဖြင့် လူအပေါင်းကို ကြည်ညိုစေ၏"ဟု ဆိုထား၏။ အင်္ဂလိပ် ဒီပဝင် (Dpv)၌ မဇ္ဈိမနှင့် မူလကဒေဝ မထေရ်နှစ်ပါးသည် ဟိမဝန္တာဒေသရှိ ယက္ခများကို ဓမ္မစက္ကပဝတ္တနသုတ္တန္တ (ဓမ္မစကြာသုတ်) ဟော၍ ကြည်ညိုစေကြောင်း ပါရှိ၏။ *Dpv*.187. ဤကား မှုကွဲဖြစ်၍ သတိပြုအပ်သည်။ ပုံမှန်အားဖြင့် သုဝဏ္ဏဘူမိသို့ ကြွသည့် သောဏ နှင့် ဥတ္တရမထေရ်နှစ်ပါးမှ လွဲလျှင် တစ်ပါးစီ၏အမည်သာ ပါလေ့ရှိတတ်၏။ ဝံသ ၃၃-၄၊ သာလင် ၁၉-၂၀။

၁၂၅ - သတိပဋ္ဌာန်သုတ်(မဟာသတိပဋ္ဌာနသုတ္တ)သည် ဗုဒ္ဓ၏ ကုရုတိုင်း၊ ကမ္မာသဒမ္မ၌ ရဟန်းများကို နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းအဖြစ် ဟောကြားခဲ့သော သုတ် ဖြစ်၏။ အာရုံ ၆ ပါး၊ ဗောဇ္ဈင် ၇ ပါး၊ သစ္စာလေးပါးနှင့်စပ်လျဉ်း၍ ဝေဒနာနုပဿနာ ၉ မျိုး၊ စိတ္တာနုပဿနာ ၁၆ မျိုးနှင့် ဓမ္မာနုပဿနာ ၅ မျိုးတို့ကို ဟောကြားပုံများကို တွေ့ရ၏။ *DPPN*, vol.II, 563-4. ယင်းသုတ်နှင့် သက်ဆိုင်သော စာရင်းကို ပိလမ်းညွှန် ၅၁၄ တွင် ကြည့်ပါ။

၁၂၆- *DPPN*, vol.I, 364. ကိုကြည့်။

၁၂၇- ပိမိုင်း ၅၃ နှင့် ၆၀။ မှတ်စု (၆၄)ကို ကြည့်။

၁၂၈ - မဇ္ဈိမတိုက် သောဠသ ဟူသည် မဇ္ဈိမဒေသရှိ တိုင်း ၁၆ တိုင်းကို ရည်ညွှန်းခြင်း ဖြစ်၏။ ယင်းတို့မှာ အင်္ဂတိုင်း၊ မဂဓတိုင်း၊ ကာသိတိုင်း၊ ကောသလတိုင်း၊ ဝဇ္ဇိတိုင်း၊ မလ္လ တိုင်း၊ စေတိတိုင်း၊ ဝင်္ဂတိုင်း၊ ကုရုတိုင်း၊ ပဉ္စာလတိုင်း၊ မစ္ဆတိုင်း၊ သူရသေနတိုင်း၊ အဿက တိုင်း၊ အဝန္တိတိုင်း၊ ဂန္ဓာရတိုင်းနှင့် ကမ္ဗောဇတိုင်းတို့ ဖြစ်၏။ Rhys-Davids, *Buddhist India* (Calcutta: Susil Gupta Ltd,1950), 17. အင်္ဂုတ္တရနိကာယ်၊ ပတွဲ၊ ၂၁၃ နှင့် အင်္ဂုတ္တရနိကာယ်၊ တတွဲ၊ ၄၁၃။ တိုင်း(၁၇)တိုင်း အကြောင်းနှင့်စပ်လျဉ်း၍ ပိလမ်းညွှန်၊ ပ၊ ၅၃၃ ကိုလည်းကြည့်။ တစ်ခါတစ်ရံ ယင်းတို့ အမည်အချို့နေရာ၌ ဝံသတိုင်း၊ မဒ္ဒတိုင်း၊ ယောနကတိုင်းဟုလည်း တွေ့ရတတ်သကဲ့သို့ ကလိင်္ဂတိုင်းကို ဖြည့်စွက်၍ တိုင်း ၁၇ တိုင်းဟုလည်း ဖော်ပြတတ်၏။ တစ်ခါတစ်ရံ တိုင်း ၂၀/၂၂ တိုင်း၏အမည်များလည်း တွေ့ရ၏။ အကျယ်ကို မဇ္ဈိမပုံ၊ ပဌဝီ၊ အဘိနိသစ်၊ *DPPN*၊ Alexander Cunnigham, *Ancient Geography of India* (Varasi: Indological Book House,1963)၊ B.C.Law, *Geography of Early Buddhism* (London: Trubner & Company, 1933.)ကိုကြည့်။

၁၂၉- ပစ္စန္တရာဇ်ကိုးဌာနသည် မဇ္ဈိမဒေသ၏ အပြင် သို့မဟုတ် အစွန်အဖျားနေရာ ကိုးနေရာ ဖြစ်၏။ ပစ္စန္တရ (Paccanta=the border of a country, countryside). *PED*,152. တိုင်းနိုင်ငံအစွန်အဖျား၊ ကျေးလက်ဒေသ။ ဤနေရာ၌ ဗုဒ္ဓ၏ ဓမ္မဒေသနာများ မထွန်းကားသော၊ မသိရှိသေးသော မဇ္ဈိမဒေသ၏ အစွန်အဖျား သို့မဟုတ် ယင်း၏အပြင်ဘက်နေရာများကို ဆိုလိုခြင်း ဖြစ်၏။ ပစ္စန္တ - မိလက္ခ သည် အနက်တူ

ပရိယာယ်ဖြစ်ပြီး တောသူတောင်သားလူရိုင်း (မယဉ်ကျေးသူ)များ၏ အရပ်ဟု အဓိပ္ပာယ်ရှိ၏။ အဘိနိသစ်၊ ဂါထာ ၁၈၆၊ စာ-၇၅။ ပစ္စန္တရာဇ်သည် အစွန်အဖျားဖြစ်၍ မဇ္ဈိမခေါ် အလယ်၏ ဆန့်ကျင်ဘက်ပုဒ် ဖြစ်လေသည်။ ရပ်ပြစ် ရှစ်ပါးစာရင်းဝင်ဖြစ်သော်လည်း နောင်အခါ၌ မဇ္ဈိမဒေသတွင် ဗုဒ္ဓဘာသာ မထွန်းကားဘဲ ပစ္စန္တရာဇ်များတွင်သာ ဗုဒ္ဓသာသနာသည် ထွန်းကားကြောင်း သိအပ်၏။ မှန်ကော် ၅၀-၁။

၁၃၀ - မဟာသင်္ဂီတိအမည်ကို မဟာသံဃိက သို့မဟုတ် မဟာသင်္ဂီတိကဟုလည်း ခေါ်၏။ ထေရဝါဒမှ ဒုတိယသင်္ဂါယနာတင်ပြီးနောက် ခွဲထွက်သောဂိုဏ်း ဖြစ်၏။ ရဟန်းသံဃာအရေအတွက်များလွန်းလှသဖြင့် သင်္ဂီတိဟုလည်း ခေါ်၏။ အကျယ်ကို ဒီပဝင်၊ မဟာဝင်၊ ရှုဥဝင်နှင့်အဋ္ဌကထာများ၌ ပါဝင်ပြီး ဖြစ်၏။ *DPPN*,vol II,562-3.

၁၃၁- သုတ် ဟူသည် သုတ္တပိဋက ခေါ် သုတ္တန်ပိဋကတ်ကို ဆိုလိုခြင်း ဖြစ်၏။ ယင်း သုတ္တန္တပိဋက၌ ဒီဃနိကာယ်(၃)ကျမ်း၊ မဇ္ဈိမနိကာယ်(၃)ကျမ်း၊ သံယုတ္တနိကာယ်(၅)ကျမ်း၊ အင်္ဂုတ္တရနိကာယ်(၁၁)ကျမ်း၊ ခုဒ္ဒကနိကာယ်(၁၅)ကျမ်းရှိပြီး ကျမ်းပေါင်း (၄၉)ကျမ်း ပါဝင်၏။ ဗုဒ္ဓ၏ စကားတော်သည် သုတ် ခေါ် သုတ္တန်ဒေသနာ ဖြစ်၏။

၁၃၂- အဘိဓမ္မာသည် အလွန်ထူးမြတ်သော တရား ဖြစ်၏။ အဘိဓမ္မာပိဋကတွင် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်နှင့် ပဋ္ဌာန်းဟူ၍ စုစုပေါင်း (၇)ကျမ်းရှိ၏။ ပဋ္ဌာန်းကို ထား၍ ရေတွက်လျှင် ဘာဏဝါရပေါင်း(၂၁၂၃) ရှိ၏။ အဘိဓမ္မာသည် အလွန်နက်နဲ၍ နတ်ပြည်၌ နတ်ဗြဟ္မာတို့ကို ဟောသောတရားဖြစ်ကြောင်း ယုံကြည်ကြ၏။ ပထမသင်္ဂါယနာတင်စဉ် အဘိဓမ္မာကို မတွေ့ရသောကြောင့် ဘီစီ ၂၀၀ ကြား၌ ဖြစ်လာကြောင်းလည်း ဆိုမိန့်ကြ၏။

၁၃၃- ဝိနယကို ခွဲခြားပါက 'ဝိ+နီ+အ' အဖြစ်လည်းကောင်း၊ 'ဝိ+နယ' အဖြစ်လည်းကောင်း ရရှိ၏။ အဓိပ္ပာယ်ဖွင့်ဆိုလျှင် ၁။ ဆုံးမခြင်း၊ ၂။ ပယ်ဖျောက်ဖျက်ဆီးခြင်း၊ ၃။ အဆုံးအမသာသနာ၊ ၄။ ဝိနယသဒ္ဒါ၊ ၅။ အထူးထူး ထူးခြားသော နည်းရှိသော၊ ဆုံးမ၊ တတ်၊ ကြောင်း၊ ရာဖြစ်သော ဝိနည်းပိဋကတ်၊ ၆။ စည်းကမ်းဥပဒေ ဟူ၍ များပြား၏။ ပါဠိပဒ၊ အပိုင်း ၂ ၇၁-၈ ကိုလည်းကြည့်။ ဝိနည်းသည် ဝိနယ ဖြစ်၏။ ဝိနယပိဋကတွင် ပါရာဇိကဏ်၊ ပါစိတ်၊ မဟာဝါ၊ စူဠဝါနှင့် ပရိဝါဟူ၍ စုစုပေါင်း(၅)ကျမ်း ရှိသည်။ ဗုဒ္ဓ၏ အဆုံးအမဒေသနာသည် ဝိနည်းပိဋကတ် ဖြစ်၏။

၁၃၄ - မဟာသင်္ဂီတိကဘိက္ခုတို့၏ စင်ပြိုင်သင်္ဂါယနာတင်၍ ပိဋကများကို ဖြုတ်ခြင်း၊ ဖြည့်ခြင်း တို့အား ပြုလုပ်ပုံကို သာရတ္ထဒီပနိဋီကာတွင် အကျယ်ဖွင့်ထား၏။ ဒီပဝင် ၃၁-၂။ မဟာသင်္ဂီတိက ခေါ် မဟာသံဃိကဂိုဏ်းကို လေ့လာရန် Chapter.V, "The Mahāsaṅghikas", *BSI*, pp.57.97 ကိုကြည့်။

၁၃၅ - ဂေါကုလိက ခေါ် ဂေါကုလိကဂိုဏ်းသည် ဝဇ္ဇီတိုင်းသား ခေါ် ဝဇ္ဇီပုတ္တက

မဟာသံဃိကရဟန်းတို့ ပေါင်းစုထားသော မဟာသံဃိတိဂိုဏ်းမှ ကွဲထွက်လာသော ဂိုဏ်းဖြစ်၏။ ထိုဂေါကုလိကဂိုဏ်းမှ ဗဟုဿုတိကဂိုဏ်း ခေါ် ဗာဟုလိကဂိုဏ်း နှင့် ပညတ္တိဝါဒဂိုဏ်းဟု နှစ်ဂိုဏ်း ထပ်ကွဲ၏။ ထိုဂိုဏ်းသည် ဗုဒ္ဓ၏ ဒေသနာ အဘိဓမ္မပရိယာယသုတ္တန်ကို အခြေပြုသောကြောင့် ကုက္ကုဋ (ပြာပူ)ထက် သင်္ခါရတရားတို့သည် အနှစ်သာရမရှိလျှင် ပို မဖြစ်နိုင်ဟု ယူဆကြ၏။ ထိုကြောင့်ပင် ဂေါကုလိကဂိုဏ်းကို ကုက္ကုဋလိက ခေါ် ကုက္ကိဋိကဂိုဏ်း ဟုလည်း ခေါ်ကြ၏။ ဒီပဝင်၊ မဟာဝင်နှင့် ကထာဝတ္ထုတို့၌ အကျယ်တဝင့် ဖော်ပြထား၏။ *DPPN*,vol.I,783.

၁၃၆ - ကေဗျောဟာရဂိုဏ်းကို ကေဗျောဟာရိက ခေါ် ကေဗျောဝဟာရိက ဟုလည်း သုံးနှုန်း၏။ မဟာသံဃိကဂိုဏ်းမှ ကွဲထွက်လာသောဂိုဏ်ဖြစ်ပြီး မဟာသံဃိကဂိုဏ်း၊ ကုက္ကုဋကဂိုဏ်း၊ လောကုတ္တရဝါဒဂိုဏ်းတို့နှင့် အယူဝါဒ တူ၏။ *Mhv*,278.

၁၃၇ - ဗဟုဿုတိကဂိုဏ်းကို ဗဟုလိကဂိုဏ်း သို့မဟုတ် ဗဟုလိယဂိုဏ်းဟုလည်း ခေါ်၏။ *Mhv*,279. ဂေါကုလိကဂိုဏ်းမှ ကွဲထွက်လာ၏။ ဆရာဖြစ်သူ ဗဟုဿုတိယအမည်ကို အစွဲပြု၍ သတ်မှတ်၏။ *DPPN*,vol.II,273-4.

၁၃၈ - ပညတ္တိဝါဒဂိုဏ်းသည် ဂေါကုလိကဂိုဏ်းမှ ခွဲထွက်လာ၏။ *Mhv*,279. ပဏ္ဏတ္တိဝါဒ ဂိုဏ်းဟုလည်း ခေါ်၏။

၁၃၉ - စေတိယဝါဒဂိုဏ်းကို စေတိက ခေါ် စေတြိကဂိုဏ်းဟုလည်း ခေါ်ပြီး ဂေါကုလိကဂိုဏ်းမှ ခွဲထွက်လာ၏။ တစ်ခါတစ်ရံ ဇေတိက ခေါ် ဇေတဝနိယာ ခေါ် ဇေတသီလ ဟုလည်း ခေါ်၏။ *Mhv*,279.

၁၄၀ - မဟိံသာသကဂိုဏ်းသည် သဗ္ဗတ္ထိဝါဒဂိုဏ်း ခေါ် ထေရဝါဒဂိုဏ်းမှ ကွဲထွက်လာ၏။ *Mhv*,279.

၁၄၁ - ဝဇ္ဇိပုတ္တကဂိုဏ်းကို ဝတ္တိပုတ္တိယ ခေါ် ဝါသပုတ္တိယ ဟုလည်း ခေါ်၏။ ကထာဝတ္ထု အဋ္ဌကထာ၌ အကျယ်ကြည့်ပါ။ *Mhv*,279.

၁၄၂ - ဓမ္မုတ္တရိကဂိုဏ်းကို ဓမ္မဂုတ္တိကဂိုဏ်းဟုလည်း ခေါ်၏။ ဝဇ္ဇိပုတ္တကဂိုဏ်းမှ ကွဲခြင်း ဖြစ်၏။ *Mhv*,279-80.

၁၄၃ - ဘဒ္ဒယာနိကဂိုဏ်း ခေါ် ဘဒ္ဒါယနိက(ဘဒြာယာနိက)ဂိုဏ်းသည် ဝဇ္ဇိပုတ္တကဂိုဏ်းမှ ခွဲထွက်သောဂိုဏ်း ဖြစ်၏။ *Mhv*,280.

၁၄၄ - အနာဂါရိကဂိုဏ်းကို ဆန္နာဂါရိက ခေါ် သညာဂရိကဂိုဏ်းဟု ခေါ်၏။ ဝဇ္ဇိပုတ္တကဂိုဏ်း မှ ခွဲထွက်လာ၏။ မဟာဂိရိယဂိုဏ်းအဖြစ်လည်း တွေ့ရ၏။ *Mhv*,280.

၁၄၅ - သမ္မတိဂိုဏ်းကို သမ္မိတိယ ခေါ် သမ္မတိယဂိုဏ်း ဟုလည်းခေါ်၏။ တခါတရံ

အဝန္တက ခေါ် ကုရုကုလ္လကဂိုဏ်းဟုလည်း တွေ့ရ၏။ *Mhv*,280.

၁၄၆ - သဗ္ဗတ္ထိဝါဒီဂိုဏ်းကို သဗ္ဗတ္ထဝါဒီဟုလည်း ခေါ်၏။ ဟေတုဝါဒ ခေါ် ဟေတုဝိဒျ အဖြစ် လည်း တွေ့ရ၏။ *Mhv*,280-1. ဂိုဏ်းကွဲမှာ ကဿပိယ ဖြစ်၏။ ဒီပဝင် ၇၂ ဝံသဒီပနီ ၂၀။

၁၄၇ - ဓမ္မဂုတ္တိကဂိုဏ်းသည် မဟိသာသကဂိုဏ်းမှ ဂိုဏ်းခွဲဖြစ်သော်လည်း ဝိဘဇ္ဇဝါဒဂိုဏ်းနှင့် နီးစပ်၏။ *Mhv*,282. သာသနာဝံသစာတမ်းတွင် မဟိသာသကဂိုဏ်းမှ ကွဲသောဂိုဏ်း ငါးဂိုဏ်းကွဲကြောင်း ဆို၏။ စာ- ၁၄။ ဝံသဒီပနီနှင့်ဒီပဝင်တို့၌ သဗ္ဗတ္ထိဝါဒနှင့် ဓမ္မဂုတ္တိက နှစ်ဂိုဏ်းသာကွဲကြောင်း ဖော်ပြ၏။ ဝံသဒီပနီ ၁၉-၂၀၊ ဒီပဝင် ၇၂။

၁၄၈ - ကဿပိယဂိုဏ်းကို ကဿပိယဂိုဏ်း သို့မဟုတ် သဒ္ဓမ္မဝဿကဂိုဏ်း ဟုလည်းခေါ်၏။ ဝိဘဇ္ဇဝါဒဂိုဏ်းနှင့် သက်ဆိုင်၏။ *Mhv*, 282. သဗ္ဗတ္ထိဝါဒမှ ဂိုဏ်းကွဲ၏။ ဒီပဝင် ၇၂ ဝံသဒီပနီ ၂၀။

၁၄၉ - သင်္ကန္တိကဂိုဏ်းအား သင်္ကန္တိဝါဒီဂိုဏ်း ဟုလည်း ခေါ်၏။ *Mhv*, 282. ယင်းဂိုဏ်းသည် ကဿပိကဂိုဏ်းမှဂိုဏ်းကွဲ ဖြစ်၏။ ဒီပဝင် ၇၂။ ဝံသဒီပနီ ၂၀။

၁၅၀ - သုတ္တဝါဒ ခေါ် သုတ္တန္တိကဂိုဏ်းသည် ဝိဘဇ္ဇဝါဒဂိုဏ်းကွဲ ဖြစ်၏။ *Mhv*,282. သင်္ကန္တိကဂိုဏ်းမှ ဂိုဏ်းခွဲထွက်၏။ ဒီပဝင် ၇၂ ဝံသဒီပနီ ၂၀။

၁၅၁ - ဂိုဏ်း ၁၇ ဂိုဏ်းကို မောင်းထောင်ဆရာတော်က အဓမ္မဝါဒီဂိုဏ်းဟု သမုတ်ထား၏။ ထေရဝါဒမှ ထပ်မံဂိုဏ်း ၁၁ ဂိုဏ်းကွဲပြီး မဟာသင်္ဂီတိ ၆ ဂိုဏ်းနှင့် ပေါင်းသော် စုစုပေါင်း ၁၈ ဂိုဏ်းရှိ၏။ ထို ၁၈ ဂိုဏ်းကို 'အဋ္ဌရသနိကာယ ခေါ် အဋ္ဌရသာစရိယာကုလ'အဖြစ် ခေါ်၏။ ဒီပဝင် ၇၂-၃။ ထို ၁၈ ဂိုဏ်း ကွဲပြားမှုသည် သာသနာတော် အနှစ် ၁၀၀ သို့မဟုတ် ပထမသင်္ဂါယနာတင်စဉ်ကာလအတွင်း ကွဲပြားမှု မရှိချေ။ သာသနာတော် အနှစ် ၂၀၀ အတွင်းမှ ပေါ်လာ၏။ သာသနဝံသစာတမ်း၌ ဖော်ပြမထားသောဂိုဏ်းများ မှာ ဟေမဝန္တကဂိုဏ်း၊ ရာဇဂိရိကဂိုဏ်း၊ ဝါဇိရိယဂိုဏ်း၊ သိဒ္ဓတ္ထိ (ခေါ် သိဒ္ဓတ္ထိက)ဂိုဏ်း၊ ပုဗ္ဗဂိုဏ်း (ခေါ် ပုဗ္ဗသေလိယဂိုဏ်း)၊ အပရသေလိက (ခေါ် အပရသေလိယ)ဂိုဏ်းတို့ဖြစ်၏။ ဒီပဝင် ၇၃၊ *Dpv*,164. အခြားဂိုဏ်းများမှာ ဟေတုဝါဒီ၊ ဝိဘဇ္ဇဝါဒီ၊ ဥတ္တရာပထက၊ အန္ဓက၊ ဝေတုလ္လက၊ အညမညသံယိက၊ လောကုတ္တရဝါဒီ ဂိုဏ်းတို့ ဖြစ်၏။ စုစုပေါင်း (၃၂)ဂိုဏ်း ရှိခဲ့၏။ အကျယ်ကို P.V Bapat,*2500 Years of Buddhism* (Bombay: Publications Division,1971),86-121 နှင့် *Mhv*,276-87. ကိုကြည့်။

၁၅၂- ကထာဝတ္ထုအဋ္ဌကထာသည် အဋ္ဌကထာအမည် သီးခြား မရှိချေ။ ပိမိုင်း ၁၇၅။ အခြားသော ဓာတုကထာ၊ ပုဂ္ဂလသုတ်၊ ကထာဝတ္ထု၊ ယမိုက်နှင့် ပဋ္ဌာန်းအဋ္ဌကထာတို့ကို

စုပေါင်း၍ ပဥ္စပ္ပကရဏဋ္ဌကထာဟု ခေါ်၏။ ကျမ်းပြုသူမှာ သီဟိုဠ်ကျွန်း မဟာနာမမင်း လက်ထက်က ရှင်ဗုဒ္ဓဃောသ ဖြစ်၏။

၁၅၃- မဟာဝင်သည် မဟာဝံသကို ဆိုလို၏။ သီဟိုဠ်ကျွန်း အရှင်'မဟာနာမထေရ' ပြုစုခဲ့၏။ မဟာဝင်ကို ပဒျပဒေါရုဝံသဂါထာ ဟုလည်း ခေါ်၏။ ဝိဝဋ္ဋဌာယိကပ်ဦးအစ ပြတ်သော ဂေါတမဘုရားအလောင်းတော် မဟာသမ္မတမင်းအဆက်အနွယ်ကို ဂါထာဗန္ဓ သိလောကနှင့် ဖွဲ့ဆိုသောကျမ်းဟု အဓိပ္ပာယ်ရ၏။ ခရစ်နှစ် ငါးရာစုကုန်ခါနီးအချိန်၌ ပြုစုခဲ့ခြင်းဖြစ်၍ ဒီပဝင်လောက် ရှေးမကျချေ။ သီဟိုဠ်သို့ ဘုရားသခင် ကြွလာပုံမှစ၍ သီဟိုဠ်၏ ရာဇဝင်နှင့်သာသနာဝင်ကို သရုပ်ဖော်ထားသည့် ကျမ်းကြီးဖြစ်၏။ ကျီးသဲ လေးထပ်ဆရာတော် မုနိန္ဒာဘိဓဇဘွဲ့တံဆိပ်ရသော ဦးကင်း(၁၈၁၇-၉၄)သည် မဟာဝင် ဝတ္ထု ဇမ္ဗူဒီပစာတမ်းအမည်ဖြင့် ၁၈၇၈ ခုနှစ်၌ မြန်မာပြန်ခဲ့၏။ ယင်းအဋ္ဌကထာကို ဝံသတ္ထပ္ပကာသိနီဟု ခေါ်၏။ *DPPN*, vol.II, 553. *HPL*, 87-93.

၁၅၄- ဒီပဝင်သည် ဒီပဝံသဖြစ်ပြီး သီဟိုဠ်ကျွန်း၏ အနွယ်အဆက်အကြောင်း ဖြစ်၏။ ခရစ်နှစ် ၃၅၀ ကျော်ခန့်တွင် ပြုစုခဲ့ပြီး မည်သူရေးခဲ့ကြောင်း မတွေ့ရချေ။ သီဟိုဠ် အနုရာဓမြို့တောင်၊ မဟာဝိဟာရကျောင်းနေ အမည်မသိ မထေရ်ပြုကြောင်းသာ တွေ့ရ ၏။ သီဟိုဠ်ကျွန်း၏ရာဇဝင်နှင့် သာသနာဝင်နှစ်မျိုးကို ပေါင်းစပ်ထား၏။ *HPL*, 89-90. ဒီပဝင်ကို ပါဠိ၊ သီဟိုဠ်ဘာသာတို့ဖြင့် တွေ့နိုင်သကဲ့သို့ ယင်းဋီကာ၊ နိဿယများလည်း ရှိ၏။ ဒီပဝင်ကို ဟင်္သာတမြို့ ကြာခံကျောင်းဆရာတော် ဦးကေလာသသည် ဒီပဝင်ဝတ္ထု(ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၅၈)အမည်ဖြင့် ဘာသာပြန်ခဲ့၏။ ရောမအက္ခရာ လှယ်၍ အင်္ဂလိပ်ဘာသာပြန်တည်းဖြတ်သူများမှာ Hermann Oldenberg နှင့် B.C.Law တို့ ဖြစ်၏။

၁၅၅- သာရတ္ထဒီပနီသည် ဝိနည်း ၅ ကျမ်းကို အကျယ်ဖွင့်ဆိုသော ဋီကာကြီးသုံးစောင်၌ ပါဝင်၏။ သာရတ္ထဒီပနီတွင် ဝေရဉ္ဇကဏ္ဍ၊ ပထမပါရာဇိကမှစ၍ စတုတ္ထပါရာဇိကအထိ ပါရှိသည်။ မှတ်စု(၃၀၆)ကိုလည်းကြည့်။ *HPL*.339, 373, 385.

၁၅၆- အေဒီ ၃၄ ခုနှစ်။

၁၅၇- ဂိရိမည်သော (နဂဏ္ဌ) တိတ္ထိတို့၏ အာရမ်၌ ဆောက်သောကြောင့် အဘယဂိရိ မည်သည်။ မဟာဝင် ၃၃၉၊ *Mhv*,235. အလှူရှင်မင်းမှာ ဝဋ္ဋဂါမဏိအဘယ (Vaṭṭagāmani Abhaya) ဖြစ်၏။ ယခုအခါ ဇေတဝနစေတီဟု ခေါ်ကြ၏။ ယနေ့ခေတ် အဘယဂိရိ မဟုတ်နိုင်။ *Mhv*,235.

၁၅၈- သီဟိုဠ်၊ အနုရာဓပူရမြို့မြောက်ဘက်၌ တည်ထားသော အဘယဂိရိကျောင်း ဝိဟာရ နှင့် စေတီရှိပြီး ဝဋ္ဋဂါမဏိ အဘယမင်း ဆောက်လှူ၏။ မဟာဝိဟာရကျောင်းလှူဒါန်း ပြီး ၂၁၇ နှစ် ၁၀ လ၊ ၁၀ ရက်အကြာ၌ တိတ္ထာရာမဖြစ်သော အဘယဂိရိကို ဆောက်လုပ်

၏။ အဘယဂိရိကို ခေါ်သော အမည်များမှာ အဘယုတ္တရ အဘယဝိဟာရ အဘယာစလ၊ ဥတ္တရဝိဟာရတို့ ဖြစ်၏။ အဘယဂိရိဝါသီဂိုဏ်းသည် မဟာဝိဟာရဝါသီဂိုဏ်းမှ ခွဲထွက်ပြီး အဘယဂိရိကျောင်းတွင် အခြေပြု၏။ အဘယဂိရိကျောင်းနေ ရဟန်းတို့၏ဂိုဏ်းကို ဓမ္မရုစိဂိုဏ်းဟုလည်း ခေါ်၏။ *DPPN*, vol.I, 130-3. မဟာဝင် ၃၃၉-၃၄၁။ *BSI*, 48-50. - အဘယဂိရိဝါသီဂိုဏ်းသည် မဟာဝိဟာရဂိုဏ်းမှ ကုပိက္ကလတိဿမထေရ်ကို ဒါယကာတို့နှင့် အရောတဝင်နေ၍ နှင်ထုတ်ရာ ၎င်း၏တပည့် ဗလလမဿုတိဿမထေရ် လည်း ဒေါသထွက်၍ အဘယဂိရိကျောင်းသို့သွား၍ သီးခြားဂိုဏ်းထောင်ရာမှ စ၏။ မဟာဝင် ၃၄၀-၁။ မူလက သီဟိုဠ်တွင် ထေရဝါဒအနွယ် မဟာဝိဟာရဝါသီဂိုဏ်းသည် ရှိလေ၏။ မဟာဝိဟာရဝါသီဂိုဏ်းမှ ခွဲထွက်သော အဘယဂိရိဝါသီဂိုဏ်းကို ဓမ္မရုစိဂိုဏ်း ခေါ် ဓမ္မရုစိနိကာယဟုလည်း ခေါ်၏။

၁၅၉- မှတ်စု (၁၅၈) ကို ကြည့်။

၁၆၀- အေဒီ ၁၅၈

၁၆၁- မဟာသေနမင်း(အေဒီ ၃၃၄-၆၁)သည် ဂေါဌာဘယမင်း၏သားဖြစ်ပြီး ဇေဋ္ဌတိဿမင်း၏ညီ ဖြစ်သည်။ ဇေဋ္ဌတိဿမင်းသည် လွန်လျှင် မဟာသေနမင်းသည် သီဟိုဠ်၌ ၃၃၄-၃၆၁ အေဒီ ကာလထိ စုစုပေါင်း ၂၇ နှစ် မင်းပြု၏။ ထိုမင်းသည် သံဃမိတ္တမထေရ်နှင့် သောဏအမတ်ကို အမှီပြု၍ မဟာဝိဟာရကျောင်းကို ဖျက်ဆီးခြင်း၊ အဘယဂိရိကျောင်းကို အားပေးအားမြှောက်ပြု၏။ မိတ်ဆွေအမတ်ဖြစ်သူ မေဃဝဏ္ဏာဘယအမတ်ကြောင့် အမှားပြင်ခါ မဟာဝိဟာရကျောင်းကို ပြန်လည်ပြုပြင်၏။ မကြာမီ တိဿမထေရ်၏ ဩဇာခံလျက် မဟာဝိဟာရသံဃာများနှင့် ဆန့်ကျင်ခါ ဇေတဝနဝိဟာရကျောင်းကို တည်၏။ ထိုအပြင် ဘိက္ခုကျောင်း (၁၀) ကျောင်းနှင့် ဘိက္ခုနီ (၂) ကျောင်းကို ဆောက်၏။ မဟာဝင်နှင့် *Mhv*, *Dpv*, *Cv* တို့ အနည်းငယ် ကွဲလွဲမှုရှိ၏။ မဟာဝင် ၃၆၉-၇၄။ *DPPN*, vol.II, 579-80. မှတ်စု (၁၈၁)ကိုလည်း ကြည့်။

၁၆၂- အနုရာဓပူရမြို့ရှိ ကျောင်းတိုက်ဖြစ်ပြီး မဟာဝိဟာရတိုက်၊ သိမ်အတွင်း၊ ဇောတိ ဥယျာဉ်တွင် ဇေတဝန ခေါ် ဇေတဝန်ကျောင်းကို ဆောက်၏။ မဟာဝင် ၃၇၂။ ထပ်မံ လေ့လာရန် *DPPN*, vol.II, 966-7. ထိုကျောင်းနေရဟန်းတို့သည် အဘယဂိရိဝါသီဂိုဏ်းမှ ခြားနား၍ ကျမ်းဂန်အသစ်များ ပြုစု၏။ ပရက္ကမဗာဟု (၁) မင်းလက်ထက်၌ သာဂလိယ ဂိုဏ်းဟု အမည်တွင်သော ဇေတဝနဝါသီဂိုဏ်းသည် ဇေတဝနကျောင်းတွင် အခြေပြု၍ ပေါ်ထွန်းလာ၏။ *Cv*, vol.I, pp.lii-liv, 22, 59, 65, 98. *BSI* ကိုလည်း ကြည့်။

၁၆၃- ဥဘတောဝိဘင်းဟူသည် ဘိက္ခုဝိဘင်းနှင့် ဘိက္ခုနီဝိဘင်း နှစ်ကျမ်းပေါင်းကို စုပေါင်း၍ ခေါ်သောအမည် ဖြစ်၏။ ဘိက္ခုဝိဘင်းသည် ရဟန်းယောကျ်ားများအတွက်ဖြစ်ပြီး ပါရာဇိကဏ်နှင့် ဘိက္ခုပါစိတ် နှစ်ကျမ်းကို စုပေါင်းထား၏။ ဘိက္ခုဝိဘင်းကို မဟာဝိဘင်း ဟုလည်း ခေါ်၏။ ဘိက္ခုနီဝိဘင်းသည် ရဟန်းမိန်းမများအတွက် ဖြစ်သည်။ ထို ဘိက္ခု

ဝိဘင်း(ပါရာဇိကဏ်နှင့် ဘိက္ခုဝိဘင်း ခေါ် မဟာဝိဘင်း)နှင့် ဘိက္ခုနီဝိဘင်းသည် ဝိနည်း ၅ ကျမ်းအနက် ပထမဆုံးနှစ်ကျမ်း ဖြစ်၏။

၁၆၄-၅- မှတ်စု (၁၆၂)ကို ကြည့်။

၁၆၆ - အေဒီ ၆၀၃။

၁၆၇ - ဘာဂိဏေယျဒါဌာပတိမင်းကို အမှီပြု၍ ကုရုန္ဒဝါသီနှင့် ကောလမ္ဗဝါသီ ရဟန်းတို့သည် မဟာဝိဟာရဝါသီဂိုဏ်းကို အတုပြုလျက် မဟာဝိဟာရကျောင်းကို တည်၏။ မဟာဝိဟာရဝါသီဂိုဏ်းမှအပ အခြားဂိုဏ်းတို့မှာ မမှန်သောအဓိပ္ပာယ်ဖြင့် မှန်သော တရား၏အဓိပ္ပာယ်ကို ဖျက်ဆီးခြင်း၊ တရားကို အလေးမပြုခြင်းတို့ကြောင့် အဓမ္မဝါဒီဟု မောင်းထောင်ဆရာတော်က သတ်မှတ်၏။ အကျယ်ကို မဟာဝင်ဋီကာတွင် ကြည့်ပါ။ သာလင် ၃၄။

၁၆၈- အဘယဂိရိနှင့် ဇေတဝနဂိုဏ်း နှစ်မျိုးနှင့်မတူဘဲ သီးခြားဂိုဏ်းခွဲထောင်၏။ ကျမ်းဂန်အသစ်များကို ပြုစုပြီး မဟာဝိဟာရဝါသီဂိုဏ်းကို အတုပြု၍ မဟာဝိဟာရဂိုဏ်း ဟု အမည်မှည့်၏။ အဓိကရဟန်းများမှာ ကုရုန္ဒဝါသီနှင့် ကောလမ္ဗဝါသီကျောင်းတိုက်နေ ရဟန်းများဖြစ်ပြီး ဒါယကာမင်း၏အမည်မှာ ဘာဂိဏေယျဒါဌာပတိမင်း ဖြစ်၏။

၁၆၉- မဟိန္ဒသည် အသောကမင်း၏သားတော်ဖြစ်ပြီး သံဃမိတ္တာမင်းသမီး၏အစ်ကို ဖြစ်သည်။ အသက် ၂၀ တွင် မောဂ္ဂလိပုတ္တတိဿမထေရ် ဥပဇ္ဈာယ်ပြု၍ မဇ္ဈန္တိကထေရ် သည် ကမ္မဝါဆရာပြုခါ ပဉ္စင်းခံ၏။ ပဉ္စင်းခံသောသိမ်အပြင်၌ ရဟန္တာဖြစ်၏။ တတိယ သင်္ဂါယနာပြီးနောက် သီဟိုဠ်သို့ သာသနာပြုလွှတ်သောအခါ အရှင်မဟိန္ဒသည် ဣဋ္ဌိယ မထေရ်၊ ဥတ္တိယမထေရ်၊ သမ္ဗလမထေရ်၊ ဘဒ္ဒသာလမထေရ်တို့နှင့်အတူ ဓမ္မစကြာတရား ကို ဟောကြားတော်မူ၏။ သာသနာပြုကြွသော ၃၂ နှစ်အရွယ် ၁၂ ဝါရသည့် မဟိန္ဒ မထေရ်သည် မယ်တော်ရှိရာ ဝေဒိသကဂိရိမြို့သို့ အဆင့်ဆင့်ကြွပြီး ဝေဒိသကဂိရိ ကျောင်းကြီးကို အလှူခံ၏။ ထို့နောက် သီဟိုဠ်ရှိ ဒေဝါနံပိယတိဿအား စူဠဟတ္ထိပဒေါပမ သုတ်ကို ဟော၍ ပရိသတ်လေးသောင်းခန့်နှင့်အတူ သရဏဂုံတည်ဥပါသကာဖြစ်စေ၏။ တရားဓမ္မအမျိုးမျိုးကို ဟောကြားပြီးနောက် မင်းနှင့်တကွ ပြည်သူများသည် သူတော် ကောင်းတရားကို သက်ဝင်ကြ၏။ ဥတ္တိယမင်းဖြစ်ပြီး ၈ နှစ်မြောက်လျှင် အရှင်မဟိန္ဒသည် ဝါတော် ၆၀ ရှိပြီး စေတိယတောင်၌ သီတင်းကျွတ်လဆန်း ၈ ရက်တွင် ပရိနိဗ္ဗာန်ပြု၏။ မဟိန္ဒ၏ဓာတ်တော်များကို ယူ၍ စေတိယတောင်နှင့်ကျောင်းများ၌ စေတီတည်၍ ပူဇော် စေ၏။ ထိုအရပ်ကို 'ဣသိဘူမင်္ဂလာ'ဟု ခေါ်၏။ မဟာဝင် ၁၀၄-၆၊ ၁၆၅-၂၃၅။ *DPPN*, vol.II, 583-5.

၁၇၀- ၉၄ ဘီစီ။

၁၇၁- သာသနာနှစ် ၄၅၀ (၉၄ ဘီစီ)တွင် သိန်ခို (သီဟိုဠ်)မင်းဆက် ၁၈ ဆက်မြောက် ဝဋ္ဋဂါမဏိဟုဆိုသော် မောင်းထောင်ဆရာတော်၏အဆို (သို့မဟုတ် ပေကူးသူတို့ကြောင့်) ဖြစ်ရာ၏။ စွယ်စုံကျမ်း၊ ၁၃ တွဲ၊ ၂၁၅ ၌လည်း ထိုအတူ ၁၈ ဆက်မြောက်ဟု ဆိုထား၏။

၁၇၂။ ၉၄ ဘီစီ။ ဝဋ္ဋဂါမဏိသည် သီဟိုဠ်မင်းဆက်၏ ၁၉ ဆက်မြောက်ဖြစ်၏။ ၁၈ ဆက်မြောက်မင်းသည် ဝဋ္ဋဂါမဏိ၏အစ်ကိုဖြစ်သူ ခလ္လာဋနာဂမင်း ဖြစ်၏။ ရာဇဝင်ကျော် ၁၀၇၊ မဟာဝင် ၄၀၄၊ ပိမိုင်း စာ ၂၇၃-၄၊ *Mhv*,xxxvii. ဝဋ္ဋဂါမဏိမင်းသည် မင်း ၂ ကြိမ် ဖြစ်၏။ ပထမအကြိမ် သာသနာနှစ် ၄၄၀ (၁၀၄ ဘီစီ) နှင့် ဒုတိယအကြိမ် သာသနာနှစ် ၄၅၅ (၉၉ ဘီစီ) ဖြစ်၏။ မဟာဝင် ၄၀၄။ ဤသို့ဆိုပါက ထိုမင်း နန်းစံ ၆ နှစ်တွင် သင်္ဂါယနာတင်သည်ဆိုလျှင် သာသနာနှစ် ၄၆၁ ခန့် (၉၃ ဘီစီ) ဖြစ်မည်။ သို့သော် ကျမ်းဂန်အသီးသီး၌ သာသနာနှစ် ၄၅၀ (၉၄ ဘီစီ)၌သာ သင်္ဂါယနာတင်ကြောင်း တွေ့ရသဖြင့် ပမာဒလေခ ဖြစ်တန်ရာ၏။ ဝဇီရဗုဒ္ဓိဋီကာ (ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၉၀၊ ၁၉၆၀)၊ ၅၄၃။ သာရတ္ထဒီပနီဋီကာ၊ အတွဲ ၃။ ၃ ကြိမ် (ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၉၀)၊ ၄၅၆။ ရာဇဝင်ကျော် ၁၀၇ နှင့် ရာဇဝင်ကြီး၊ ပ၊ ၁၂၆ ကို ကြည့်။ မှတ်စု (၁၇၆)ကိုလည်း ကြည့်။

၁၇၃-၁၇၄- အာလောကလိုဏ်သည် မလယရှာအနီး၌ရှိ၏။ သီဟိုဠ်ရှိ မတလေ (Matale)နှင့် မဝေးသောအရပ်၌ ရှိ၏။ ၁၈ ရာစု၌ သီဟိုဠ်ဘုရင် ဝိဇယရာဇသိဟမင်းသည် အဆိုပါလိုဏ်ဂူ(အာလောကလေဏ)တွင် ဗုဒ္ဓရုပ်ပွားတော် ထုလုပ်ခဲ့၏။ *DPPN*, vol.I, 290. ဦးယာ၏ စတုတ္ထသံဂါယနာအကျဉ်း၌ "-----ဝဋ္ဋဘုန်းတောက်၊ နန်းစံ ခြောက်တွင်၊ အရောက်ထိုခါ၊ သာသနာမူ၊ ရာလေးခုပေါ်၊ ငါးဆယ်ကျော်ဟု၊ ---သီဟိုဠ် စာ၌၊ လေးရာတွက်ဖွဲ့၊ သုံးဆယ့်နှင့်သုံး၊ ပါဌ်စီကုံးရှင့်၊ ----ဝဋ္ဋမင်းအား၊ အမှီထား၊ ငါးခု နှစ်ရာ၊ ထောင်သံယာတို့၊ သုံးခါတိုင်တိုင်၊ သံပြိုင်ရွတ်ရွတ်၊ ရှေ့ကရွတ်သား၊ မုခပါဌ်မြတ် စွာ၊ ထေရ်ငါးရာတို့၊ ပေါတ္ထကာရုဠ္ဌ၊ စတုတ္ထသံဂါယနာ၊ တင်ပြန်လာသည်၊ အာလောကာ လိုဏ်တွင်တည့်လေ။ သူကောင်းဖော်ရွေ မင်းချင်းတို့။"ဟု တွေ့ရ၏။ ဆဋ္ဌသံဂါယနာဖွင့်ပွဲ အထိမ်းအမှတ်သံဂါယနာစာစောင်၊ စာ-၄၁။ ၌ တွေ့ရ၏။ စွယ်စုံကျမ်း၊ ၁၃ တွဲ၊ ၂၁၅။

၁၇၅- ပိဋကတ်သုံးပုံဟူသည် သုတ် (သုတ္တန္တပိဋက)၊ ဝိနည်း (ဝိနယပိဋက)နှင့် အဘိဓမ္မာ (အဘိဓမ္မပိဋက)ကို ဆိုလို၏။ မှတ်စု (၁၃၁၊ ၁၃၂၊ ၁၃၃)ကိုလည်း ကြည့်။

၁၇၆- တတိယသင်္ဂါယနာတင်ပွဲအပြီး နှစ်ပေါင်း ၂၀၀ ကျော်သော သာသနာသက္ကရာဇ် ၄၅၀ (၉၄ ဘီစီ)၌ ဝဋ္ဋဂါမဏိမင်း၏ အားပေးကူညီမှုဖြင့် သီဟိုဠ်ကျွန်း မလယဇနပုဒ် အာလောကလိုဏ်ဂူ၌ တင်၏။ ယင်းစတုတ္ထသင်္ဂါယနာပွဲကို ရှင်မဟာဓမ္မရက္ခိတ အမှူးရှိ သော ၅၀၀ သော ရဟန္တာတို့က ပိဋက ၃ ပုံကို မဂဓဘာသာဖြင့်လည်းကောင်း၊ အဋ္ဌ ကထာများကို သီဟိုဠ်ဘာသာဖြင့်လည်းကောင်း ရေးသား၍ ပေထက်အက္ခရာတင်၏။

ထိုကြောင့် ပေါတ္ထကာရုဠ္ဟသင်္ဂါယနာ (ပေါတ္ထက-ပေ၊ အာရုဠ္ဟ - တင်အပ်သည်၊ သင်္ဂါယနာ - စုဝေးရွတ်ဆိုခြင်း) ဟု ခေါ်၏။ ပေထက်တင်သော ထိုသင်္ဂါယနာကို ခရစ်နှစ် ၇၈ တွင် နန်းတက်သော ကနိသ္သကမင်းက အသိမှတ်မပြုဘဲ သဗ္ဗတ္ထိဝါဒဂိုဏ်းနှင့် အခြားဂိုဏ်းများက ပေါင်းရုံး၍တင်သော သင်္ဂါယနာကိုသာ အိန္ဒိယနိုင်ငံနှင့် မဟာယာနဝါဒီတို့က စတုတ္ထသင်္ဂါယနာအဖြစ် မှတ်သားကြ၏။ သို့သော် ထိုအချက်ကို ထေရဝါဒဂိုဏ်းဝင်တို့က အသိအမှတ် မပြုကြချေ။ စွယ်စုံ၊ ၁၃ တွဲ၊ ၂၁၅။ မှတ်စု (၁၇၂)ကိုလည်းကြည့်။

၁၇၇- ဝေါဟာရိကတိဿမင်း (၂၆၉-၉၁ အေဒီ) သည် သီဟိုဠ်မင်းတစ်ပါးဖြစ်ပြီး တိဿမင်းဟုလည်း ခေါ်၏။ သိရိနာဂ၏သားတော်ဖြစ်ပြီး ၂၂ နှစ် မင်းပြု၏။ တရားဆုံးဖြတ်ခြင်း၌ လိမ္မာပြီး ပြည်သူတို့အား ညှဉ်းဆဲခြင်းမှ လွတ်သောတရားအဆုံးအဖြတ်ရှိသောကြောင့် ဝေါဟာရိကတိဿမင်း ဟု ခေါ်၏။ ကမ္ဗုဂ္ဂါမနေ ဒေဝထေရ်၏ တရားနာပြီး ကျောင်းကြီးငါးကျောင်း၊ စေတီ ရှစ်ဆူကို တည်၏။ ဝိဟာရ ၆ ကျောင်းလည်းဆောက်ပြီး သာသနာပြု၏။ မဟာဝင် ၃၆၁-၃။ ဒီပဝင် ၁၂၇-၈။ *DPPN*.vol.II, 951-2.

၁၇၈- ဝေါဟာရိကတိဿမင်း၏အမတ်ဖြစ်ပြီး သာသနာစောင့်ပြုလျက် သာသနာထွန်းပစေသည်။ မဟာဝင် ၃၆၂။ ဒီပဝင် ၁၂၈။

၁၇၉- ဂေါဌာဘယမင်း(အေဒီ ၃၀၂-၃၁၅) ကို ဂေါဌာဘယမင်း သို့မဟုတ် မေဃဝဏ္ဏာဘယမင်းဟု ခေါ်၏။ ၁၃ နှစ် မင်းပြု၏။ ကျောင်းစရပ်ဆောက်ခြင်း၊ အလှူပြုခြင်းတို့ကို ကြီးစွာပြု၏။ မေဃဝဏ္ဏာဘယကျောင်းကြီး ၉ ကျောင်းကိုဆောက်၍ မေဃဝဏ္ဏာဘယဟု ခေါ်၏။ သားနှစ်ဦးမှာ ဇေဋ္ဌတိဿနှင့် မဟာသေန ဖြစ်၏။ မဟာဝင် ၃၆၆-၈။ ဒီပဝင် ၁၂၈-၉။ *DPPN*, vol.I, 784.

၁၈၀- သမုဒ္ဒရာတစ်ဖက်ရှိ စောဠတိုင်းသို့ နှင်ထုတ်၏။ မဟာဝင် ၃၆၇။

၁၈၁ - မဟာသေနမင်းသည် ဇေဋ္ဌတိဿမင်း၏ ညီဖြစ်၏။ မဟာဝိဟာရတိုက်သိမ်အတွင်း ဇောတိဥယျာဉ်တွင် ဇေတဝန်ကျောင်းကို တိဿမထေရ်၏အကြံဖြင့် စီရင်၏။ ဆောက်ပြီးမှ သိမ်နုတ်ရန် ဆိုသဖြင့် ရဟန်းတို့က ကျောင်းမှ ဖယ်ရှောင်ကြ၏။ ဇေတဝန်ကျောင်းကို အမှီပြု၍ အဘယဂိရိဝါသီကျောင်းမှ ခြားနားခါ ဇေတဝန်ကျောင်းနေရဟန်းတို့ သည် ဇေတဝနဝါသီဂိုဏ်း ခေါ် သာဂလိယဂိုဏ်းကို ထောင်ကြ၏။ မှတ်စု (၁၆၁)ကိုလည်းကြည့်။

၁၈၂-၅- မှတ်စု (၁၆၁)ကို ကြည့်။

၁၈၆-၇- ပေမူများ၌ ၄၇၂ နှစ်ဟု ပြဆို၏။ ပေကူးသူတို့ ၁၄၇၂ နှစ်ကို ကူးယူရာ၌ (၁) ဂဏန်းကျန်ရစ်၍ မှားယွင်းနေ၏။ ထို့ကြောင့် စာသား၌ အမှန် ပြင်ပေးထား၏။ အေဒီ ၁၁၆၄ ဖြစ်၏။

၁၈၈- သီရိသင်္ဃဗောဓိပရက္ကမဗာဟုမဟာရာဇာမင်းသည် ဝိဇယဗာဟု ၁ (အေဒီ ၁၀၅၉-၁၁၁၄) ဖြစ်၏။ အလျဉ်းသင့်၍ မြန်မာရာဇဝင်များနှင့် သက်ဆိုင်သော အချက်ကို စူဠဝံသအကူအညီဖြင့် တင်ပြပါမည်။ ထိုမင်း၏ ယခင်အမည်မှာ ကိတ္တိဖြစ်ပြီး မိဘများမှာ မောဂ္ဂလာနနှင့် လောကိတာတို့ ဖြစ်၏။ စောဠ ခေါ် ကျေးကုလားတို့နှင့် စစ်တိုက်သော အခါ ရာမညဒေသ ခေါ် မြန်မာဘုရင် အနိရုဒ္ဓထံမှ အကူအညီများစွာ ရယူ၏။ မင်းဖြစ်ပြီး ၁၈ နှစ်မြောက်၌ သီရိသင်္ဃဗောဓိဘွဲ့ကို ခံယူ၏။ ဝိရဗာဟုယုဝရာဇာနှင့် ဇယဗာဟု စသော ညီအစ်ကို ၂ ယောက်ရှိပြီး မိဖုရားများအနက် လီလာဝတီ စောဠမင်းသမီးနှင့် ဇဂတီပါလ၏သမီးတို့သည် ထင်ရှား၏။ ယသော်ဓရာနှင့် အခြားသမီးတော် ၅ ပါးလည်း ရှိ၏။ သားဖြစ်သူမှာ ဝိက္ကမဗာဟု ဖြစ်၏။ အနိရုဒ္ဓနှင့် မြန်မာရဟန်းတော်များ၏ အကူအညီဖြင့် သီဟိုဠ်သာသနာကို ပြုပြင်၏။ ၅၅ နှစ်မင်းပြု၏။ သူ၏ထီးနန်းအရိုက်အရာ၌ ဇယဗာဟုဥပရာဇာကို မင်းအဖြစ် ဖန်တီးပေးခဲ့၏။ *DPPN*, vol.II, 867-9. အကျဉ်းချုပ်လျှင် မောင်းထောင်ဆရာတော်ဆိုသကဲ့သို့ နရပတိစည်သူနှင့် မင်းဆက်မတိုက်ဘဲ အနိရုဒ္ဓနှင့်သာ ဆက်ဆံရေးရှိကြောင်း တွေ့ရပါသည်။ *Cv*, Chapters, lviii-lx ကိုကြည့်။

၁၈၉ - နရပတိစည်သူ (၁၁၇၄-၁၂၁၁) သည် အနိရုဒ္ဓ ခေါ် အနော်ရထာ၏ အဆက်အနွယ်မင်းသားတစ်ပါးဖြစ်ပြီး စည်သူ ၂ ဟု ခေါ်၏။ ခေတ်ဟောင်း ၁၃၈၊ ၁၄၉။ စည်သူ ၂ ၏သားများအနက်မှ တစ်ဦးဖြစ်သူ နာတောင်မျာ ခေါ် ဇေယျသိင်္ခနန်တောင်မျာက စည်သူ ၂ နေရာ၌ ဆက်ခံ၏။ ယင်း ၁၄၇။ မိုက်ကယ်အောင်သွင်က မင်းယဉ်နရသိင်္ခ ခေါ် စည်သူ ၂ (အေဒီ ၁၁၇၀-၁၁၇၄) ပြီးနောက် နရပတိစည်သူ ခေါ် စည်သူ ၃ (အေဒီ ၁၁၇၄-၁၂၁၁)က မင်းဖြစ်ကြောင်း ဆိုထား၏။ *MHHEB*, 22-3, 26-7. မှတ်စု (၂၂၇)ကိုကြည့်။

၁၉၀ - သီဟိုဠ်ရှိ ဥဒုမ္ဗရဂိရိဝိဟာရကျောင်းနေ ထင်ရှားသော ရဟန်းတော် ဖြစ်၏။ ပရက္ကမ ဗာဟု ၁ မင်းကို အမှီပြု၍ သာသနာတော်ကို သုတ်သင်ပြုစု၏။ *DPPN*, vol.I, 483.

၁၉၁ - မှတ်စု(၂၄၆)ကိုကြည့်။

၁၉၂ - ဝိဇယဗာဟုမင်းကို ဝိဇယဗာဟု ၃ (အေဒီ ၁၂၃၂-၃၆)ဟု ခေါ်၏။ သီရိသင်္ဃဗောဓိ ၁ ၏ အဆက်အနွယ်မှ ဆင်းသက်လာပြီး ဒမိဠတို့၏လက်မှ သီဟိုဠ်မင်းဆက်ကို ပြန်ထူထောင်၏။ သံဃာတော်များကို သန့်စင်စေခြင်း၊ ကျောင်းကန်အမျိုးမျိုးကို တည်ဆောက်ပေးခြင်းတို့ကို ပြုလုပ်ပြီး ဝိဇယသုန္ဒရာမနှင့် ဝိဇယဗာဟုဝိဟာရကျောင်းတိုက်များသည် ထင်ရှား၏။ ပရက္ကမဗာဟု နှင့် ဘုဝေနကဗာဟု သားနှစ်ဦးရှိ၏။ *Cv*, lxxx.1-18; *DPPN*,vol.II, 869.

၁၉၃- ပရက္ကမဗာဟုမင်းသည် ဝိဇယဗာဟု ၃ ၏ သားတော်ဖြစ်၏။ ဖခင်၏ထီးနန်းကို ဆက်ခံသည်။ သီဟိုဠ်၌ ၃၃ နှစ် (အေဒီ ၁၂၃၆-၆၈)ထိ မင်းပြု၏။ ဇမ္ဗုဒေါဏိမြို့၌

နန်းစိုက်၍ ပရက္ကမဗာဟု ၂ အဖြစ် ထင်ရှား၏။ အမှောင်ခေတ်ကာလ၌ စာပေနှင့် အကျွမ်းတဝင်အရှိဆုံး ပညာရှင် (ကာလိကာလ သာဟိစ္စ သဗ္ဗညုပဏ္ဍိတ) အဖြစ် ချီးကျူးကြ၏။ ဒေဝပ္ပတိရာဇအမတ်နှင့်အတူတကွ ဆောင်ရွက်ပြီး သား ၅ ဦးရှိ၏။ အရွယ်ကြီးသော် သားတစ်ဦးဖြစ်သော ဝိဇယဗာဟု ခေါ် ဗောဓိသတ္တမင်းသားအား ဘာသာတရားကိုင်းရှိုင်းသူ ဖြစ်သောကြောင့် ထီးနန်းလွှဲအပ်ပေး၏။ *Cv*, Chapter, 81-9; *DPPN*, vol.II, 150-1.

၁၉၄- ဝေါဟာရိကတိဿမင်း (၂၆၉-၉၁ အေဒီ) သည် သိရိနာဂမင်း၏သားဖြစ်ပြီး တိဿ ဟုလည်းခေါ်၏။ 'ဝေါဟာရိက'ဟု အမည်တွင်ခြင်းမှာ တရားအဆုံးအဖြတ်၌ လိမ္မာခြင်း၊ ပြည်သူတို့အား မညှဉ်းဆဲခြင်းတို့ကြောင့် ဖြစ်၏။ ကပ္ပကဂါမရွာနေ ဒေဝထေရ်နှင့် အနုရာဓမြို့နေ မဟာတိဿတို့ကို ကြည်ညို၍ တံတိုင်းရံကျောင်း ၆ ကျောင်းနှင့် စေတီ ၈ ဆူ၌ ထီးတင်၏။ ကပိလအမတ်၏အကူအညီဖြင့် အဘယဂိရိဝါဒီတို့၏ ဝေတုလ္လ အယူဝါဒကို နှိမ်နင်း၏။ ညီဖြစ်သူ အဘယနာဂ လုပ်ကြံ၍ သေ၏။ မဟာဝင် ၃၆၁-၃။ *DPPN*, vol.II, 951-2.

၁၉၅- ဂေါဋ္ဌာဘယမင်း (အေဒီ ၃၀၂-၁၅) သည် မေဃဝဏ္ဏာဘယဝိဟာရကျောင်းတော်ကို တည်ဆောက်သော သီဟိုဠ်မင်း ဖြစ်၏။ ထိုမင်းကို မေဃဝဏ္ဏာဘယမင်းဟုလည်း ခေါ်၏။ ဇေဋ္ဌတိဿနှင့် မဟာသေန ဟူသော သားနှစ်ဦးရှိပြီး ထိုမင်း၏အရိုက်အရာကို ဇေဋ္ဌတိဿက ဆက်ခံ၏။ ဝေတုလ္လအယူရှိသော အဘယဂိရိရဟန်း ၆၀ ကို နှင်ထုတ်၏။ မဟာဝင် ၃၆၆-၈။ *DPPN*, vol.I, 786.

၁၉၆- ဘရင်္ဂီ-ဘရင်ဂျီ-ဗရင်ဂျီသည် Ferenghi ခေါ် ပေါ်တူဂီလူမျိုး၊ ရိုမန်ကက်သလစ်ဂိုဏ်းဝင်ခရစ်ယာန်။ ရာဇဝင်သစ်၊ တ၊ ၄၅။ ခေတ်ဟောင်းဘိ ၁၀၈။ ဤနေရာ၌ ပေါ်တူဂီ နှင့် ဒတ်ချ် (Dutch) တို့၏ ရိုမန်ကက်သလစ်ခရစ်ယာန်များကို ဆိုလို၏။ *Ceylon*,vol.I, 578-606.

၁၉၇- အရမဏီ-အာမေနီယံလူမျိုး (Armenian)။ ခေတ်ဟောင်းဘိ ၂၁၆။ ဤနေရာတွင် သီဟိုဠ်သို့ ပေါ်တူဂီ၊ ဒတ်ချ်၊ အိန္ဒိယ၊ ပါရှန်းနှင့် အာရပ်များ အဓိက ကုန်သွယ်ခြင်း၊ သာသနာပြုခြင်းနှင့် နယ်ချဲ့ရန် အစပျိုးနေသော ကာလဖြစ်၍ အရမဏီသည် အာရေဗီးယန်း(Arabian)ခေါ် အာရပ်လူမျိုးကို ရည်ရွယ်ဟန် တူ၏။ *Ceylon*,vol.I,578-606.

၁၉၈- ပသီ-ပါရှန်ဘိုးဘွားမိဘများမှ ဆင်းသက်လာခဲ့သော အစ္စလာမ်ဘာသာဝင် အိန္ဒိယနိုင်ငံသားများ၊ ရှေးဟောင်းဘိ ၉၀။ Persian ခေါ် ယခုအီရန် (ယခင် ပါရှား)ရှိ ဒေသခံလူမျိုးအချို့ကို ရည်စူးခြင်း ဖြစ်၏။ *Ceylon*,vol.I,578-606.

၁၉၉- အော်လန္ဒေ - ဟော်လန်။ ထိုစဉ်က သီဟိုဠ်ရှိ အင်္ဂလန်လက်အောက်ခံ ဟော်လန်ဘုရားကျောင်း (Church of Holland)မှ ဒတ်ချ်လူမျိုးခရစ်ယာန်များကို ဆိုလို၏။ *Ceylon*,vol.I,578-606. ယနေ့ နယ်သာလန် ဖြစ်၏။

၂၀၀- မဟာဝိဇယဗာဟုမင်း (အေဒီ ၁၀၅၉-၁၁၁၄)။ မဟာဝင် ၄၁၀။ ရာဇဝင်ကျော် ၁၄၉။ ဟံသာဝတီ၊ ဒဂုံ၊ ဒလ၊ ပုသိမ်၊ ရောင်(မြောင်း)မြို့ မုတ္တမ အစရှိသော ပြည်ကြီးတို့တည်ရာ ရာမညတိုင်း။ စစ်ကိုင်းကောင်းမှုတော်ကျောက်စာ (၁၀၂၃)၊ မျက်နှာဘက် ၆၉-၇၀။ ရာမည-မွန်။ ခေတ်ဟောင်း ၁၄၀။ သီဟိုဠ်မှ ရာမညရှိ အနိရုဒ္ဓထံမှ စစ်ကူ တောင်း၏။ ခေတ်ဟောင်း ၁၃၈။ မှတ်စု (၁၈၈)ကိုလည်းကြည့်။ ဤနေရာ၌ မွန် ဒေသ၊ သထုံကို အနိရုဒ္ဓ သိမ်းပြီးဖြစ်၍ ရာမညဟု ဆိုခြင်းဖြစ်၏။

၂၀၁- ဝိမလဓမ္မရာဇာမင်း (အေဒီ ၁၅၉၂-၁၆၀၄) ။ မဟာဝင် ၄၁၂။ ရာဇဝင်ကျော် ၁၅၂။ *DPPN*. vol II, 891. ထိုမင်းကို ဝိမလဓမ္မသူရိယမဟာဓမ္မရာဇာမင်းအဖြစ် မောင်းထောင်ဆရာတော်ကဆိုပြီး ၎င်း၏မြေးတော် ဝိမလဓမ္မသူရိယမင်းလက်ထက်၌လည်း ရခိုင်ပြည်မှ သံဃာများပင့်ကြောင်း ဆို၏။ မေးဖြေ ၃၃၂။

၂၀၂- ကိတ္တိသိရိရာဇသီဟမင်း (အေဒီ ၁၇၆၇-၈၂) အကြောင်းကို မဟာဝင် ၄၁၂။ မေးဖြေ ၃၃၂ ရာဇဝင်ကျော် ၁၅၂။ Cv,xcix,c ကို ကြည့်။

၂၀၃- မှတ်စု (၁၀၃)ကို ကြည့်။

၂၀၄- မှတ်စု (၁၀၆)ကိုကြည့်။

၂၀၅- တမျက်နှာ (၁)ကိုလည်း ကြည့်။

၂၀၆- မှတ်စု (၈၁)ကို ကြည့်။

၂၀၇- အေဒီ ၉၁၇။ အနိရုဒ္ဓ ခေါ် အနော်ရထာ၏နန်းသက်ကို (အေဒီ ၁၀၄၄-၇၇ ?) အဖြစ် သိရသည်။ ခေတ်ဟောင်း ၁၂၀။ သာသနာတော် ၁၅၆၁ နှစ်ဟုဆိုသော် မှားတန် ရာ၏။

၂၀၈- အရိမဒ္ဒနာ ခေါ် အရိမဒ္ဒနပူရ-ရန်မျိုးနှိမ်မြို့-ပုဂံ။ ထိုအပြင် ပေါက္ကံ၊ တမ္ပဒီပ ခေါ် တမ္ပဒီပ်၊ တတ္တဒေသ၊ တမ္ပဝတီ၊ ပုဏ္ဏာဂေါမ ဟုလည်း ခေါ်၏။ အရှေ့၌ တက်နွယ်၊ တောင်၌ မြင်းကပါ၊ အနောက်၌ ရောဝတီ၊ မြောက်၌ လေးကိုင်း ကျောက်မော် ရှိ၏။ စမ္မုဒိပ ၁၀၁။ ရာဇဝင်ကြီး ၁၈၀ နှင့် ကွဲပြား၏။ စမ္မုဒိပ၊ ၈၄ နှင့် ပုဂံမြို့ သတ္တရာဇ် ၁၁၂၇ ခု စစ်တမ်း။ *JBRS*, 1942, 3 ကို ကြည့်။

၂၀၉- အနော်ရထာစောကို အနိရုဒ္ဓ သို့မဟုတ် မဟာရာဇသိရိအနိရုဒ္ဓဒေဝ (အေဒီ ၁၀၄၄- ၁၀၇၇ ? )ဟု ခေါ်၏။ ခေတ်ဟောင်း ၁၃၇။

၂၁၀- ရာဇဝင်ကြီး ၁၅၉၊ တွင်းသင်း ၈၁၊ ဝံသ ၈၀ ကိုကြည့်။

၂၁၁-၂- ဇမ္ဗူဒီပါကျွန်း ဝိပ္ပဝါသီပြည်သား အရှင်အရဟံသည် ဓမ္မဒဿီ အမည်ရ၏။ ရာဇဝင်အသီးသီး၌ ရှင်အရဟံ၏နေရပ်ကို ဤမျှ တိကျစွာ မဆိုနိုင်ချေ။ ရာဇဝင်ကြီး ၁၅၉-၆၀။ သူသည် ရှင်ဇရဟံသည် ပုဏ္ဏားတစ်ဦး၏ သားဖြစ်ပြီး သုဓမ္မဝတီ ခေါ် သထုံမှ ပုဂံသို့ ရောက်လာ၏။ မှန်နန်း၊ ပ၊ ၂၄၀၊ ဝံသ ၇၁-၂၊ တွင်းသင်း ၈၂၊ *GPC*,71.

၂၁၃- ရာဇဝင်ကြီး ၁၆၀-၂။ မှန်နန်း ၂၄၀-၄။ တွင်းသင်း ၈၅-၆။ *GPC*,71-5. ကိုကြည့်။

၂၁၄- မောင်းထောင်ဆရာတော်က ပုဂံမြို့အရှေ့တွင် ဇေတဝန ခေါ် ဇေတဝန်ကျောင်းကို အနော်ရထာမှ ဆောက်လှူကြောင်း ဆို၏။ သာလင် ၉၁။ အခြားမူများ၌ "အရညကင်ရ သောအရပ်၌ သာယာလှစွာသော ရတနာအတိဖြင့် တန်ဆာဆင်သော ကျောင်းကို ဆောက်၍ လှူတော်မူ၏။"ဟု တွေ့ရ၏။ ရာဇဝင်ကြီး၊ ပ၊ ၁၆၂၊ မှန်နန်း၊ ပ၊ ၂၄၃။ ဘာသာပြန်ပုံမှာ "And he built and offered him a monastery in the forest, adorned with nought but gems, exceeding pleasant." *GPC*, 74.

၂၁၅- ရာဇဝင်ကြီး ၁၆၄-၅။ မှန်နန်း ၂၄၆-၈။ *GPC*, 77-8. ကိုကြည့်။

၂၁၆- ရာဇဝင်ကြီး ၂၁၆၊ မှန်နန်း ၂၄၄၊ ဝံသ ၇၂ ကိုကြည့်။

၂၁၇- ရာဇဝင်များ၌ အရေအတွက် တိကျစွာ မပါရှိချေ။ သာလင် ၉၃။

၂၁၈- အတုလစာသည် အလောင်းဘုရား၏ သာသနာပိုင်ဆရာတော်အဖြစ် ခန့်အပ်ထားခဲ့သော အတုလဆရာတော်ရှင်ယသ ခေါ် အတုလယသဆရာတော် (မဟာအတုလယသ ဓမ္မရာဇဂုရုနှင့် မဟာအတုလရသဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်နှစ်မျိုးရသော လူအမည် ဦးပန်းထွေးဖြစ်၏။)၏ သာသနာဝင် ခေါ် ဆရာတော်ဆက်စာကို ဆိုလိုခြင်း ဖြစ်၏။ တောင်ဖီလာဆရာတော်မှ အတုလတိုင်အောင် ဆရာစဉ် (၇) ဆက်ရှိ၏။ ယုတ္တိရှိ၏။ သီလဝိ ၉၉-၁၀၀။ မည်သည့်စာတမ်းမှန်း ယခုအခါ တိတိကျကျ အကဲခတ်နိုင်သည်မှာ အတုလဆရာတော်၏ ကျမ်းဂန်များကို သိရှိ၍ ဖော်ထုတ်ခြင်း မရှိသောကြောင့် ဖြစ်၏။ အာစရိယပရံပရပါဌ် ဖြစ်နိုင်၏။ မှတ်စု (၃၇၇) ကိုလည်းကြည့်။ တွေ့ရှိရသော အထောက်အထားအရဆိုလျှင် ပထမသင်္ဂါယနာတင်သော ဆရာတော်များမှစ၍ အတုလဆရာတော်တိုင်အောင် ဆရာစဉ်ဆက်မှတ်တမ်းလည်း အခိုင်အမာ ရှိပါ၏။ ယင်းသံယာစဉ်ဆရာဆက်များကို ရွှေတိဂုံပိဋကတ်တိုက်ရှိ ပုရပိုက်(၁၃၅၅) သာသနာဆက်နှင့်အမေးအဖြေကျမ်းတွင် ကြည့်ရှုလေ့လာနိုင်ပါ၏။

၂၁၉ - အရှင်တေဇောဒီပထေရ်၏ ပရိတ္တဋီကာပါဌ်နှင့် အမည်မသိမထေရ်တစ်ပါး

ဇိရင်သော ပရိတ္တငြိကာနိဿယ (ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၉၀) ဖြင့် နှိုင်းယှဉ် ပါ။ ဒွါရဝင် ၈၄-၆ နှင့် သာလင် ၉၁ ကိုလည်းကြည့်။

၂၂၀- မှတ်စု (၈၈) ကိုကြည့်။

၂၂၁- မှတ်စု (၂၀၈)ကို ကြည့်။

၂၂၂- သုပညာနဂရဆိန္နမင်း(အေဒီ ၈၃-၉၄)သည် သမုန္ဒရိမင်း (အေဒီ ၇၃-၈၀)၏ သားတော်ဖြစ်ပြီး အတိတျာမင်း (အေဒီ ၈၀-၃)၏ ညီတော်ဖြစ်၏။ နန်းသက် ၁၁ နှစ်၊ သက်တော် ၄၀ ၌ ကွယ်လွန်၏။ ရာဇဝင်ကြီး၊ ပ၊ ၁၃၁-၂ မှန်နန်း၊ ပ၊ ၁၈၅-၆။ တွင်းသင်း ၄၄-၅။ *GPC*, 26-7.

၂၂၃- သမုဒ္ဒရာဇ် (အေဒီ ၉၄-၁၃၉) သည် ပုဂါရာမ ခေါ် အရိမဒ္ဒနာပြည် ခေါ် ပုဂံ၏ ဘုရင် ဖြစ်၏။ ရာဇဝင်ကြီး၊ ပ၊ ၁၃၂-၆။ မှန်နန်း၊ ၁၈၇-၂၀၁။ တွင်းသင်း ၅၁-၃။ *GPC*, 25-6.

၂၂၄- ဒွတ္တဘောင်မင်းသည် 'အပါယဂတိမုပါယ်'ဂါထာဖြင့် အစချီသော ဓမ္မသတ်ကျမ်း ကို ပြု၏။ ရာဇဝင်ကြီး ၁၂၁၊ တွင်းသင်း ၂၈၊ မှန်နန်း ၁၇၄။ *GPC*, 14-20. ဒွတ္တဘောင်မင်းဓမ္မသတ်ကျမ်းမှာ အပါယဂတိမုပါယ် ဂါထာအစချီပြီး ဒွတ္တဘောင်မင်းကို ရဟန္တာထွေးတို့ စီရင်၍ အပ်သည်။ ပိမိုင်း ၁၆၀၈။ နရပတိစည်သူမင်းက ဓမ္မဝိလာသဘွဲ့ကို ပေးသော မွန်လူမျိုး ရှင်သာရိပုတ္တရာသည် မြန်မာနိုင်ငံ၏ အစောဆုံး ဓမ္မသတ်များအနက် မှ ဓမ္မသတ်ကျမ်း ပြု၏ ပါဠိဘာသာဖြင့် စီရင်ပြီး ဗုဒ္ဓဓမ္မအပေါ် အခြေခံ၏။ *PLC*, 32-3, 84-5. ဒွတ္တဘောင်မင်းဓမ္မသတ်ကို ပုဂံကျောက်စာနှင့် အင်းဝကျောက်စာများ၌ မတွေ့ရဘဲ တွေ့ရသော ဓမ္မသတ်အမည်မှာ ရာမညဒေသ၊ ဒလရှိ မွန်ရဟန်းတော် ရှင်သာရိပုတ္တ(ရာ)၏ ဓမ္မဝိလာသဓမ္မသတ်ဖြစ်ပြီး သာလင်နှင့်ဝံသတို့၌ ယင်းဓမ္မသတ်ပြုကြောင်း မဖော်ပြခဲ့ချေ။

၂၂၅- သယ်တောဓိသိရိကိတ္တိမေဃဝဏ္ဏမင်း (အေဒီ ၁၀၅၉-၁၁၁၄)သည် ပထမပရက္ကမ ဗာဟုမင်း ခေါ် သိရိသံဃဗောဓိပရက္ကမဗာဟုမင်း ဖြစ်၏။ ထိုမင်းသည် မဟာဝိဟာရဝါသီ ဂိုဏ်းကိုသာ ထား၍ သာသနာပြု၏။ ပုဂံ၌ နရပတိစည်သူလက်ထက်သည် မမှန်ပါ။ ရာဇဝင်ကြီး၊ ပ၊ ၂၁၃-၄၊ သာလင် ၅၈။ ဝံသ ၆၆-၇။ မှတ်စု (၁၈၈)နှင့် နှိုင်းယှဉ်ပါ။ *Cv* 73, 18-22, 78.

၂၂၆- အေဒီ ၁၁၈၁။ ကလျာဏီကျောက်စာ၌ ၁၁၆၅၊ *GPC* ၌ ၁၁၇၅ အဖြစ် ဖော်ပြ၏။ ဟာဗေး၏ ၁၁၈၀ ခုနှစ်အဆိုနှင့် နီးစပ်၏။ *History*, 55.

၂၂၇- နရပတိစည်သူမင်းသည် စည်သူ ၂ (အေဒီ ၁၁၇၄-၂၁၁) ဖြစ်၏။ ခေတ်ဟောင်း

၁၃၈။ နရပတိဇယသူရ လည်း ခေါ်၏။ မွန်ဏ် ၅၄။ ထိုမင်းမတိုင်မီ မင်းမဲ့ကာလ ၉ နှစ်ဟု ဆို၏။ ခေတ်ဟောင်း ၁၃၈။ ၁၁၇၃-၁၂၁၀ ဟူ၍ *History*, 54 တွင် ဆို၏။ *OBEP*, vol.I, မိုက်ကယ်အောင်သွင်က အလောင်းစည်သူ ခေါ် စည်သူ ၁ (အေဒီ ၁၁၁၃-၁၁၆၉)၊ နရသူ (အေဒီ ၁၁၆၉-၁၁၇၀)၊ မင်းယဉ်နရသိင်္ခစည်သူ ခေါ် စည်သူ ၂ (အေဒီ ၁၁၇၀-၁၁၇၄)၊ နရပတိစည်သူ ခေါ် စည်သူ ၃ (အေဒီ ၁၁၇၄-၁၂၁၁) အဖြစ် ဆက်စပ်ပြထား၏။ *MMHEB*, 22-3.

၂၂၈- ဆပဒမထေရ် ခေါ် မဟာထေရ်ဆပဋ္ဌသည် ပုဂံ၊ နရပတိစည်သူမင်းလက်ထက်၌ မင်းဆရာ မွန်လူမျိုး ရှင်ဥတ္တရဇီဝ၏ တပည့်တစ်ပါး ဖြစ်၏။ ပုသိမ်မြို့ ဆပဒရွာသား (အချို့က ငပုတော၊ စပါးထားရွာမှ) မွန်လူမျိုး ဖြစ်၏။ အသက်ပြည့်သော် သာမဏေမှ ပဉ္စင်းခံ၏။ သီဟိုဠ်၌ ပိဋကနှင့် အဋ္ဌကထာများကို သင်၍ ပုဂံသို့ ပြန်၏။ မြန်မာရဟန်းတို့ သာသနာကို အစိုးရလေသဖြင့် စုခါ ဥပုပ်ကံ မပြုဘဲ သီးခြား၍ သံဃကံပြု၏။ မြန်မာပြည်တွင်း၌ ပုဂံတွင် အနိစ္စရောက်၏။ ဤမှစ၍ မြန်မာပြည်တွင်း၌ သံဃဂိုဏ်း စတင်ကွဲပြား၏။ ရာဇဝင်ကြီး၊ ပ၊ ၂၁၅-၆၊ မှန်နန်း ၃၂၀-၂။ သာလင် ၅၉-၆၀။ ဝံသ ၈၄-၇။ မွန်ဏ် ၅၃-၄။ ဆပ္ပဒ ခေါ် ဆပဒ ခေါ် ဆပဋ္ဌမထေရ်သည် ပါဠိပညာရှင်ကျမ်းပြု သဒ္ဒါ၊ ပရမတ်၊ ဝိနည်းတတ် ကျွမ်းသော ရဟန်းတော်ဖြစ်ပြီး ဘွဲ့အမည်မှာ သဒ္ဓမ္မဇောတိပါလ ဖြစ်၏။ ဆပဒ ၁၂ ရာစုနှင့် ဆပဒ သဒ္ဓမ္မဇောတိပါလ ၁၄ ရာစု တို့မှာ ခေတ်မတူကြောင်း၊ ကျမ်းဂန်များပြုစုမှု ကွဲပြားကြောင်း၊ နှစ်ပါးဖြစ်ကြောင်းလည်း တွေ့ရ၏။ ဆပဒ (၁) နှင့် ဆပဒ (၂)ဟု ခွဲခြားကြ၏။ ထိုဖရှင်တို့ ပြုစုသောကျမ်းများမှာ ဝိသုဒ္ဓိမဂ်မဏ္ဍိပုဒ်၊ ဝိနယဂုဠ္ဌတ္ထဒီပနီ(၁)၊ နာမစာရဒီပက(၁)၊ သီမာလင်္ကာရဋီကာ(၂)၊ သင်္ခေပဝဏ္ဏနာဋီကာတို့ ဖြစ်၏။ ပိမိုင်း ၂၃၄၊ ၂၇၇၊ ၂၈၆၊ ၃၀၂၊ ၃၀၇။ *PLB*, 17-8. ဂန္ထဝံသကျမ်း၌ သုတ္တနိဒ္ဒေသကျမ်း(၂)ကို တပည့်ဖြစ်သူ ဓမ္မစာရီတောင်းပန်၍ ပြု ကြောင်းပါ၏။ ထိုကျမ်းကို အရိမဒ္ဒနာပုဂံတွင် ပြု၏။ *Sas*, 74. *PLB*, 18. သာလင် ၁၁၈-၉။ ပထမဆပဒမှာ ပုဂံရှိ နရပတိစည်သူ (၁၁၇၃-၁၂၁၀)နှင့် ပရက္ကမဗာဟု ၁ (၁၁၅၃-၁၁၈၆)လက်ထက်၌ဖြစ်ပြီး ဒုတိယဆပဒမှာ နရပတိ (၁၄၄၃-၁၄၆၉)နှင့် သီဟိုဠ် ဘုရင် သီရိပရက္ကမဗာဟု (၁၄၁၂-၁၄၆၇)လက်ထက်ဖြစ်၏။ C.E. Godakumbura, "Chapada and Chapada Saddhammajotipāla" *JBRS*, vol.LII, pt.1 (June 1969), 1-7. မာယ။ ပုသိမ်ရာဇဝင် (ရန်ကုန်၊ ဋွဲစာပေ၊ ၁၉၆၇)ကိုလည်းကြည့်။

၂၂၉ - ၂၃၀- ပုသိမ်မြို့သည် ရာမညဒေသ၌ ပါ၏။ ကုသိမ၊ ကုသိမနဂရ၊ ကုသိမရဋ္ဌ၊ ကုသုမကိတ္တိ၊ ကုသုမနဂရ၊ ကုသုမိ ဟု ပါဠိဘာသာဖြင့် ခေါ်၏။ ကူးခန်းဟုလည်း ခေါ်၏။ မွန်တို့က ကုသိမ်ဟု ရေး၏။ ယခု ပုသိမ်၊ ဆပဋ္ဌ(ဆပ္ပဒ)ရွာ ဖြစ်၏။ သန်းထွန်း။ "နိုင်ငံခြားမှတ်တမ်းတို့မှ သိရသမျှ ပုသိမ်" မြန်မာထွေထွေရာရာသမိုင်း (ရန်ကုန်၊ ယုံကြည်ချက်စာပေ၊ ၂၀၀၅)၊ ၁၆၀-၆။ *PLC*, 17.

၂၃၁- ဥတ္တရာဇီဝမထေရ်သည် ရာမညတိုင်းသား အရိယဝံသမထေရ်၏ တပည့်ဖြစ်၏။

နရပတိစည်သူမင်း၏ မင်းဆရာတော် ဖြစ်၏။ သုဝဏ္ဏဘူမိတိုင်းကို သာသနာပြုသော ရှင်သောဏ၊ ရှင်ဥတ္တရတို့၏ အနွယ်ဖြစ်၏။ ပုသိမ်မှ သီဟိုဠ်သို့ စေတီပုထိုးများကို ဖူးမြော် ရန် သံဃာအများနှင့်ကြွ၍ ဆပဒမထေရ်ကို ပဥ္စင်းခံပေး၏။ ပုဂံ၌ သီတင်းပြီး အေဒီ ၁၁၈၁ ၌ ဆပဒတို့ မရောက်ခင် ၄ ရက်ခန့်၌ သေလွန်၏။ ရာဇဝင်ကြီး၊ ပ၊ ၂၁၄။ သာလင် ၅၉-၆၀။ ဝံသ ၈၃-၆။

၂၃၂- တေမလိတ္တရွာသား ရှင်သိဝလိ၊ ကမ္ဗောဇမင်းသား ရှင်တာမလိန္ဒ၊ ကိဉ္စိပူရမြို့သား ရှင်အာနန္ဒာ၊ သိန်ခိုကျွန်းသား ရှင်ရာဟုလာတို့နှင့် ရှင်ဆပဋ (ဆပဒ ၂)တို့ ဖြစ်၏။ ရာဇဝင်ကြီး၊ ပ၊ ၂၁၄။ မှန်နန်း ၃၂၁။ တွင်းသင်း ၁၂၂။ မွန်ကို ၅၃။ ဝံသ ၈၅။

၂၃၃ - မှတ်စု (၁၀၀)ကိုကြည့်။

၂၃၄- အလောင်းစည်သူမင်းသည် ကျန်စစ်သား ခေါ် ထီးလှိုင်ရှင် ခေါ် ထိလိုင်မင်း ခေါ် ဂြိတြိဘုဝနာဒိတျဓမ္မရာဇာပရမိသွရဗလစက္ကဝရ်၏ မြေးတော် ဖြစ်၏။ ထိုမင်းကို စည်သူဟု ခေါ်ပြီး အေဒီ ၁၀၈၉ ၌ မွေး၏။ ထိုစည်သူ ၁ ကို သက်တင်ရှည်၊ ရွှေကူ ဒါယကာ တြိဘုဝနာဒိတျပဝရဓမ္မရာဇာဟုလည်း ခေါ်၏။ ထိုပုဂံဘုရားကြီးကို ၁၁၃၁၊ မေ ၁၇၊ တနင်္ဂနွေမှ ၁၁၃၁ ဒီဇင်ဘာလ ၁၇ ကြာသပတေးထိ ဆောက်၏။ နန်းသက်မှာ အေဒီ ၁၁၁၃-၆၃ ဖြစ်၏။ ခေတ်ဟောင်း ၁၄၂-၃။ မိုက်ကယ်အောင်သွင်က အလောင်း စည်သူ (စည်သူ ၁)နန်းသက် ၁၁၁၃-၆၉ ၇၀ ဟု ဖော်ပြ၏။ *MHHEB*, 22-3.

၂၃၅ - ဇမ္ဗူလှည့်လှေစကြာရှင်ဟူသည် အလောင်းစည်သူ (အေဒီ ၁၁၁၃-၆၃)ဖြစ်ပြီး လှေယဉ်တော် ရှိ၏။ သင်္ဘောစီး၍ လှေရုံရှစ်သိန်းနှင့် ခရီးလှည့်၏။ လှူရှစ်သိန်းစီးရသော သက်နက်လှေကို သိန်ခိုမင်းက ဆက်၏။ ရာဇဝင်ကြီး၊ ပ၊ ၁၉၂-။

၂၃၆ - နန်းတောင်များမင်း ဟူသည် ရာဇဝင်အလိုဖြစ်၏။ ခေတ်သစ်သမိုင်း ပညာရှင်များက နာတောင်များ၊ နားတောင်းသျှင်၊ နရသိခ်၊ ဉစ္စနာ (၁၂၃၁ ? - ၁၂၃၅) နဂသိခ်နာတောင်များ ဟု သုံးကြ၏။ ခေတ်ဟောင်း ၁၂၀။ ၁၂၁၁-၁၂၃၀ *OBEP*, vol.1.

၂၃၇ - ဈေယျသိခ်မင်းသည် နရသိခ်မင်းကို မှားဖတ်၍ ရေးခြင်း ဖြစ်၏။

၂၃၈ - ဗောဓိဝင်ဋီကာသည် မဟာဗောဓိနှင့် အာနန္ဒာဗောဓိ၊ ဒက္ခိဏာသာခါ ဗောဓိညောင်ပင်တို့၏ ဖြစ်စဉ်များကို ပြဆိုသော အေဒီ ၁၀ ရာစု၌ ပါဠိဘာသာဖြင့် ရေးသားသည့် မဟာဗောဓိဝံသနှင့် အရှင်ဥပတိဿ၏ မဟာဗောဓိဝင်ပါဠိ (အေဒီ ၁၂ ရာစု)တို့ကို ထပ်မံ၍ ဖွင့်ဆိုသော ကျမ်းဖြစ်၏။ *HPL*.93-94 ။ ယင်းဋီကာကို ပုဂံပြည် ပေါင်လောင် အရှင်မဟာကဿပ စီရင်ကြောင်း တွေ့ရ၏။ ဗောဓိဝင်ဋီကာ (တဗစ- ၁၉၈၁)။ ဗောဓိဝင်ဋီကာသည် အေဒီ ၁၁၇၄ ခန့်၌ ထီးလင်းမြို့ စီရင်စု၊ ပေါင်လောင်ရွာ

ဇာတိ ရှင်မဟာကဿပ ပြုစုသော မဟာဗောဓိဝင်ဋီကာ ဖြစ်၏။ 'သဟဿရံသိဋီကာ'ဟု ခေါ်၏။

၂၃၉ - ဦးဇော်ကျော် "ဟံသာဝတီ ၃၂ မြို့စစ်တမ်း"တက်ညာ တွဲ ၁၊ ပိုင်း ၄ (ဒီဇင်ဘာ ၁၉၆၆) ကိုကြည့်။

၂၄၀- ရာမာဓိပတိမင်း ခေါ် ဓမ္မစေတီမင်း (အေဒီ ၁၄၇၂-၉၂)သည် ၁၅ ရာစုက ရာမညဒေသရှိ မွန်ဘုရင်ဖြစ်၏။ ဗညားထော ခေါ် မွန်ဘုရင်မ ရှင်စောပု (အေဒီ ၁၄၅၃-၇၂)၏ အရိုက်အရာ ကို ရာမာဓိပတိက ဆက်ခံ၏။ မွန်ချုပ် ၆၁။ အေဒီ ၁၄၅၈ နိုဝင်ဘာလ၌ မင်းပြု၏။ မွန်ဏီ ၆၀၊ သာသုဒီ ၁၈၊ သာသုဒီနီ ၁၀၂-၃၊ *KI*, 60. သာသနာရေးဆောင်ရွက်ချက် အလွန်များ၏။ ရွှေတိဂုံ၌ အချိန် ၃၀၀၀ လေးသော (ဓမ္မစေတီခေါင်းလောင်း)ကို လှူသည်။ မွန်ဏီ ၇၇၊ ၈၀။ အေဒီ ၁၄၉၂ ၌ ကွယ်လွန်၏။ *History*, 118-20.

၂၄၁- အေဒီ ၁၄၇၅

၂၄၂- နှစ်ဆယ်ကျော် ဆိုသည်မှာ ၂၂ ပါး ဖြစ်၏။ ထိုမထေရ်တို့၏ အမည်စာရင်းမှာ ၁။ မောဂ္ဂလာန၊ ၂။ ကုမာရကဿပ၊ ၃။ မဟာသီဝလိ၊ ၄။ သာရိပုတ္တရာ၊ ၅။ ဉာဏသာဂရ၊ ၆။ သုမန၊ ၇။ ကဿပ၊ ၈။ နန္ဒ၊ ၉။ ရာဟုလ၊ ၁၀။ ဗုဒ္ဓဝံသ၊ ၁၁။ သုမင်္ဂလ၊ ၁၂။ စူဠနန္ဒ၊ ၁၃။ သောဏုတ္တရ၊ ၁၄။ ဂုဏသာရ၊ ၁၅။ ဓမ္မရက္ခိတ၊ ၁၆။ စူဠသုမင်္ဂလ၊ ၁၇။ ဇဝနပညာ၊ ၁၈။ စူဠကဿပ၊ ၁၉။ စူဠသီဝလိ၊ ၂၀။ မဏိသာရ၊ ၂၁။ ဓမ္မရာဇိက၊ ၂၂။ စန္ဒသာရ မထေရ်တို့ ဖြစ်၏။ မွန်ဏီ ၇၄-၅။ ဝံသ ၁၁၂။ *KI*, 79-80 ။ ၁၆ ဇူလိုင် ၁၄၇၆ ဗုဒ္ဓဟူးည၌ ပထမအကြိမ် ၅ ပါး၊ ၁၇ ဇူလိုင် ၁၄၇၆ ကြာသပတေးည၌ ဒုတိယ အကြိမ် ၁၀ ပါး၊ ၁၈ ဇူလိုင် ၁၄၇၆ သောကြာနေ့၌ တတိယအကြိမ် ၇ ပါး စုစုပေါင်း သုံးကြိမ်တွင် ၂၂ ပါး ပဥ္စင်းခံ၏။ ဤစာရင်းအတိအကျကို ကလျာဏီ ပါဠိနှင့် မွန် ကျောက်စာတို့မှတစ်ပါး ရာဇဝင်ကျမ်းများ၌ အစုံအလင် မပါချေ။ သီဟိုဠ်မင်းက ဘွဲ့တံဆိပ် ၂၄ ပါးလှူ၏။ မွန်ဏီ ၇၆၊ ဝံသ ၁၁၃၊ *KI* 80 ကိုလည်း ကြည့်။

၂၄၃- သီဟိုဠ်ရှိ ကလျာဏီမြစ်၌ ပဥ္စင်းခံခဲ့သော မထေရ်တို့ သိမ်သမုတ်သောကြောင့် ကလျာဏီသိမ်ဟု ရာမာဓိပတိမင်းက အမည်ပေး၏။ နေ့ရက်မှာ ၂၃ နိုဝင်ဘာ ၁၄၇၆ ဖြစ်၏။ မွန်ဏီ ၈၄၊ ၉၄၊ ၉၈။

၂၄၄- ဂိုဏ်းဆရာ ရဟန်းကြီး ၈၀၀ နှင့် ရဟန်းငယ် ၁၄၂၆ ပါးကို ၃ နှစ်ခန့် သိမ်၌ ရဟန်းခံစေ၏။ မွန်တို့ဌာနေရာမည၌ သီဟိုဠ်အနွယ် ပဥ္စင်းခံသူပေါင်း ၁၅၆၆ ပါးရှိ၏။ မွန်ဏီ ၉၂။

၂၄၅- သာသနာပြုနည်းကတိကဝတ်စာတမ်း၏ အစမှာ သီဟိုဠ်ကျွန်းရှိ ပရက္ကမဗာဟု ခေါ် မဟာပရက္ကမဗာဟု ခေါ် သိရိသယ်တောဓိပရက္ကမဗာဟုသည် အေဒီ ၁၁၆၄ ခုနှစ်က သာသနာသန့်ရှင်း စင်ကြယ်စွာ ထွန်းကားရေးအတွက် မင်းနှင့်သံဃာ အတူတကွ ပြုခဲ့ခြင်း ဖြစ်၏။ သာသနာ၏ အညစ်အကြေးဖြစ်သော ပါပရဟန်းများကို လူထွက်စေခြင်း၊ ရဟန်းကောင်းရဟန်းမြတ်များကို ထောက်ပံ့ခြင်းနှင့် စစ်မှန်သော သံဃာဂိုဏ်းကိုသာ တည်စေခြင်းတို့ကို သံဃာတော်များနှင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်လေ၏။ ဝံသ ၆၆-၇။ မွန်ဏီ ၅၂။ ထိုအတူ ဝိဇယဗာဟု ၃ ကဲ့သို့ပင် ရာမညတိုင်းမွန်သံဃာတော်တို့ ဓမ္မဝိနယကို အကြောင်းကြားစေလျက် ထုတ်ပြန်ခြင်း ဖြစ်၏။ မွန်ဏီ ၈၉-၉၁။ ဝံသ ၁၁၈ -၂၀။ *Katikāvatas: Laws of the Buddhist Order of Ceylon from the 12th Century to the 18th Century.* ed. & tr. Nandasena Ratnapala. Munchen: Kitzinger, 1971. ကိုလည်းကြည့်။

၂၄၆- ဥပ္ပဗ္ဗဇတ•Uppabbajati. To leave the priesthood, throw off the robe *DPL*, 536. ရဟန်းအဖြစ်ကို စွန့်စေသည်။ သက်န်းချွတ်ပစ်သည်။

၂၄၇- အနော်ရထာမင်းကြီးသည် တောင်ဘက် ၉ ခရိုင်ကို ပြုစုသောအခါ မြင်စိုင်းမြို့ ပါဝင်၍ မိုးမိတ်စော်ဘွား တောင်းသဖြင့် ပေး၏။ အဝမြို့နယ်၏ တောင်ဘက်၌ ရှိ၏။ လေးရာပြုမြို့ဖြစ်ပြီး သစ်တီးလယ် ၉ ခရိုင်ပါဝင်၏။ ဓမ္မဒီပ၊ ၃၇၊ ၅၆၊ ၉၇၊ ၉၈၊ ၁၁၆-၇၊ ၁၂၆၊ ၁၃၅။ အေဒီ ၁၃၀၄ ၌ ရှမ်းညီနောင် ၃ ဦးအနက် ရာဇသင်္ကြံသည် မြင်စိုင်း၌ နန်းတည်၏။ ရာဇဝင်ကြီး၊ ပ၊ ၂၅၈။

၂၄၈- စကိုင်း ခေါ် စစ်ကိုင်းသည် ၆၅၃ တာ ကျယ်ပြီး အေဒီ ၁၃၁၅ ၌ တည်၏။ အရှေ့နှင့်တောင်၌ ဧရာဝတီ၊ အနောက်၌ ဆောက်တောအင်းထွက်ချောင်း၊ မြောက်၌ မန်းကျည်းစဉ်တို့ရှိ၏။ ဓမ္မဒီပ၊ ၃၇၊ ၉၅-၆။ အေဒီ ၁၃၂၂ ၌ သစ်မြို့၊ ၁၃၂၃ ၌ အုတ် မြို့တည်၍ အသခ်ယာစောယွမ်း မင်းပြု၏။ ရာဇဝင်ကြီး၊ ပ၊ ၂၇၀။ မှတ်စု (၂၄၉)ကို လည်း ကြည့်။

၂၄၉- ပင်းယ ခေါ် ပန်းယကို အနော်ရထာသည် အေဒီ ၁၂၀၉ ၌ တည်ပြီး ၈၄၀ တာ ရှိ၏။ တမ္ဗဒီပနှင့် မိုးမိတ်၏ တောင်ဘက်၌ ရှိပြီး ရာပြုမြို့ ဖြစ်၏။ ဓမ္မဒီပ ၂၈၊ ၃၆-၇၊ ၅၆၊ ၈၄၊ ၁၁၂ ၁၁၆-၇၊ ၁၃၅။ ပင်းယ၏ မြို့အမည်မှာ ပံပ (ရုပ)၊ ပံယ (ယုဝ)၊ ပင်းပ၊ ပန်းရ၊ ဝိဇယာပူရ ဟုလည်း ခေါ်၏။ ခေတ်ဟောင်းဘိ ၉၅။ သီဟသူသည် မြို့ကို ကြည့်သောအခါ ရွှေပန်းရ၍ ပန်းရ ဟု ခေါ်၏။ အေဒီ ၁၃၁၂ ၌ မြို့၊ နန်းတော်၊ ရွှေစည်းခုံ၊ ကျုံးစသည့် (၇) ဌာနတည်၏။ ရာဇဝင်ကြီး၊ ပ၊ ၂၅၉။ ဝိဇယပူရမြို့ဟု သမုတ်ပြီး သိရိတရိဘဝနာဒိတျာပဝရသီဟသူဓမ္မရာဇာ အမည်ခံ၏။ ဆင်ဖြူမ ရ၍ တစ်စီးရှင် ခံ၏။ တွင်းသင်း၊ ပ၊ ၁၇၀။ ကျောက်စာ၌ ဆင်ဖြူအသျှင်မင်းကြီး သီဟသူရ (သီဟသူ၊ သိက်သူ)၏ ဘွဲ့အမည်မှာ သိရိပဝရတိတျဓမ္မရာဇာ ဖြစ်၏။ သီဟသူ (၁၃၀၀-၁၃၂၂) သည် နန်းသက် ၂၂ နှစ်ရှိပြီး ၅၅ နှစ်၌ ကွယ်လွန်၏။ သီဟသူမှ အင်းဝမြို့တည်

သတိုးမင်းဖျားထိ မင်းဆက် ၈ ဆက်မျှ ရှိ၏။ ရှေးကျောက်၊ စ၊ ၁၂၁-၂၊ ၂၃၀ ကိုလည်းကြည့်။ ၂၈ ဒိဇင်ဘာ ၁၇၄၁ ၌ နန္ဒသီရိကျော်သည် ပင်းယကို အပိုင်စားရ၏။ **စမ္မူဒီပ ၁၄၉။ ပုဂံ၊ အဝ၊ ပင်းယ၊ မြင်စိုင်းကို တမ္ဗဒီပတိုင်းဟုလည်း ခေါ်၏။ ရာဇဝင်သစ်၊ တ၊ ဃ။**

၂၅၀- J.S. Furnivall, "The History of Syriam, သံလျင်ရာဇဝင်" *JBRS*, vol.v (1915) 1-11, 49-57, 129-138 နှင့် ဦးဇကျော်။ "ဟံသာဝတီ ၃၂ မြို့စစ်တမ်း" တက်ညာ တွဲ ၁၊ ပိုင်း ၄ ကိုကြည့်။

၂၅၁- သက္ကရာဇ် ၇၂၉ (အေဒီ ၁၃၆၄)၌ အဝ (အင်းဝ)ကို သတိုးမင်းဖျားတည်၏။ **စမ္မူဒီပ** ၃၇။ ၁၃၆၃ ခုနှစ်၌ မုတ္တမ၊ ထားဝယ်၊ ရခိုင်၊ မွန်နှစ်တိုင်း အပြင် ယွန်း၊ ပဲခူး၊ မြောင်းမြ၊ ရခိုင်၊ ကာလေး၊ မိုးညှင်းထိ နိုင်ငံတော်အဖြစ် တိုင်းပြည်ချဲ့၏။ ရှေးကျောက်၊ စ၊ ၁၂၉၊ ၁၃၃။ သတိုးမင်းဖျား (၁၃၆၄-၇) သည် အသက် ၂၄ နှစ်၊ နန်းသက် ၃ နှစ် ရှိ၏။ မှတ်စု (၂၄၉) ကိုလည်းကြည့်။

၂၅၂ - ကထာဝတ္ထုအဋ္ဌကထာသည် ကထာဝတ္ထုကို အကျယ်ဖွင့်သောကြောင့် ခေါ်ခြင်းဖြစ်၏။ ပိမိုင်း ၁၇၅။ သီဟိုဠ်ကျွန်း မဟာနာမမင်းလက်ထက် ရှင်ဗုဒ္ဓဃောသ စီရင်သည်။ ဗုဒ္ဓဘာသာဂိုဏ်းကွဲများအကြောင်းနှင့် ဗုဒ္ဓဘာသာအတွေးအခေါ်အကြောင်း ဖြစ်၏။

၂၅၃ - သာရတ္ထဒီပနီဋီကာသည် ဋီကာကြီး ၃ စောင်အနက် ပါဝင်၏။ သီဟိုဠ်ကျွန်း ဗုဒ္ဓဒါသမင်း၏ သားတော် ရှင်သာရိပုတ္တရာ ခေါ် ရှင်သာရိတနုဇ ခေါ် ရှင်မဟာမိပါဒ စီရင်၏။ ပိမိုင်း ၂၃၉။ မူရင်းကျမ်း၌ ကျမ်းပြုသူအမည် မပါရှိသော်လည်း ဗုဒ္ဓနာဂသည် သူ့ဆရာဖြစ်သူ ရှင်သာရိပုတ္တရာပြုကြောင်း ဖော်ပြ၍ သိရသည်။ ၁၂ ရာစု သီဟိုဠ်ကျွန်း ပရက္ကမဗာဟု ၁ (၁၁၅၃-၁၁၈၆ အေဒီ)လက်ထက် သံဃာများ၏အခြေအနေကို ဖော်ပြထား၏။ ကျမ်းပြုဆရာပေးသော ကျမ်းအမည်မှာ 'လီနသာရတ္ထဒီပနီ' ဖြစ်၏။ ကျမ်း၌ ကဿပအမည်ကို 'သံဃဿ ပရိဏာယကံ'ဟု ဖော်ပြပြီး အနုထေရသုမေဓကို ရှင်သာရိပုတ္တရာ၏ဆရာအဖြစ် ဖော်ပြထား၏။ *HPL*, 172. ရန်ကုန်မြို့၊ ဗုဒ္ဓသာသနအဖွဲ့မှ ၁၉၆၀ ခုနှစ်တွင် အတွဲ(၃)တွဲ ထုတ်ဝေခဲ့၏။ မှတ်စု (၃၀၆)ကိုလည်းကြည့်။

၂၅၄ - တရပတ်သည် ရဟန်းသံဃာများ အသုံးပြုသော (ထန်းရွက်)ယပ်တောင်တစ်မျိုး ဖြစ်၏။ "a kind of fan, used by priests. ယုဒသန်မြန်မာအင်္ဂလိပ်အဘိဓာန်။ ၅ ကြိမ် (ရန်ကုန်၊ နှစ်ခြင်းသာသနာစာပေတိုက်၊ ရန်ကုန်)၊ 469 ။ ခေတ်ဟောင်းဘိ ၅၇ ကိုလည်းကြည့်။ သရပတ်ဟုလည်း ခေါ်၏။ ယပ်နှင့် မကွဲပြားချေ။ သရပတ်သည် (ပေရွက်ဖြင့်) စက်ဝိုင်းသဏ္ဌာန်ပြုအပ်သော (ဆင်စွယ်ဖြင့်) အရိုးမတ်စောက်တပ်ထားသော ယပ်တောင် ဖြစ်၏။ သီလဝိ ၉၆-၇။

၂၅၅ - ဦးထုပ်ဆောင်း၊ ဒုကုတ်တင်ခြင်းနှင့်စပ်လျဥ်း၍ ကဝိလက္ခဏာသတ်ပုံ၌ 'ဒုကုဋ်တင်တုံ၊ သက်န်းရုံ၊ တူစုံမရှက်ထွေး'ဟု ပါရှိ၏။ ဒုကုဋ် ခေါ် ဒုကုတ်ဟူသော ပခုံးထက်၌ သင်္ကန်းတင်ခြင်း၊ သာမဏေတို့အား ရွာဝင်လျှင် လက်ကတော့ထိုးခြင်း၊ ရင်ဖွဲ့ ခေါ် ရင်စည်း ခေါ် ဥရဗန္ဓ ဟူသော ရင်ဖွဲ့စည်းခြင်းတို့ပြုရန် သက္ကရာဇ် ၁၀၆၀ ခုနှစ်ခန့်တွင် ဇန်ကျီ တွင်းရပ်၊ တုံရွာနေ ဂုဏာဘိလင်္ကာရ မဟာထေရ်က စ၍ ဟောပြောဆုံးမရာမှ တုံဂိုဏ်းဖြစ်ပေါ်လာခြင်း ဖြစ်၏။ ဒေါက်ချာဟူသည် ငှိုပ် > ငှောပ် > ငှိုပ် > ငှောပ်ချာ > ဒေါက္ချာ၊ ဒေါက်ချာ၊ တောက်ချာကို ဆိုလိုခြင်း ဖြစ်၏။ တုံဂိုဏ်းသားတို့သည် ဒုကုတ်တင်ခြင်း၊ လက်ကတော့ထိုးခြင်း၊ ရင်စည်းခြင်း၊ ဦးထုပ်ဆောင်းခြင်းတို့ကို ပြုမူရာမှ အတင်အရုံ ပြဿနာသည် ပေါ်ပေါက်လာခြင်း ဖြစ်၏။ ဦးဆန်းထွန်း။ ကဝိလက္ခဏာဝိသောဓနီ(မန္တလေး၊ ကဝိလက္ခဏာစာအုပ်ဆိုင်၊ ၁၉၆၁)။ ၄၇၉-၈၄။ သာလင် ၁၈၀-၅။ ဒွါရဝင်၊ ၂၂၃-၈။ ဦးထုပ်ဟူသည် ခေါင်းစွပ်ကို နာဋ်ပဋ္ဋ ခေါ် ဦးထုပ် ဖြစ်၏။ အဘိနိသစ်ဂါထာ ၂၉၄။ ချပ်ဝတ်၊ သင်တိုင်း ဟူသော အနက် လည်း ရှိ၏။ ပါဠိဝေါဟာရ၌ 'ကဥ္စုက၊ ဝါရဝါဏ'ဟူ၍ ရှိ၏။ ဦးထုပ်ဟူသည် ဦးထုပ်ပြား၊ မိုးကြိုးသွား၊ မြွေခေါင်းစိမ်း၊ ပတောင်းထိပ်ကြီး၊ စွန်မြီး၊ လင်းနို့တောင်၊ ဆွမ်းကော်ယောင်၊ ဦးထုပ်ဒေါက်ချာများကို ဆောင်းကြသည့် တောနေအရညဝါသီကေစာရ ခေါ် တောကျောင်း နေရဟန်းများ၏ အသုံးအဆောင်တစ်မျိုး ဖြစ်၏။ ဒွါရဝင်၊ ၂၄၃ ကိုလည်းကြည့်။

၂၅၆- စစ်ကိုင်းရှင် ဓမ္မရာဇဂုရုသည် တိသာသနဓဇထံ၌ ပိဋကကျမ်းဂန်အစုံအလင်ကို သင်ယူ၏။ စစ်ကိုင်းရှိ ရွှေဥမင်၌ သင်ယူပြီး ဖြေရှင်းရန် ခက်ခဲသောကိစ္စများတွင် အလွန် ကျွမ်းကျင်၏။ ရဟန်းများကို စစ်ကိုင်း၌ပင် ပိဋက ၃ ပုံကို ပြန်လည်ပို့ချရာတွင် ကျော် စောသဖြင့် စစ်ကိုင်းရှင် အဖြစ် ခေါ်ကြ၏။ သာသုဒီ ၁၀၊ သာသုဒီနီ ၈၃-၄။

၂၅၇- ပစ္ဆိမာဝန်ဆရာ (၁၅၈၆-၁၆၆၃)သည် အရှင်ဓမ္မရာဇဂုရု၏ တပည့်ဖြစ်၏။ တိသာသနဓဇ၏အနွယ် ဖြစ်၏။ ၁၆၄၈ ခုနှစ်၌ ပစ္ဆိမာဝန်ကျောင်းတော်ကို 'မဟာသီရိ သဒ္ဓမ္မကိတ္တိ'ဘွဲ့တံဆိပ်နှင့်အတူ အလှူခံရတော်မူ၏။ ညောင်စည်ကေတုဘုရားအနီးရှိ လမ်း အနောက်၌ မွေး၏။ ၁၅၈၆ ခုနှစ်တွင် မွေး၍ သက်တော် ၇၇ နှစ်၌ လွန်၏။ အရှင် တိသာသနဓဇ၏နည်းနာအတိုင်း သံယာကံဆောင်ခြင်း၊ သိမ်များကိုသမုတ်ခြင်း၊ ကထိန်၊ ဉတ်တင်ခြင်းကိစ္စများ၌ အလွန်နာမည်ကျော်၏။ သမဏဝံသ(ကွန်ပျူတာမူ) ဦးသန်း ထိုက်စာစု၊ ရန်ကုန်။

၂၅၈- ဇေတဝန်ရှင်တိသာသနဓဇသည် အင်းဝမြို့ဖွားဖြစ်ပြီး သိရိသဒ္ဓမ္မကိတ္တိမထေရ်ထံ၌ ၁၈ နှစ်တွင် ဆရာခံ၍ ပညာသင်၏။ နည်းမရ၍ ပုဂံမြို့ရှိ မဟာသူတော်ကြီးထံ၌ တပည့် ပြုကာ နည်းစုံကို သင်ယူတတ်မြောက်၏။ တောင်ငူတွင် ပဥ္စင်းခံပြီးနောက် ၁၅၅၀ ခုနှစ်၌ ဟံသာဝတီရောက်၏။ အသက် ၄၃ နှစ်ပြည့်လျှင် စစ်ကိုင်း၊ ဇေတဝန်ကျောင်း၊ စကားဥမင် ၌ နေ၏။ ဇေတဝန်ကျောင်းကို အုပ်ချုပ်၍ စာပေကျမ်းဂန်များကို သင်ကြားပေးရ၏။ ၁၅၅၆ ခုနှစ်၌ ဟံသာဝတီဆင်ဖြူများရှင်သည် အဝကို အောင်နိုင်လျှင် ဇေတဝန်ရွှေ ကျောင်းကို ဆောက်လှူခါ တိသာသနဓဇ ဟူသော ဘွဲ့တံဆိပ်ကို အပ်လှူ၏။ ဤတိသာသန
၁၈၀

ဇေကား တောင်ငူရှင် ဖြစ်ပြီး တပြက်သာမြို့တိုသာသနစဝ မဟုတ်ချေ။ သာသုဒီ ၉၊ သာသုဒီနိ ၈၀-၃။ သာလင် ၁၄၉-၅၆။ ဟံသာဝတီရောက်မင်းဘိုးတော်လက်ထက်၌ လေသာကျောင်းဆရာတော်က ဦးထုပ်ဆောင်း၊ တရပတ်ကိုင်ရန် နှုံးဆော်သဖြင့် အကျင့်ပျက်ပြားသည်။ သာလင် ၁၅၅-၆။

၂၅၉- အံသကိုက်-အပေါ်ရုံသက်န်းအတွင်းမှထား၍ ဝတ်သော သင်္ကန်းငယ်။ မြန်ဘိ ၄၃၆။

၂၆၀- လေသာကျောင်းဆရာတော်သည် ဇေတဝန်ဆရာတော်၏ တပည့်ရင်းနှစ်ပါး ဖြစ်သည့် လေသာဆရာရှင်ဇေတယန္တနှင့် ရှင်ဉာဏဓသီတို့သည် လေသာကျောင်း၌ ပြောင်းရွှေ့သီတင်းသုံးပြီး လေသာဆရာရှင်ဇေတရန္တဇေဘွဲ့ကို အောင်မြေစံလွတ်ကျောင်းတော်ကြီး ဒါယကာတော် ဘုရားဘိုးတော်မင်းတရားက လှူ၏။ အောင်မြေစံလွတ်ဆရာတော်မရှိလျှင် သုဓမ္မာရာဇာစိရာဇာဂုရုတံဆိပ်တော်နှင့် ထိုကျောင်းကို တင်လှူတော်မူခြင်း ခံရ၏။ ကျမ်းဂန်နှံ့စပ်သော ပုဂ္ဂိုလ်ဖြစ်ပြီး သက္ကတကျမ်းများဖြစ်သော ရာဇမတ္တံကျမ်း၊ ပြို့ဟဒ်ကျမ်း၊ ဆေးကျမ်း၊ ဓိန္တောပစ္စဘုတ်ရောဂဝိနိစ္ဆယ၊ ဒြဗျဂုဏ်း၊ ဓာတ္တုန္တရီကျမ်းတို့ကို မာရ်အောင်ရတနာစေတီဒါယကာလျှောက်သဖြင့် နိဿယမြန်မာပြန်၏။ အာစရိယဝံသစာတမ်း(ကွန်ပျူတာစာမူ) ဦးသန်းထိုက်စာစု၊ ရန်ကုန်။

၂၆၁ - မှတ်စု (၂၅၅)ကိုကြည့်။

၂၆၂- လင်းနို့တောင်သည် ယပ်တောင်ကဲ့သို့ အဝန်းဝိုင်းပုံစံမဟုတ်ဘဲ လင်းနို့တောင်သဖွယ် ပြုလုပ်ထားသောအရာ (ယပ်တောင်) ဖြစ်၏။ တရပတ်ဟုလည်း ခေါ်၏။ မှတ်စု (၂၅၄)ကို လည်းကြည့်။

၂၆၃ - ဝိသုဒ္ဓိမဂ် ခေါ် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကို ရှင်မဟာဗုဒ္ဓဃောသ ခေါ် မုဒန္တခေဒကသည် သီဟိုဠ်ကျွန်းတွင် ပြုစုခဲ့ခြင်း ဖြစ်၏။ အသေးစိတ်ကို ဦးသန်းထိုက်(သုတေသန)။ "ကမ္ဘာကျော်ဝိသုဒ္ဓိမဂ္ဂကျမ်းကြီး" **စစ်တမ်း၊ပ၊** ၁၀၉-၃၄ တွင် ကြည့်ပါ။ *HPL*.123-6.

၂၆၄- ကျစွာမင်း (ကျွစွာ)သည် ပုဂံဘုရင်ဖြစ်ပြီး အေဒီ ၁၂၃၅-၁၂၄၉ ? နန်းစံ၏။ စဝ်ကြီးဟုလည်း ခေါ်၏။ ခေတ်ဟောင်း ၁၄၇-၅၁။ ဓမ္မရာဇာဘွဲ့ခံ၍ တရားနှင့်အညီ မင်းပြု၏။ ကျမ်းဂန်နှံ့စပ်ပြီး အလေ့အလာများ၏။ သဒ္ဒါအကျဉ်း၊ ပရမတ္ထအကျဉ်း၊ ပရမတ္ထဗိန္ဒုကျမ်းနှင့် သဒ္ဒဗိန္ဒုကျမ်းတို့ကို ပါဠိဘာသာဖြင့် ပြုစုခဲ့၏။ စာဆိုတော် ၃၉။ ပိမိုင်း ၂၈၉။ သဒ္ဒဗိန္ဒုဋီကာ၏ အမည်မှာ သဒ္ဒဗိန္ဒုဝိနိစ္ဆယ ဖြစ်ပြီး ပြုစုသူမှာ သီရိသဒ္ဓမ္မကိတ္တိမဟာဖုဿဒေဝ ဖြစ်၏။ ပရမတ္ထဗိန္ဒုဋီကာကို မဟာကဿပက ပြုစု၏။ *PLB*, 25. ပိမိုင်း ၄၁၀ တွင် သဒ္ဒဗိန္ဒုဋီကာကို ကျစွာမင်း ပြုကြောင်း ဆို၏။

၂၆၅- အဝမ္မဝါဒီ (၁၇)ဂိုဏ်းသည် ထေရဝါဒမှတစ်ပါး အခြားသော ထေရဝါဒမှ ကွဲသော

ဂိုဏ်းများနှင့် မဟာသီဂီတိခြောက်ဂိုဏ်းကို ဆိုလို၏။ ၁။ မဟာသံဃိက ခေါ် မဟာသီဂီတိ၊ ၂။ ဂေါကုလိက၊ ၃။ ကေဗျောဟာရိက၊ ၄။ ပဏ္ဏတ္တိဝါဒ၊ ၅။ ဗာဟုလိယ၊ ၆။ ဗဟုဿုတိက၊ ၇။ စေတိယဝါဒ၊ ၈။ မဟိသာသက၊ ၉။ ဝဇ္ဇိပုတ္တက၊ ၁၀။ မှေ့ါတ္တရိက၊ ၁၁။ ဘဒ္ဒယာနိက၊ ၁၂။ ဆန္နာဂါရိက၊ ၁၃။ သမ္မိတိ၊ ၁၄။ သဗ္ဗတ္ထိကဝါဒ၊ ၁၅။ မဟေဂုတ္တိက၊ ၁၆။ ကဿပိက၊ ၁၇။ သင်္ကန္တိက၊ ၁၈။ သုတ္တဝါဒ တို့ ဖြစ်၏။ စုစုပေါင်း (၁၈) ဂိုဏ်းကို အဋ္ဌာရသနိကာယ သို့မဟုတ် အဋ္ဌာရသာစရိယာကုလ အဖြစ် ဒီပဝံသ၊ မဟာဝံသ၊ သာရတ္ထဒီပနီတို့၌ ပါရှိ၏။ မှတ်စု (၁၅၁)ကိုလည်း ကြည့်။

၂၆၆- ရှင်သာရိပုတ္တရာသည် သီဟိုဠ်ကျွန်း သိရိမဟာပရက္ကမဗာဟုမင်းလက်ထက်၌ ထင်ရှားသော ကျမ်းပြုဆရာတော် ဖြစ်၏။ ဗုဒ္ဓါဒါသမင်း၏သားတော်ဖြစ်ပြီး ရှင်သာရိတနုလ ရှင်မဟာသာမိပါဒဟုလည်း ခေါ်၏။ ပိမိုင်း ၂၀၂။ မှတ်စု (၂၅၃၊ ၂၆၇)ကိုလည်းကြည့်။

၂၆၇- သီဟိုဠ်ရှင်မဟာကဿပသည် သီဟိုဠ်ရှင်သာရိပုတ္တရာ၏ ဆရာ ဖြစ်၏။ စောဠ တိုင်း၌ သီတင်းသုံး၏။ ပိမိုင်း ၂၄၁။ မှတ်စု (၂၅၃၊ ၂၆၆)ကိုလည်းကြည့်။

၂၆၈ - ဝိနည်းဋီကာတွင် ဝဇိရဗုဒ္ဓိဋီကာ၊ သာရတ္ထဒီပနီဋီကာ၊ တေရသကဏ်ဋီကာ၊ ဝိမတိ နောဒနီဋီကာ၊ သာရတ္ထမဉ္ဇူသာ အင်္ဂုတ္တရဋီကာ၊ ကင်္ခါဝိတရဏီပေါရာဏဋီကာ၊ ဝိနယတ္ထ မဉ္ဇူသာ တို့ပါဝင်၏။ *HPL*, 169-74 ထို့အပြင် ပင်းယမြို့၊ သီဟသူမင်းလက်ထက်၊ ပလိပ်ရွာအရှေ့မြို့သစ်နေ ရှင်သိရိမင်္ဂလပြုသော ပါရာဇိကကဏ်ယောဇနာနှင့် ကံဖြူရွာ ဇာတိဒကိုဏရာမတိုက်နေ ဇာဂရာဘိဝံသဓဇတိပိဋကဓရမဟာဓမ္မရာဇဂိရာဇဂုရုပြုသော ပါစိတျာဒိအဋ္ဌကထာယောဇနာတို့လည်း ရှိ၏။ ပိမိုင်း ၂၄၃-၄။

၂၆၉- အဘိဓာန်သည် အေဒီ ၁၂ ရာစုခန့်က သီဟိုဠ်ကျွန်း ပရက္ကမဗာဟုမင်းလက်ထက် ရှင်မောဂ္ဂလာန်၏ ပါဠိဘာသာဖြင့် ပြုစုသော အဘိဓာနပ္ပဒီပိကာကျမ်း ဖြစ်၏။ ဂါထာအမှတ် ၂၉၄ ဖြစ်၏။ 'ကဥ္စုက' အကြောင်း ဖွင့်ဆို၏။ ဂါထာပေါင်း (၁၂၀၃) ပါရှိ၏။ အလားတူ အဘိဓာန်မှာ အမရကောသသင်္ကတအဘိဓာန် ဖြစ်ပြီး မောင်းထောင် ဆရာတော် ရှင်ဉာဏာဘိဝံသကိုယ်တိုင် နိဿယပြန်၏။ ပိမိုင်း ၁၀၀၄။

၂၇၀-၂- အတုလဆရာတော်၏ ရေးသားချက်ဖြစ်သော ပြည်ဘုရင်သတိုးမင်းစော လက်ထက်တွင် သိန်ခိုကျွန်းမှ သီဟိုဠ်ရဟန်းနှစ်ပါး ရောက်ကြောင်းသည် အမှတ်မှားခြင်း ဖြစ်၏။ အေဒီ ၁၄၂၉ တွင် သိန်ခိုကျွန်းမှ သီရိသဒ္ဓမ္မလင်္ကာရနှင့် သီဟဠမဟာသာမိတို့ သရီရဓာတ်တော် ၅ ဆူကို ပုသိမ်သို့ ရောက်၏။ ရာဇဝင်ကြီး၊ ၃၊ ၆၂။ ထိုနှစ်သည် မိုးညှင်းမင်းတရားလက်ထက် ဖြစ်၏။ ဇာတာတော်ပုံ ၄၆။ တဖန် မောင်းထောင်ဆရာတော် ကလည်း သက္ကရာဇ် ၈၀၄ (အေဒီ ၁၄၄၂) ထူပါရုံဒါယကာနရပတိကြီးသား မင်းကြီးစွာ လက်ထက်၌ ရောက်ကြောင်း မှားယွင်းစွာ ဆို၏။ သာလင် ၃ နှင့် ဝံသ ၁၄၀ ၌ ပါရှိသော အဆိုမှာ မှန်၏။

၂၇၃- ဂါမဝါသီ • မြို့ရွာနေရဟန်း၊ မြန်ဘီ ၇၄။

၂၇၄- တုံဘုန်းကြီးသည် ဇန့်ကျီတွင်းအရပ် တုံရွာ၌နေသော ရှင်ဂုဏာဘိလင်္ကာရ ဖြစ်၏။ ထိုမထေရ်ကြီးသည် သာမဏေတို့အား ရွာသို့ဝင်လျှင် ကိုယ်ဝတ်တင်ခြင်း၊ သင်္ကန်းငယ်ကို ပခုံးတင်ခြင်း၊ ရင်ဖွဲ့စည်းခြင်းဖြင့် ဆုံးမပြီး ထိုမထေရ်ကြီးကို အစွဲပြု၍ တုံဂိုဏ်းခေါ် အတင်ဂိုဏ်းအဖြစ် ထင်ရှားစေ၏။ သာသုဒ် ၂၇-၈၊ သာသုဒ်နိ ၁၂၇-၁၂၉။ တုံဂဏ ခေါ် တုံဂိုဏ်းကို ဥတ္တရာသင်္ဂဏ ခေါ် ဥတ္တရာသင်္ဂိုဏ်း၊ သံဃာဋ္ဌာရောပနဂဏ ခေါ် ဒုကုဋ်တင်ဂိုဏ်း ဟုလည်း ခေါ်၏။ သာသုဒ် ၇၊ သာသုဒ်နိ ၇၅-၆။

၂၇၅- မှတ်စု (၂၇၀-၂) ကို ကြည့်။

၂၇၆- အရညဝါသီ • တော၊ တောကျောင်း၌ နေသော ပုဂ္ဂိုလ်၊ တောနေရဟန်း။ ခေတ်ဟောင်း ၂၂၁။ မှတ်စု (၂၈၀) ကိုလည်း ကြည့်။

၂၇၇- သံဃဘေဒက • သံဃာကို သင်းခွဲသောသူ၊ ပါမြန်ဘီ ၉၄၇။

၂၇၈- တောင်ငူမြို့ ရှင်ဗုဒ္ဓကိုရ၊ ရှင်စိတ္တ၊ တပယင်းမြို့ ရှင်သုနန္ဒ၊ တရုပ်မြို့ ငရဲအိုရှင်ကလျာဏတို့က သာမဏေတို့ ရွာဝင်လျှင် လက်ကတော့ မတင်၊ ဦးထုပ်တရာဘတ် မဆောင်းမကိုင်စေဘဲ ယပ်ကိုသာ ကိုင်စေလျက် အရုံတောနေဂိုဏ်း ထောင်၏။ ကျမ်းဂန်တတ်စွမ်း၏။ သာလင် ၁၈၁။ ဦးထုပ်မဆောင်း၊ ဒုကုဋ်တင်တုံနွယ် ဖြစ်သည်။ ဝံသ ၁၄၃။

၂၇၉- မှတ်စု (၂၆၅) ကို ကြည့်။

၂၈၀- အရည်းကြီးသည် အရိယ သို့မဟုတ် အရည ပုဒ်မှ ဆင်းသက်လာခြင်း ဖြစ်ဟန်တူ၏။ ပုဂံခေတ်၌ အရညဝါသီ၊ အရည် ဟု ခေါ်၏။ ခေတ်ဟောင်း ၂၂၁-၂။ သိက္ခာမတင် သိမ်မဝင်ဘဲ ရသေ့ရဟန်းအသွင်နှင့်နေသူကို အရည်းဟု ခေါ်၏။ သာလင် ၁၂၈။ ထိုဝေါဟာရသည် နှောင်းခေတ်နာမည်ပျက်ဖြင့် သိသကဲ့သို့ မဟုတ်ဘဲ ပုဂံခေတ်၌ အရည ကင်စုတင်ဆောင်ခြင်း၊ အရိယာ ခေါ် မနိုပ်စက်သူ၊ သူတောင်စင် ဖြစ်ခြင်းတို့နှင့် ဆက်စပ်မှုရှိ၏။ *JBRS*, vol.9, pt.3, pp-155-6. vol.10, pt.2, 82-3; vol.10, pt.1, pp-28-30, vol.10, pt.3, pp-158-9. ကိုကြည့်။

၂၈၁ - ဟံသာဝတီရောက် ဟူသည် လောကသရဖူဒါယကာ မဟာဓမ္မရာဇာဓိပတိ (အေဒီ ၁၇၃၃-၅၂) ဖြစ်၏။ မှတ်စု (၁၈၂)ကိုလည်းကြည့်။

၂၈၂ - စနေမင်း။ သက္ကရာဇ် ၁၀၆၀၊ တော်သလင်းလဆန်း ၉ ရက် (၂ စက်တင်ဘာ

၁၆၉၈) သားတော်အိမ်ရှေ့မင်း ထီးနန်းဥကင်ဖွင့်၍ မင်းဖြစ်၏။ သိရိမဟာသီဟသူရ သုဓမ္မရာဇာ တံဆိပ်ခံ၏။ သာလင် ၁၈၀။ ထိုဘွဲ့တံဆိပ်နှင့်မတူသောအမည်မှာ မဟာရာဇဝင်ကြီး၊ တ၊ ၌ 'သိရိမဟာသူရသုဓမ္မရာဇာ'၊ ရာဇဝင်သစ်၊ တ၊ ၁၂၃ ၌ 'သိရိမဟာသုဓမ္မရာဇာ' ဖြစ်၏။ တံဆိပ်ခံသောရက်ကို ၃၀၊ ဩဂုတ်၊ ၁၆၉၈ ဟု တွေ့ရ၏။ ရာဇဝင်သစ်၊ တ၊ ၁၂၃။ ထိုစနေမင်းသည် တနင်္ဂနွေမင်း ခေါ် သိရိပဝရမဟာဓမ္မရာဇာ ဓိပတိ (အေဒီ ၁၇၁၄-၁၇၃၃)၏ ခမည်းတော်ဖြစ်ပြီး ဟံသာဝတီရောက်မင်းတရား (ခေါ် မဟာဓမ္မရာဇာဓိပတိ ၁၇၃၃-၁၇၅၂)၏ ဘိုးတော် ဖြစ်၏။ ဟံသာဝတီသို့ ပါ၍ ဟံသာဝတီရောက်ဟု တွင်၏။ ဟံသာဝတီရောက်မင်းသည် ညောင်ရမ်း ၁၀ ဆက်၌ နောက်ဆုံးမင်းဖြစ်ပြီး နန်းကျဘုရင်ဟု ထိုစဉ်က ခေါ်သဖြင့် အလောင်းမင်းတရား လက်ထက်၌ ထိုအမည် မခေါ်စေရန်၊ ခေါ်လျှင် အာ'ဟက်' မည်ဖြစ်ကြောင်း အမိန့်ထုတ်၏။ မုံရွေးရာဇဝင် ၃၄၀။ ထိုမှစ၍ ဟံသာဝတီရောက်မင်းအဖြစ် ထင်ရှား၏။ သာလင် ၁၈၃-၄ ၌ မဟာရာဇာဓိပတိဟု ဆို၏။ တိုင်းရေးပြည်ရေးမှု၌ စိတ်မဝင်စားဘဲ အပျော်အရွှင်နှင့် အနေများကြောင်း ဆို၏။ ၁၃ အောက်တိုဘာ ၁၇၅၄ စည်တီးအရပ်အောက်၊ ထနောင်းဆိပ်တွင် ရေ၌ ဖျောက်ဖျက်ခံရ၏။ ရာဇဝင်သစ်၊ တ၊ ၁၆၈။ စာဆိုတော် ၁၃၂-၄။

၂၈၃- ကျမ်းဂန်နံ့စပ်သော စာချပုဂ္ဂိုလ် ဖြစ်၏။ သုစိတ္တာလင်္ကာရကျမ်းကို ပါဠိဘာသာဖြင့် စီရင်၏။ မန်လည်ဆရာတော်၏ ဆရာရင်း ဖြစ်၏။ အသက်ကြီးမှ လူထွက်ပြီး သူတော်ဝတ်ဖြင့် ဘာဝနာမှု ပြု၏။ သီလဝိ ၆၄-၅။ ငရဲအိုရှင်ကလျာဏဓဇ၏ အဆက်အနွယ်တို့၏ သိဿာနုသိဿထေရဝါဒဟု ထင်ရှား၏။ ဝံသ ၁၄၁။ မှတ်စု (၁၇၈)ကိုလည်းကြည့်။

၂၈၄- အဝမင်းဟူသည် အဝ၌ အုပ်ချုပ်သော ဘုရင်တို့ကို ရည်ညွှန်း၏။ အထူးသဖြင့် အတင်အရုံဖြစ်ပွားရာ၌ အရေးမယူခဲ့သော စနေမင်း၊ တနင်္ဂနွေမင်းနှင့် ဟံသာဝတီရောက်မင်းတို့ကို ဆိုလို၏။ ဟံသာဝတီရောက်ခမည်းတော်သည် လေးကျွန်းမာန်အောင်ဘုရားဒါယကာ သိရိပဝရမဟာဓမ္မရာဇာဓိပတိဘွဲ့ရ တနင်္ဂနွေမင်း (အေဒီ ၁၇၁၄-၃၃) ဖြစ်သည်။ မှတ်စု (၂၈၁-၂)ကိုလည်းကြည့်။

၂၈၅- ရှင်ဥက္ကံသမာလာသည် စနေမင်းလက်ထက် ရောဝတီမြစ်နားရှိ ရွှေကြက်ယက်ကျောင်းတိုက်၌ သီတင်းသုံး၏။ ကဝိကဏ္ဌပါသလင်္ကာနှင့် တောင်ငူဆိုရတုအဖြေကို ရေးခဲ့၏။ ပိမိုင်း ၁၈၄၁၊ ၁၉၉၅။ ရွာကြီးရှင်ဥက္ကံသမာလာဟုလည်း ခေါ်၏။ စာဆိုတော် ၂၀၈။ တနင်္ဂနွေမင်းလက်ထက် ရွှေရင်မြော်ရွာကြီး ရှင်ဥက္ကံသမာလာကို တွင်းသင်းမှူးကြီးကပင့်၍ အဝရောက်လျှင် ရွှေကြက်ယက်တွင် ကျောင်းဆောက်၍ တင်လှူ၏။ ကျမ်းဂန်နံ့၏။ ဝဏ္ဏဗောဓန (သတ်အင်း)နှင့် သတ်ပုံလင်္ကာ၊ မန်ကျည်းကျပ်ရွာစားလျှောက်ထုံးကျမ်းများကို စီရင်၏။ သာလင် ၁၈၂-၃။ သုဓမ္မစရပ်၌ ဂိုဏ်းဆရာများ ဆွေးနွေးရာ၌လည်း အရုံဂိုဏ်းမှ ပါဝင်ခဲ့၏။ ဝံသ ၁၄၂-၄။ ထန်းပေါက်ကုန်း အရှင်ဝရဝံသ၏ တပည့်ဖြစ်၏။ ဂန္ထဝင်၊ ၁၇။

၂၈၆- ဓမ္မဝါဒီဆရာတစ်စုဟူသည် သုဓမ္မာစရပ်တွင် အရုံဂိုဏ်းဘက်မှ ပြောဆိုဆွေးနွေး

၁၈၄

သော ထေရဝါဒဂိုဏ်းကို ဆိုလို၏။ ပါဝင်သောပုဂ္ဂိုလ်များမှာ ကျော်အောင်စံထား ရှင်ဉာဏဝရ၊ ရှင်ဥက္ကံသမာလာ၊ ရှင်သဒ္ဓမ္မ၊ ရှင်ခေမာစာရ တို့ဖြစ်၏။ ဝံသ ၁၄၄၊ သာလင် ၁၈၃။

၂၈၇- မှတ်စု (၂၈၆)ကိုကြည့်။

၂၈၈- မုန်စီ၊ မိုးထိ၊ လက်တောင်၊ ဗုဒ္ဓကုံရ စသော ဂါမဝါသီ ၄ ဦးကို ဝိနည်းမိုရ်ခန့်၍ ပြောဆိုစေ၏။ သာလင် ၁၈၃။ မိုးထိကျောင်းနေ ဦးထုပ်ဆောင်း ရှင်သာရလင်္ကာသည် ကျမ်းဂန်များနှင့်ဆိုရန် မဟုတ်ဘဲ အဆက်အနွယ်သာ ဖြစ်ကြောင်း ဟံသာဝတီရောက်မင်း ထံ စာသွင်းသဖြင့် မင်းက အာဏာစက်နှင့် ၂ ဂိုဏ်းလုံးကို ဦးထုပ်ဆောင်းစေ၏။ ဝံသ ၁၄၄-၅။ အလောင်းမင်းတရားလက်ထက်၌လည်း ဒုကုဋ်တင်နွယ် တစ်ဂိုဏ်းတည်း ဖြစ်စေဖူး၏။ ဝံသ ၁၄၆။ မုံရွေးရာဇဝင် ၉၇။

၂၈၉- တောင်ဘီလူးဆရာတော် ရှင်ဂုဏမဥ္ဇူသည် ဇာတိမှာ စစ်ကိုင်းမြို့မြောက် ရေမျက်ကြီးအင်း အနောက် မုံညိုရွာဇာတိ ဖြစ်ပြီး အဝမြို့၌ သီတင်းသုံး၏။ တောင်ဘီလူး အရပ် ပရက္ကမတိုက်၌ စာပေသင်၏။ ဘွဲ့တံဆိပ်မှာ အနန္တဓဇမဟာရာဇဂုရု ဖြစ်၏။ ကျမ်းပြုပညာတတ်ရဟန်းတော် ဖြစ်၏။ မာတိကာအကောက်၊ ဓာတုကထာပါဠိတော် နိသျ၊ ယမိုက် ၁၀ ကျမ်း ပါဠိတော်နိသျ၊ ပဋ္ဌာန်း ၂၄ ကျမ်းပါဠိတော်နိသျ၊ အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းတို့ကို စီရင်၏။ ပိမိုင်း ၅၅၀၊ ၅၅၇၊ ၅၆၅၊ ၅၇၁၊ ၇၇၇။ အတင်ဂိုဏ်း၌ ပါဝင်၏။ ကြက်သွန်ခင်းဆရာတော်နှင့်အတူ မွန်ဘုရင်ဗညားဒလ၏ စာသဝဏ်လွှာကို အလောင်းမင်း တရားထံ ပို့၍ ငြိမ်းချမ်းရေးတမန် လုပ်ဖူး၏။ အလောင်းမင်းမိန့် ၅၆-၇။ အတုလ၏ ဆရာရင်း ဖြစ်၏။ သာလင် ၁၈၇။

၂၉၀-ဝိနည်းအဋ္ဌကထာကို သမန္တပါသာဒိကအဋ္ဌကထာဟု သီးခြားခေါ်ပြီး ရှင်မဟာဗုဒ္ဓ ဃောသ ပြုစု၏။ ခုဒ္ဒကနိကာယ်ဝင် ပါရာဇိကဏ်၊ ပါစိတ်၊ ဝိနည်းမဟာဝါ၊ စူဠဝါ၊ ပရိဝါအဖွင့်ဝိနည်း ၅ ကျမ်း အဋ္ဌကထာအမည်ကို 'သမန္တပါသာဒိကအဋ္ဌကထာ' အမည်မှည့်၏။ ပိမိုင်း ၁၆၅-၉။ *HPL*, 103.

၂၉၁- သေခိယဝတ် - ရဟန်းကျင့်ဝတ်၊ ပါမြန်ဘိ ၁၀၆၅။

၂၉၂- ခန္ဓကဝတ်သည် စူဠဝဂ္ဂနှင့် မဟာဝဂ္ဂ နှစ်မျိုးကို ပေါင်းဖွဲ့ထားသော ရဟန်းတို့ ကျင့်ဆောင်အပ်သည့်ဝတ် ဖြစ်၏။ *DPL*, 575-6. ခန္ဓကဝတ် ခေါ် စုဒ္ဒသခန္ဓကဝတ်မှာ ရှင်သာမဏေတို့၏ ကျင့်ဝတ်ဖြစ်သော ပစ္စဝေက္ခဏာ၊ လိင်၊ ဒဏ်၊ သေခိယ၊ စုဒ္ဒသခန္ဓက ဝတ်နှင့် အနက်တို့ပါ၏။ ထိုသို့ရမှ သာမဏေ လုပ်ခွင့်ရ၏။ လွှတ်မှတ် ၂၆၆။

၂၉၃ - ပရိဝါသည် ခုဒ္ဒကနိကာယ်ဝင် ဝိနည်း ၅ ကျမ်းတွင် ပဉ္စမမြောက်ကျမ်း ဖြစ်၏။

ဗုဒ္ဓနှင့် ဥပါလိတို့မှစ၍ ဝိနည်းဆရာများစွာတို့ ပါဝင်ပြီး သိဝထေရ်တွင် ဆုံး၏။ ပရိဝါကို အေဒီ တစ်ရာစုခန့်၌ ပြုစုပြီး စီရင်သူမှာ 'ဒီပ'ဟု ကျမ်းနိဂုံး၌ ဖော်ပြထား၏။ *HPL*, 21-2

၂၉၄- တောင်ဘီလူးဆရာတော်တို့ ရှုံးကြောင်း ဝန်ခံရ၏။

၂၉၅- အာဒိဗြဟ္မစရိယ (အာဒိ•အစ၊ ဗြဟ္မစရိယ•မြတ်သောအရိယမဂ်အကျင့်)•မြတ်သော အရိယမဂ်အကျင့်၏ အဦးအစ၊ ထိုမြတ်သော အရိယမဂ်အကျင့်ကို ရဖို့ရန် အစ အဦး ဤတရားစုကို ကျင့်ကြံပြည့်စုံစေရမည်ဟု ဟောကြားအပ်သော သီလသည် အာဒိဗြဟ္မစရိယကသီလမည်သည်။ အာဒိဗြဟ္မစရိယကသီလသည် အာဇီဝဋ္ဌမကသီလ ဖြစ်၏။ ဗုဒ္ဓဝင်၊ ပတွဲ၊ ပပိုင်း ကာ။

၂၉၆- အာဘိသမာစာရိကသီလ (အဘိ•အလွန်အမြတ်၊ သမာစာရ•ကောင်းမွန်သော အကျင့်)• လွန်မြတ်ကောင်းမွန်သောအကျင့် ဖြစ်၏။ မဂ်သီလ ဖိုလ်သီလဟုလည်း ခေါ်၏။ အာဒိဗြဟ္မစရိယကသီလမှ ကြွင်းသောသီလသည် အာဘိသမာစာရိကသီလ ဖြစ်၏။ ဗုဒ္ဓဝင်၊ ပတွဲ၊ ပပိုင်း၊ ကာ။

၂၉၇- တနင်္သာရီမြို့သည် အေဒီ ၁၃၇၃ ၌ ယိုးဒယားမင်းတို့ တည်ထောင်၏။ အေဒီ ၁၇၅၉ တွင် တနင်္သာရီကို အလောင်းမင်းတရားက သိမ်းပိုက်သည်။ မြောက်ဘက်၌ ပုလော၊ အရှေ့ဘက်၌ တနင်္သာရီမြစ်၊ တောင်၌ ဘုတ်ပြင်း၊ အနောက်၌ အိန္ဒိယသမုဒ္ဒရာ ရှိ၏။ စွယ်စုံ၊ တွဲ၄၊ ၄၀၃-၄။ တနင်္သာရီနယ်သည် အရှေ့၌ ထားရိုက်မြစ်ဆုံက တောင်မြောက်စီးသည့် မြစ်ကြီးထိ၊ တောင်၌ ကလလန်မြေစပ်၊ အနောက်၌ ပင်လယ်၊ မြောက်၌ ထားဝယ်မြေနှင့်ကျောခိုင်း၏။ စမ္ပူဒီပ၊ ၉၀။

၂၉၈- မုတ္တမမြို့သည် မော်လမြိုင်အနောက်မြောက်၊ သံလွင်တစ်ဖက်ကမ်း လက်ယာဖက်၌ ရှိ၏။ ကျောက်ဖျာကျောက်ညွန့်တွင် တည်ထားသောကြောင့် မုတ္တမဟု ခေါ်၏။ စွယ်စုံ တွဲ ၉၊ ၃၀၂-၃။

၂၉၉- ငရဲကြီးရှစ်ထပ်ဟူသည် ဗုဒ္ဓဘာသာအရ အပါယ်လေးဘုံ၌ ပါဝင်သော နေရာဖြစ်ပြီး ကမ္ဘာ၏ အောက်ပိုင်း ယူဇနာ ၁၅၀၀၀ ဝေးသောအရပ်မှစ၍ ယူဇနာ ၁၅၀၀၀ စီ ကွာခြားလျက် ရှိ၏။ ငရဲကြီးရှစ်ထပ် နံဘေးလေးမျက်နှာ၌ ငရဲငယ် ၁၆ ထပ်စီရှိ၍ ငရဲငယ်ပေါင်း ၁၂၈ ထပ် ရှိ၏။ ထိုငရဲကြီးလေးထပ်၏အမည်မှာ ၁။ သိဉ္စိဝ်း၊ ၂။ ကာလသုတ်၊ ၃။ သံဃာတ၊ ၄။ ရောရုဝ၊ ၅။ မဟာရောရုဝ၊ ၆။ တာပန၊ ၇။ မဟာတာပန၊ ၈။ အဝီစိ တို့ဖြစ်၏။ မြန်မာစကား ငရဲသည် ပါဠိ နိရယ (ချမ်းသာမှု ကင်းဝေးခြင်း) > နိရယ် > နိရဲ > ငရဲ မှ ပြောင်းလဲလာ၏။ တက်ဘိချုပ်၊ ၂၅၇။

၃၀၀- နတ်ပြည်ခြောက်ထပ်သည် သုဂတိ (ကောင်းသောလားရာဘုံ) ခုနှစ်ဘုံအနက် လူဘုံနှင့် နတ်ဘုံ (ဘူမိ၊ လောက)၌ ပါဝင်၏။ ယင်းတို့မှာ ၁။ စတုမဟာရာဇ်၊ ၂။

တာဝတိံသာ၊ ၃။ ယာမာ၊ ၄။ တုသိတာ၊ ၅။ နိမ္မာနရတိ၊ ၆။ ပရနိမ္မိတဝသဝတ္တိနတ်ဘုံတို့ ဖြစ်၏။ တက်ဘိချုပ်၊ ၂၅၈-၉။

၃၀၁- ကဿပဗုဒ္ဓသည် နှစ်ကျိပ်လေး (၂၄) ဆူ ဗုဒ္ဓဝင်၌ ပါဝင်သော နောက်ဆုံး ဗုဒ္ဓ ဖြစ်၏။ ဤဘဒ္ဒကမ္ဘာ၌ လူ့အသက် (၂၀၀၀၀)နှစ်သက်တမ်းတွင် ပွင့်ပြီး ဂေါတမဗုဒ္ဓ မတိုင်မီ ပွင့်သော ဘုရားသခင်ဖြစ်၏။ အခြားကဿပ ပုဂ္ဂိုလ်များနှင့် ကွဲပြားစေရန် 'ကဿပဒသဗလ'ဟု ခေါ်၏။ ထိုဘုရားရှင်လက်ထက်၌ ဂေါတမဘုရားလောင်း ဇောတိပါလလုလင်သည် ဗျာဒိတ်ယူ၏။ *DPPN*,vol.l, 544-7. "ကဿပဗုဒ္ဓဝင်" ဗုဒ္ဓဝင်၊ ပတွဲ၊ ဒုပိုင်း၊ ၅၂၄-၄၀ ကိုလည်းကြည့်။

၃၀၂- ကပိလရဟန်းသည် ကဿပဘုရားရှင်လက်ထက်က ရဟန်းဖြစ်၏။ သာဓိနီ၏ သားဖြစ်ပြီး သောဓန၏ညီ၊ တာပနာ၏ မောင် ဖြစ်၏။ ပိဋကသုံးပုံသင်၍ အာဂုံဆောင်ပြီးသော်လည်း လူတိုင်းနှင့် အလိုမတူဘဲ မဟုတ်မှန်ရာများကို ဒေါသအလျောက် ပြောဆို၏။ သေသော် အဝီစိငရဲကျပြီး အစိရဝတီမြစ်၌ ကပ္ပိလမစ္ဆငါးအဖြစ် မွေးပြန်၏။ တံငါသည်တို့ ဖမ်းမိ၍ ကောသလမင်းထံ ဆက်သောအခါ ဘုရားရှင်က မြင်၍ ကောင်းမှုကြောင့် ရွှေအဆင်းရှိသော်လည်း မကောင်းမှုကြောင့် ဖေတဝန်ဆောင်မျှ ပါးစပ်ကြီး၍ အနံ့နံသော ကပိလငါးအကြောင်းကို ဟောကြား၏။ ဝိစာရိန္နာဘိဝံသထေရ်။ ပဒေသာဓမ္မပဒဝတ္ထုတော်ကြီး ၄ တွဲ(မန္တလေး၊ ပဒေသာပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၈၅)၊ ၁၉၅-၂၀၄ နှင့် *DPPN*, vol.l, 514. ကိုလည်းကြည့်။

၃၀၃- မိုးထိကျောင်းနေ ဦးထုပ်ဆောင်း ရှင်သာရလင်္ကာကို ဝိနည်းမိုရ်အဖြစ် ဆုံးဖြတ်စေသောကာလသည် အကြိမ်ကြိမ်ရှိခဲ့သော်လည်း ဤနေရာ၌ အဝမင်းသည် ဟံသာဝတီရောက်မင်း ဖြစ်၏။

၃၀၄- *ROB* နှင့် မှတ်တမ်းများ၌လည်း မတွေ့ရချေ။

၃၀၅- ဖြတ်စာ = တရားအဆုံးအဖြတ်ပြုပြီးသောစာ။ "ဖြတ်စာ = a decision in writing စာဖြင့် ရေးထားသော ဆုံးဖြတ်ချက်။" ယုဒသန်။ မြန်မာအင်္ဂလိပ်အဘိဓာန်။ ၅ ကြိမ်။ (ရန်ကုန်၊ နှစ်ခြင်းသာသနာစာပေတိုက်၊ ၂၀၀၅)၊ 701.

၃၀၆- ဋီကာကြီးသုံးစောင် ဟူသည် သီဟိုဠ်ရဟန်းတော် ရှင်သာရိပုတ္တရာ၏ သာရတ္ထဒီပနီဋီကာ(နှင့် တေရသကဏ်ဋီကာ)၊ ဝဇိရဗုဒ္ဓိမထေရ်၏ ဝဇိရဗုဒ္ဓိဋီကာ နှင့် ရှင်မဟာကဿပ၏ ဝိမတိဝိနောဒနီဋီကာတို့ ဖြစ်၏။ ယင်းဋီကာ ၃ စောင်သည် ဝိနည်း ၅ ကျမ်းကို အကျယ်ဖွင့်ဆိုသော ကျမ်းများ ဖြစ်၏။ ဆဋ္ဌသင်္ဂါယနာတင်သောအခါ တေရသကဏ်ဋီကာ၏ ပါဠိအမည်ကို ဖျောက်ဖျက်၍ သာရတ္ထဒီပနီဋီကာဟူ၍ တစ်ပေါင်းတည်း သတ်မှတ်လိုက်တော့၏။ စာအုပ်ဖြင့် ရေတွက်လျှင် သာရတ္ထဒီပနီ

ဋီကာ(၃)အုပ်၊ ဝိမတိ ဝိနောဒနီဋီကာ(၂)အုပ်၊ ဝဇိရဗုဒ္ဓိဋီကာ(၁)အုပ်ဟူ၍ စုစုပေါင်း(၆)အုပ် ရှိ၏။

၁၀၇- ခုဒ္ဒါနုခုဒ္ဒကသီလ • သေးငယ်သော သီလ

၁၀၈ - မှတ်စု (၇၂)ကိုကြည့်။

၁၀၉- အတင်ဂိုဏ်းမှ စတင်ခဲ့သော လက်ကတော့ထိုးခြင်း၊ ရင်စည်းခြင်း၊ မြို့ရွာဝင်ခြင်းနှင့် သက်ဆိုင်သော အဝတ်အရုံပြဿနာကို ချဲ့ထွင်သဖြင့် ကြီးကျယ်သွားခြင်း ဖြစ်၏။

၁၁၀ - မဟာဝါအဋ္ဌကထာသည် သီဟိုဠ်ကျွန်း ရှင်ဗုဒ္ဓဃောသ ပြု၏။ ဝိမိုင်း ၁၆၉။ မဟာဝါ အဋ္ဌကထာကို ဝိနည်းမဟာဝါအဋ္ဌကထာ ဟုခေါ်၏။ ယင်းအဋ္ဌကထာသည် ဝိနည်း ၅ ကျမ်း အဋ္ဌကထာအမည်ဖြစ်သော သမန္တပါသာဒိအဋ္ဌကထာတွင် ပါရှိ၏။ အဋ္ဌကထာ စာအုပ်(၄)အုပ်အနက် ပါစိတျာဒိအဋ္ဌကထာစာအုပ်တွင် ပါရှိ၏။

၁၁၁- ကမ္ဗည်း • အက္ခရာအရေးအသား၊ စာအမှတ်အသား၊ အစဉ်အလာ ထုံးနည်း အမှတ်အသား။ တက်မြန်ဘီ၊ ပိုင်း ၁၊ ၆၆။

၁၁၂- ပရိယတ္တိဓမ္မ • ပရိယတ်တရား။ ပါမြန် ၆၃၂။ ဤနေရာ၌ ပါဠိတော်စာပေကျမ်းဂန်များကို သင်ယူနိုင်သော အကြောင်းတရားကို ရည်စူး၏။

၁၁၃- ပဋိပတ္တိဓမ္မ • ကျင့်ကြံအားထုတ်အပ်သော တရား

၁၁၄- ချက်စာ • မသင့်သောအဆုံးအဖြတ်

၁၁၅- နိဿရည်းသည် နိဿယ မှ ဖြစ်လာသော စကားဖြစ်၏။ နိဿယ•မှီခိုအားထားရာဖြစ်သော ဆရာ။ ပါမြန်ဘီ ၅၄၇။ ဥပဇ္ဈာယ်•ဥပဇ္ဈာယ•ကပ်၍ကြီးကဲသင်ပြသောဆရာ။ ပါမြန်ဘီ ၂၂၂။ သီလဝိ ၁၁၁-၂ နှင့် ၁၃၅-၉ ကိုလည်းကြည့်။ ဥပဇ္ဈာယ်နိဿရည်း ဆရာအင်္ဂါသည် သီးသန့်မရှိကြောင်း ဝိနယသံခိပ်ကျမ်းတွင် ပါရှိ၏။ သို့သော် ရဟန်းဆယ်ဝါရခြင်း၊ ဥဘတောဝိဘင်းကို နှုတ်တက်ရခြင်း၊ ကံကြီး ကံငယ်တို့ကို သိနားလည်ခြင်း၊ ခန္ဓကဝတ်တို့၌ တတ်ကျွမ်းခြင်းတို့ ပြည့်စုံလျှင် ဥပဇ္ဈာယ်၊ နိဿရည်း ပေးထိုက်၏။ ဝိနည်း ၂၀၉-၁၀။ ဆရာ ၅ ပါးတွင် ဥပဇ္ဈာယ်ဆရာ၊ နိဿရည်းဆရာ၊ သရဏဂုံဆရာ၊ ကမ္မဝါဆရာ၊ စာသင်ဆရာဟူ၍ ၅ မျိုး ရှိ၏။ သီလဝိ၊ ၆၆။ မဟာဝဂ်ပါဠိတော်မြန်မာပြန် (ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၃)၊ ၆၀-၈၄။ ဝိလမ်းညွှန်၊ ပ၊ ၂၃၉-၄၀ ကိုလည်းကြည့်။

၁၁၆- တစ်အင်္ဂါတွင် (အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အံ၊ အား)ဟူ၍ ၂၄ ချပ်/ရွက် (မျက်နှာဘက်နှင့်ကျောဘက်ကို ပေတစ်ရွက်နှုန်းဖြင့် တွက်လျှင် ပေ ၆ ရွက်) ရှိ၏။ အင်္ဂါ ၂၀ ကျော်သည် ပေစာရွက် ၄၈၀ ကျော် (ပေရွက် ၂၄၀ ကျော်)ရှိ၏။ ပေစာရေတွက်နည်း ဖြစ်၏။

၁၁၇- ဘာဏဝါရသည် ပိဋကကျမ်းဂန်များကို ရွတ်ဖတ်၍ ပြီးနိုင်သည့်အပိုင်းကို ဆိုလို၏။ A recitation a portion for recital. *DPL*, 82. နမူနာ-ပိဋကသုံးပုံသည် ၂၅၄၇ ဘာဏဝါရရှိပြီး ဒီဃနိကာယ်တွင် ၆၄ ဘာဏဝါရ ရှိ၏။ ဘာဏဝါရ ၃၀ ခန့်သည် ဒီဃနိကာယ်ပါဠိတော်၏ တစ်ဝက်မျှ ရှိ၏။

၁၁၈- မှတ်စု (၃၃၄-၈)ကို ကြည့်။

၁၁၉- အေဒီ ၁၈၀၀ ခုနှစ်

၁၂၀ - ၁၁၆၂ ခုနှစ်၊ သိန်ခိုကျွန်းက ဓာတ်တော် ၁၀ ဆူကို ပင့်၍ ရောက်လာသော သာမဏေ ၇ ပါးတို့ကို ပဥ္စင်းခံ၍ ပြန်စေခြင်းအကြောင်းမှာ ထင်ရှားလှ၏။ သက္ကရာဇ် ၁၁၆၂ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက် (၉ ဇွန် ၁၈၀၀) သီဟိုဠ်ကျွန်းမှ အမရပူရရွှေမြို့တော်သို့ ရောက်လာသော အမ္ဗဂဟတိဿ၊ မဟာဒမ္မ၊ ကောစ္ဆဂေါဓ၊ ဗြဟ္မဏဝတ္တ၊ ဝါတုရဂမ္မ အမည်ရှိသော သာမဏေ ၆ ပါးကို ဆင်ကြီးရွှေဂူသိမ်တွင် ဉာဏာဘိဝံသဓမ္မသေနာပတိ ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မြောက်နန်းကျောင်း၊ ရွှေရေဆောင်ကျောင်း၊ ပြဿဒ်ကျောင်း ဆရာတော် ၃ ပါးစီ ကမ္မဝါစာဆရာပြု၍ ပဥ္စင်းခံစေ၏။ နာဒမည်သော ဥပါသကာကို သာမဏေပြု၏။ သာလင် ၂၀၃-၄။ ပါလာသော ရွှေအဆင်းဓာတ်တော်နှစ်ဆူ၊ ပုလဲအဆင်းဓာတ်တော်သုံးဆူ၊ မုလေးငုံအဆင်းဓာတ်တော်ငါးဆူကို ပဒုံမင်းသည် ရိုသေစွာ ကိုးကွယ်၏။ ကုန်းဆက်၊ ဒု၊ ၁၀၂-၃။ မှတ်စု (၃၅၂) ကိုလည်းကြည့်။

၁၂၁- မှတ်စု (၁၂၀) ကိုကြည့်။

၁၂၂ - ကျောင်းတစ်ရာကျော်အောင်စံထားဆရာတော်သည် ပထမကျော်အောင်စံထားဆရာတော် ရှင်ဉာဏဝရ(၁၇၀၅-၁၇၅၃)ဖြစ်၏။ ဂန္ထဝင် ၂၁-၂။ ဟံသာဝတီရောက်မင်းတရား နန်းတက်လျှင် ကျော်အောင်စံနန်းအမည်ဖြင့် နန်းဆောက်ပြီး အဝမြို့၌ လက်ဝဲလက်ယာတွင် ကျောင်းရံ ၅၀ စီရှိသော ကျော်အောင်စံထားကျောင်းကြီးဆောက်လှူ၍ ကျော်အောင်စံထားဆရာတော်၊ ဇိနစက္ကာဘိရာမတံဆိပ် အပ်လှူတော်မူ၏။ ဒွါရဝင်၊ ၂၃၅-၈။

၁၂၃- ကျော်အောင်စံထားရှင်ဉာဏဝရ၊ ရှင်ဥက္ကံသမာလာ၊ ရှင်သဒ္ဓမ္မ၊ ရှင်ခေမာရ စသော ထေရဝါဒဂိုဏ်းဝါဒီတို့က ၁၇၁၈ ခုနှစ်၌ သုဓမ္မစရပ်တွင် ပြိုင်ဆိုင်ဆွေးနွေးကြသော်လည်း အဆင်မပြေသည့်အပြင် အတင်ဂိုဏ်းနှင့် အရုံဂိုဏ်းတို့သည် ဂါမဝါသီဦးထုပ်

ဆောင်းဂိုက်းဝါဒီတို့ကဲ့သို့ မင်း၏အာဏာစက်ကြောင့် ဦးထုပ်ဆောင်းရလေ၏။ ဝံသ - ၁၃၄-၄။

၃၂၄-၅- မှတ်စု (၂၈၈) ကို ကြည့်။

၃၂၆ - အေဒီ ၁၇၅၃

၃၂၇-၈- ရတနာသိယ်သည် အလျင်အမြန် သုန်ဖျင်းလွယ်အံ့သောအကြောင်း နမိတ်ဖြစ်ခြင်းဟု ဆိုကာ မကြိုက်၍ ရတနာသိခ်အဖြစ် မောင်းထောင်ဆရာတော်က ပြင်၏။ သာလင် ၁၈၅-၆။ သို့သော် 'ရတနာသိယ်ကုန်းဘောင်ပြည်ကြီး'ဟု ၂၁ ဌန် ၁၇၅၃ တွင် ခေါ်စေ၏။ ကုန်းဆက်၊ ပ၊ ၈၂-၃၊ မုံရွေးရာဇဝင် ၉၆။ ထိုမတိုင်မီက ခေါ်သော အမည်များမှာ မုဆိုးဘို၊ ရွှေဘို၊ ကုန်းဘောင်၊ ရန်ကြီးအောင်၊ မြောက်မြို့တို့ ဖြစ်သည်။ ရတနာသိယ်နယ်ကား အရှေ့ကိုလားသော် စည်လှအင်ပင်မြစ်ညာ၊ တောင်ကိုလားသော် မလ္လာဂိရိ အနောက်ကိုလားသော် ဇေတဝန်ကျောင်းကြီး၊ မြောက်ကိုလားသော် အတ္တပတ် ဌာနေ ရှိ၏။ စမ္ပူဒီပ ၈၄။

၃၂၉ - ၃၀ - ဂဝံပတေ့ရသေ့သိုက်တွင် ပူးမင်းအစစ်ဓမ္မရာဇ် အသစ်ပြည်ကြီးထောင်လတ္တံ့။ ပူးမင်းဖျားကို သိကြားမင်းအမည်ပေးလတ္တံ့ဟု သိုက်ရှိသည်နှင့်အညီ သာသနာစောင့် သိကြားနတ်မြတ်တို့ နှိုးဆော်တိုက်တွန်းသောအား အလောင်းမင်းတရားကြီးဟု ခေါ်တွင်နှင့်သော တံဆိပ်နာမံတော်ရှိလေပြီ။ မုံရွေးရာဇဝင်၊ ၄၄။ အလောင်းမင်းမိန့်၊ ၉၊ ၁၀။ အလောင်းမင်းတရားကြီးအဖြစ် ၁၇ ဖေဖော်ဝါရီ ၁၇၅၂ နေ့ရက်၌ ခံယူ၏။ ကုန်းဆက်၊ ပ၊ ၅၁-၂။

၃၃၁-၂- ပလိုင်းရှင်သုဇာတသည် မောဂ္ဂလာန်ရွာ ရှင်ဓမ္မနန္ဒ၊ ဒီပဲယင်း ရှင်မုနိန္ဒဃောသ၊ ရှင်ပညာသီဟ၊ တားကရာ ရှင်နန္ဒမာလာတို့၏ အဆက်နွယ်ဖြစ်ပြီး မင်းအိုရှင်ဂုဏာသီရိ၊ မောင်းထောင်ရှင်ဉာဏာဘိဝံသ၊ ချောင်းကောက် ရှင်သဒ္ဓမ္မမုနိန္ဒတို့၏ သာဿာနုသိဿ ထေရဝါဒီ ဖြစ်၏။ ဝံသ ၁၄၃။ စာသွင်းသော်လည်း နောင်မှ ဆွေးနွေးမည်ဖြစ်ကြောင်း၊ ဆိုင်းငံ့ကြောင်း တွေ့ရ၏။ ဝံသ ၁၄၆။ သာလင် ၁၈၇၊ ၂၃၂။ သိလဝိ ၈၄-၅၊ အုပ်ချုပ်ပုံ၊ တ၊ ၁၁။ မုံရွေးရာဇဝင်၊ ၉၇။

၃၃၃- အေဒီ ၁၇၈၁။

၃၃၄-၈- အလောင်းမင်းတရား (အေဒီ ၁၇၅၂-၁၇၆၀)၏သား၊ မဟာဇေယပူရ (စစ်ကိုင်း) မြို့တည် ဒီပဲယင်းမင်း(အေဒီ ၁၇၆၀-၁၇၆၃) နှင့် ရတနာပူရ (အဝ/အင်းဝ)မြို့တည် မြေဒူးမင်း (အေဒီ ၁၇၆၃-၁၇၇၆) တို့၏ညီဖြစ်ခြင်းကို အမျိုးဆက်စပ်၍ မင်းမျိုးဖြစ်ကြောင်း ပဒုံမင်းကို ရည်ညွှန်း၏။

၃၃၉-၄၀- ပဒုံမင်း သီရိသုဓမ္မရာဇာ (၁၇၈၂-၁၈၁၉) သည် ၁၁ ဖေဖော်ဝါရီ ၁၇၈၂ တနင်္လာနေ့၌ အဝရှိ ရွှေထီး ရွှေနန်းကို သိမ်းယူ၏။ ကုန်းဆက်၊ ပ၊ ၃၈၁။

၃၄၁-၄- ၁၂ မေ ၁၇၈၃ ၌ အမရပူရမြို့တော် အလုံးစုံပြီးစီး၍ အဝမှ စတင်ပြောင်းရွှေ့၏။ ကုန်းဆက်၊ ပ၊ ၃၉၄။

၃၄၅-၆- ခတ္တိယာဘိသေက-မင်းရိုးမင်းအစစ်ကို မင်းမြှောက်သော ဘိသိက် ဖြစ်သည်။ မုဒ္ဓါဘိသိက်သည် ကုသိုလ်အစရှိသော ရာဇဓမ္မကို ဆောက်တည်အဓိဋ္ဌာန်ခြင်းသာ ဖြစ်၏။ မုဒ္ဓါဘိသိက်မှာ မင်းနှင့်ပြည်သူတို့ အပြန်အလှန်ခံဝန်ကတိစကားထား၍ အုပ်ချုပ်ခြင်း ဖြစ်၏။ မုဒ္ဓါဘိသိက္ကမင်းသည် ဦးထိပ်၌ သွန်းလောင်းအပ်သော အဘိသိက်ရှိသောမင်း ဖြစ်ပြီး ဦးထိပ်၌ မသွန်းလောင်းအပ်သောမင်းသည် သာမညမင်း ဖြစ်၏။ ဘိသိက်စုစုပေါင်း ၁၄ မျိုးရှိ၏။ ယင်းတို့မှာ မုဒ္ဓါ၊ ဗုဒ္ဓါ၊ ခတ္တိယ၊ ရာဇ၊ သကလာ၊ ဝိဇယာ၊ ဇေယာ၊ သီရိ ပဝေသန၊ မဟာ၊ ဝိဝါဟ၊ ဥါရာ၊ အာယုဒီဃ၊ ဥပရာဇာ၊ မဟေသီ ဘိသိက်တို့ ဖြစ်၏။ အုပ်ချုပ်ပုံ၊ ပပိုင်း၊ ၂၃၇-၉။ မေးဖြေ၊ ၂၉-၃၁ နှင့် မန္တလေးရာဇဝင် ၇၈-၈၁ ကိုလည်းကြည့်။

၃၄၇ - ပဒုံမင်းသည် ၂၃ မေ ၁၇၈၃ တွင် 'သီရိပဝရတိလောကပဏ္ဍိတမဟာဓမ္မရာဇာ' တံဆိပ်၊ ၂ ဇွန် ၁၇၈၄ တွင် 'သီရိပဝရဝိဇယာနန္တယသတြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ'တံဆိပ်ဖြင့် မုဒ္ဓါဘိသိက်ကိုလည်းကောင်း ၂ ကြိမ် ခံယူ၏။ သမိုင်း၊ ၆၀-၁။

၃၄၈-၃၅၀ - တရုတ် တရက်ဘုရင် ဦးတည်မင်း ခေါ် ဥဒည်မင်းက အဖိုးတန်ရတနာများနှင့် မင်းသမီးသုံးပါးဖြစ်သော တကူငြင်၊ ကေူငြင်နှင့် သံကူငြင်တို့ကို ဆက်သ၏။ ကုန်းဆက်၊ ဒု၊ ၆၂-၄၊ ရတနာသီခ ၂၉၅၊ သာလင် ၁၉၅။ ယခုအခါ တရုတ်သည် အဓိပ္ပာယ်ဖွင့်ရန် မလိုသော်လည်း တရက်သည် Turk ဖြစ်သည့် မန်ချူးလူမျိုးများ ဖြစ်၏။ ခေတ်ဟောင်းဘိ၊ ၅၇။ သို့သော် ပုဂံခေတ်တွင် မြန်မာအရှေ့မြောက်ပိုင်းရှိ အိမ်နီးချင်းတို့ကို အစောပိုင်းက 'စိန၊ စိန့်'ဟု သိကြ၏။ မွန်ဂိုလ် တုရ်က် (Turk or Toork)တို့ ကျူးကျော်လာသည့် နရသီဟပတေ့မင်းလက်ထက်နောက်ပိုင်း အင်းဝခေတ်တွင် ၎င်းတို့ကို စိနားစိန်ဟု မခေါ်ဘဲ တရုတ်ဟု ယနေ့တိုင် ခေါ်ကြ၏။ ဦးရည်စိန် "ရှင်ဒိသာပါမောက္ခငြိမ်းချမ်းရေးမစ်ရှင်အဖွဲ့" နိုင်ငံသမိုင်းစာစောင် ၁ (ရန်ကုန်၊ နိုင်ငံသမိုင်းဦးစီးဌာန၊ ၁၉၉၇။) ၄၄။

၃၅၁ - ဝေသာလီပြည် စွံပါဝတီ၊ ရွှတ်ပူရီ၊ ပဒုမိဏီ၊ ဥပေါတရာ သမီးတော်လေးပါးတို့ကို အခြွေအရံများနှင့်တကွ လာရောက်ဆက်သ၏။ ကုန်းဆက်၊ ဒု၊ ၁၀၂။ ရတနာသီခ ၂၉၆။ သာလင် ၁၉၅။

၃၅၂ - ထိုမင်းသည် မြန်မာရာဇဝင်၊ မှတ်တမ်းများ၌ တွေ့ရန် ခဲယဉ်း၏။ သို့သော်

ထိုမင်း၏နောင်တော်မှာ ကိတ္တိသီရိရာဇမင်း ဖြစ်၏။ မေးဖြေ ၃၃၂။ သီဟိုဠ်ဘုရင် ကိတ္တိသီရိရာဇသီဟ(အေဒီ ၁၇၆၇-၁၈၁၉) နန်းရ၏။ *Cv.*xcix,c နှင့် နှိုင်းယှဉ်ပါ။ သီဟိုဠ်ရဟန်းနှစ်ပါးသည် တောဓိပင်များကို ၁၂ မတ် ၁၈၀၆ တွင် ပင့်ဆောင်လာသကဲ့သို့ အခြားသီဟိုဠ်ရဟန်းများ ပင့်ဆောင်လာသည့် ဓာတ်တော်၊ မွေတော်၊ ပိဋကတ်များကို ကြိုဆိုစေကြောင်း ၂၉ မေ ၁၈၀၆ တွင် အမိန့်ထုတ်ဖူး၏။ သမိုင်း ၇၉။ သီဟိုဠ်ရဟန်းတို့က ရဟန်းတော် ရှင်တောဂဟတိဿကို စေလွှတ်၍ မင်းလျာနှင့် ပိဋကတ်စာ တောင်းရာ ပဒုံမင်းက မပေးတော့ကြောင်း ၁၆ ဖေဖော်ဝါရီ ၁၈၁၁ တွင် အမိန့်ထုတ်၏။ သမိုင်း ၇၉။ သီဟိုဠ်ကျွန်းက ၂၉ ဇူလိုင် ၁၈၁၂ တွင် ရဟန်း၊ သာမဏေ၊ အမတ်ကြီး ဓမ္မဝေလဏ္ဍိတတို့သည် ဓာတ်တော်၊ ဆင်းတုတော်၊ တောဓိပင်၊ ဗေဒင်ဆေးကျမ်း နှင့်တကွ အဖိုးတန်ရတနာများနှင့် ရောက်ရှိလာ၏။ ကုန်းဆက်၊ ဒ၊ ၁၃၉-၁၄၀။ ရတနာသိခ ၂၉၈။ သာလင် ၁၉၅။

၃၅၃ - မှတ်စု (၃၄၈-၃၅၂)ကိုကြည့်။

၃၅၄ - ၃၅၅ - ရခိုင်မြို့မှ ပင့်ဆောင်လာသော မဟာမုနိရုပ်ပွားတော်ကို အမရပူရမြို့တော် မြောက်ဘက်တွင် ဘုံကိုးဆင့်ရှိသော ရွှေပြဿဒ်၊ တံတိုင်းမိးတားသုံးထပ်နှင့် တကွ ဆောက်လုပ်ကိုးကွယ်၏။ ကုန်းဆက်၊ ဒ၊ ၃၂။ ရတနာသိခ ၂၉၀-၁။ သာလင် ၁၉၅။ မေးဖြေ၊ ၁၀၈-၁၁၂။ ၁၆ အောက်တိုဘာ ၁၇၈၄ တွင် ဘိုးတော်ပဒုံမင်းသည် ရခိုင်ကို သိမ်းရန် သားတော်အိမ်ရှေ့မင်း သီရိမဟာဓမ္မာဘိဇေယသီဟသူရအား အမိန့်ထုတ်၏။ *ROB*, IV, 75. မုနိရုပ်ပွားတော် ပင့်ဆောင်ပုံ ပုရပိုက်တစ်ဆူကို မောင်းထောင် သာသနာပိုင်က စီရင်ပေးခဲ့၏။ ဦးမောင်မောင်တင်၊ မန္တလေးမဟာမြတ်မုနိသမိုင်း၊ စာ-၂၀။ မဟာမုနိရုပ်ပွားတော်သယ်ဆောင်ပုံကို Dr. Than Tun, Paya Lanma (Lord's highway) over the Yoma (Yakhine Range) *JAAS*. Vol.25 (1983). p.233-241. တွင် ကြည့်ပါ။

၃၅၆ - အောင်မြေလောကစေတီတော်ကို ၂၀ မတ် ၁၇၈၂ တွင် စစ်ကိုင်းမြို့ ထူပါရုံဘုရား အနောက်တောင်ယွန်း စံနေတော်မူသည့် အိမ်တော်ရာ၌ ခမ်းနားစွာ တည်၏။ ကုန်းဆက်၊ ပ၊ ၃၈၁-၆။ သာလင် ၁၉၅။

၃၅၇ - ၃၅၈ - ၂၇ ဖေဖော်ဝါရီ ၁၇၉၀ စနေနေ့တွင် ဘုံ ၅ ဆင့်၊ တံတိုင်း ၂ ထပ်ရံထားသော ကျောင်းတော်ကြီးကို အရံကမ္ဗည်း၊ အသောကာရာမ ခေါ် အသောကာရုံ (စိုးရိမ်ခြင်းကင်းရာကင်းကြောင်းဖြစ်သော အာရမ်အာဝါသ)ကျောင်းတော် ကမ္ဗည်း၊ 'ရတနာဘုံကျော်' (ကျော်စောအံ့ဩဖွယ်ရတနာအတိပြီးသော ဘုံဗိမာန်) မော်ကွန်း ၂ ထပ်မှတ်၍ မောင်းထောင်ဆရာတော်အားလှူ၍ 'ဉာဏာဘိဝံသဓမ္မသေနာပတိမဟာ ဓမ္မရာဇာဓိရာဇဂုရု' တံဆိပ်နာမလည်း ပေးအပ်၏။ မေးဖြေ ၂၀၈-၉၊ ၃၂၆-၉။ ကုန်းဆက်၊ ဒ၊ ၆၁-၂။

၃၅၉ - ၃၆၃ - ကွမ်းဆော်မင်း (၉၆၄-၉၈၆ အေဒီ) အား သိကြား ဆောက်နှင်းသော အရိန္ဒမာလှံ၊ သီလဝံသစား၊ ပတ္တမြားလက်စွပ်၊ ပတ္တမြားဦးသျှောင်ကျင်ကို ကြောင်းဖြူမင်းက ပေး၏။ ထိုပစ္စည်းများသည် ကျည်းစိုး (၉၈၆-၉၉၂ အေဒီ)နှင့် စုက္ကတေးမင်း (၉၉၂-၁၀၁၇ အေဒီ)လက်ထက်တွင် ကွယ်၍ အနော်ရထာ ခေါ် အနိရုဒ္ဓလက်ထက်မှ ပေါ်၏။ ရာဇဝင်ကြီး၊ ပ၊ ၁၅၃။ တွင်းသင်း၊ ၇၇၊ မှန်နန်း ၂၂၈။ *GPC*, 63. သာလင် ၁၉၅ ၌ ပြန်လည်ကိုးကား၏။

၃၆၄ - သာလင် ၁၉၅။ ယင်းအမြောက်သည် သံအမြောက်၊ အရှည်လေးတောင် တစ်မိုက်လေးသစ်၊ ကျည်ဝ လေးသစ်ခွဲ၊ ကျည်အဝင် ခုနှစ်ဆယ့်ငါးကျပ်၊ ယမ်းအကျယ်(၈၀)၊ အမြောက်အချိန် ၇၅၀ ရှိ၏။ ပစ်သမျှမှန်၍ ခဲကျည်စေ့၌ 'ရန်ပုံခွင်း'ဟု ခေါ်၏။ မွန်တို့ရပြီးမှ မြန်မာတို့ ရ၏။ လက်နက်စကြာယတြာရ အမြောက်ဖြစ်ပြီး အမြောက်မှူးမှာ ငထွန်းဖြိုး(သူရိန်ဝေရကျော်) ဖြစ်၏။ အလောင်းမင်းတရား၏စစ်ပွဲ၌ အလွန်အားကိုးရသော အမြောက် ဖြစ်၏။ ကုန်းဆက်၊ ပ၊ ၁၀၉-၁၀၊ ၁၂၁-၃။ မုံရွေးရာဇဝင်၊ ၁၅၅-၆။ အခြားသောအမြောက်တစ်လက်ကို ၅ ဧပြီ ၁၇၅၇ ၌ သွန်းလုပ်၏။ ထိုအမြောက်မှာ ကြေးချိန် ၇၀၀၊ ကျည်ဝ ၂ မိုက်၊ အလျား ၂ တောင်၊ ကျည်စေ့လုံးပတ် ၂ တောင်၊ အချိန်ခွက် ၅၀ ရှိ သော ဗုံးအမြောက်ဖြစ်၏။ တွင်းသင်းတိုက်ဝန် ဦးထွန်းညို "အလောင်းမင်းတရားကြီးအရေးတော်ပုံ" မြန်မာမင်းများ အရေးတော်ပုံ ၆ စောင်တွဲ (ရန်ကုန်၊ ရာပြည့်၊ ၂၀၀၅)၊ ၅၉၄။

၃၆၅ - မင်းသုံးဆက်ဆိုသည်မှာ နောင်တော်ကြီး (၁၇၆၀-၁၇၆၃)၊ ဆင်ဖြူရှင် (၁၇၆၃-၁၇၇၆) နှင့် စဉ့်ကူးမင်း (၁၇၇၆-၁၇၈၂)တို့ကို ဆိုလို၏။ ဘောင်းကားမင်း ခေါ် ဖောင်းကားစားမောင်မောင်ကို ခုနစ်ရက်မျှသာ နန်းရသဖြင့် မင်းဆက်သဖွယ် ထည့်၍ မောင်းထောင်ဆရာတော်က မဖော်ပြချေ။

၃၆၆ - ပေမူများ၌ 'ဝဖြာဝုဓ'အမြောက်ဟု တစ်ညီတည်း ပြဆို၏။ သာလင် ၁၉၅ တွင် 'ဓညဝုဓ'ဟု တွေ့ရ၏။ ရခိုင်ကို သိမ်းယူရာ၌ ပါဝင်ခဲ့သော အမြောက်ကြီး ဖြစ်ပြီး အလျားအတောင် ၂၀၊ လုံးပတ် ၆ တောင်ရှိ၏။ ကုန်းဆက်၊ ဒု၊ ၃၁။ ထိုအမြောက်များကိုရ၍ လက်နက်စကြာသခင်ဟု ခေါ်၏။ ပဒုံမင်းရရှိသောအမြောက်များမှာ ဆင်ဖြူရှင်(၁၇၆၃-၁၇၇၆)လက်ထက်၌ ယိုးဒယားအမြောက်ကြီးများ၏ အလျားနှင့်လုံးပတ်တို့လောက် မကြီးမားချေ။ အကျယ်ကို လက်ဝဲအနော်ရထာရေးသားသော ယိုးဒယားနိုင်မော်ကွန်း (အမသ-တင် ၃၈)ကို ကြည့်။

၃၆၇-၈ - ကလေးမြို့က ဆက်သသော ရတနာဆင်ဖြူတော်ကို ရတနာကုမုဒ်ဘွဲ့ဖြင့် ၆ ဒီဇင်ဘာ ၁၇၈၈ တွင် သိမ်းယူ၏။ အဥ္စနဂီရိဆင်ဖြူကို ၂၄ ဇန်နဝါရီ ၁၇၉၁ တွင် မြောင်ရွာစင်ရော်ကျွန်းထိ ကြိုယူ၏။ အခြားဆင်ဖြူတော်များ၏ အမည်မှာ ဥပေါ်ပြောင်မွန်၊ ရတနာပြောင်မွန်၊ နာဂဝရ၊ ဝရသောတဂီရိ၊ ဘတ္တာဝတီ၊ သီရိမင်္ဂလာမဟာသုဘတ္တာ၊ နိဗ္ဗာနပစ္စယနာဂရာဇာတို့ ဖြစ်၏။ ပဒုံမင်းထံတွင် စုစုပေါင်း

ဆင်ဖြူတော် (၉)စီး ရှိခဲ့၏။ အထင်ရှားဆုံးဆင်ဖြူတော်မှာ နိဗ္ဗာနပစ္စယနာဂရာဇာဖြစ်ပြီး ဟံသာဝတီမြို့တော်အနီး နိဗ္ဗာန်ရွာရှေ့ ကွင်းသာယာအရပ်၌ တွေ့ရ၏။ ကုန်းဆက်၊ ဒု၊ ၅၈၊ ၆၀၊ ၈၆၊ ၁၀၉။ ဆင်တော်၏ ဘွဲ့နာမသည် နိဗ္ဗာန(တွေ့ရှိသောရွာအမည်)၊ ပစ္စယနာဂ (ဝေဿန္တရာမင်း၏ ဆင်ဖြူတော်အမည်၊ ဘွဲ့) ရာဇ (အရှင်သခင်၊ မင်း) အမည် ဖြစ်၏။ မေးဖြေ၊ ၆၈၉-၉၇ ကိုလည်းကြည့်။ ထိုဆင်ဖြူတော်ကို ဖူးမြော်စေရန် သာသနာပိုင် မလည် (မန်လည်)ဆရာတော်ကို အိမ်ရှေ့မင်းကိုယ်တိုင် ပင့်စေကြောင်း ပဒုံမင်းက ၂၂ ဒီဇင်ဘာ ၁၈၀၆တွင် အမိန့်ထုတ်၏။ *ROB*, V, 1054. ထိုရတနာဆင်တော်ကို အလွန်တန်ဖိုးထား၍ ဆဒ္ဒန်ဆင်မင်းဟု ခေါ်စေပြီး ဆင်ဖြူတော်ဘွဲ့ကဗျာများ မစပ်ရန် တားမြစ်၏။ ကျမ်းဂန်နှင့်အညီ စီကုံးစေရန် အမိန့်ပြန်၏။ သမိုင်း ၁၀၁။ ထို့ကြောင့် မောင်းထောင်ဆရာတော်သည် နိဗ္ဗာနပစ္စယနာဂရာဇကထာပါဠိနိဿျကို ဖွဲ့ဆိုရ၏။ တဝဝ-၁၀၈၆၈။ သို့သော် လက်ဝဲသုန္ဒရဘွဲ့ရ ဦးမြတ်စံက နိဗ္ဗာနပစ္စယဆင်တော် မော်ကွန်းဘွဲ့ ရေးပေးရ၏။ ဝန္ထဝင် ၂၁၇။ ထိုဆင်ဖြူတော်သည် ပဒုံမင်းလက်ထက်မှ ရရှိပြီး မင်းတုန်းမင်းလက်ထက်၌ သေ၏။ ထိုဆင်ဖြူတော်၏ အစွယ် ၂ ချောင်းကို ယခုအခါ သဘာဝသမိုင်းပြတိုက်၌ ခန်းနားစွာ ပြသထား၏။ ဆင်ဖြူတော်ကို အခြားသော ထိုင်း၊ သီရိလင်္ကာ၊ . . . စသည့် ဗုဒ္ဓဘာသာနိုင်ငံများ၌ ယဉ်ကျေးမှုတစ်ရပ်သဖွယ် မြတ်နိုးကြခြင်း သည် ဗုဒ္ဓစာပေရှိ ဘုရားလောင်းအယူအဆကြောင့်ဖြစ်သကဲ့သို့ စကြာမင်း ခေါ် စကြာဝတေးမင်းသဘောတရားသည်လည်း ဆင်ဖြူတော်ရခြင်းအပေါ် မူတည်၍ တန်ဖိုးထားကြ၏။ H.G. Quaritch. "The White Elephant", *Siamese State Ceremonies: their History and Function*. London: Bernard Quaritch, Ltd., 1931. pp. 273-87. ၆ ၄ွန် ၁၇၈၄ တွင် ဥပေါ်ပြောင်မွန်ကိုရ၍ 'ဆင်ဖြူရှင်'အဖြစ် ခံယူ၏။ ၂၇ ဇန်နဝါရီ ၁၇၈၅ တွင် ရတနာ ပြောင်မွန်ကိုရပြီးနောက် 'ဆင်ဖြူများရှင်'ဟု ခံယူ၏။ ကုန်းဆက်၊ ပ၊ ၁၄၀-၂ နှင့် ဒု၊ ၃၁။ သို့သော် ဆင်ဖြူတော်ကို ပြည်သူများ မကြည့်စေရန် ၂၁ ၄ွန် ၁၇၉၅ နေ့၌ ထုတ်သော အမိန့်တော်သည် ထူးခြား၏။ *ROB*, V,551.

၃၆၉ - မှတ်စု (၃၆၄၊ ၃၆၆)ကိုကြည့်။

၃၇၀ - အရုံအတင်သာသနာရေးသည် သီရိမဟာသီဟသူရစမ္မရာဇ တံဆိပ်တော်ရသော စနေမင်း(၁၆၉၈-၁၇၁၄)လက်ထက်၌ တုံ့ရွာကျောင်း ရှင်ဂုဏာဘိလင်္ကာရ၏ သာမဏေတို့ကို ရွာဝင်ရွာထွက်လျှင် လက်ကတော့ထိုးခြင်း၊ ဦးထုပ်တရဘတ်မကိုင်စေဘဲ ယပ်ကိုသာ ကိုင်စေခြင်းဖြင့် 'တုံ့တောနေဂိုဏ်း'ကို ထောင်ရာမှ စတင်ခဲ့ခြင်း ဖြစ်၏။ သာသနာဒီ၊ သာသနာဒီနိနှင့် သီလဝိ ကိုကြည့်။

၃၇၁- အေဒီ ၁၇၆၃ ခန့်

၃၇၂ - သက်နှီးရုံနည်းယက ဆုံထားဆရာတော်၊ ဗားကရာဆရာတော်၊ ကတိုးဆရာတော်တို့

နှင့် သက်န်းတင်နွယ်က ရတနာစံလွှတ်ဆရာတော်၊ ပျိုးကန်ဆရာတော်၊ တောင်ဘီလူး ဆရာတော်တို့သုံးပါးစိ သုဓမ္မာဇရပ်၌ ပြောဆိုကြရာ ဒုကုဋ်တင်ရင်ဖွဲ့စည်းသင့်ကြောင်း အယူဖြစ်သော အတင်ဝါဒီတို့ မယုဉ်နိုင်သောကြောင့် သက်န်းရုံနွယ်တစ်ဂိုဏ်းတည်း ဖြစ်စေ၏။ ကုန်းဆက်၊ ပ၊ ၃၇၂-၃။

၃၇၃- အေဒီ ၁၇၆၃ မတိုင်မီ နန်းမရသေးသော မင်းသားကို ဆိုလို၏။

၃၇၄- **အတင်အရုံစာတမ်း**။ ယ-စု၊ ၂ အင်္ဂါ ၅ ချပ် တဗစ ၃၀၀၇၉၆၊ ရန်ကုန်။ ကိုကြည့်။

၃၇၅- အရုံကျင့်မည်ဟု ဝန်ခံသည့် ရဟန်းသံဃာပေါင်း အပါး ၈၀ နှင့် ကျောင်းပေါင်း ၄၇ ကျောင်းရှိကြောင်း တွေ့ရ၏။ **အတင်အရုံနှင့်ဘိုးတော်ဘုရားအမိန့်တော်** (လက်နှိပ်စက်မူ) တဗစ ၂၈၆၆၅၈၊ ရန်ကုန်တွင် အကျယ်ကြည့်ပါ။

၃၇၆- အေဒီ ၁၇၈၄

၃၇၇- အတုလဆရာသည် မဟာအတုလယသဓမ္မရာဇဂုရု၊ မဟာအတုလရသဓမ္မရာဇ ဂုရုဘွဲ့တံဆိပ် ၂ ထပ်ရသော အလောင်းမင်းတရား၏ ဆရာတော်ဖြစ်၏။ အေဒီ ၁၇၁၄ ခုနှစ်ဖွားဖြစ်ပြီး လူအမည်မှာ ဦးပန်းထွေး ဖြစ်သည်။ လောကီစာပေ၌ မတတ်မရှိအောင် လေ့လာ၏။ ကျမ်းဂန်များစွာ ပြုသော်လည်း အမှတ်အသားနည်းလှသဖြင့် မထင်ရှားချေ။ တွေ့ရှိရသော ကျမ်းဂန်စာရင်းများမှာ ၁။ ဝိနည်းနိဒ္ဒေသပါဌ်၊ ၂။ ဝိနည်းပကိဏ္ဏကပါဌ်၊ ၃။ အာစရိယပရံပရပါဌ်၊ ၄။ သဒ္ဒသမ္ဘေဒကောသလ္လပါဌ်၊ ၅။ နိပုဏာသာရတ္ထပါဌ်၊ ၆။ နိပုဏာသာရတ္ထနိဿယ၊ ၇။ ပရိဝတ်ပါဌ်၊ ၈။ မြို့သမိုင်း၊ ၉။ မြို့မော်ကွန်း၊ ၁၀။ သံယိက ဝိနိစ္ဆယ၊ ၁၁။ ကမ္မဘေဒကျမ်း၊ ၁၂။ ပကိဏ္ဏကဝိနိစ္ဆယနိသျ၊ ၁၃။ ဝိနယပကိဏ္ဏကနိသျ၊ ၁၄။ ဥဒ္ဒေသကျမ်းနိသျ၊ ၁၅။ သုဇနာလင်္ကာရ၊ ၁၆။ နန်းစဉ်ပုစ္ဆာအဖြေ၊ ၁၇။ သာသနာ ဆက်နှင့် အမေးအဖြေကျမ်း၊ ၁၈။ ကဝိလက္ခဏာသဒ္ဒါ၊ ၁၉။ ဂိဟိစာရိတ္တ၊ ၂၀။ ဒုစရိုက်ခွဲ၊ ၂၁။ ပရမတ်နည်းမှတ်စု၊ ၂၂။ ဘုရားသနစ်တော်ဓာတ်ခွဲမှတ်ရန် စကားစု၊ ၂၃။ မင်းလေး ပါးမြေလျှုတရားပုံ၊ ၂၄။ ရဟန်းသေအမွေစကား၊ ၂၅ အတုလစကားပုံ၊ ၂၆။ အတုလ မေတ္တာစာ၊ ၂၇။ အတုလမှတ်စု၊ ၂၈။ အတုလဖြတ်ထုံး၊ ၂၉။ မနုရွှေမျဉ်းမှ နုတ်၍ ပြသော အင်းစောက်ချခွဲပုံ၊ ၃၀။ ဝိသုံဂါမလက္ခဏာ၊ ၃၁။ ရဲတင်းလင်္ကာ စသဖြင့် အလွန် များပြားလှ၏။ သို့သော် အတင်အရုံပြဿနာ၌ အတင်ဂိုဏ်းမှ ပါဝင်၍ ရှုံးသောအခါ အေဒီ ၁၇၈၄ ၌ လူထွက်ပြီးနောက် မောင်းကျော်ခြင်း ခံရလေ၏။ ထိုနောက် သာသနာဝင် ၌ အမည်းစက် တင်ကြသဖြင့် နာမည်ပျက်ခဲ့၏။ ဦးသန်းထိုက် (သုတေသန)။ **အတုလ ဆရာတော်၏ဘဝနှင့်စာပေကျမ်းဂန်များစာရင်း** (လက်ရေးမူ)။

၃၇၈- စူဠဂဏ္ဍီအကြောင်းနှင့်စပ်လျဉ်း၍ ပိမိုင်း ၃၇၀ တွင် ဤသို့ ဆိုပါ၏။ "သီဟိုဠ်ကျွန်း

ရှင်ဇောတိပါလ ပြုသည်။ ဤဂန္ထိပုဒ်တို့ကား ဇမ္ဗူဒိပ်ကျွန်းသို့ မပါ မရောက်လာ"။ အတုလဆရာက "... ၎င်းကျမ်းကိုလည်း သီဟိုဠ်ကျွန်း အနုရာဓမြို့ တောင်ပေါက္ကန္တိ ဂါမရွာ၌ ရဟန္တာရှင်မောဂ္ဂလာန် ပြုသည်။..."ဟု ဆို၏။ စာ (၃၇)ကို ကြည့်။ ထိုကျမ်းကို တ၀၀-၁၈၇၀ တွင် လေ့လာနိုင်ပါသည်။ ပိမိုင်း ၈၉၉ တွင် စူဠဂန္ထိနိဿယ မရှိကြောင်း ဖော်ပြထားသော်လည်း ရွှေတိဂုံစေတီပိဋကတ်တိုက်ရှိ ပေမူ(၁၁၉၈)တွင် စူဠဂန္ထိနိဿယ ကို လေ့လာနိုင်ပါ၏။

၃၇၉- ပိဋကတ်မှန်သည် သီဟိုဠ်ပါကျမ်းစာရင်းကို ရှင်ဗုဒ္ဓဃောသမှတ်သော မှန်စာ ဖြစ်သည်။ စာ (၃၇)ကိုကြည့်။

၃၈၀ - ပိဋကသုံးပုံအဋ္ဌကထာကျမ်းပြုပုဂ္ဂိုလ် ဖြစ်၏။ ဖခင်ပုရောဟိတ် ကေသနှင့် မိခင် ကေသီတို့မှ မွေးဖွားလာသော ဗြဟ္မဏတစ်ဦးဖြစ်ပြီး ဗုဒ္ဓဂယာအနီးရှိရွာ၌ မွေးဖွားခဲ့၏။ ရေဝတမထေရ်မှတစ်ဆင့် ဗုဒ္ဓဒေသနာများကို သင်ယူ၏။ ဉာဏောဒယ၊ အဋ္ဌသာလိနီ၊ ...စသောကျမ်းများကို ပြုပြီး သီဟိုဠ်သို့ကြွ၏။ သံဃပါလမထေရ်ထံပါး မဟာဝိဟာရကျောင်းတွင် သီတင်းသုံးလျက် ဝိသုဒ္ဓိမဂ်ကို ပြု၏။ အခြားအဋ္ဌကထာများစွာကိုလည်း ပြု၏။ ဘဒ္ဒန္တဗုဒ္ဓဃောသ၊ မဟာဗုဒ္ဓဃောသ၊ ဗုဒ္ဓဃောသထေရ် အမည်များတွင်လျက် 'မုဒန္တခေဒက'မှာ အမည်ရင်း ဖြစ်၏။ မူကွဲမှာ မောရဏ္ဍခေဋက၊ မောရဏ္ဍစေဋက၊ မုရဏ္ဍခေဋက တို့ ဖြစ်၏။ *DPPN*, vol.II, 306-7. K.P. Norman, "Buddaghosa" *Pali Literature* (Wiesbaden:Harrassowitz, 1983), 120-32. James Gray, Ed. *Buddhaghosuppatti or the Historical Romance of the Rise and Career of Buddhaghosa* (London: Luzac & Co., 1892). B.C.Law *The Life and Work of Buddhaghosa* (Delhi:Nag Publishers, 1976) ကိုလည်း ကြည့်။

၃၈၁- ဝိနယဂန္ထိပုဒ်ကို သီဟိုဠ် ပရက္ကမဗဟုမင်းလက်ထက် ရှင်မောဂ္ဂလာန်ပြု၏။ စာ (၃၇)။ ပိမိုင်း၌ မပါရှိချေ။

၃၈၂- "ထိုမှနောက် သက္ကရာဇ် ၁၁၄၆ ခုနှစ် ... မှစ၍ ... ဝမ်းမြောက်ဝမ်းသာရှိတော်မူ၏။" ထိုအပုဒ်ကို သာလင် ၂၀၄-၆ တွင် တိုက်ရိုက်ပြန်ကူးယူ၏။

